www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့အရေး သုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# သက်မင်းလျှိုလှိုင်

# မျောက်တစ်ရာဝိဉာဉ်

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၂၂၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်

ထုတ်ဝေသူ
ဦးကျော်ထွန်း (ရိုးအောင်စာပေ)
အမှတ် (၂)၊ ရွှန်း ၁လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းနှင့် အဖုံးပုံနှိပ်သူ
ဦးကျော်ရင် (၀၅၄၁၇)
ရွှေမြသော့ပုံနှိပ်တိုက်
၂၂၅ အခန်း(၂)၊ ၃၃လမ်း၊
ပန်းဘဲတန်း ရန်ကုန်။
ပထမအကြိမ်
၂၀၀၀၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၅၀၀ကျပ်။

၀၉၅ . ရ

သက်မင်းရွှေမိုင်
မျှော်တစ်ရာစီညာဉ် / သက်မင်းရွှေမိုင် ။ -ရန်ကုန်၊
ရိုးအောင်စာပေ၊ ၂၀၀၀။

၂၃၀-စာ၊ ၁၂x၁၈ . ၅စင်တီ။
(၁) မျှော်တစ်ရာစီညာဉ်

BURMESE CLASSIC .com



# ပါဝင်သောအခန်းစဉ်စာရင်းများ

အခန်း(၁) – ပြန်မလော့မြစ်မှ . . . နိဒါန်းဖွင့်ခဲ့သော
အခန်း(၂) – ထူးခြားဆန်းထွေ . . . မျှော်တစ်ရာနယ်မြေ
အခန်း(၃) – ရောက်ခဲ့ဖူးသည့် မရောက်ဖူးသောနယ်မြေ
အခန်း(၄) – အိုဘယ့် . . . ဂမ္ဘီရနယ်မြေမြောက် . . . တစ်ရာမြေ
အခန်း(၅) – မျှော်တစ်ရာနယ်မြေမှ . . . ထူးဆန်းသောပဟေဠိများ
အခန်း(၆) – တစ်ခါတုန်းက . . . တစ်ရံရောအခါ
အခန်း(၇) – ဂမ္ဘီရတောအလယ်မှ . . . ပဉ္စလက်မာယာကစားခြင်း
အခန်း(၈) – မျှော်ကိုးဆယ့်ကိုး သို့မဟုတ် မျှော်တစ်ရာရှင်းတမ်း
အခန်း(၉) – မျှော်တစ်ရာစေတီ၏ သမိုင်းအဖွင့်
အခန်း(၁၀)– တစ်ပွဲစားဦးရဲထိ၏ နိဂုံးတရား
အခန်း(၁၁)– ပြန်မတွေးချင်သော ဇာတ်လမ်းတစ်ပုဒ်
အခန်း(၁၂)– လွင့်ပျံနေကြသော ကောလဟာလပဟေဠိပုစ္ဆာများ
အခန်း(၁၃)– မျက်နှာစိမ်းများရောက်ရှိလာကြခြင်း
အခန်း(၁၄)– မျှော်တစ်ရာနယ်မြေမှ ထူးထွေသည့်အံ့ရာသော်
အခန်း(၁၅)– ပျဉ်ဒရယ်မြို့ဟောင်းနိဒါန်း . . . သို့မဟုတ်

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၆)– လျှို့ဝှက်အပ်သောအရာအား ရှုမြင်ကြသူများ
အခန်း(၁၇)– မျောက်တစ်ရာနယ်မြေသို့ . . . ခြေတစ်လှမ်း
အခန်း(၁၈)– မြိုင်ယံအတွင်းမှ . . . သေနတ်သံ
အခန်း(၁၉)– ထူးဆန်းသောသူတော်စင်တစ်ဦးနှင့်တွေ့ဆုံခြင်း
အခန်း(၂၀)– မျောက်တစ်ရာနယ်မြေသို့ ကျူးကျော်လာကြသူများ
အခန်း(၂၁)– သက်ဝင်လှုပ်ရှားလာသော မျောက်တစ်ရာဝိညာဉ်
အခန်း(၂၂)– သွေးစွန်းခဲ့သည့် . . . မျောက်တစ်ရာနယ်မြေ
အခန်း(၂၃)– သစ္စာတရားတစ်ခု၏ . . . ကျိန်စာ . . . သို့မဟုတ်
အခန်း(၂၄)– နိဂုံး . . . သို့မဟုတ် . . . လောဘမီးတို့ငြိမ်းရာမြေ



BURMESE CLASSIC .com



မိမိကိုယ်မိမိ ...
ကြည်ညိုသူများအတွက် ...
သေခြင်းတရားသည် ...
အကောင်းဆုံးမိတ်ဆွေဖြစ်၍ ...
မိမိကိုယ်မိမိ ...
မကြည်ညိုသူများအတွက်မူကား ...
သေခြင်းတရားသည် ...
ကြောက်စရာအကောင်းဆုံး ...
ရန်သူသာဖြစ်ပါ၏ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

### " ပြန်မလော့မြစ်မှ . . . နိဒါန်းဖွင့်ခဲ့သော "

BURMESE CLASSIC .com

ကြယ်ရောင်အလင်းပြိုပြိုနှင့် တစ်ခြမ်းပဲ့လ,ကလေး၏ အလင်းဖျော့ဖျော့သာရှိသော ညဉ့်ကောင်းကင်အောက်တွင် "ပြန်မလော့မြစ်" ကြီးသည် လှိုင်းရိုက်သံတဖျတ်ဖျတ်နှင့် မသာစတောင်းသာစတောင်း တညိမ့်ညိမ့်စီးဆင်းလျက်ရှိသည်။

ပြန်မလော့မြစ်အတွင်းမှာတော့ အုံ့ပြာရောင် ယူဘီသင်္ဘောတစ်စင်းက စက်သံမှန်မှန်ဖြင့် မြစ်လယ်မှခုတ်မောင်းနေပါ၏။ ယူဘီသင်္ဘောခုတ်မောင်းရာ လမ်းခရီးတစ်လျှောက် မြစ်ကမ်းနဘေး ဝဲယာ





တစ်ဘက်တစ်ချက်တွင် တွေ့မြင်နေရသော လယ်ကွင်းများ၊ အုန်းခြံ၊ ကွမ်းသီးခြံ၊ ဓနိခြံများ၊ တဲအိမ်ငယ်လေးများနှင့် မှိတ်တုတ်မှိတ်တုတ် မီးရောင်ဖြင့် တံငါလှေတစ်ချို့က မရိုးနိုင်သော 'ပြန်မလော့မြစ်' ၏ သဘာဝအလှတရားများသာ ဖြစ်ကြပါ၏။

ရံဖန်ရံခါ ယူဘီသင်္ဘောမှ လိမ့်ပြာထွက်သွားသော လှိုင်းလုံးများ ၏ရိုက်ပုတ်မှုကြောင့် ဗေဒါပင်အုပ်များနှင့် အလယ်လွန်ဘဲအုပ်တစ်ချို့ လိမ့်လိမ့်လူးလူးဖြစ်သွားကြသည်မှာ ကြည့်ရှုပင်ကောင်းသေး သင်ယောင်၊

သင်္ဘောဦးတွင်ထိုင်နေသည့် **(British-Indian 17 Div)** ဗြိတိသျှ-အိန္ဒိယ အမှတ်(၁၇)တပ်မကြီးမှ ကာနယ်မက်ဒေါ်နယ်(လ်)သည် အမှာညီအစ်မဖြစ်သည့် ရှစ်နှစ်သမီးအရွယ်ရှိ အကြီးမ မာရီယာနှင့်အတူ မိုးနဲ့မိုးငွေ့ပါသော ညဉ့်လေတဟူးဟူး တိုးဝှေ့ခတ်မှုဒဏ်ကိုခံစားရင်း စိတ်အမော်ဖြေနေကြပါ၏။ ထိုလေကြောင့် နွမ်းလျနေသောစိတ်အာရုံတွင် လန်းဆန်းမှုများဖြစ်ပေါ်ခဲ့ရသည်။

စင်စစ် . . . ကာနယ်မက်ဒေါ်နယ်(လ်)တစ်ယောက် အပူရှိန်ကို ဟန်လုပ်ကာ ဖုံးကွယ်နေရခြင်းဖြစ်ပါ၏။ အရှေ့ဟောင်အာရှတစ်ခွင်၌ စစ်ရေးမလှခဲ့သောအင်္ဂလိပ်တို့သည် ဖြစ်ပေါ်လာမည့် စစ်ရေးအခြေအနေကို သုံးသပ်ကာ မြန်မာပြည်စစ်မြေပြင်မှ ဆုတ်ခွာခဲ့ကြခြင်းဖြစ်သည်။ သို့သော် ဂျပန်ဘုရင့်တပ်မတော်၏ နာမည်ကျော် (Zero)တိုက်လေယာဉ်များ၏ အန္တရာယ်ကြောင့် နေ့ဘက်မြင်မြင်ထင်ထင်တွင် မဆုတ်ခွာရဲဘဲ ညဉ့်ဘက်အချိန်သို့ရောက်မှ အမှောင်ကိုအကာအကွယ်ယူကာ ဆုတ်ခွာ

www.burmeseclassic.com

www.burmeseclassic.com



နေကြရခြင်းဖြစ်သည်။

"**The Sun Never Set in British Empire** အင်္ဂလိပ်တွေအုပ်စိုးနေတဲ့ အင်္ဂလိပ်လက်အောက်ခံနိုင်ငံတွေမှာ ဘယ်တော့မှ နေမဝင်ဘူး" ဟူ၍ အရှေ့တောင်အာရှတစ်ခွင် လေကျယ်ခဲ့သော အင်္ဂလိပ်ဗြိတိသျှအရှင်သခင်ကြီးများ၏ နေဝင်ချိန်သည် ဤသို့ဤနယ် ကမ္ဘာအလယ်တွင် ရှက်ဖွယ်လိလိဖြစ်ခဲ့လေပြီလား . . . ဟု။

သို့သော် . . .

ရတနာပစ္စည်းများ အစုဆောင်းကောင်းလှသည့် ကာနယ်မက်ခေါ်နယ်လ်အဖို့မှာမူ ဤတစ်ကြိမ်သည် သူ့အတွက် မဟာအခွင့်အရေးကြီးတစ်ရပ်ပင် ဖြစ်ပါ၏။ စစ်ရေးတာဝန်ဖြင့် မြန်မာပြည်တွင် စတင်၍တာဝန်ထမ်းဆောင်စဉ်ကတည်းက တိတ်တဆိတ်ရှာဖွေစုဆောင်းထားခဲ့သော ရတနာပစ္စည်းများသည် သူ့နေထိုင်ရာတိုင်းပြည်သို့ ပြန်လည်ရောက်ရှိခဲ့လျှင် နေ့ချင်းညချင်းပင် မီလျံနာအဆင့်သို့ ပြောင်းလဲသွားနိုင်သည်မဟုတ်ပါလား။

ယခုပင် သမီးကြီးဖြစ်သူ မာရီယာ၏လည်တွင် ဆွဲပေးထားသည့် 'လန့်လုဗွေ့' ခေါ် ရှားပါးအဖိုးတန်လှသည့် 'ကျောက်စိမ်းနက်လည်ဆွဲ' ရတနာက တစ်ခြမ်းပဲ့လရောင်နှင့် ကြယ်ရောင်အလင်းအောက်မှာပင် တစ်ချက်တစ်ချက် ရောင်စဉ်တန်းများလင်းလက်သွားကြသည်သို့။

တစ်ချိန်တည်းမှာပင် လန့်လုဗွေ့ခေါ် ကျောက်စိမ်းလည်ဆွဲနှင့်ပတ်သက်သော သိသင့်သိထိုက်သည့်အရာများကို ပြောပြနေသည့် တရုတ်





ဦးလောင်စူး၏ စကားသံများကို ပြန်လည်ကြားယောင်လာပါ၏။

"လန့်လုဗွေ့ဆိုတဲ့ အဓိပ္ပါယ်က 'အသက်ကိုစောင့်ရှောက်ခြင်း' သို့ အဓိပ္ပါယ်ရတယ်၊ ဒီလိုပစ္စည်းမျိုးက လောကမှာနှစ်ခုမရှိနိုင်တဲ့ ရတနာပစ္စည်းမျိုးပဲ၊ ရှေးဟောင်းပစ္စည်းတစ်ခုအနေနဲ့ တန်ဖိုးဖြတ်မယ်ဆိုရင်တောင် ဘယ်လိုမှတန်ဖိုးဖြတ်လို့မရဘူး။ 'ဒီကျောက်စိမ်းနက်' မျိုးက ထိုက်သူလက်ထဲမှာဆိုရင် အင်မတန်အကျိုးများပြီး မထိုက်တဲ့သူဆီရောက်သွားမယ်ဆိုရင်တော့ အန္တရာယ်အလွန်များတယ် ကာနယ်"

ဟုတ်သည် . . . ကာနယ်မက်ခေါ်နယ်လ်မှာ ထိုကျောက်စိမ်းနက်လည်ဆွဲရတနာ ရရှိခဲ့ပြီးသည့်အချိန်မှစ၍ နောက်ထပ် ရွှေငွေရတနာများနှင့် ရှေးဟောင်းပစ္စည်းများသည် ကာနယ်မက်ခေါ်နယ်လ်ရှိရာသို့ မကြာခဏဆိုသလို အကြောင်းတစ်ခုခုဖြင့် ရောက်ရှိလာခဲ့ခြင်းမှာ ဤ 'လန့်လုဗွေ့'ခေါ် လာဘ်ခေါ်ကောင်းသော လည်ဆွဲရတနာကြောင့်ပင် မဟုတ်ပါလား။

သိမ့်ခနဲလှုပ်ခါသွားသော ယူ့ဘီဘုတ်ကြောင့် ကေဘင်ခန်းထဲတွင်အိပ်ပျော်နေသည့် သမီးငယ် 'ဟယ်လင်နာ'လေးများ လန့်နိုးလေမည်လားဟူသော အတွေးစိတ်ဖြင့် ကာနယ်မက်ခေါ်နယ်လ် နေရာမှထလိုက်သည်။ တစ်ဆက်တည်းမှာပင် ရုတ်တရက်သဘော်ဦးမှထ,ရပ်လိုက်သည့် ဖခင်ကြီးအား အမွှာအကြီးမဖြစ်သူ မာရီယာက မော့ကြည့်လိုက်ရင်း

"အိုး . . . ဒယ်ဒီ ဘယ်ကိုသွားဦးမလို့လဲ၊ ဒီသင်္ဘောဦးမှာ လေတဖြူးဖြူးနဲ့ ထိုင်လို့ကောင်းသား"



www.burmeseclassic.com

www.burmeseclassic.com



" No .. No .. မဟုတ်ဘူး သမီးကြီး . . ဟိုသဘော်အခန်းမှာ သမီးငယ်လေး 'ဟယ်လင်နာ'လေးများ အိပ်ရာနိုးလာမလားလို့ သွားကြည့်မလို့၊ သမီးကြီး ဒီသဘော်ဦးမှာ ထိုင်နေရင်ထိုင်နေခဲ့ဦးလေ . . . ဒယ်ဒီပြန်လာခဲ့မယ် "

" Yes .. ဒယ်ဒီ . . သမီးဒီကပဲစောင့်နေမယ်၊ မြန်မြန်ပြန်လာခဲ့နော် . . ဒယ်ဒီ "

အပြစ်ကင်းစင်သည့်မျက်နှာလေးဖြင့် ဖခင်ကြီးအားမော့ကြည့်နေရှာသည့် ချစ်စရာသမီးကြီး၏ နဖူးဝင်းဝင်းလေးအား ကာနယ်မက်ဒေါ်နယ်လ်က အသာအယာငုံ့နမ်းလိုက်ပြီး သဘော်ကေဘင်ခန်းဘက်ဆီသို့ ထွက်လာခဲ့သည်။

ပြန်မလော့မြစ်မှာ ကျယ်ပြောပြီး၊ လှိုင်းလေထန်သောကြောင့် လှေသမ္မာန်သမားများက 'ပြန်ပေတော့'ဟူ၍ အမည်ပေးထားခြင်းခံရသော မြစ်တစ်စင်းဖြစ်သည်။ သူတို့သဘော်သည် ပြန်မလော့မြစ်မှ တစ်ဆင့် တူးမြောင်းကိုဖြတ်ကျော်၍ ဘိုကလေးမြစ်ဖက်သို့ ဆင်းခဲ့ကြသည်။ ဘိုကလေးမြစ်ရိုးတစ်လျှောက် ကျွန်းညိုကြီး၊ ဖေါင်ဝင်မြစ်၊ မိန်းမလှကျွန်း အစရှိသော ရေငန်သစ်တောများဘက်မှ တိတ်တဆိတ်ဆုတ်ခွာခဲ့ကြခြင်းဖြစ်သည်။

သန်းခေါင်ယံအချိန်ခန့်တွင်မူ ယူတီသဘော်သည် ဖေါင်ဝင်မြစ်ကျယ်ကြီးအတွင်းသို့ ရောက်ရှိလာခဲ့သည်။ ဖေါင်ဝင်မြစ်မှာ အတော်ကျယ်သဖြင့် အရှေ့ဘက်ကမ်းသို့ ခပ်ရေးရေးမျှသာမြင်ရသည်။ မြစ်





အတွင်းသို့ရောက်ပြီး တောင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်မည်ဆိုလျှင် လှိုင်းခေါင်းဖြူများဖြင့် ဖွေးဖွေးထနေသည့် ကမ္ဘာလီပင်လယ်ဝကို လှမ်းမြင်တွေ့နေရပါ၏။ အရှေ့တောင်ဘက်ယွန်းယွန်းနေရာလောက်မှာတော့ ရှေးအခါက ပျဉ်ဒရယ်မြို့ဟောင်းရှိရာ သစ်တောညိုညိုကြီးကိုလည်း ဝိုးတဝါးလရောင်အောက်တွင် မှုန်ရေးရေးမျှ မြင်တွေ့နေရသည်။

ကာနယ်မက်ဒေါ်နယ်လ်မှာ ကေဘင်ခန်းထဲရှိ သမီးငယ်လေးနှင့်အတူ လဲလျောင်းနေရာမှ စိတ်ကျဉ်းကျပ်လာသည်နှင့် သမီးကြီးမာရီယာရှိနေသည့် သဘော်ဦးဘက်သို့ထွက်လာခဲ့သည်။ ထိုစဉ် သိမ့်ခနဲလှုပ်ခါယမ်းသွားသည့် ယူတီဘုတ်ကြောင့် ကာနယ်မက်ဒေါ်နယ်လ်ပင် အတန်ငယ်ယိမ်းယိုင်သွားသည်နှင့် နံရံကို လက်နှင့်ထောက်လိုက်ရသည်။

" OH .. ဒမ်း ဘလယ်ဒီဖူးလ် ဘာဖြစ်တာလဲ ကင်းဘဲလ် "

ကာနယ်မက်ဒေါ်နယ်လ်မှာ ဝီစကီသောက်ထားသည့်အရှိန်ဖြင့် အနည်းငယ်မူးယစ်ရီဝေနေသည်နှင့် သဘော်ဆလင်ကင်းဘဲလ်အား အော်ဟစ်ဆဲဆိုရင်း မေးမြန်းလိုက်သည်။ မေးသာမေးလိုက်ရသည် သဘော်ကုန်းပတ်သို့ရောက်မှ လေအနည်းငယ်တိုက်ခတ်နေသဖြင့် လှိုင်းလုံးကြီးများ တဝုန်းဝုန်းနှင့်ရိုက်ခတ်လျက်ရှိကြောင်း သိလိုက်ရသည်။

သဘော်ဦးရှိ သမီးကြီး မာရီယာအတွက် စိုးရိမ်စိတ်က ငယ်ထိပ်သို့ရောက်လာသည်နှင့် သဘော်ဦးရှိရာဘက်သို့ ကာနယ်မက်ဒေါ်နယ်လ်က ဗျာကယာ ခြေဦးလှည့်လိုက်စဉ် . . . သူ၏ရှေ့သို့ အရိပ်မည်းတစ်ခု ရုတ်တရက်ရောက်လာပြီး . . .



www.burmeseclassic.com

" Thank You .. တဆိတ်ကျေးဇူးပြုပြီး အခန်းထဲကိုပြန်ဝင်လိုက်ပါ ကာနယ် "

ချက်ခြင်းဆိုသလိုပင် ရိုင်ဖယ်သေနတ်ပြောင်းဝတစ်ခုက သူ၏ရှေ့တွင် မြေဟောက်တစ်ကောင်နှယ် ဘွားခနဲပေါ်ထွက်လာပြီး သဘော်ဆလင်တပ်ကြပ်ကြီးကင်းဘဲလ်၏ အဆီပြန်မျက်နှာကြီးကို မီးအလင်းရောင်အောက်တွင် ဘွားခနဲမြင်လိုက်ရသည်။

" ဟင်း . . မင်း . . မင်း . . မင်း . . ဒါဘာလုပ်တာလဲကင်းဘဲလ် "

" OH .. No .. No .. ကာနယ်ကြီး ခါးကပစ္စတိုသေနတ်ကိုဆွဲထုတ်ဖို့စိတ်မကူးပါနဲ့ . . . ကျုပ်ကာနယ်ကြီးကို မသတ်ချင်ဘူး။ ကျုပ် လိုချင်တာက ကာနယ်ကြီးရဲ့အခန်းထဲက ရတနာသေတ္တာလေးကိုပါ။ အဲဒီရတနာသေတ္တာလေးကိုသာ ကျုပ်လက်ထဲကို အသာတကြည်ပေးလိုက်မယ်ဆိုရင် ကာယ်နယ်ကြီးတို့သားအဖသုံးယောက်စလုံးကို သွားချင်တဲ့ခရီးအဆုံးထိ ကျုပ်ကိုယ်တိုင်ပို့ပေးပါ့မယ် . . . ဟင်း . . . ဟင်း "

"ဘာကွ . . ဘာပြောတယ် သေ . . သေချင်လို့လားကင်းဘဲလ်သစ္စာဖောက် "

ကာနယ်မက်ဒေါ်နယ်တစ်ယောက် အကြီးအကျယ်ဒေါသူပုန်ထလျက်ရှိပါ၏။ သူကိုယ်တိုင် လူယုံတစ်ယောက်နှယ် အားကိုးရသည့် ဆလင်တပ်ကြပ်ကြီးကင်းဘဲကိုယ်တိုင် သစ္စာဖောက်ကာ သူ၏ရတနာသေတ္တာကို အမွေခြိမ်းခြောက် တောင်းနေသည်မဟုတ်ပါလား။





" အိုး . . No .. No .. ကျုပ်ကမသေချင်သေးပါဘူး ဒါကြောင့်အသိလက်ဦးမှုရအောင် ယူလိုက်တာပဲ ဘာ့ကြောင့်လဲဆိုတော့ ကာနယ်ကြီးနဲ့ လိုရာခရီးဆုံးကိုရောက်ရင် ကာနယ်ကြီးက ကျုပ်တို့ကိုသတ်ပစ်မယ်မဟုတ်လား . . . ဒါမှ ကာနယ်ကြီးတစ်ယောက်တည်း ရတနာတွေအပိုင်စီးလို့ရမှာလေ . . . ဟင်း . . . ဟင်း . . . ဟင်း "

ကင်းဘဲလ် ပြောတာမှန်သည်။ ကာနယ်မက်ဒေါ်နယ်၏ အစီအစဉ်ထဲတွင် သဘော်ဆလင်တပ်ကြပ်ကြီးကင်းဘဲလ်တို့ ဆရာတပည့်နှစ်ယောက်စလုံးအား စိတ်ချလုံခြုံရသောနေရာအရောက်တွင် ကိစ္စတုံးအောက်စဖျောက်ရန် သူကိုယ်တိုင်ကြံရွယ်ထားခဲ့သည်မဟုတ်ပါလား။ ယခုတော့ လူ့အကြံ ခွေးဦးသွားသည်မို့ ကာနယ်မက်ဒေါ်နယ်လ်မှာ မျက်လုံးပြူးပြူးကာ မကျေမနပ်ဖြင့် အံတကြိတ်ကြိတ်ဖြစ်နေပ်တော့သည်။

"ကဲ . . အချိန်မရှိဘူး ကာနယ်၊ ရတနာသေတ္တာကို ကာနယ်ကိုယ်တိုင် ယူပေးမလား၊ ကာနယ်ကိုသတ်ပြီးမှ ကျုပ်ကိုယ်တိုင်ရှာပြီးယူရမလား . . . ဒါဆိုရင်တော့ ကျန်ရစ်ခဲ့မယ့်သမီးညီအစ်မနှစ်ယောက်ရဲ့ ကံကြမ္မာကတော့ မတွေးခဲ့စရာပဲလေ . . ဖခင်မရှိတော့တဲ့ လူမမယ် ကလေးနှစ်ယောက်ရဲ့ . . . ရှေ့ . . . ရှေ့"

"No .. Shart Up .. မင်း . . မင်းပါးစပ်ပိတ်ထားစမ်း ကင်းဘဲလ်ရဲ့ . . ငါ့သမီးတွေကို လက်ဖျားနဲ့တောင်မထိနဲ့ . . မင်းလိုချင်တဲ့ရတနာ သေတ္တာ ငါပေးမယ် "

ရတနာသေတ္တာအောက်တွင် လိုရမယ်ရ မိန်းမ့ကိုင်ပစ္စတို

www.burmeseclassic.com



အသေးစားတစ်လက်ကို ကျည်ဆန်ဖြည့်ပြီး ထားရှိခဲ့သည်မို့ ထိုလမ်းကို ကာနယ်မက်ဒေါ်နယ်လ် ရွေးချယ်လိုက်ခြင်းဖြစ်သည်။

"OH.. သက်စ်ရှိုက်..ကာနယ်ကြီးက လမ်းမှန်ကိုရွေးတတ်သားပဲ...ဒါပေမဲ့ ခါးမှာချိတ်ထားတဲ့ ပစ္စတိုကို လက်ညှိုးလေးနဲ့အသာ ချိတ်ပြီး အောက်ကိုချထားလိုက်၊ ပြီးရင် လက်ကိုခေါင်းပေါ်တင်ပြီး အခန်းထဲကိုပြန်ဝင်ပါ၊ တစ်ခုတော့ရှိတယ် သမီးလေးတွေကိုချစ်ရင် ကျုပ်မျက်စိနောက်အောင် မလုပ်မိပါစေနဲ့ ကာနယ် "

အပေးအယူကိစ္စက ပြေလည်သွားပြီမို့ ကာနယ်မက်ဒေါ်နယ်က သူ၏ခါးတွင်ချိတ်ထားသည့် သေနတ်အိမ်ထဲမှ ပစ္စတိုသေနတ်ကို ကြမ်းပြင်တွင်ချကာ သမီးငယ်လေးအိပ်ပျော်နေသည့် အခန်းထဲသို့ ပြန်၍လှည့်ဝင်ခဲ့သည်။ ကောင်းအခန်းထဲမှာတော့ အမွှာသမီးငယ်လေး ဟယ်လင်နာက အိပ်မောကျလျက်ရှိနေဆဲ။

သူ၏နောက်မှ တပ်ကြပ်ကြီးကင်းဘဲလ်က ကြမ်းပြင်မှပစ္စတိုသေနတ်ကို ကောက်ယူလိုက်ပြီး သူ၏ရိုင်ဖယ်သေနတ်ကို ကျောတွင်လွယ်သိုင်းလိုက်ပြီး ကာနယ်မက်ဒေါ်နယ်လ်၏နောက်မှ သေနတ်နှင့်ချိန်၍ လိုက်ပါလာခဲ့သည်။ ထိုအချိန်တွင် ယူတီသင်္ဘောမှာ ကျွန်းညိုကြီးကိုကျော်ဖြတ်၍ သစ်တောသစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းနေသည့် မိန်းမလှကျွန်းကြီးရှိရာသို့ ဦးတည်ခုတ်မောင်းလျက်ရှိပါချေ၏။ ယူတီဘုတ်ကလေးမှာ ဖောင်ဝင်မြစ်ထဲသို့ ဝင်ရောက်လာကတည်းက လှိုင်းဒဏ်လေဒဏ်ကို စတင်ခံရတော့သည်။ ရေကျချိန်တွင်သော်မှ လေပြင်းတိုက်ခတ်နေ





သောကြောင့် ရေနှင့်လေ မျက်နှာချင်းဆိုင်တွေ့ကာ လှိုင်းလေထန်နေခြင်းပင် ဖြစ်ပါချေ၏။

သို့တိုင်အောင် ... ယူတီဘုတ်မောင်းသူ ရဲဘော်လေးသည် ရေကြောင်း၊ လေကြောင်း ကောင်းစွာကျွမ်းကျင်သူမဟုတ်သဖြင့် လှိုင်းဦး၊လှိုင်းဖျား ခွဲခြား၍မောင်းနိုင်ခြင်းမရှိ။ ထို့ကြောင့် ယူတီသင်္ဘောမှာ မြစ်ပြင်ကျယ်၏လှိုင်းလေကြားတွင် လူးလူးလိမ့်လိမ့်နှင့်သာ ရှိပါချေ၏။ ကာနယ်မက်ဒေါ်နယ်လ်က သမီးငယ်လေး လန့်ဖျန့်ကာနိုးမည်စိုး၍ လှိုင်းမူးလူမူး မူးနေသည့်ကြားမှ ခန္ဓာကိုယ်ကိုထိမ်းကာ သူ၏အိပ်ယာဆီသို့ ဝင်လာခဲ့သည်။

"မဟုတ်မဟတ်တွေတော့ မကြံနဲ့နော် ကာနယ်...ဒီလောက်တန်ဖိုးကြီးတဲ့ရတနာတွေအတွက် ကျုပ်လူသတ်ရမှာ ဝန်မလေးဘူး "

ခတ်ပြတ်ပြတ်ပြောလိုက်သော တပ်ကြပ်ကြီးကင်းဘဲလ်၏ စကားကြောင့် ကာနယ်မက်ဒေါ်နယ်လ်မှာ ဘာမျှခွန်းတုန့်မပြန်ဘဲ ပခုံးနှစ်ဖက်ကိုသာ တွန့်ပြလိုက်ရင်း...

"တောက်..နေနှင့်ဦးပေါ့ကင်းဘဲလ်ရယ်..ဟင်း. ဟင်း"

ရင်ထဲမှာပင် ဒေါသမီးတောက်ကို ဖောက်ခွဲပစ်လိုက်သည်။ ခြေလှမ်းအစုံက တစ်နေရာ၌ရပ်တန့်သွားပြီး အရက်ပုလင်းများ စီ၍တင်ထားသည့် နံရံကပ်ဘီရိုရှေ့တွင် လမ်းဆုံးသွားသည်ထင်။

" ဟုတ်ပြီ ... ကာနယ် လက်ကိုအသာချပြီး အရင်ဆုံး ရတနာသေတ္တာ ကျုပ်မြင်အောင် ပြ "



www.burmeseclassic.com

www.burmeseclassic.com



" မရဘူး ကင်းဘဲလ် . . . ဒါပေမဲ့ ဟောဒီမှာကြည့် "

ကာနယ်မက်ဒေါ်နယ်လ်က သူ၏ညာလက်ဖြင့် တံဆိပ်အနီ ပတ်ထားသည့် လေးထောင့်အရက်ပုလင်းနှစ်လုံးကို ဖယ်ရှားလိုက်ပြီး ဘီရိုဘေးမှ ခလုတ်တစ်ခုကိုနှိပ်လိုက်သည်။

" ထဝ် . . . လျှော "

ထပ်ခနဲ မတိုးမကျယ်အသံတစ်ချက်မြည်သွားပြီး ဘီရိုနောက်မှ လျှို့ဝှက်အံဝှက်ကလေးက တစ်ပေပတ်လည်ထု သုံးလက်မခန့်ရှိ သေတ္တာ အနက်ပြားလေးကို လျှောကနဲ တွန်းထုတ်ပြလာခဲ့သည်။

ရုတ်တရက်မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ပစ္စတို သေနတ်ခလုတ်ကို ဆွဲညှစ်ရန်ပြင်လိုက်သည့် တပ်ကြပ်ကြီးကင်းဘဲလ် မှာ သေတ္တာနက်ကလေးကို မင်သက်ငေးမောကြည့်လိုက်မိသည်။

"**OK**.. ကာနယ် . . ဖြေးဖြေးချင်းယူပြီး အောက်ကိုချလိုက်"

သူ၏ထောင်ချောက်အတွင်းသို့ အယုတ်တမာကောင်ကင်းဘဲ စီးမျောလိုက်ပ်လာပြီမို့ သည်တစ်ကြိမ် အခွင့်အရေးကို ကာနယ်မက်ဒေါ် နယ် လက်လွှတ်ခံ၍မဖြစ်။

ထို့ကြောင့် ရတနာသေတ္တာအပြားလေး၏ခလုတ်ကို လက်မနှင့် အသာဖိကာ ဖွင့်ထုတ်လိုက်ရင်း သူ၏ခန္ဓာကိုယ်ကြီးနှင့် မသိမသာကွယ် ကာ ပစ္စသေနတ်ကိုပါ ဖျတ်ခနဲဆုပ်ကိုင်လိုက်သည်။ တစ်ဆက်တည်း မှာပင် ရတနာသေတ္တာကို လွှတ်ချလိုက်ပါ၏။

" ဒုန်း . . . ဝုန်း "

သူရဲကောင်းစာပေ



" ဝေါ . . . ဖရော . . . ဖျော "

" ဟာ "

" **OH .. GOD** "

ရတနာသေတ္တာအနက်ကလေးက သဝေ်ာကြမ်းပြင်နှင့် ခုန်း ကနဲမိတ်ဆက်ကာ ဗွမ်းခနဲပွင့်ဟသွားပြီး သေတ္တာထဲမှ ရတနာပစ္စည်း ချိုးစုံက ပြန့်ကျဲလွင့်စင်သွားကြသည်။ ရုတ်တရက် တဝင်းဝင်းတလက် လက်နှင့် လင်းဖြာသွားသော ရတနာများကို တပ်ကြပ်ကြီးကင်းဘဲလ် ငေးမောကြည့်နေစဉ်မှာပင် . . .

" ဒိန်း "

" အ . . . ဟာ . . . ဒိုင်း "

သေနတ်သံနှစ်ချက် ရှေ့ဆင့်နောက်ဆင့်ထွက်ပေါ်လာကြပြီး တပ်ကြပ်ကြီးကင်းဘဲလ်၏ ရင်ဝတည့်တည့်တွင် သွေးများရဲကနဲဖြာ ထွက်သွားကာ ခန္ဓာကိုယ်ကြီးမှာလည်း မြင်းအကန်ခံလိုက်ရသည့်နှယ် အခန်းပြင်သို့ ဝုန်းခနဲ လွင့်စင်ထွက်ကျသွားသည်။

" အား . . . ဝုန်း . . . ဒုန်း "

ကာနယ်မက်ဒေါ်နယ်မှာလည်း ဝမ်းဗိုက်တွင်းသိမှန်ကာ သူ လှန်စွာမက်မောသော ရတနာများပေါ်သို့ ချာကနဲတစ်ပတ်လည်ကာ ထိုးကျသွားပါချေတော့သည်။ တစ်ချိန်တည်းမှာပင် ယူဂီသင်္ဘောကြီး ကလည်း တဝုန်းဝုန်းနှင့်ရိုက်ခတ်လာသည့် လှိုင်းဒဏ်လေဒဏ်ကြား တွင် မထိမ်းနိုင်မသိမ်းနိုင် ဖြစ်နေပါချေပြီကော။

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



" ဝေါ . . . ဝေါ . . . ဝေါ . . . ဝုန်း "

သူတို့အားလုံး မသိလိုက်နိုင်သည့်အချက်မှာမူ ယူဘီသင်္ဘော ဦးသည် ချာလည်ချာလည်နှင့် မိန်းမလှကျွန်းကြီးဆီ၌နာမည်ကျော် 'မျောက်တစ်ရာဝဲကြီး' အတွင်းသို့ တိုးဝင်သွားခြင်းပင် ဖြစ်ပါချေ၏။

ယခုမှ ဖောင်ဝင်မြစ်သည် မကောင်းဆိုးဝါးတစ္ဆေကြီးတစ်ကောင်နှယ် အော်မြည်လျက် တဝုန်းဝုန်းတဝေါဝေါနှင့် အော်ညည်းလျက်ရှိပါချေပြီ။ လှိုင်းခေါင်းဖြူများက တဝေါဝေါနှင့် ဆူပွက်လှုပ်ရှားနေကြသည်မှာ တစ္ဆေကောင်ကြီး၏ လက်တံရှည်ကြီးများနှယ် . . .

" ဝေါ . . . ဝေါ . . . ဝုန်း . . . ဝုန်း . . . ဝေါ "

ထို့ထက် ပို၍ဆိုးဝါးသည်မှာ အနီးနားတစ်ဝိုက်မှာ လှေ၊သမ္ဗာန်၊ သင်္ဘောများ လွန်စွာမှကြောက်ရွံ့ထိတ်လန့်ကြသည့် အဝေးမှရှောင်ကွင်းသွားလာလေ့ရှိကြသည့် နာမည်ကျော် မရဏစုပ်ဝဲကြီးခေါ် မျောက်တစ်ရာဝဲကြီးအတွင်းသို့ လောဘ၊ ဒေါသ၊ မောဟ သွေးနီများစွန်းထင်းပေကျံနေသည့် အပြာရောင်ယူဘီသင်္ဘောငယ်လေးမှာ ချာချာလည်၍ ပါသွားပြီး ဝုန်းခနဲ ခါးကျိုးကာ နစ်မြုပ်သွားပါလေတော့သည်။

ရတနာသေတ္တာတစ်လုံးအတွက် လောဘ၊အတ္တများ ဖုံးလွှမ်းကာ အပြိုင်အဆိုင်ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည့် လောဘတစ္ဆေကောင်များ၏ နောက်ဆုံးခရီးတွင် အပြစ်မဲ့မြေဇာပင်ဖြစ်ခဲ့ကြသည့် အမှာညီအစ်မနှစ်ဦး၏ ကံကြမ္မာသည်ကား . . .။

♛ ♛ ♛





## အခန်း(၂)

### " ထူးခြားဆန်းတွေ . . . မျောက်တစ်ရာနယ်မြေ "

မြန်မာပြည်အောက်ပိုင်း၊ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသအတွင်းရှိ ဘိုကလေးမြို့မှ ရေလမ်းကြောင်းအတိုင်းဆင်း၍သွားပါက သမိုင်းဝင်ဒေသများဖြစ်သည့် 'ကျွန်းညိုကြီး' ဟုခေါ်သော ရွာကြီးတစ်ရွာကို တွေ့ရမည်ဖြစ်ပါ၏။ ကျွန်းညိုကြီးသည် သစ်ကြီးဝါးကြီးများ ထူထပ်ပေါများရာ တောအုပ်ကြီးတစ်ခုလည်းဖြစ်သည်။ ထိုတောအုပ်ကြီးအတွင်းသို့ အနယ်နယ်အရပ်ရပ်မှ သစ်၊ဝါးထင်းခုတ်သူများ လာရောက်လေ့ရှိကြသည်။ ကျွန်းညိုကြီးရှိ တောအုပ်ကြီးမှာ အလွန်ကြီးမားသည့်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်၊ဝါးပင်များ အပင်ချင်းယှက်၊ အကိုင်းချင်းဆက်ကာ နေပျောက် ပင်မထိုးနိုင်သည်အထိ ထူထပ်နက်ရှိုင်းလှပါ၏။

ဤကျွန်းညိုကြီးသည် ထင်ရှားသောသမိုင်းရှိ၏။ ကျွန်းညိုကြီးသို့ သစ်ခုတ်ရန်ရောက်ရှိလာခဲ့သော 'မောင်ရှင်'ဆိုသူအား မဲချ၍ ထိုကျွန်းတွင် ထားရှိခဲ့ရကြောင်း သမိုင်းကြောင်းရှိခဲ့သည်။ မောင်ရှင်အား ပင်လယ်တွင်ရေချ၍ထားရစ်ခဲ့ရာမှ နောင်နှစ်ပေါင်းများစွာကြာသောအခါ 'ဦးရှင်ကြီး' သို့မဟုတ် 'ကျွန်းညိုသခင်စောင့်တော်ရှင်'ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ မြန်မာပြည်အောက်ပိုင်းရှိ ပင်လယ်ရေငံတစ်ရှိုးကို အပိုင်စားရသော 'ရေငံပိုင်ရှင်ဦးရှင်ကြီး'ဟုလည်း လူသိများကျော်ကြားလာခဲ့ပါ၏။

ဦးရှင်ကြီးကို ဆွမ်းတင်လှူခြင်းဖြင့် ဦးရှင်ကြီးက စောင့်ရှောက်ကူညီပေးသည်ဟု ယုံကြည်ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသများမှစ၍ ဝါဝင်ဝါထွက်ပူဇော်ကြခြင်း၊ ဆွမ်းတင်ကြခြင်းဓလေ့မှာ မြန်မာပြည်အနှံ့ပျံ့နှံ့လျက် ရှိခဲ့သည်။ ရေငံပိုင်ဦးရှင်ကြီး၏အမည်ကြောင့်လည်း ကျွန်းညိုကြီးသည် ပုံရိပ်ထင်ကာ သမိုင်းတွင်ခဲ့ရပါ၏။

စကားချပ်။ ။ မောင်ရှင်(ဦးရှင်ကြီး)လှေဆိုက်ကပ်ရပ်နားရာနေရာတွင် ရေမြောင်းကြီးဖြစ်လျက် ထူးခြားသည့်အမှတ်အသားတစ်ခုနှယ် ယနေ့အချိန်ထိတိုင် တည်ရှိနေပါသည်။

ကျွန်းညိုကြီးကိုကျော်၍ ပင်လယ်ဘက်သို့ခရီးဆက်ခဲ့မည်ဆိုပါက ရေပြာပြာဝိုင်းလျက် အုပ်အုပ်ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းမှိုင်းနှင့် စိမ်းစိုသာမောလျက်ရှိသည့် နာမည်ကျော် 'မိန်းမလှကျွန်း'ကိုလည်း





[illegible]ရမည်ဖြစ်ပါ၏။ မိန်းမလှကျွန်းသည်လည်း သမိုင်းဝင်ကျွန်းတစ်ကျွန်း [illegible]သည်။ လူသားမဟုတ်သည့် မိန်းမလှလေးများကို ရံဖန်ရံခါ တွေ့ရ[illegible]တ်သဖြင့် မိန်းမလှကျွန်းဟု ခေါ်တွင်ခဲ့ဟန်တူသည်။ တစ်နည်းဆိုပါ[illegible]င် မောင်ရှင်(ဦးရှင်ကြီး)သည်ပင် ဤမိန်းမလှကျွန်းမှ မိန်းမလှလေး[illegible] သို့မဟုတ် ချောမောလှပသော ညီအစ်မခုနစ်ဖော်နှင့် တွေ့ရှိခဲ့ရ[illegible]ည်ဟုလည်း ပြောဆိုခဲ့ကြပါ၏။ မိန်းမလှကျွန်းတွင် ဦးရှင်ကြီးသည် [illegible]ဘဝမှ နတ်ဘဝသို့ ကူးပြောင်းရောက်ရှိသွားသည်ဟု ဒေသခံများက [illegible]ယူအစွဲရှိကြသည်။

ထို့ပြင် နတ်ကြီးသောကျွန်း၊ လမိုင်းစီးသောကျွန်းဖြစ်သဖြင့် [illegible]ည်း ကျွန်းအနီးတစ်ဝိုက်တွင် ခါတ်ပုံမရိုက်ရခြင်း၊ ကုလားစကား [illegible]ပြောရခြင်း၊ လင်စုံမယားဖက်အတူတကွမနေရခြင်း၊ ဝက်သား၊အမဲ[illegible]သားမစားရခြင်း၊ ညစ်ညမ်းစွာဆဲရေးတိုင်းထွာမှုများ မပြုလုပ်ရခြင်း၊ [illegible]ဦးစားဖျားများကို တင်မြှောက်ပူဇော်ရခြင်း စသည်များကို ဆောင်ရ[illegible]ှောင်ရသည်။

ထိုအချက်များကို မလိုက်နာဘဲ ကျူးလွန်စော်ကားမိပါက [illegible]ဘေးဆိုးကပ်ဆိုး၊ အန္တရာယ်ဆိုးများနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်သည်ဟုလည်း စွဲမြဲစွာယုံကြည်ခဲ့ကြသည်။ အထူးသဖြင့် တောကြီးအတွင်းသို့ [illegible]ဝင်ရောက်ကာ ကျူးလွန်စော်ကားမိပါက တောမှောက်ခြင်း၊ တောခြောက်[illegible]ခံရခြင်း၊ ကျား၊ဆင်၊မြွေဆိုးကြီးများနှင့် ရင်ဆိုင်တိုးမိကာ ပြန်လမ်းပျောက်[illegible]၍ အန္တရာယ်ကြုံတွေ့ရတတ်ပါ၏။ ရေသို့ဆင်းမိပါကလည်း မိကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးများနှင့် ရင်ဆိုင်တိုးမိကာ နောက်ဆုံး အသက်အန္တရာယ်ကိုပင် ထိခိုက်နိုင်စေသည်မဟုတ်ပါလား။ ထို့ကြောင့် မိန်းမလှကျွန်းကြီး၏ တောရိုင်းကိုင်းကာ အသက်မွေးဝမ်းကြောင်း ပြုလုပ်နေကြရသူများအဖို့ အခြားသောတောတောင်နယ်မြေများထက် ဤမိန်းမလှကျွန်းညို့ကြီးကို ပို၍ထိတ်လန့် ကြောက်ရွံ့နေကြခြင်းဖြစ်သည်။

ထို့ပြင် မိန်းမလှကျွန်းပေါ်တွင် လွန်စွာထူးဆန်းလှသော 'မျောက်တစ်ရာဘုရား' လည်း ရှိပါ၏။ ထိုမျောက်တစ်ရာဘုရားမှာ လူတိုင်း ဖူးခွင့် တွေ့ခွင့်မရဘဲ လွန်စွာကုသိုလ်ပါရမီထူးမှ သို့မဟုတ် ပဋ္ဌာန်းဆက် ပါရမီဆက်ထူးပါမှ ဖူးတွေ့ခွင့်ရသည်ဟု အဆိုရှိပါ၏။ မျောက်တစ်ရာ ဘုရားကို မမျှော်လင့်ဘဲဖူးတွေ့ခွင့်ရသူများ ရှိသကဲ့သို့၊ ဖူးမျှော်လို၍ အမျိုးမျိုးကြိုးစားကြသော်လည်း ဖူးတွေ့ခွင့်မရခဲ့ကြသူများမှာလည်း ဒုနှင့်ဒေး ရှိပါ၏။ တန်ခိုးကြီးပြီး မယုံကြည်နိုင်ဖွယ်ရာ ဝိဇ္ဇာဓရက္ခိုရ ပညာရပ်များဖြင့် တည်ထားခဲ့သော ဘုရားတစ်ဆူဖြစ်သည်ဟု ဒေသခံ များက ဆိုကြပါသည်။

မိန်းမလှကျွန်းပေါ်ရှိ တောအုပ်ကြီးက လွန်စွာထူထပ်နက်ရှိုင်း လှသဖြင့် ဆင်များ၊ ကျားများနှင့် သတ္တဝါမျိုးစုံ မှီခိုကျက်စားရာ တောကြီး ဖြစ်သည်။ တောကြီးအတွင်း မိကျောင်းအိုက်များရှိ၍ မိကျောင်းများ လွန်စွာပေါများရာဒေသလည်း ဖြစ်ပါ၏။ ထို့ကြောင့် တစ်ချို့သောဒေသခံ ရွာသူရွာသားများမှာ နာမည်ကျော် 'မျောက်တစ်ရာဘုရား' ကို ဖူးချင် တွေ့ချင်ကြသော်လည်း တောကြမ်း၊ မြေကြမ်း၊ အန္တရာယ်ပြွမ်းသော





ခရီးစဉ်ဖြစ်သဖြင့် မသွားရဲ၊ မလာရဲကြ။ စိုးရွံ့ထိတ်လန့်နေကြသည် မဟုတ်ပါလား။

ထို့ပြင် 'မျောက်တစ်ရာဘုရား' တွင် ကျောက်ဆစ်သားဖြင့် ထုလုပ်ထားသည့် မျောက်ရုပ်တုများစွာရှိသည်ဟုလည်း သက်ကြီးစကား သက်ငယ်ကြားသိခဲ့ရသည်။ ထိုမျောက်ရုပ်တုကြီးများမှာ အကောင်တစ်ရာ တိတိရှိသည်ဟုဆိုသဖြင့် ထိုနယ်မြေကို မျောက်တစ်ရာနယ်မြေဟု ခေါ်တွင်ခဲ့လေသည်ထင့်။

သို့သော် . . . ထိုမျောက်တစ်ရာနယ်မြေသို့ လွယ်လင့်တကူ မရောက်ရှိနိုင်သကဲ့သို့ ရောက်ရှိခဲ့ပြန်လျှင်လည်း ထိုမျောက်ရုပ်တုများကို ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိဟု ဆိုကြပြန်သည်။ သို့သော်လည်း ထူးခြားသော 'မျောက်တစ်ရာဘုရား' တည်ရှိရာ ထူးကဲသောတောနက်ကြီးထဲမှာတော့ မျောက်ရုပ်တုအကောင်တစ်ရာက ယနေ့အချိန်ကာလထိတိုင် တည်ရှိနေ ဆဲပါဟု အနိုင်အမာပြောဆိုနေကြဆဲပင် ဖြစ်ပါ၏။ တောထဲတောင်ထဲ ထင်းခွေ၊ မှျစ်ချိုး၊ အမဲပစ်သူများ၊ ရံဖန်ရံခါ မျက်စိလည်လမ်းမှား၍ ထိုမျောက်တစ်ရာနယ်မြေရှိ မျောက်တစ်ရာဘုရားသို့ ရောက်ရှိသွားကြ သူများလည်း ရှိခဲ့ကြသည်။

ထိုသူများ၏ ပြောစကားအရဆိုလျှင် မျောက်တစ်ရာဘုရား အနီးတွင် မျောက်ရုပ်တုကြီးများစွာကို တွေ့ရှိသဖြင့် ရေတွက်ကြည့်ကြ သည်၊ သို့သော် မည်သို့ပင်ရေတွက်ပါစေ၊ နောက်ဆုံး ကိုးဆယ့်ကိုးကောင် တွင်သာ ရေတွက်၍လမ်းဆုံးခဲ့ရသည်။ တစ်ခါတစ်ရံတော့လည်း မျောက်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တု အကောင်တစ်ရာတိတိ ရှိနေတတ်ပြန်ပါ၏။ ထိုကဲ့သို့ မျောက်ရုပ်များ ကိုးဆယ့်ကိုးကောင်ဖြစ်လိုက် အကောင်တစ်ရာဖြစ်လိုက်နှင့် သံသရာ လည်နေရခြင်းမှာ ဦးစီးခေါင်းဆောင်မျောက်ကြီးကြောင့်ဟုလည်း ဆိုကြ သည်။ ထိုမျောက်ကြီးမှာ သာမန်မျောက်ကြီးများထက် ကြီးမား၍ ခွန်အား ဗလနှင့် ဖျတ်လတ်သန်စွမ်းမှုတွင်လည်း လွန်စွာမှအားကောင်းမောင်းသန် မျောက်ကြီးတစ်ကောင်ဖြစ်သည်ဟုလည်း ဆိုပါ၏။ ထိုခေါင်းဆောင် မျောက်ကြီး၏လက်ထဲတွင် ဝင်းလက်တောက်ပြောင်၍ လွန်စွာအရောင် အသွေးကောင်းလှသော ပတ္တမြားကြီးတစ်လုံးကို အမြဲဆုပ်ကိုင်ထားလေ့ ရှိသည်ဟုလည်း ဆိုကြပြန်သည်။

စိတ်ရင်းသဘောထားဖြူစင်စွာဖြင့် ရိုးသားစွာ မျက်စိလည် လမ်းမှားလာကြသော လူသားများ မျောက်တစ်ရာနယ်မြေထဲသို့ ရောက်ရှိ သွားခဲ့ကြလျှင် ဘေးဒုက္ခအန္တရာယ်ဆိုးများမှ လွတ်ကင်းကာ မိမိတို့ စခန်းချရာအနီးသို့တိုင် မျောက်ကြီးများက လမ်းပြကူညီပေးခဲ့ကြသည်။ တစ်ခါတစ်ရံ တောကြီးမျက်မည်းထဲတွင် ဘေးဒုက္ခအန္တရာယ်များဖြင့် ရင်ဆိုင်ကြုံတွေ့ကြရပါက မျောက်ကြီးများက ထူးဆန်းစွာရောက်ရှိလာ ကြပြီး ကယ်တင်ပေးသွားတတ်ကြသည်ဟုလည်း ဒေသခံများက ဆိုခဲ့ ကြသည်။

မည်သို့ပင်ဖြစ်စေ ဝိဇ္ဇာဓရဂမ္ဘီရပညာရပ်များ သက်ဝင်စီးမျော နေသည့် မိန်းမလှကျွန်းပေါ်ရှိ မျောက်တစ်ရာဘုရားသည်ကား မည်သို့မျှ ဉာဏ်မမှီနိုင်သော ထူးဆန်းမှုများစွာ ရှိနေသည်ဆိုသောအချက်ကိုမူ





...ည်သူမှမငြင်းနိုင်ကြပါချေ။

☪ ☪ ☪ ☪ ☪ ☪

သီတင်းကျွတ် လပြည့်နေ့ည ဖြစ်သည်။ မိုးကောင်းစွာမကုန် ...တ်သေးသောကြောင့် ညဦးကောင်းကင်ပြင်တွင် မိုးရိပ်တို့ဖြင့် ဖွဲ့တည် ...သော တိမ်တိုက်များက လေနှင်ရာသို့ ရွေ့လျားနေကြပါ၏။ မြောက် ...က်ဆီသို့ တရွေ့ရွေ့လွင့်ပါမျောနေကြသော တိမ်စိုင်တိမ်တိုက်များ ...ကြောင့် လပြည့်ည၏ငွေလရောင်သည်ပင် လင်းချည်တစ်ခါ မှိန်ချည် ...စ်လှည့်နှင့် . . .။

ညဦးပိုင်း မိုးလေကင်းသောကြောင့် မိန်းမလှကျွန်းနှင့် ...စ်တောကြီးတစ်ခုလုံး လပြည့်ညလရောင်တွင် ငွေရောင်ဆမ်းထားသည့် ...ယ် ရှုချင်စဖွယ်ရှိနေပါ၏။ ဤကဲ့သို့သော ညဦးပိုင်းကာလတွင် အစာ ...ာထွက်လေ့ရှိသော ဇီးကွက်၊ သစ်တောက်ငှက်နှင့် မျောက်မောင်းမများ ...၏ အော်မြည်သံတို့က တိတ်ဆိတ်စွာအိပ်မောကျနေသော မိန်းမလှကျွန်း ...ကြီး၏ ညဥ့်ယံကို လှုန့်နှိုးနေကြသည်သို့ . . .။

ရံဖန်ရံခါ ကျွန်းကြီး၏မြောက်ဘက်ခြမ်းဆီမှ အစာမာန်ယစ် နေကြသော တောကောင်ကြီးများ၏ ဟိန်းသံ၊ တစ်သံများကလည်း ...နိုင်မိုးသားများ ပျော်ဝင်နေသည့် လပြည့်ညဥ့်ကို သွေးပျက်ချောက်ချား စေရန် ဖန်တီးနေသည့်နှယ်ပါတည်း။

ထိုအချိန်တွင် တိမ်မည်းညိုတစ်အုပ် ကင်းရှင်းသွားကြသည်မို့ မျောက်တစ်ရာနယ်မြေအတွင်းရှိ 'မျောက်တစ်ရာဘုရားငှာဘ်တို' တစ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် လရောင်တစ်ချို့ ကျဲဖြန့်ကျဆင်းလာကြသည်။ တစ်ချိန်တည်းမှာပင် ဘုရားငုတ်တို ဝန်းကျင်အနီးတစ်ဝိုက်တွင်ရှိကြသော မြို့နွယ်ပိတ်ပေါင်းများကြားမှ များပြားလှစွာသော မျောက်ရုပ်တုကြီးများကလည်း ဘော်ငွေရောင်အဆင်းနှင့် ဖြန့်ကျက်ထားသော ငွေလရောင်အောက်တွင် ငြိမ်သက်စွာ တွေ့မြင်နေရသည်။

ထူးခြားသည်မှာ ဘုရားငုတ်တိုနှင့် မနီးမဝေးတွင်ရှိသော မျောက်ရုပ်တုကြီးများအလယ်တွင်ရှိသော ကိုးပေခန့်ကျယ်ဝန်းသည့် ရေအိုင်လေးတစ်ခုပင်ဖြစ်သည်။ ထိုရေအိုင်သည် ခပ်ဝိုင်းဝိုင်းပုံသဏ္ဌာန်ရှိပြီး ကျောက်သားနက်များနှင့် ဝိုင်းရံထားသဖြင့် 'ကျောက်သပိတ်အိုင်' ဟုလည်း ခေါ်ဆိုကြသည်။ ကျောက်သပိတ်အိုင်၏ ထူးခြားချက်မှာ လပြည့်လကွယ်ရက်များတွင် လရောင်နှင့်တိုက်ရိုက်ထိတွေ့ခဲ့လျှင် အိုင်အတွင်းရှိရေများသည် ရေနွေးပွက်သကဲ့သို့ ဆူပွက်လေ့ရှိခြင်းပင်တည်း။

စင်စစ် ရှေးလူကြီးသူမ ဝိဇ္ဇာခရေပညာရှင်များသည် ဤရေအိုင်ထဲတွင် သူရဇ္ဇဓါတ်သွင်းစီရင်ထားသည့် ဓါတ်လုံးတစ်လုံးနှင့် စန္ဒြာဓါတ်သွင်းစီရင်ထားသည့် ဓါတ်လုံးတစ်လုံး စုစုပေါင်း ဓါတ်လုံးနှစ်လုံးကို စီရင်၍ ထည့်ထားခဲ့သည်ဟု အဆိုရှိထားခဲ့ပါ၏။ သူရဇ္ဇဓါတ်ဆိုသည်မှာ နေဓါတ်၊ စန္ဒြာဓါတ်ဆိုသည်မှာ လ,ဓါတ်၊ ပို၍ရှင်းအောင်ဆိုရပါမူ အပူဓါတ်နှင့် အအေးဓါတ်တို့ဖြင့် ဖွဲ့စည်းပျော်ဝင်ထားသည့် ရေ ဟု ဆိုကြသည်။ ထိုရေသည် သူရဇ္ဇဓါတ်ခေါ် လရောင်နှင့်ထိတွေ့ခဲ့လျှင်လည်း ကြွတက်လာကာ ဆူပွက်လှုပ်ရှားလာသကဲ့သို့ စန္ဒြာဓါတ်ခေါ်





လရောင်နှင့်ထိတွေ့ခဲ့လျှင်လည်း ကြွတက်လာကာ ဆူပွက်လှုပ်ရှားလာတတ်သည်ဟု ဆိုခဲ့ကြပါ၏။ ထိုရေကိုသောက်လျှင် အနာရောဂါကင်းဝေး၍ မည်သည့်ရောဂါမျှ မကပ်ညိနိုင်။ အပူကြောင့်ဖြစ်သော ရောဂါဆိုလျှင် အအေးနှင့်ငြိမ်းသတ်ကုစားပေးပြီး အအေးကြောင့်ရသော ရောဂါဆိုလျှင် အပူနှင့်ငြိမ်းသတ်ကာ ကုစားနိုင်သည်ဟုလည်း ဆိုကြသည် မဟုတ်ပါလော။

လပြည့်ည၏ငွေလဝန်းက တစ်စစ မြင့်တက်လာခဲ့သည်။ အချိန်ကလည်း တရွေ့ရွေ့ကုန်လွန်လာခဲ့ပါ၏။ မကြာမီ သန်းခေါင်ယံအချိန်သို့ရောက်ကာ လမွန်းတည့်တော့ပေမည်။ မကြာမီ လေပြင်းတစ်ချက်တိုက်ခတ်လိုက်ပြီး ကောင်းကင်ထက်မှ လက်ကျန်တိမ်မဲတစ်အုပ် ဖွင့်စင်ပြေးထွက်သွားကြသည်။ တစ်ချိန်တည်းမှာပင် သစ်ရွက်သစ်ခက်များကြားမှ ဖြာဆင်းကျလာသည့် လရောင်သည် ကျောက်သပိတ်အိုင်ရှိရာသို့ တရွေ့ရွေ့နီးကပ်လာပြီး မကြာမီ ကျောက်သပိတ်အိုင်တည့်တည့် ကန်ရေပြင်ထက်သို့ ကျလာခဲ့ပါတော့သည်။

ထိုကဲ့သို့ လရောင်ကျလိုက်သည်နှင့် ကျောက်သပိတ်အိုင်ထဲမှ ရေများမှာ ထမင်းအိုးဆူသကဲ့သို့ ပွက်ပွက်ထလာခဲ့ပါတော့သည်။ ထိုသို့ ရေအိုင်အတွင်းမှ ရေများပွက်ပွက်ဆူလာကြသည်နှင့် မျောက်တစ်ရာ ဘုရားငုတ်တိုအနီးမှ ကျောက်သားမျောက်ရုပ်တုကြီးများက သက်ဝင်လှုပ်ရှားလာကြသည်လား။ မျောက်ရုပ်တုများအနီးဝန်းကျင်ရှိ သစ်ပင်မြို့နွယ်များဆီမှ ခုန်ပျံသက်ဆင်းလာကြလေသည်လားမသိ။ များပြား



www.burmeseclassic.com

www.burmeseclassic.com



လှစွာသော မျောက်ကြီးများမှာ ကွိကွိကွကွနှင့် ကျောက်သပိတ်ရေအိုင် ရှိရာသို့ ခုန်လွှားဆင်းသက်လာကြသည်ကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့မြင်နေကြရပါတော့သည်။

ထို့ထက်ပို၍ထူးဆန်းသည်ကတော့ မြင်းမားဖြောင့်တန်းလှသော ကညင်ပင်ကိုင်းကြီးတစ်ခုထက်ဝယ် ဝိုင်းစက်ပြည့်ရွှန်းနေသည့် လပြည့် ဝန်းကြီးနှင့် ညှို့ကောင်းကင်ပြာကြီးကို နောက်ခံပြုကာ ရွှေရောင်ဆံပင် လေးများက လရောင်တွင် လင်းလက်ဝံပျံ၍ ကြည်လင်ပြာလဲ့သော မျက်ဝန်းတစ်စုံနှင့် နွယ်ကြိုးတစ်ခုကို ကိုင်စွဲထားသည့် ဆယ့်ခြောက်နှစ် အရွယ်ခန့်ရှိ မိန်းမရွယ်လေးကို အမှတ်မထင်တွေ့မြင်နေရခြင်းပင် ဖြစ်ပါ၏။

ပို၍ ပို၍ထူးခြားသည်က အညိုရောင်သားမွေးနှင့် ခန္ဓာကိုယ် အပေါ်ပိုင်းအား ရစ်ပတ်သိုင်းဖွဲ့လျက် ပေါင်လည်ခန့်အထိသာလုံခြုံသည့် ဝတ်ရုံကို ဝတ်ဆင်ထားသည့် လူမလေးက သစ်ပင်မြင့်ထက်မှ တစ်စုံ တစ်ရာအသံပေး၍ မျောက်တစ်ကောင်ကဲ့သို့ နွယ်ကြိုးကိုလွှဲခိုစီးကာ အောက်သို့ လျှင်မြန်စွာဆင်းသက်လာခဲ့သည်။

" ဝူး . . . အူး . . . အူး . . . ဝူး . . . အူး . . . အူး "

ခွဲခွဲငင်ငင်ဟစ်အော်လိုက်သည့် 'လူမလေး'၏အော်သံကြောင့် လေလားမသိ၊ ကျောက်သပိတ်ရေအိုင်အနီးမှ မျောက်ကြီးများသည် ကန်ထဲမှရေများကို ပျော်ရွှင်စွာ သောက်သုံးကြသည်။ မျောက်ကြီးများ ထဲသို့ ခုန်ပျံဝေ့ဝဲ၍ ရောက်ရှိလာသည့် ရွှေရောင်ဆံပင်ရှည်နှင့် လူမလေး





မှာလည်း မျောက်ကြီးများနှင့်အတူတကွ ကျောက်သပိတ်အိုင်ထဲမှ ရေများ ကို ပျော်ရွှင်စွာဆော့ကစားရင်း သောက်သုံးလျက်ရှိပါ၏။ ထို့နောက် ကျောတွင်လွယ်သိုင်း၍ယူလာသည့် ဝါးကျည်တောက်တစ်ခုထဲသို့ ကျောက်သပိတ်အိုင်ထဲမှ ပွက်ပွက်ဆူနေသောရေများကို ခပ်ယူနေပါ တော့သည်။

" ခွီး . . . ဂီး . . . ခွီး . . . ဂဲ . . . ခွီး "

" ဝေးဟေး . . . ဝေးဟေး . . . ဝေးဟေး "

မယုံကြည်နိုင်စရာပါ . . .။

အမှန်တကယ်ကို မယုံကြည်နိုင်စရာ။ မျက်မြင်ကိုယ်တွေ့ မြင်တွေ့နေရသည့် မြင်ကွင်းကြောင့်သာမဟုတ်လျှင် ဤကဲ့သို့ဖြစ်နိုင်ချေ မရှိသော အဖြစ်အပျက်ကို မည်သူမျှ လက်ခံယုံကြည်ကြမည်မဟုတ်ပါ။ သို့သော် . . .

ထိုယုံကြည်ဖွယ် လက်ခံနိုင်ဖွယ်မရှိသော ထူးဆန်းအံ့ဩဖွယ် ရာကောင်းလှသော ဖြစ်ရပ်ဆန်းကြယ်များသည် ဤမိန်းမလှကျွန်းပေါ်ရှိ မျောက်တစ်ရာနယ်မြေထဲတွင် အမှန်တကယ်ဖြစ်တည်နေဆဲ၊ နောက် နောင်တွင်လည်း ဆက်လက်၍ အမြစ်တွယ်ရှင်သန်နေဦးမည်မှာ မလွဲ သောသဘာဝတရားပင် ဖြစ်ပါချေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

" ရောက်ခဲ့ဖူးသည် . . . မရောက်ဖူးသောနယ်မြေ
. . . သို့မဟုတ် . . . "

နေဝင်လုပြီ . . .။

ခပ်ဖွဲ့ဖွဲ့မှုန်ရှာနေသော မိုးစက်မိုးပေါက်များအောက်တွင် မိန်းမလှကျွန်းပေါ်ရှိ နက်ရှိုင်းထူထပ်လှသော တောအုပ်ကြီးကို ခပ်ဝါးဝါးမျှသာ မြင်တွေ့နေရသည်။ သည်ကြားထဲ ခပ်ကြမ်းကြမ်းဝှေ့ဝဲတိုက်ခတ်လျက်ရှိသော လေသာရမ်းတို့၏ တိုးဝှေ့ကြည်စယ်မှုကြောင့် အပင်ချင်းယှက်အကိုင်းချင်းဆက်နေကြသည့် သစ်ပင်၊ ဝါးပင်ကြီးများဆီမှ ထွက်ပေါ်လာ





သော ကျိုးကျိုးကျည်ကျည် အသံဗလံမျိုးစုံတို့က မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးများ သံပြိုင်ညည်းညူနေကြသည်သို့ . . .။

မိန်းမလှကျွန်းကြီး၏ တောနက်အလယ်တွင် တရွေ့ရွေ့တိုးဝင်နေကြသည့် မနုဿလူသားနှစ်ဦးမှာ တဖွဲဖွဲရွာချနေသည့်မိုးကိုကြည့်ကာ စိတ်ပျက်လက်ပျက် ဖြစ်နေကြပါ၏။ ထို့ပြင် တစ်နေကုန် သွားကောင်းနေသည့်အပြင် နက်ရှိုင်းလှသည့်အပြင် နက်ရှိုင်းလှသော တောကြီးအတွင်းဝယ် မျက်စိလည်လမ်းမှားသဖြင့် သွေးပျက်ချောက်ချားစပင်ဖြစ်နေပါချေပြီ။

စိန်ဘန်းနှင့်မွန်တော် . . .

ကာံကန်ရှာသားနှစ်ဦး . . .၊ သို့မဟုတ် အမဲလိုက်မုဆိုးပေါက်စနှစ်ယောက် . . .၊ မြစ်နားချောင်းနားနီးသဖြင့် သူတကာကဲ့သို့ ရေလုပ်သားခေါ် တံငါသည်မျိုးဆက်များဖြစ်ကြသည့်တိုင် သည်နှစ်ကောင်ကမြစ်စိတ်၊ ချောင်းစိတ်မဝင်၊ တောစိတ်ဝင်ကာ တောပစ်မုဆိုးဘဝတွင် ပျော်မွေ့နေကြသူများ ဖြစ်ကြသည်။ အများသူငါကဲ့သို့ သစ်ခုတ်၊ ဝါးခုတ် လုပ်ကိုင်ကြ။ ရိုးစင်းသော သမရိုးကျဘဝတွင် မပျော်ပိုက်နိုင်ဟုဆိုကာ အဘိုးဖြစ်သူထံမှ အမွေဆက်ခံခဲ့သော ရိုင်ဖယ်သေနတ်တစ်လက်နှင့် သူငယ်ချင်းမုဆိုးတစ်ယောက်ဖြစ်သည့် မွန်တော်နှင့်လက်တွဲကာ ကျွန်းသို့ကြ။ ပျဉ်ဒရယ်တော စသည်တို့တက်တွင် မွေနှောက်ကာ သွားကောင်းစ်ကြသည်။ အတွဲညီသော မုဆိုးလူရွယ်နှစ်ယောက်ပီပီ သေနတ်တစ်လက်၊ ဒူးလေးတစ်စင်းနှင့် တောအနံ့ ကျွန်းအနံ့ လှည့်လည်ခြေဆန့်



www.burmeseclassic.com

www.burmeseclassic.com



ကာ သွားလာခဲ့ကြပါ၏။

ယခုလည်း ဦးကြီးဖြစ်သူ ဦးမှိုင်းလုံကိုယ်တိုင် တားမြစ်ဟန့်တား ခဲ့သည့်ကြားမှ မိန်းမလှကျွန်းကြီး၏ တောနက်ပိုင်းအတွင်းထိ ဝင်ရောက် မွှေနှောက်ခဲ့ကြခြင်းဖြစ်သည်။ အတွင်းပိုင်းတောက နက်ရှိုင်းလှသည့် အပြင် သားကောင်ကြီးများ ပေါများသည်။ အောက်ပေါင်းရှုပ်ခြုံနွယ်များ နှင့် မိကျောင်းသိုက်များလည်းရှိသည်။ ကျားလည်းပေါ၏။ သို့သော်

သူတို့နှစ်ဦးကျမှ ကျားခြေရာ လတ်လတ်ဆတ်ဆတ်ကြီးများ ကိုသာ တွေ့နေရပြီး ကျားအကောင်အထည်က ပျောက်နေသည်။ တဝေါင်းဝေါင်းနှင့် ကျားဟိန်းသံကြီးများကို ကြားနေရသည့်တိုင် ကျား ဆိုသည့် ရုပ်ခြပ်သတ္တဝါကိုမူ မမြင်ရ၊ မတွေ့ရ။

သည်ခါကတည်းက စိန်ဘန်းတစ်ယောက် သတိထားမိခဲ့သည်။ သို့သော် သားကောင်ရရှိလိုဇောကပ်နေသဖြင့် ပြန်လည်၍မေ့ပျောက် သွားခဲ့ပါ၏။ ယခုပြန်လည်၍ တော၏ထူးခြားမှုကို သံသယဖြစ်လာသည့် အခါမှာတော့ နောက်ကျသွားခဲ့ပါချေပြီကော . . .။

" မွန်ထော်ရေ . . . ငါတို့တော့ တောမှောက်နေပြီထင်တယ် ငါ ဒီနေရာကိုပဲ ထပ်ပြီးပြန်ပြန်ရောက်နေတာ နှစ်ကြိမ်ရှိနေပြီကွ "

" ဟာ . . . မင်းကလည်း မဖြစ်နိုင်တာကွာ ငါတို့တစ်လျှောက် လုံး တောလည်ပြီးပစ်ခတ်နေကြတာ ဒါမျိုးတစ်ခါမှ မဖြစ်ဖူးပါဘူး စိန်ဘန်းရယ် "

မွန်ထော်က ဒူးလေးညှို့ကြိုးကို လျှော့ချလိုက်ရင်း စိန်ဘန်း၏





စကားကို ငြင်းပယ်လိုက်သည်။ ဟုတ်တော့လည်းဟုတ်သည်။ နှစ်ယောက်တွဲ၍ ကျွန်းညို့ကြီး၊ ပျဉ်ဒရယ်ကြီးတို့၏ စသော တောနက် များအတွင်း ခြေရာထပ်မျှ မွှေနှောက်သွားလာခဲ့သည့်တိုင် ယခုကဲ့သို့ ဖြစ်လည်ကာ တောမှောက်ခြင်းမျိုး တစ်ကြိမ်တစ်ခါမှ မကြုံခဲ့ရဖူးပါ။ ခဲ့မှာပင် . . .

" ဝေါင်း . . . ဂရား "

ရုတ်တရက် နီးကပ်စွာကြားလိုက်ရသော ကျားဟိန်းသံကြီး ကြောင့် စိန်ဘန်းမှာ သူ၏သေနတ်ကြီးဖြင့် အသံကြားရာ ဝါးရုံတောကြီး ဘက်သို့ ချိန်ရွယ်ထားလိုက်သကဲ့သို့ မွန်ထော်ကလည်း သူ၏ဒူးလေးညှို့ ကို ဆွဲတင်လိုက်ပြီး တစ်ဆွေ့ခုန်မြားရှက်အနီကို လမ်းကြောင်းထဲတွင် ဆည်လိုက်သည်။

" သတိထား မွန်ထော် . . . ဒီကောင်ကြီး ငါတို့သွားတဲ့နောက် က တကောက်ကောက်လိုက်ချောင်းနေတာဖြစ်မယ်။ ဒါကြောင့် တစ်ခြား သားကောင်တွေအကုန်လုံး ပျောက်ချင်းမလှပျောက်နေကြတာကိုး "

ထိုအချိန်တွင် မိုးကာခပ်ဖွဲဖွဲလေးရွာချလာသည်။ နေဝင်ဆည်းဆာ ကောင်းကင်ပြင်သည် မှိုင်းညို့မည်းမှောင်နေသည့် ခဲပုပ်ရောင်တိမ်စိုင် များက ကြီးစိုးမင်းမူနေပါ၏။ လျှပ်စီးများတဝင်းဝင်း၊ မိုးခြိမ်းသံတဂျိမ်း ဂျိမ်းနှင့် မာန်စောင်ပစ်ခွင်းနေသဖြင့် ရာသီဥတုအခြေအနေက မကောင်း လှ၊ သည့်ထက်ပိုမို၍ မိုးသည်းရန် ဟန်ပြင်နေလေသည်ထင့်။

မွန်ထော်မှာ စိန်ဘန်း၏စကားကြောင့် အနည်းငယ်စိတ်ပူပ



www.burmeseclassic.com

www.burmeseclassic.com



ရှားသွားပါ၏။ တစ်နေကုန် တောတိုးခဲ့ရပြီး သားကောင်မရသည့်အပြင် နောက်ဆုံး ကျားကြီးတစ်ကောင်၏ ချောင်းမြောင်းနေခြင်းကိုပါ ခံနေရပြီဖြစ်သဖြင့် သွေးပျက်ချောက်ချားစပြုနေပါချေပြီကော . . .။

" အဲဒါကြောင့် ငါပြောတာပေါ့ . . . ဒီမိန်းမလှကျွန်းက တောကြီးထဲမှာ အမဲမပစ်ပါနဲ့ဆိုတာ အခုတော့ မင်းရဲ့မိုက်ရူးရဲလုပ်ရစ်ကြောင့် မုဆိုးစစ်စစ်ကနေ သားကောင်ဘ၀ကို ရောက်ရတော့မယ်ထင်တယ် "

" ကဲ . . . တိတ်စမ်းကွာ ကျားရန်ကိုသတိထားနေရတဲ့အထဲ မင်းက တဂျီဂျီနဲ့ မှန်ထော်ရယ် . . . ကြောက်တတ်ရင် မုဆိုးမလုပ်ရဘူးကွ"

ထိုစဉ်မှာပင် သူတို့၏အရှေ့ဘက် သရောပင်ကြီးများဘက်ဆီမှ ကျားဟိန်းသံထွက်ပေါ်လာပြန်သဖြင့် နှစ်ယောက်သား အသံကြားရာသို့ ပြောင်းလဲချိန်ရွယ်လိုက်ကြသည်။

" ဝေါင်း . . . ဝေါင်း . . . ဂါး "

"ဟော . . မြန်လှချည်လား။ ဟိုဘက်ဝါးရုံတောထဲက ကျားက ချက်ချင်းကြီး အရှေ့ဘက် သရောပင်တွေဆီကို ရောက်သွားပါလားဟ"

" မဟုတ်ဘူး မှန်ထော် . . . အဲဒါက နောက်တစ်ကောင်ဖြစ်မယ်၊ စောစောက ဟောဟိုဝါးရုံပင်တောကြီးဆီက ကြားလိုက်ရတာကွ"

စိန်ဘန်းက သူတို့အရှေ့ဘက်ရှိ သရောပင်စုစုဘက်သို့ လက်ညှိုးညွှန်ကာ ပြောဆိုလိုက်သည်။

" အင်း . . . ဒါဆိုရင် ဒီတောက ကျားပေါတဲ့ တောကြီးထဲ





ဖြစ်ရမယ် "

ယခုတော့ မုဆိုးရင့်မကြီးနှစ်ယောက် ကျောချင်းကပ်ကာ ကျားရန်ကို တားဆီးဟန့်တားနိုင်ရေးအတွက် ကြိုးစားအားထုတ်နေကြပါချေ၏။ တဖွဲဖွဲရွာသွန်းနေသောမိုးကြောင့် မကြာမီ အမှောင်ထုသည် စောစီးစွာ နေရာယူလာတော့မည်ဖြစ်သည်။ ယခုပင် အမှောင်နှင့်အလင်းသည် စီချင်းထိုးလျက်ရှိနေပါပြီ။ နေဝင်ချိန်ဆည်းဆာအလင်းက ရှင်းရှင်းဖြတ်ပြတ်ဆုတ်ခွာမသွားသေးသလို အမှောင်ကလည်း သိသိသာသာ အနိုင်မယူနိုင်သေး။ သို့သော် တဖွဲဖွဲရွာသွန်းနေသောမိုးက အမှောင်ထုကို စေကူပေးနေသကဲ့သို့ရှိသဖြင့် ဝန်းကျင်တွင် အမှောင်ရိပ်တို့က တစ်စတစ်စ ကြီးစိုးမင်းမူလာခဲ့သည် မဟုတ်ပါလား။

" တောက် . . . အရေးထဲ ဒီမိုးကတစ်မျိုးမှောင့်ကွာ "

" စိန်ဘန်းရေ . . . မှောင်လည်းမှောင်လာပြီဟေ့၊ ဒီညတော့ သစ်ပင်ကောင်းကောင်းသာရှာပြီး တက်အိပ်ကြဖို့ပဲဟေ့၊ နို့မို့ ဒီကျားတွေ ရန်က လွတ်မှာမဟုတ်တော့ဘူး "

" ဝေါင်း . . . ဝေါင်း . . . ဂရား "

သူတို့ပြောဆိုနေကြစဉ်မှာပင် ဝါးရုံတောဘက်မှ ကျားဟိန်းသံကြီးကို အနီးကပ်ကြားလိုက်ကြရသဖြင့် ထူးထူးထွေထွေ မစဉ်းစားကြတော့ဘဲ အနီးရှိကညင်ပင်ကြီးပေါ်သို့တက်ကာ ခွဆုံကြီးဝေခွကြားတွင် နားနေလိုက်ကြပါတော့သည်။ တဝေါင်းဝေါင်းနှင့် ကျားဟိန်းသံကြီးများကမူ ညဦးပိုင်းတစ်ကြောလုံး ကြားနေရဆဲပါပေ။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တစ်စတစ်စ သန်းခေါင်ယံနီးကပ်လာသည်နှင့် ခပ်ဖွဲဖွဲရွာချနေသောမိုးက တဖြည်းဖြည်းစဲသွားပါလေ၏။ ထို့အတူ ခဲပုတ်ရောင်မိုးသားမိုးရိပ်များကပါ လွင့်စင်ပျောက်ကွယ်သွားကြပြီး ဝိုင်းဝိုင်းစက်စက် လပြည့်ဝန်းကြီးနှင့် ကောင်းကင်ပြာပြာကြီးကို တွေ့မြင်လိုက်ကြရပါတော့သည်။

"ဟူး . . . တော်ပါသေးရဲ့၊ မိုးတိတ်သွားပြီး လမင်းကြီးထွက်လာလို့ အခုမှပဲ နေသာထိုင်သာရှိတော့တယ်"

စိန်ဘန်းက လက်ထဲမှသေနတ်ကို သူ့မှီလှဲနေသည့် ကညင်ပင်ခွဆံတွင် မှီ၍ထောင်ထားလိုက်ရင်း ကောင်းကင်ပြာကြီးနှင့် လမင်းကြီးကို ကလေးတစ်ယောက်နှယ် မော့ကြည့်ကာ ပြောဆိုလိုက်သည်။ သို့တိုင်အောင် ကျားဟိန်းသံကြီးများကိုမူ တစ်ချက်တစ်ချက်ကြားနေရသေးသည်။

"အင်း . . . ငါတို့များ ဘာတွေအမှားအယွင်းလုပ်ခဲ့မိကြပါလိမ့်၊ ဒီကျားတွေရန်က လွတ်မှလွတ်ပါ့မလား မသိဘူး၊ ဘုရား ဘုရား တောပိုင်တောင်ပိုင်ကြီးတို့ရယ် ကျုပ်တို့ကို ဒီအတိုင်းပစ်မထားကြပါနဲ့"

"ဟုတ်ပါတယ် အမှားအယွင်းများရှိခဲ့ရင်လည်း သည်းခံခွင့်လွှတ်ပေးတော်မူပါ တောပိုင်ကြီးတို့ . . . ကျုပ်တို့တောင်းပန်ပါတယ်"

စိန်ဘန်းနှင့်မှန်ထော်တို့နှစ်ယောက် သူတို့၏လက်နက်များကိုချကာ မိန်းမလှကျွန်းကြီး၏ တောပိုင်တောင်ပိုင်နတ်မင်းကြီးများကို ရှိခိုးကန်တော့၍ တောင်းပန်နေကြပါတော့သည်။

အချိန်က တရွေ့ရွေ့ကုန်လွန်လာခဲ့သည်။ မကြာမီ ပြာလဲ့လဲ့





ညဥ့်ကောင်းကင်တွင် လပြည့်ဝန်းကြီးက မီးပုံကြီးတစ်လုံး ချိတ်ဆွဲထားသည်သို့။ လမွန်းတည့်ချိန်သို့ ရောက်ရှိလာခဲ့ပါချေပြီကော။

ထိုအချိန်တွင် . . .

တောကြီးတစ်ခုလုံး ကွိကွိကွကွအော်သံများနှင့် အမျိုးအမည်မသိ ဆွဲဆွဲငင်ငင်ဟစ်အော်လိုက်သော အသံလေးနှင့်အတူ မည်းမည်းမိုင်ရိပ်သဏ္ဌာန်များက သစ်ပင်ခြုံနွယ်ကြီးများထက်ဆီမှ ခုန်ပျံလွင့်ဝဲကာ တစ်ပင်မှတစ်ပင်သို့ ခုန်လွှားကူးသန်းနေကြသည်ကို နှစ်ယောက်သားအံ့ဩစွာ အပြူးသားနှင့် ငေးမောကြည့်နေကြသည်။

"ဟာ . . ဟို . . ဟိုမှာ ဘာ . . ဘာကောင်ကြီးတွေလဲ စိန်ဘန်း ရေ့ သစ်ပင်တွေပေါ်ကနေ ခုန်လွှားပြီးဆင်းလာလိုက်ကြတာ အားကြီး ပဲဟေ့"

"အေး . . ဟုတ်တယ် မှန်ထော်ရေ . . ဘာ . . ဘာကောင် ဟ ဟ . . အိုး . . မျောက် . . မျောက်ကြီး . . မျောက်ကြီးတွေဟေ့"

ဟုတ်သည် . . . ညဥ့်ကြီးအချိန်မတော် ကွိကွိကွကွအော်ဟစ်သံကြီးများနှင့်အတူ သစ်ပင်ကြီးများပေါ်မှ ဟိုသည်ခုန်လွှားကျော်ဖြတ်ကာ ဆင်းလာနေကြသော မျောက်ကြီးများကို စိန်ဘန်းနှင့်မှန်ထော်တို့ မျက်လုံးအပြူးသားနှင့် ငေးကြောင်လျက် ကြည့်နေကြပါ၏။ လရောင်အောက်တွင် မည်းမည်းလှုပ်နေသည့် မျောက်ကြီးများမှာ ဆူညံစွာအော်ဟစ်ကြရင်း တစ်နေရာဆီသို့ ဦးတည်သွားနေကြသည်သို့။ ထိုစဉ်မှာပင်

"ဟာ . . ဟေ့ . . ဟေ့ . . ဟို . . ဟိုမှာ . . ဘာလဲ . . ရှု . .



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်လား "

" ဟင် . . ဟုတ် . . ဟုတ်တယ် . . စိန်ဘန်းရေ . . လူ . . လူမှ မိန်း . . မိန်းကလေးတစ်ယောက်ကွ ဟာ . . ဟုတ်ရဲ့လားမသိဘူး"

ရုဂ်တရက် စိန်ဘန်းလက်ညှိုးညွှန်ပြရာသို့ မှန်ထော်ကြည့်လိုက်တော့ အံ့ဩဖွယ်ရာမြင်ကွင်းတစ်ခုကို မယုံကြည်နိုင်ဖွယ် မြင်တွေ့လိုက်ရပါ၏။ ထိုအရာကား မျောက်ကြီးများနှင့်အတူ တစ်ပင်မှတစ်ပင်သို့ လျှင်မြန်စွာခုန်ပျံကူးသန်းနေသည့် လူသားမိန်းမပျိုလေးတစ်ယောက်ကို လရောင်အောက်တွင် ပျက်ပျက်ထင်ထင် တွေ့လိုက်ကြရသည်မဟုတ်ပါလား။

" ဟာ . . . ဟုတ်တယ်ဟေ့ ကောင်မလေးတစ်ယောက်ကွ၊ ရွှေရောင်ဆံပင်တွေကလည်း တလွင့်လွင့်နဲ့ . . . လည်ပင်းမှာလည်း ဘာကြီးဆွဲထားတာလဲမသိဘူး စိမ်းဖန့်ဖန့်ရောင်စဉ်တွေ တဝင်းဝင်း တလက်လက်နဲ့ ဟို . . . ဟိုမျောက်ကြီးတွေကြားထဲမှာ ခုန်ပျံကူးနေတာ အံ့ဩစရာပဲဟေ့ "

" ဘုရား . . ဘုရား ငါ . . ငါတို့ တောချောက်ခံရတာများလား စိန်ဘန်းရေ "

ဟုဘ်သည် တစ်နေ့လုံး၊ တစ်ညလုံး စိတ်ချောက်ချားဖွယ်ရာများနှင့်သာ ကြုံတွေ့နေရသည်မို့ မှန်ထော်တစ်ယောက် သွေးပျက်ထိတ်လန့်လျက် ရှိပါချေပြီ။ ယခုလည်း များပြားလှသောမျောက်အုပ်ကြီးအလယ်တွင် ရွှေရောင်ဆံပင်ရှည်ကြီးများနှင့် မိန်းမငယ်လေးတစ်ယောက်ကို





ဆူညံခြားခြားမြင်တွေ့လိုက်ရသဖြင့် မှဆိုးနှစ်ဦးစလုံး ကြက်သီးမွေးညင်း ဘဖြန်းဖြန်းထကာ ခေါင်းထက်ရှိ ဆံပင်မွေးများပင် ထောင်သွားကြလေသည်ထင့်၊

တစ်ချိန်တည်းမှာပင် မျောက်အော်သံကြီးများကြောင့်လေး သည် တစ်ညလုံးငြိမ်းချောက်ဟာစ်ကြွေးနေသော ကျားအော်သံ၊ ကျားဟိန်း သံကြီးများပင် ပျောက်ကွယ်သွားလေသည်သို့။ ဟုတ်သည် မျောက်ကြီး များ ကိုကိုကွကွနှင့် စုန်ပုံရောက်ရှိလာခဲ့ကြသဖြင့် တစ်ချိန်လုံး လှည့်ပတ် ချောင်းမြောင်းနေသည့် ကျားကြီးများပင် ဝေးရာသို့ ရှောင်တိမ်းထွက် သွားကြသည်လား . . . ။

" ဘုရား . . ဘုရား သွားဆန်းလိုက်တာ . . မျောက်ဆိုတာ များရဲ့အစားခံသတ္တဝါပဲ၊ မျောက်အုပ်ကြီးရောက်လာလို့ ငါတို့ကို ချောင်းနေတဲ့ကျားကြီး ထွက်ပြေးသွားတယ်ဆိုတာ တစ်ကယ့်ကိုမယုံနိုင် စရာကြီးပဲ "

"ဘာပဲဖြစ်ဖြစ်ပေါ့ မှန်ထော်ရယ် . . ကျားကြီးတွေရဲ့အန္တရာယ်က ရှောင်မြောက်သွားတာပဲ တော်လှပြီ၊ ဗင် . . . ဟာ မျောက် . . . မျောက် ကြီးတွေ ဘယ်ရောက်ရောက်သွားကြပြီလဲဟ "

" ဟာ . . ဟုတ်တယ်ဟာ . . ဟို . . ဟိုကောင်မလေးကိုမဲပြီး ကြည့်နေရာကနေ ကျားဟိန်းသံတွေပျောက်သွားလို့ ငပြောနေကြတုန်း ရှိသေးတယ် . . . မျောက်အုပ်ကြီးတစ်အုပ်လုံး မျက်စိအောက်ကပျောက် သွားတာတောင် မသိလိုက်တော့ဘူးဟေ့ "



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ဟုတ်သေးဘူး မှန်ထော်..ဟို..ဟို သစ်ပင်ပေါ်က ရ
လူမလေးပါ မ..မရှိတော့ဘူးဟေ့၊ သေ..သေချာပြီ ငါတို့ဖေ
ကောင်းကောင်းဘာကီး တောချောက်ခံနေရပြီ မှန်ထော် "

ဟုတ်သည်...စောစောက ကွိကွိကွကွနှင့် ဆူညံစွာဟစ်အေ
လှုပ်ရှားနေကြသည့် မျောက်အုပ်ကြီးမှာ ယခုတော့ မီးကိုရေနှင့်ငြိမ်းသင
လိုက်သကဲ့သို့ တူးဆန်းစွာ ငြိမ်သက်ပျောက်ကွယ်သွားကြသည်
အဘယ့်ကြောင့်ပါနည်း။ ထို့ပြင် ရွှေရောင်ဆံပင်ပိုင်ရှင် လူမလေးသည်
လည်း မျက်စိအောက်တွင်ကြည့်နေရင်းမှပင် ဘယ်ဆီရောက်ကာ ဘယ်
ပျောက်ကွယ်သွားမှန်း မသိလိုက်ရ။

မာယာများလှသော တော၏လှည့်စားမှု ပဥ္စလက်လေလာ
သို့တည်းမဟုတ် နာမည်ကျော် မိန်းမလှကျွန်းကြီး၏ ဂမ္ဘီရဝိဇ္ဇာရေအစီ
များလေလား။ ဒွိဟာသံသယအတွေးများနှင့် သန်းခေါင်ယံအလွန် ည
ကမ္ဘာ့ထဲဝယ် မနုဿမှုဆိုးနှစ်ယောက်တို့မှာ အသဲတထိတ်ထိတ်
ရင်တဖိုဖိုနှင့်၊

နောက်ဆုံးတော့ စိန်ဘန်းနှင့်မှန်ထော်တို့မှာ မိမိတို့၏လက်န
များကို ကိုယ်စီဆုပ်ကိုင်လျက် မယုံကြည်နိုင်ဖွယ် လျှို့ဝှက်ဆန်းကြယ်
များနှင့် ပြည့်လျှံနေသည့် မိန်းမလှကျွန်း၏ တောနက်ကြီးအလယ်တွ
သွေးပျက်ချောက်ချားစွာဖြင့် မိုးစင်စင်လင်းခဲ့ရပါတော့သည်။

♛ ♛ ♛

သူ့ရဲ့ကောင်းစာပေ



## အခန်း(၄)

### " အိုဘယ့် . . . ဂမ္ဘီရနယ်မြေ မျောက်တရာမြေ "

နံနက်ခင်းနေခြည်အလင်းတန်းများက မိန်းမလှကျွန်းညို့ကြီး
ပေါ်သို့ ဖြန့်ကျက်ကျဆင်းလျက်ရှိသည်။ သို့သော် ရွက်အုပ်ရွက်မိုးစိပ်စိပ်
ဖြင့် သိပ်သိပ်သည်းသည်းရှိနေသည့် တောအုပ်ကြီးအတွင်းသို့မူ နေခြည်
အလင်းတန်းများက ထွင်းဖောက်ဖြန့်ကျက်ခြင်း မရှိနိုင်သေး။

သို့တိုင်အောင် နေခြည်အလင်းတန်းကြောင့် လင်းပြပြဖြစ်လာ
သည့် နံနက်ခင်းအလင်းကြောင့် ကညင်ပင်ကြီးပေါ်မှ စိန်ဘန်းနှင့်
မှန်ထော်တို့နှစ်ယောက် ခပ်ကြောက်ကြောက်နှင့် ဆင်းလာခဲ့ကြသည်။

သူ့ရဲ့ကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



စိန်ဘန်းက သေနတ်ကိုလွယ်ကာ အရင်ဦးဆုံးဆင်းသွားသဖြင့် မွန်ထော်က နောက်မှလိုက်ဆင်းခဲ့ပါ၏။ မွန်ထော်၏ခြေထောက်များက မြေပြင်နှင့် မထိတို့ရသေးခင်မှာပင် စိန်ဘန်း၏ထိတ်လန့်တကြားဟစ်အော်သံကြီးကို အရင်ဆုံးကြားလိုက်ရသည်။

" ဟာ . . အိုး . . မျောက် . . မျောက်ကြီးတွေ . . အား "

နံနက်ခင်း၏ ပျောက်တိပျောက်ကြား နေခြည်အလင်းတန်း အောက်တွင် ဘုရားဝတ်တိုတစ်ဆူနှင့် အနီးဝန်းကျင် ခြုံနွယ်ပိတ်ပေါင်း များကြားမှ ကျောက်သားများဖြင့်ထုဆစ်ထားသည့် မျောက်ရုပ်တုကြီးများ ကို ထူးဆန်းစွာတွေ့မြင်လိုက်ရခြင်းပင် ဖြစ်ပါ၏။

" ဘာ . . ဘာဖြစ်တာလဲ . . စိန်ဘန်း . . ဘယ် . . ဘယ်မှာလဲ မျောက်ကြီးတွေ "

" ဟို . . . ဟိုမှာလေကွာ . . . ဘုရားဝတ်တိုတစ်ဆူနဲ့ ခြုံပုတ် ကြီးတွေကြားမှာ မတွေ့ဘူးလား "

စိန်ဘန်းလက်ညှိုးညွှန်ပြရာသို့ မွန်ထော်လှမ်းကြည့်လိုက်တော့ ခြုံနွယ်တစ်ချို့ ရစ်ပိတ်ဖုံးနေသည့် ဘုရားဝတ်တိုတစ်ဆူနှင့် ကြီးမားလှ သော မျောက်ရုပ်တုကြီးများကို ကွက်တိကွက်ကြား နေခြည်တန်းများ အောက်တွင် အံ့သြစွာတွေ့မြင်လိုက်ရပါချေ၏။

" ဟာ . . မျောက် . . မျောက်ကြီးတွေ . . အိုး . . အများကြီး အများကြီးပါလား . . . မနေ့ညက မျောက်ကြီးတွေနဲ့တူတယ်၊ ဒါပေမဲ့ တစ်ကောင်မှလည်း လှုပ်လှုပ်ရှားရှား မတွေ့ . . မတွေ့ အိုး . . ကျောက်





ကျောက်ရုပ်တုကြီးတွေပါလား စိန်ဘန်းရေ . . ဘုရား . . ဘုရား ငါတို့ ဘယ်နေရာကို ရောက် . . . ရောက်နေကြတာပါလိမ့် "

" အေး . . . ဟုတ်တယ် မွန်ထော် . . . မင်းရဲ့ဦးကြီးပြောခဲ့တဲ့ ဟို . . မျောက် . . မျောက်တစ်ရာဘုရားကိုများ ရောက်နေတာလားမသိ ဘူး . . ဟူး . . မျောက်ရုပ်ကြီးတွေ တန်းစီနေတာကလည်း မနည်းမနော ပဲဟေ့ "

" ဟုတ်တယ် စိန်ဘန်းရေ . . . မနေ့ညက ကျားရန်ကနေ ငါတို့ကို ကယ်တင်ပေးလိုက်တာ ဒီမျောက်ကြီးတွေများလား . . ဒါ . . ဒါဆိုရင် ဟို . . ဟို . . လူ . . လူမလေးရော . . ဘယ်ရောက်သွားပြီလဲ မသိဘူး "

မိန်းမလှကျွန်း၏ တောနက်ကြီးထဲမှ ဒဏ္ဍာရီပုံပြင်ဆန်ဆန် ကြားဖူးနားဝရှိခဲ့ပါသော မျောက်တစ်ရာဘုရားနှင့် ထူးဆန်းသော မျောက်ရုပ်တုကြီးများကို တအံ့တသြငေးမောကြည့်ရင်း နှစ်ယောက်သား ကြက်သီးတဖြန်းဖြန်းထလျက် ရှိပါချေပြီကော။

ထိုစဉ်မှာပင် . . .

" ဟာ "

တန်းစီကာထုဆစ်ထားကြသည့် မျောက်ရုပ်တုတန်းရှည်ကြီး ၏အဆုံးရှိ ကုန်းမြင့်ထက် သရေပင်ကြီးတစ်ပင်အောက်တွင် လူမည်း ကြီးတစ်ယောက် သူတို့နှစ်ယောက်အား စူးစူးရဲရဲစိုက်ကြည့်နေသည်ကို မွန်ထော် တွေ့လိုက်ရသည်။ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားကာ ကြက်သီး



www.burmeseclassic.com

www.burmeseclassic.com



မွှေးညှင်းများပင် ဖြန်းခနဲထသွားပါ၏။

ထိုလူမည်းကြီး၏ ခန္ဓာကိုယ်အချိုးအစားမှာ သာမန်လူတစ်ယောက်ထက် ပိုမိုရှုံကြီးမားနေ၏။ လူသားတစ်ယောက်မှ ဟုတ်ပါလေစဟူသော အံ့ဩသံသယအတွေးများဖြင့် စေ့စေ့စိုက်ကြည့်နေရင်း လက်ထဲမှ ဒူးလေးကြီးကို အသာဆွဲမ,ယူလိုက်သည်။ မျက်စိအကြည့်ကိုမူ လူမည်းကြီးထံမှ လွှဲဖယ်ခြင်းမပြုပါလေတော့။

ထိုစဉ်မှာပင် . . .

" ဒိန်း "

မှန်ထော်၏နောက်ဘက်မှ ကလ်ရှဲထွက်ပေါ်လာသော သေနတ်သံကြောင့် လန့်ဖြန့်ကာ လှည့်ကြည့်မိလိုက်သည်။ သူ၏နောက်ဘက်မှာတော့ ပြောင်းဝမှ မီးခိုးငွေ့ထွက်နေသည့် သေနတ်ကိုကိုင်ကာ ဒေါသတကြီးကြည့်နေသည့် စိန်ဘန်း၏ မျက်နှာပြားပြားကြီးကို မြင်တွေ့လိုက်ရသည်။

" ဘယ်လိုလဲ မှန်ထော် . . . မင်းအဖေကျားကြီးကို အလုကြည့်နေတာလား။ တော်သေးတာပေါ့ ငါလှည့်ကြည့်မိလိုက်လို့ နို့မို့ဆိုရင်တော့လား "

စိန်ဘန်း၏ပြောစကားကြောင့် မှန်ထော် တုန်လှုပ်သွားမိသည်။ သရောပင်အောက်မှ လူမည်းကြီးကို ကျားသတ္တဝါအမှတ်ဖြင့် စိန်ဘန်းမှားယွင်းကာ ပစ်ခတ်လိုက်ခြင်းပါတကား။

" ဟာ . . စိန်ဘန်း . . မင်း . . မှားပြီ . . အလွဲကြီးလွဲသွားပြီကွ၊





မင်းပစ်လိုက်တာ ကျားကြီးမဟုတ်ဘူး . . လူ . . ကွ . . လူ ဒုက္ခတော့ များပြီထင်တယ် "

" ဟား . . . ဟား . . . ဟား . . . ဟား . . . ဒီကောင် မျောက်ကြီးတွေကို မြင်ပြီး သွေးပျက်သွားပြီထင်တယ် . . . ကျားကြီးမှ ကျိုးတောင်ကျားကြီးကွ မင်းကိုခုန်အုပ်တော့မလို့တောင် ပြင်နေပြီ . . . ငါလက်ဦးသွားလို့သာပေါ့"

စိန်ဘန်း၏ ရယ်မောပြောဆိုလိုက်သောစကားကြောင့် မှန်ထော်မှာ ကုန်းမြင့်ပေါ်ရှိ သရောပင်ကြီးအောက်သို့ လှမ်းကြည့်လိုက်သည်။ မြက်ပင်ရှည်များကွယ်နေသဖြင့် ဘာကိုမျှ သဲသဲကွဲကွဲမတွေ့ရချေ။

" အင်း . . . ဒါဆိုရင်တော့ တောမျောက်ခံလိုက်ရတာဖြစ်မယ်ထင်တယ်၊ ငါသေသေချာချာ မြင်လိုက်ရတာကတော့ လူမည်းကြီးတစ်ယောက်ပဲ . . . ငါတို့နှစ်ယောက်ကိုတောင် မျက်လုံးကြီးပြူးလို့စိုက်ကြည့်နေတာ စိန်ဘန်းရေ "

"ငါမြင်လိုက်ရတာကတော့ ကျားကြီးပဲ မှန်ထော် . . ကိုင်း . . လာ အဖြူအမဲသဲကွဲအောင် သွားကြည့်ကြမယ်၊ သတိတော့မမေ့နဲ့ အရေးအကြောင်းဆို ပစ်ခတ်လို့ရအောင် အသင့်ပြင်ထား "

ထို့နောက်မှာတော့ နှစ်ယောက်သား လက်နက်များကို အသင့်ကိုင်စွဲကာ ကုန်းမြင့်ထိပ်ရှိ သရောပင်ကြီးအောက်သို့ တစ်လှမ်းခြင်း တိုးဝင်လာခဲ့ကြသည်။

"သတိထား . . . ငါတို့နှစ်ယောက်လုံး ယှဉ်ပြီးတက်မယ် . .



www.burmeseclassic.com

www.burmeseclassic.com



ကျားဖြစ်နေရင် သတိဝီရိယနဲ့ကပ်နေ၊ တော်ကြာ မသေသေးရင် ငါတို့ကို အန္တရာယ်ပေးနိုင်တယ် ”

ဤသို့ဖြင့် မကြာမီ သရေပင်ကြီးရှိရာ တောင်ကုန်းအစပ်သို့ ရောက်ရှိလာခဲ့ကြသည့်တွင် . . .

“ ဟင် ”

“ ဟာ ”

သရေပင်ခြေရင်းတွင် မြင်တွေ့လိုက်ရသည့်အရာကြောင့် စိန်ဘန်းရော မှန်ထော်ပါ အံ့အားသင့်ကာ မျက်စိမျက်နှာပျက်သွားကြပါလေ၏။ သရေပင်ခြေရင်းတွင် သေနတ်ထိမှန်ကာ သေဆုံးနေသော သတ္တဝါမှာ လူသားလည်းမဟုတ်၊ ကျားကြီးလည်းမဟုတ်ပါ။ သရေပင်ခြေရင်း မြက်ပင်ရှည်များကြားတွင် ပုံပုံလေးခွေကျ၍ သေဆုံးနေသည်မှာ နက်မှောင်သောအရောင်အဆင်းနှင့် တောကြောင်တစ်ကောင်သာလျှင် ဖြစ်နေပါတော့သည်။ သို့သော် . . .

မှန်ထော် မြင်တွေ့လိုက်ရသည်က ကြီးမားထွားကျိုင်းလှသော လူမည်းကြီးတစ်ယောက်၊ စိန်ဘန်း မြင်တွေ့လိုက်ရသည်ကမူ ကိုးတောင်ကျားကြီးတစ်ကောင်။

စိန်ဘန်းနှင့်မှန်ထော် မျက်စိမျက်နှာ ပျက်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ထိုအခိုက်မှာပင် . . .

သူတို့၏နောက်ဘက်ဆီမှ တဝေါဝေါ၊တဝုန်းဝုန်းနှင့် တောတိုးသံ





ထိုက်သံများကို ဆူညံစွာကြားလိုက်ရသည်။

သစ်တောအုပ်ကြီးထဲသို့ တဝုန်းဝုန်းနှင့် တွန်းတိုက်ပြေးလွှားသံများကိုလည်း ကြားလိုက်ရသဖြင့် ကြက်သီးမွေးညှင်းများ တဖြန်းဖြန်း ထ... နှစ်ယောက်သား ဘာကိုမှ မစဉ်းစားတော့ဘဲ သုတ်ခြေတင်ကာ ...ပြေးလာခဲ့ကြပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

" မျောက်တစ်ရာနယ်မြေမှ . . . ထူးဆန်းသော ပဟေဠိများ . . . "

အချိန်က . . . ၁၉၅၀ ဝန်းကျင်ကာလများ . . .

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစ ကာလဖြစ်သော်လည်း ဆိုးဝါးသီးလှသော စစ်မီးလျှံ၏ ဒဏ်ရာဒဏ်ချက်များက အကင်းမသေသေးသည်မို့ လွတ်လပ်ရေးရပြီးစ မြန်မာပြည်၏အခြေအနေသည် နာလံထကာစ လူမမာတစ်ယောက်နှယ်ပါတည်း။

စစ်ဖြံ့အတွင်းမှ ရုန်းထွက်ပြီးစ မြန်မာပြည်သည် စီးပွားရေး





ရေး ကျန်းမာရေးတည်းဟူသော အဓိကအချက်ကြီးသုံးချက်တွင် က်စလုံး အင်အားချိနဲ့လျက်ရှိနေချိန်လည်း ဖြစ်ပါ၏။ အုပ်ချုပ်မှု တွင်လည်း ထိထိရောက်ရောက်မရှိသည့်အဖြင့် ရောင်နုံသူပုန်သောင်း းသူများနှင့် သူခိုးဓါးပြများ၏ သခွပ်ပင်က မီးတကျည်ကျည်လုပ်ရပ် များ ဆူပူနှောက်ယှက်မှုများ၊ အဓမ္မလုယက်အနိုင်ကျင့်မှုများကြောင့် အုပ်ချုပ်ရေးယန္တရားလက်တံမမှီသော ကျေးလက်တောရွာများတွင် ဘက်များဆိုလျှင် နေဝင်မီးငြိမ်း၍ အသံတိတ်နေထိုင်ခဲ့ကြရသည်။ အချို့ လွန်စွာချောင်ကျသော တောရွာများဆိုလျှင် ရွာအကြီးအကဲများ ၏ လုံခြုံစိတ်ချရသော အိမ်ကြီးတစ်အိမ်တွင် စုပေါင်း၍ အိပ်စက်ကြရ သည့်အထိ လုံခြုံရေးကင်းမဲ့လာကြပါ၏။

အိမ်တိုင်းအိမ်တိုင်းတွင် လူလတ်ပိုင်း သို့မဟုတ် သက်ကြီး ယ်အို အိမ်စောင့်တစ်ယောက်မှလွဲ၍ ကျန်အိမ်သားများနှင့် တောမီး သောင် တောကြောင်လက်ပန်းပေါင်းခတ်ကြသည့် ရာသီဥပါ်သူခိုးဓါးပြ များကလည်း မကြာခဏဆိုသလို ရွာစဉ်တစ်လျှောက် လှည့်လည်၍ ခြံတိုက်လုယက်နေကြသဖြင့် အချို့ဆိုလျှင် မိမိတို့ပိုင်ဆိုင်သည့် အိမ်ရာများတွင်ပင် ရဲရဲမနေရဲကြတော့ဘဲ ထွက်ပြေးတိမ်းရှောင်နေကြရ သော ခေတ်ပျက်ကာလကြီးတစ်ခု ဖြစ်မှန်းမသိဖြစ်နေပါတော့သည်။

ထိုကဲ့သို့သော အချိန်ကာလတွင် မြန်မာပြည်အောက်ပိုင်း ရာဝတီတိုင်းအတွင်းရှိ မိန်းမလှကျွန်းဟုခေါ်ဆိုအပ်သော ကျွန်းကြီး တစ်ကျွန်းပေါ်မှ မယုံကြည်နိုင်ဖွယ် ထူးကဲလှသော ဖြစ်ရပ်ဆန်းများ၊



www.burmeseclassic.com

www.burmeseclassic.com



မျောက်တစ်ရာနယ်မြေအတွင်းမှ ထူးဆန်းသော မျောက်တစ်ရာရုပ်တုမျာ နှင့် ဝိဇ္ဇာဓရဂမ္ဘီရပညာစွမ်းများဖြင့် စီရင်ထားရှိသော မျောက်တစ်ရာ စေတီတော်၊ မျောက်ကြီးများကြားတွင် မကြခဏဆိုသလို မြင်တွေ့ကြ ရသည့် ရွှေရောင်ဆံပင်နှင့် တောပျော်လူမလေး စသည့် စသည့်သတင်း စကားများက နာမည်ကျော်မိန်းမလှကျွန်းညို့တစ်ကျောတွင် အရေးပေါ် သတင်းထူးတစ်ခုအဖြစ် သတင်းကြီးနေခဲ့ပါတော့သည်။

ထိုသတင်းထူးကိစ္စကို ပွပွနွေးနွေးသယ်ဆောင်လာသည့် ကန် ကနီရွာသားနှစ်ယောက်ဖြစ်သော စိန်ဘန်းနှင့်မွန်ထော်တို့အား ရွာဦး ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီး ဦးဇာဂရက သူ၏ကျောင်းခန်းတဲလေးတွင် ခေါ်ယူတွေ့ဆုံကာ မေးမြန်းနေခြင်းဖြစ်ပါ၏။ ဦးဇာဂရနှင့်အတူ ဗိန္ဒော ဆရာကြီး ဦးဟာန်၊ ရွာခံမုဆိုးကြီး ဦးထော်တို့နှင့် ရွာခံလူသုံးလေးဦးတို့ ကြောင့် ဦးဇာဂရ၏တဲပေါ်တွင် လူစုံလျက်ရှိကြသည်။

စကားဝိုင်းအလယ်တွင် ရေနွေးကြမ်းခရားအိုးကြီးတစ်လုံး ပေါက်ပေါက်ဆုပ်၊ ထန်းလျက်၊ မြေပဲလှော် စသည့်စားသောက်ဖွယ်ရာ စုံလင်စွာဖြင့် စိန်ဘန်းနှင့်မွန်ထော်တို့၏ ကိုယ်တွေ့သတင်းထူးကို စိတ်ဝင် တစား နားထောင်နေကြပါ၏။ ဦးဇာဂရမှာမူ စိန်ဘန်းနှင့်မွန်ထော်တို့ ပြောသမျှကို ဝါးဆေးတံကြီးကိုခဲကာ နားထောင်လျက်ရှိသည်။

ဦးဇာဂရနည်းတူပင် သူ၏မြေးဖြစ်သူ မင်းမောင်ကလည်း မျောက်တစ်ရာနယ်မြေမှ ထူးဆန်းအံ့ဩဖွယ်ရာများကို ကိုယ်တွေ့ကြုံခဲ့ ရသည့် မုဆိုးနှစ်ယောက်၏ ပြောပြချက်များကို စိတ်ဝင်တစား နားစိုက်

သူရဲကောင်းစာပေ



ထားက် . . .။

“ တစ်ခုထူးခြားတာက အဲဒီလူမလေးရဲ့လည်ပင်းမှာဆွဲထားတဲ့ ဘူးသီးပဲ။ ကျုပ်မြင်ရသလောက်ဆိုရင် အဲဒီအရာဟာ လခရောင်အောက်မှာ ဆောင် စိမ်းဖန့်ဖန့်အရောင်တွေ တဖျတ်ဖျတ်လင်းလက်နေတာ တွေ့ရ တယ်ဗျ။ အို . . . အဲဒီလူမလေးကလည်း အငြိမ်ကိုမနေပါဘူး။ မျောက် တွေကြားမှာ ဟိုခုန်ကူးလိုက်၊ သည်ခုန်ကူးလိုက်နဲ့ ကျုပ်တို့မှာ မနည်း လိုက်ကြည့်နေရတယ် ”

စိန်ဘန်းက စကားပြောချိန် ကြာမြင့်သွားသဖြင့် ဤအပိုဒ် တွင်အဆုံးသတ်ကာ ရေနွေးကြမ်းနှစ်ခွက်ကို ဆင့်၍သောက်နေပါ၏။ ဦးဇာဂရမှာ စိန်ဘန်း၏စကားဆုံးသွားသည်နှင့် ပါးစပ်မှ ဝါးဆေးတံကို ချွတ်လိုက်ပြီး . . .

“ အင်း . . . နင်တို့မုဆိုးနှစ်ယောက်က ရောက်မယ့်ရောက်တော့ လည်း တကယ့်အထင်ကရနယ်မြေကြီးထဲကိုမှ ရောက်သွားကြတော့တာ ပဲကိုး . . . အဲဒါ မျောက်တစ်ရာနယ်မြေလို့ခေါ်တယ်၊ အဲဒီနယ်မြေထဲမှာ မျောက်တစ်ရာဘုရားနဲ့ အင်မတန်ထူးဆန်းလှတဲ့ ကျောက်သားနဲ့ထုဆစ် ထားတဲ့ မျောက်ရုပ်တုကြီးတွေရှိတယ် ”

“ ဟုတ်တယ် . . . ဟုတ်တယ် ဘိုးဇာဂရရေ၊ ဒါဆို ကျုပ်တို့ ရောက်ခဲ့တာဟာ မျောက်တစ်ရာနယ်မြေပေါ့ ဟုတ်လား။ အင်း . . . ဒါကြောင့် အင်မတန်ထူးဆန်းတဲ့ လောကီဂမ္ဘီရနယ်မြေကြီးထဲကို ငါတို့ ရောက်ခဲ့ရတာပါလား ”

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



" အေး . . . အဲဒါ နင်တို့နှစ်ယောက် တော်တော်ကုသိုလ်ကံကောင်းတယ်လို့ ဆိုရမယ် . . . ငါတို့ရဲ့အဖေတို့ အဘိုးတို့ခေတ်ကဆိုရင် မိန်းမလှကျွန်းကြီးထဲက တောကြီးထဲမှာ လေးငါးရက်လောက် မျက်စိလည်ပြီး ထွက်ပေါက်ပျောက်နေခဲ့သေးတယ် . . . နောက်မှ မျောက်တစ်ရာ နယ်မြေက မျောက်ကြီးတွေက လမ်းပြပေးလို့ . . . စခန်းချတဲ့နေရာကို ဘေးရန်ကင်းကင်းနဲ့ ပြန်ရောက်လာခဲ့ကြတာတဲ့လေ . . . ဒါပေမဲ့ အဘိုးနဲ့ အတူပါသွားတဲ့ မျက်နှာဖြူ သစ်တောအရာရှိကြီးနဲ့ သူ့တပည့်လက်သား တွေဆိုရင် အဲဒီကိစ္စကို မကျေနပ်လို့ နောက်ထပ်တစ်ခေါက် မျောက် တစ်ရာနယ်မြေထဲကိုဝင်ပြီး မျောက်ရုပ်တုကြီးတွေကို ပြန်ပြီးရှာကြသေး တယ်၊ အင်း . . . သူတို့ပြောတာကတော့ မျောက်တစ်ရာစေတီက မြဘုရား သုံးဆူရယ်၊ မျောက်ရုပ်ခေါင်းဆောင်ကြီးလက်ထဲက ပတ္တမြားလို လို ပစ္စည်းတစ်မျိုးကြောင့် တိတ်တဆိတ်ပြန်သွားပြီး ရှာကြတယ်တဲ့လေ ဟင်း . . . ဟင်း "

ဘိုးဇာဂရ၏စကားကြောင့် မုဆိုးကြီး ဦးထော်အပါအဝင် စိန်ဘန်းတို့လူစုပါ စိတ်ဝင်တစားဖြင့် နားစိုက်နေကြသည်။ မနေနိုင် မထိုင်နိုင် မွန်ထော်ကမူ သိချင်စိတ်ပြင်းပြစွာဖြင့် ဘိုးဇာဂရအား မေးမြန်းလိုက်ပါ၏။

" သူတို့ပြန်ပြီး သွားရှာကြတော့ရော မျောက်ရုပ်တုကြီးတွေကို တွေ့ခဲ့ရသတဲ့လား ဘိုးဇာဂရ "

သူရဲကောင်းစာပေ



" အိုး . . . ဘယ်လိုလုပ်ပြီး တွေ့ကြရမှာတဲ့လဲကွယ်၊ သွားပြီး ရှာဖွေကတည်းကိုက လောဘစိတ်ကို ရှေ့တန်းတင်ပြီး သွားခဲ့ကြတာ ဘလား၊ ဟိုမျောက်တစ်ရာနယ်မြေမှာက မမြင်နိုင်၊ မသိနိုင်တဲ့ ဝိဇ္ဇာဓရ ဒိုရလောကီအစီအရင်တွေနဲ့ ရှေးအစဉ်အဆက်ကတည်းက စီရင်ထားတဲ့ ရုပ်တုကြီးတွေ . . . နောက် မျောက်တစ်ရာစေတီတစ်ဆူရယ်၊ သစ္စာကျိန်စာ ဆည်ပြီး ကိုးကွယ်ထားတဲ့ မြဘုရားသုံးဆူရယ်၊ ဒါတွေကို ကုသိုလ်ကံ အလှည့်သင့်လို့ အမှန်တကယ်တွေ့ခဲ့ မြင်ခဲ့ကြုံကြိုက်ခဲ့ရပေမယ့် နောက် ထပ်တစ်ခေါက်သွားပြီး တကူးတကနဲ့ ရှာဖွေကြည့်ချင်ကြသေးတယ်ဆိုရင် တော့ အင်း . . . မျောက်တစ်ရာနယ်မြေထဲကိုမသွားခင် ကိုယ့်ကိုယ်ကို သရဏဂုံတင်ပြီးတော့သာ သွားရှာကြပေတော့ပေါ့ . . . အဲဒီအချိန်ကျရင် တော့ တောပိုင်ကြီးလည်း မကယ်နိုင်ဘူး၊ တောင်ပိုင်တွေလည်း မစောင့် ရှောက်နိုင်တော့ဘူး၊ ရေငံပိုင်ဦးရှင်ကြီးကိုလည်း တ,လို့မရနိုင်တော့ဘူး ခလ . . . ကျားဆွဲလို့သေချင်သေ၊ မိကျောင်းကိုက်လို့ သေချင်သေ၊ ဘေးဆိုးအန္တရာယ်ဆိုးတွေနဲ့ တစ်ခုမဟုတ်တစ်ခု ကြုံတွေ့ရမှာအသေ အချာပဲပေါ့ "

အသက်ခုနစ်ဆယ်ကျော်ရှိပြီဖြစ်သည့် ဘိုးဇာဂရက စကားကို အဆုံးသတ်ပြောလိုက်ပြီး သူ၏ဝါးဆေးတံကြီးထဲသို့ ဆေးတစ်ဆုံ ထပ်ဖြည့် နေပါ၏။ မြေးဖြစ်သူမင်းမောင်က အလိုက်တသိပင် နီညိုရောင်လက်ဖက် ချည်ကြမ်းပန်းကန်ကို အဘိုးဖြစ်သူအား ကမ်းပေးလိုက်သည်။

"အဲဒါကိုသိချင်ပါတယ် ဘိုးဇာဂရ . . . သူတို့တစ်တွေ

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မျောက်တစ်ရာကို ရောက်ကြသလား . . . အဲဒီလို နောက်တစ်ခေါက် ပြန်သွားခဲ့ရင် ဘယ်လိုဘေးဒုက္ခဆိုးတွေ တွေ့ကြုံခဲ့ရသလဲ. . . အဲဒီ အန္တရာယ်တွေကြားထဲက . . . လွတ်မြောက်ခဲ့သလားဆိုတာ ကျုပ်တို့ကို ပြောပြပါလား ဘိုးဇာဂရရယ် ''

သည့်တစ်ကြိမ်တော့ စိန်ဘန်းက ဘိုးဇာဂရထံမှ အသေးစိတ် သိလိုရန် မေးမြန်းနေသဖြင့် ဘိုးဇာဂရက စိန်ဘန်း၏မျက်နှာကို အသေ အချာစူးစူးနစ်နစ် ကြည့်နေပါလေ၏။ အတန်ကြာမျှစိုက်ကြည့်နေပြီးမှ သက်ပြင်းတစ်ခုကို မသက်မသာနှင့်ချလိုက်ရင်း . . .

'' အင်း . . . မမိုက်ချင်စမ်းပါနဲ့ စိန်ဘန်းရယ်၊ အလိုရမ္မက် ဆိုတာ ကြီးတိုင်းလည်းရတာမဟုတ်ဘူး . . မင်းတို့အသက်အရွယ် ငယ်ပါသေးတယ်၊ တောတွင်းအတွေ့အကြုံ ထားလိုက်ဦး . . . ငါတို့ တစ်တွေဉာဏ်နဲ့ ဘယ်လိုမှလိုက်မမှီနိုင်တဲ့ ပညာရပ်တွေ အများကြီးရှိတယ် စိန်ဘန်း၊ ဘုရားရှင်ဟောကြားခဲ့တဲ့ တရားတော်လာလည်းရှိတာပဲ၊ ကိစ္စကြီးငယ်တပ်ခုကို ကြံစည်တိုင်းလည်းမဖြစ်ဘူး အေး . . . မကြံစည်ဘဲ နဲ့လည်း အလိုအလျောက် ဖြစ်လာတတ်တယ်တဲ့ . . . အဲဒီတရားဟာ မင်းတို့နှစ်ယောက်နဲ့ လာပြီးကို ညီနေတယ်၊ မဖြစ်နိုင်တာကို မကြံစည်ချင် ပါနဲ့ တော့လား စိန်ဘန်းရယ် . . . ငါတို့က တားမြစ်ရုံ၊ ဆုံးမရုံပဲ တတ်နိုင်တာ . . . လုပ်ခြင်း၊ မလုပ်ခြင်း၊ လုပ်သင့် , မလုပ်သင့် ဆိုတာကတော့ . . . မင်းတို့ရဲ့ သဘောဆန္ဒအတိုင်းပဲပေါ့၊ အေး . . . ဒီနေရာမှာ အခွင့်သင့်လို့ ငါ့ရဲ့အဘိုး 'တစ်ပွဲစားဦးရဲထိ'နဲ့ မျောက်တစ်ရာ

သူရဲကောင်းစာပေ



လှင်းတမ်းကို မင်းတို့ကို သေသေချာချာ ပြောပြမယ် နားထောင် ''

ဘိုးဇာဂရက သူ့ရှေ့ရှိ ရေနွေးကြမ်းပန်းကန်ကို နှစ်ခွက်ဆင့် ကာသောက်ရင်း တစ်ရံရောအခါက သို့မဟုတ် မဝေးသေးသော အတိတ် ကာလတစ်ခုဆီက သူ၏အဘိုး 'တစ်ပွဲစားဦးရဲထိ'၏ ကိုယ်တွေ့ဖြစ်ရပ် တစ်ခုကို စိန်ဘန်းတို့လူစုအား ပြောပြနေပါတော့သည်။

* * *

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

### “ တစ်ခါတုန်းက . . . တစ်ရံရောအခါ ”

တစ်ပွဲစားရဲထီ . . .

“ တစ်ပွဲစားဆိုတိုင်း တစ်ချို့က အဓိပ္ပါယ်ကောက် လွဲချင်ကြသည်။ စင်စစ် တစ်ပွဲစားဆိုသည့် စကားလုံး၏အဓိပ္ပါယ်ကို ကျွန်ုပ်နားလည်သလို ဘာသာပြန်ဆိုရမည်ဆိုလျှင် အတတ်ပညာတစ်ခုခု၊ အကြောင်းအရာတစ်ခုခုကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင်၊ ထဲထဲဝင်ဝင် သိနိုင်လုပ်နိုင်သူ သို့မဟုတ် အိပ်သွန်ဖာမှောက် ကျွမ်းကျင်ပိုင်နိုင်သူအား ‘တစ်ပွဲစား’ဟု ခေါ်ဆိုကြသည်ဟု ထင်မြင်ယူဆမိသည်။





တစ်နည်းဆိုရလျှင် ‘တစ်ပွဲစား’ဟူသည် တတ်သိကျွမ်းကျင်ရုံ[illegible]ာ သူတကာမတူညီသော ထူးကဲသည့်ပါရမီလည်း ရှိရမည်ဖြစ်သည်။ [illegible]ဆိုသည်မှာ ထူးကဲသောဉာဏ်တစ်ကျပ်သား၌ ရွှေစက်ကိုးကျပ်သား [illegible]င်းဝပ်ထားခြင်းဖြစ်သည်’ဟု ဆိုကြသည်။ ဤသို့ဆိုလျှင် ‘တစ်ပွဲစား’[illegible]သော စကားအဓိပ္ပါယ်ဆိုလိုရင်းကို နားလည်နိုင်ပြီဟု ယူဆမိပါ၏။

သည့်ထက်ပို၍နားလည်နိုင်ရန် ရှင်းပြမည်ဆိုပါလျှင် ဥပမာ–[illegible]င်လယ်ပြင်၌ကျွမ်းကျင်သည့် ပါရမီရှင်၊ တောတောင်၌ကျွမ်းကျင်သည့် [illegible]ရမီရှင်၊ တိရစ္ဆာန်၌ကျွမ်းကျင်သည့် ပါရမီရှင် စသော ထူးကဲသော [illegible]ရမီရှင်များကို ‘တစ်ပွဲစား’ဟူ၍ ခေါ်ဆိုကြရမည်သာ။

ဤသို့ဆိုလျှင် ကဒုံကနီရွာသား အသက်(၄၀)ကျော်ရှိ ဦးရဲထီသည် တောနှင့်ပတ်သက်ရာတွင်လည်းကောင်း ပင်လယ်နှင့်ပတ်သက်ရာတွင်လည်းကောင်း လွန်စွာနှံ့စပ်ကျွမ်းကျင်သူတစ်ယောက်ဖြစ်သဖြင့် ကဒုံကနီရွာနှင့် နီးစပ်ရာရွာများဝန်းကျင်တွင် ‘တစ်ပွဲစားကြီး’ဟူ၍ ခေါ်ဝေါ်ကြသည်။ ဦးရဲထီကလည်း ထိုသို့ တစ်ပွဲစားကြီးဟု သတ်မှတ်ခြင်းခံထားရလောက်အောင်ပင် ပင်လယ်ပြင်နှင့်ထိစပ်သည်မှန်သ၍ တောတောင်နှင့်ဆက်နွယ်သည်မှန်သမျှတို့ကို ဒက်ခနဲဒက်ခနဲ တိကျမှန်ကန်အောင် ပြောဆိုနိုင်သည့် ပါရမီထူးရှိသူတစ်ယောက်လည်း ဖြစ်ပါချေ၏။

မြန်မာပြည်ကို အင်္ဂလိပ်ဗြိတိသျှများ အုပ်ချုပ်စဉ်အချိန်က အင်္ဂလိပ်သစ်တောအရာရှိကြီးများ၊ တောခေါင်းကြီးများနှင့်အတူ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ညိုကြီး၊ မိန်းမလှကျွန်း၊ ပျဉ်ဒရယ်ကြီးဝိုင်း စသည့် သစ်တောများသို့ လှည့်လည်သွားလာရာတွင် ဦးရဲထိကို ခေါ်ငင်သွားကြလေ့ရှိသည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် တောကျွမ်းကျင်သော ဦးရဲထိအား အင်္ဂလိပ်အရာရှိကြီးများက ယုံကြည်အားကိုးစွာဖြင့်ပင် ဘယ်သွားသွား ဘယ်လာလာ ခေါ်ဆောင်သွားကြသည်သာ။

ထို့ကြောင့် ဦးရဲထိမှာ သေနတ်ကိုင်ဆောင်ခွင့်နှင့် နှစ်လုံးပြူး သေနတ်ကြီးတစ်လက်နှင့် ကျည်ဆန်များကိုပါ ရရှိခဲ့သည်အထိ အနေအရာရောက်ခဲ့ပါ၏။ ဤသို့ဖြင့် တစ်နေ့တွင် ပျဉ်ဒရယ်သစ်တောကြီးဝိုင်း ရှိရာသို့ ပြောင်းရွှေ့လာသော သစ်တောအရာရှိ မစ္စတာဂျော့ချ်ကင်းဘဲနှင့် ကျွန်း၏တောနက်ထဲတွင် အမဲပစ်ရန် လိုက်ပါလာခဲ့ရသည်။

ခရီးစဉ်တွင် သစ်တောအရာရှိ မစ္စတာဂျော့ချ်ကင်းဘဲ သူ၏ တူတော်မောင်ရစ်ချက်နှင့် ဂေါ်ရခါးတပ်ကြပ်ကြီးတစ်ယောက်၊ တောခေါင်းကြီးဦးမှိုင်းနှင့် သစ်ကွက်စခန်းမှ အလုပ်သမားသုံးယောက် စုစုပေါင်း သူအပါအဝင် ရှစ်ယောက်အုပ်စုဖြင့် နက်ရှိုင်းသော မိန်းမလှကျွန်းကြီး ထဲသို့ တိုးဝင်လာခဲ့ကြသည်။ ခရီးစဉ်အစမှာပင် သစ်တောအရာရှိ မစ္စတာဂျော့ချ်ကင်းဘဲ၏ အပြုအမူကြောင့် ဦးရဲထိ ကသိကအောင့်ဖြစ်သွားခဲ့သည်။

ဦးရဲထိမှာ သူတောဝင်လျှင် ပြုမူနေကျဖြစ်သည့်အတိုင်း ကညင်ပင်ကြီးတစ်ခု၏ ခွဆုံတွင် ထမင်းဦးပေါင်း၊ ကွမ်းယာ၊ ငှက်ပျောသီး စသည်တို့ဖြင့် အဘိုးအား ပူဇော်ပသ,ကာ တောလည်ခွင့်တောင်းနေပါ၏။





းသည်ကို ဦးရဲထိမှ တတွတ်တွတ်ဖြင့်ရွတ်ဖတ်၍ မပြီးသေးခင်မှာပင် ဦးရဲထိအားမစောင့်တော့ဘဲ တောအတွင်းသို့ တဖွတ်ထိုးဝင်ရောက်သွားကြခြင်းဖြစ်သည်။

" ရော်...ဒီမျက်နှာဖြူကောင် တောတောင်းစည်းကမ်းတွေကို နားမလည်ဘူးထင်တယ်၊ ဒီလို တဖွတ်ထိုးလုပ်ပုံနဲ့ကော့ တောထဲမှာ အဆင်မှပြေနိုင်ပါတော့မလား မသိဘူး "

" သည်းခံလိုက်ပါ ဦးရဲထိရယ် . . . လူကလည်းလူငယ် ကိုယ်တိုင်ကလည်း အရာရှိဖြစ်နေလေတော့ ပြောရခက်တယ်၊ ကိုင်း သွားကြစို့ရဲ့ . . . ဦးရဲထိ "

တောခေါင်းကြီးဦးမှိုင်းက ကြားမှဝင်၍ ပြေရာပြေကြောင်း ပြောခဲ့သည့်တိုင် အယူအစွဲကြီးသော ဦးရဲထိမှာ မျက်နှာမကောင်း။ သက်ပြင်းတစ်ချက်ကို မသက်မသာချလိုက်ပြီး ကညင်ပင်ငွေ့ထောင်ထားသည့် သူ၏သေနတ်ကို ကောက်ယူကာ သစ်တောအရာရှိ မစ္စတာဂျော့ချ်ကင်းဘဲတို့၏နောက်မှ လိုက်ပါလာခဲ့ပါတော့သည်။

ထိုနေ့နေ့လည်ခင်းပိုင်းတွင် ဒရယ်တစ်ကောင်ကို ပစ်ခတ်ရရှိခဲ့သော်လည်း ညနေခင်းဘက်အရောက်တွင်မူ ရုတ်တရက်ရွာချလာသော မိုးကြောင့် သူတို့လူစုမှာ အတော်လေးဒုက္ခရောက်ကြရတော့သည်။

" မိုးရွာလာပြီဟေ့ . . . ဟိုချောင်းဖျားအထက်မှာ ကျောက်ဂူတစ်ခုရှိတယ် . . . အဲဒီကို သွားကြမယ် "

"**OH .. GOD** ဘုရားသခင် ဘယ်လိုဖြစ်လို့ မိုးက သဲသဲမဲမဲ



www.burmeseclassic.com

www.burmeseclassic.com



ရှာချလိုက်ရတာလဲ ''

မစ္စတာကျော့ချ်ကင်းဘဲ ဘုရားသခင်ကို တ,နေသည့်ကြားမှပင် မိုးက သဲသဲမဲမဲရွာချလာသဖြင့် အားလုံး ဦးရဲထိနောက်သို့ လိုက်လာခဲ့ကြသည်။

မိုးက လေကိုပါအဖော်ခေါ်လာသဖြင့် လွန်စွာမြင့်မားပြီး ပင်လုံးကြီးသပ်ပင်ကြီးများမှာ မိုးသက်လေပြင်းနှင့်အတူ ယိမ်းထိုးလှုပ်ယမ်းနေကြသည်။ ဝန်းကျင်တစ်ခုလုံး လေပြင်းတိုက်ခတ်သံ၊ မိုးရွာသံများနှင့် တပြောင်းပြောင်းကျိုးနေသည့် သစ်ပင်များကျိုးကျသံများက တဝုန်းဝုန်းနှင့် ဆူညံလျက်ရှိပါ၏။

ရဲဖန်ရဲခါ လျှပ်ရောင်ခြည်တို့သည် တဝင်းဝင်းတလက်လက်နှင့် မိုးထစ်ချုန်းသံ၊ မိုးကြိုးပစ်သံများအောက်တွင် သစ်ပင်ကြီးငယ်တစ်ချို့နစ်ခြမ်းကွဲထွက်သွားကြသည်။

'' ဂုန်း . . . ဂျိမ်း . . . ဝုန်း ''

တဝုန်းဝုန်း၊ တဂျိမ်းဂျိမ်း ပစ်ခွင်းနေသည့် မိုးခြိမ်းသံကြီးများကြားမှ ဦးရဲထိတို့အဖွဲ့ တက်သုတ်ရိုက်ကာ ခရီးနှင်ခဲ့ကြသဖြင့် မကြာမီ ချောင်းဖျားထိပ်ရှိ ကျောက်ဂူကြီးအတွင်းသို့ အကြိမ်ကြိမ်အလီလီ တောဝင်ခဲ့ဖူးသည်။ သို့သော် တစ်ကြိမ်တစ်ခါမျှ ဤကဲ့သို့ မိုးကြီးလေထန်မှုဖြင့် မကြုံကြိုက်ခဲ့ရပေ။

ယခုတော့ သူတို့အားလုံး မိုးသက်လေပြင်းအောက်ဝယ် ကြွက်စုတ်ကလေးများနှယ် မိုးရေများစိုရွှဲလျက် ရှိကြပါချေပြီတည်း။ ဦးရဲထိ

သူ့ရဲ့ကောင်းတစေ



အမြင်ကြီးမှုဖြင့် ကျောက်ဂူထဲရှိ သစ်ကိုင်းခြောက်များကို ရှာဖွေ င်းကာ မီးဖိုတစ်ခုကို အလျှင်အမြန်ဖန်တီးနေကြပါ၏။

အပြင်မှာတော့ ဆောင်းရက်ကျန်မိုးကြွင်းများက တဝေါဝေါ ရွာသွန်းချနေဆဲပါ။ မစ္စတာကျော့ချ်ကင်းဘဲတို့အားလုံး မီးဖိုတွင် မိုးစိုအဝတ်အစားများကို ချေညှစ်၍ မီးကင်နေကြသည်။ တော် သည်. . .အချိန်မှီ ကျောက်ဂူကြီးအတွင်းသို့ ရောက်ရှိနေကြသဖြင့် ငယ် သက်သာရာရခဲ့ကြပါ၏။

မစ္စတာကျော့ချ်ကင်းဘဲနှင့် ရစ်ချက်တို့နှစ်ဦးက ပါလာသည့် ပုလင်းပြားလေးကိုဖွင့်ကာ အချမ်းပြေသောက်နေကြသည်။

'' အင်း. . .နင့်ရဲ့လူတွေကတော့ အင်မတန်စည်းစနစ်ကြီးတဲ့ လိပ်ဗြိတိသျှနိုင်ငံကြီးသားတွေ တော်တော်ပီသပါပေတယ်၊ ဟွန်း နည်းလေးမှတောင် စည်းမစောင့်နိုင်ကြတော့ပါလား ဦးမှိုင်း ''

'' ခော်. . .ဦးထိနဲ့တော့ ခက်တော့တာပဲ၊ အခုရောက်လာတဲ့ တောအရာရှိက နည်းနည်းမောက်မာတယ်နော . . . စကားကို ဆင်ခြင်ခြင်ပြောပေးပါ ဦးထိရယ်. . .တော်ကြာ ဒေါသထွက်စိတ်တို မှုဖြင့် ကျုပ်တို့အနေခက်ပါဦးမယ် ''

ဦးရဲထိမှာ တောခေါင်းကြီးဦးမှိုင်း၏ တောင်းပန်စကားကြောင့် စိတ်ကို လျှော့ချလိုက်ပါ၏။ စိတ်ထဲတွင်တော့ အပျားအယွင်းမခံ သော ဤမိန်းမလှကျွန်းကြီးပေါ်တွင် ဤကဲ့သို့ စည်းပျက်ကမ်းပျက်နိုင် သော လူမျိုးခြားများနှင့် တစ်ခရီးတည်းသွားလာရခြင်းမှာ အန္တရာယ်

သူ့ရဲ့ကောင်းတစေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖိတ်ခေါ်နေသည်နှင့် တူနေပါချေပြီကော။

" ဟူး . . . ခုမှတော့ မတတ်နိုင်တော့ဘူးပေါ့ ဦးမိုး ဒါပေမဲ့ ခင်များတို့အားလုံး သတိရှိကြပါစေနော်၊ မိုးစဲသွားလို့ ဂူထဲကနေထွက်ရင် ရှေ့ခရီးမှာ သတိသာထားကြပေတော့ "

ဦးရဲထီ၏ သတိပေးစကားကြောင့် တောခေါင်းကြီးဦးမိုးတို့ လူစုမှာ မိမိတို့၏လက်နက်များကို စစ်ဆေး၍ အသင့်ပြင်ထားကြပါ၏ အပြင်မှ မိုးသက်လေပြင်းသည် နာရီဝက်ကျော်ကျော်ခန့် တိုက်ခတ်ရွာ သွန်းပြီး မကြာမီ မိုးရောလေပါ စဲသွားပါတော့သည်။

မိုးတိတ်သွားသည်နှင့် နေရောင်ခြည်က လင်းလက်လာပြီး ပုံမှန်အနေအထားသို့ ပြန်ရောက်လာခဲ့သည်။ ဦးရဲထီမှာလည်း ရာသီဥတု ပြန်လည်ကောင်းမွန်လာသဖြင့် ရှေ့ခရီးကိုဆက်ခဲ့ပါ၏။ ချောင်းများကို စွန့်ခွာ၍ တောနက်ရာသို့ ချဉ်းကပ်လာခဲ့သည်။ အချိန်က သုံးနာရီခန့် ရှိပါပြီ။

ထိုစဉ်မှာပင် မစ္စတာဂျော့ချ်ကင်းဘဲ၏အသံကို ကြားလိုက် ရသည်။

" **OH** .. ရစ်ချက် . . . **Stop** . . . **Stop** "

သူ၏ဘူတော်မောင် ရစ်ချက်ကို ရပ်ခိုင်းကာ ခြုံကွယ်များနောက် မှ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ညွှန်ပြလိုက်သည်။ ဦးရဲထီ လှမ်းကြည့် လိုက်တော့ တောကြောင်ကြီးတစ်ကောင်ဖြစ်နေသည်။

ဟုတ်သည် . . . နက်မှောင်သောအဆင်းရှိသည့် တောကြောင်

သူရဲကောင်းစာပေ



ကြီးသည် လူသားတို့ကို ကြောက်လန့်ရမှန်းမသိ။ သရောပင်ကိုင်းခွဆုံ မှ ငေးငေးထိုင်ကာ ဦးရဲထီတို့လူစုအား စိုက်ကြည့်နေပါလေ၏။ မစ္စတာ ဂျော့ချ်ကင်းဘဲက သူ၏သေနတ်ပြောင်းဝကို ထိုတောကြောင်ကြီးထံ ချိန်ရွယ်လိုက်သည်။

" ချောက် "

" ဟာ "

သေနတ်မှာ မောင်းရိုက်သံသာထွက်လာသဖြင့် တောကြောင် ကြီးမှာ လှစ်ခနဲ တစ်ဖက်ကိုင်းများမှတိုးဆင်းကာ ပျောက်ကွယ်သွား လေ၏။ မစ္စတာဂျော့ချ်ကင်းဘဲမှာ မျက်စိမျက်နှာပျက်လျက် သေနတ် မှ ကျည်ဆံဘောက်စ်ကို ဖြုတ်ကြည့်လိုက်သည်။

" **Oh .. God** "

မစ္စတာဂျော့ချ်ကင်းဘဲ မျက်လုံးပြူးသွားသည်။ အကြောင်းမှာ ကျည်ဆံဘောက်စ်ထဲတွင် ကျည်ဆန်က အပြည့်ရှိနေသည်မဟုတ်ပါလား။ ဘာကြောင့်မှန်းမသိ ဖြစ်နေရာကို မကျေမနပ်နှင့် မျက်နှာကြီးနီရဲကာ တောကြောင်ရှိရာသို့ ချိန်ရွယ်လိုက် တော့ တောကြောင်ကြီးက မရှိပါလေတော့။

" ဟင်း . . . ဟင်း အရာရှိလေးက တောကြောင်ကိုမပစ်ဘဲ မောက်လှန့်မောင်းထုတ်လိုက်ပြီးမှ ပြန်ရှာနေတယ် "

ဦးရဲထီက မစ္စတာဂျော့ချ်ကင်းဘဲအား ခပ်တည်တည်နှင့် စကားတင်းဆိုကာ ပြောဆိုနေစဉ်မှာပင် . . .

" ဝရော . . . ဖျောက် . . . ဖျောက် . . . ဝရော "

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



" ဝုန်း . . . ဖရှူး . . . ဖရှူး "

ဟောကောင်တစ်ချို့၏ တောတိုးသံများကို ရုတ်တရက်ကြ
လိုက်ရသဖြင့် အသံကြားရာဘက်သို့ သေနတ်ပြောင်းဝလှည့်ကာ ထိုး
လိုက်သည်။ သို့သော် တောတိုးသံများသည် တစ်နေရာတည်းမှမဟုတ်
တစ်ဖက်တည်းမှမဟုတ်၊ လေးဘက်လေးတန်မှ တဝုန်းဝုန်းနှင့်ကြား
ရသည်မို့ သေနတ်သမားအားလုံး ချာချာလည်၍ ချိန်ရွယ်နေကြသည်

" ဟာ . . . ဟေး . . . ဟိုမှာ . . . ဟိုမှာ "

" ဝေါ . . . ဖရော . . . ဖရော . . . ဝုန်း "

" ဒိန်း . . . ဒိန်း . . . ဒိန်း "

ရိုင်ခနဲမြင်လိုက်ကြရသည်မှာ တောကြောင်များဖြစ်နေသဖြ
တဒိုင်းဒိုင်းနှင့် လျှပ်တစ်ပြက်ပစ်ခတ်လိုက်ကြသည်။ သို့သော် လှစ်
လှစ်ခနဲပြေးလွှားပျောက်သွားကြသဖြင့် ကြောင်တစ်ကောင်တစ်မြီး
ပစ်ခတ်ရရှိလိုက်ခြင်း မရှိပေ။ အရွယ်အစားမျိုးစုံနှင့် တောကြောင်နက်
ကြီးများကို ဂစ်နေရာထဲတွင် အုပ်လိုက်သင်းလိုက် တွေ့လိုက်ရသဖြ
ဦးရဲထီ အနည်းငယ် ဘဝင်မကျဖြစ်နေပါ၏။

" အင်း . . . ဒီတောက တောကြောင်တွေ တော်တော်ပေါတယ်
ထင်တယ် "

" ဟုတ်တယ် . . . တောကြောင်နက်ကြီးတွေက များမှများ
တောခေါင်းကြီး "

တောခေါင်းကြီးဦးမှိုင်းနှင့် ဂေါ်ရခါးတပ်ကြပ်ကြီးရိန်းဘိုးတို့





ပြောဆိုနေကြသည်ကို ဦးရဲထီ ခပ်တွေတွေကြည့်ရင်းမှ . . .

" အဲဒါ . . . သဘာဝသိပ်မကျဘူး ဦးမှိုင်းရဲ့ "

" ဗျာ . . . ဘယ်လို . . . ဘယ်လို ဘာကို သဘာဝမကျဘူးလို့
ပြောလိုက်တာလဲဗျ "

ဦးရဲထီ၏ ထူးထူးဆန်းဆန်းစကားကြောင့် ဦးမှိုင်း မျက်စိမျက်နှာ
ပျက်ကာ ပြန်လှည့်၍မေးမြန်းလိုက်သည်။

" အင်း . . . ဒီလိုဗျ ဦးမှိုင်းရဲ့ ကျုပ်ဒီတောင်ထဲမှာ
တောဒီတောကြောင်တွေကို အအုပ်အသင်းနဲ့တွေ့လိုက်ရလို့ ထူးဆန်း
နေသလိုဖြစ်နေတာပါ။ ပြီးတော့လည်း တောကြောင်တွေအားလုံးက အနက်
ရောင်တွေချည်းဖြစ်နေတာရယ်၊ မစ္စတာဂျော့ချ်ကင်းဘဲ ပစ်ခတ်တုန်းက
လည်း သေနတ်ထဲမှာ ကျည်အပြည့်ရှိလျက်နဲ့ ကျည်မထွက်တာရယ်၊
ပေါင်းစပ်ကြည့်လိုက်တော့ ဒါဟာ ဖြစ်ရိုးဖြစ်စဉ် သဘာဝအတိုင်းမဟုတ်
ဘူးလို့ အဖြေထွက်လာတယ်။ နောက်ပြီး ကျုပ်ရဲ့မုဆိုးသက်တမ်း
တစ်လျှောက်မှာ သည်လိုအဖြစ်မျိုး တစ်ခါမှမကြုံဖူးခဲ့လေတော့ ဒါဟာ
သဘာဝမကျဘူးလို့ ပြောနိုင်တာပေါ့ . . . အင်း ကြည့်ရတာ ကျုပ်တို့
တစ်ခုခုတော့လွဲနေပြီ ဦးမှိုင်း "

ဦးရဲထီ၏ စကားအသွားအလာကြောင့် ဂေါ်ရခါးတပ်ကြပ်ကြီး
နှင့် ဦးမှိုင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ငေးကြည့်ကြသည်။
အမှန်ခြင်းပင် တပ်ကြပ်ကြီးရိန်းဘိုးက သူ၏ဆရာ မစ္စတာဂျော့ချ်ကင်းဘဲ
အား သတင်းပို့လိုက်ပါ၏။ တောကြောင်ကြီးများအား လိုက်လံပစ်ခတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မစ္စတာဂျော့ချ်ကင်းဘဲနှင့် ဦးရဲထိတို့လူစု အတန်ငယ် အလှမ်း
ဝေးနေပါ၏။

သစ်ပင်ကြီးများနှင့်ကွယ်နေသဖြင့် မစ္စတာဂျော့ချ်ကင်းဘဲ
အုပ်စုထံမှ အုပ်အုတ်ကျက်ကျက် စကားသံအချို့ကို ကြားနေရသည်
မကြာမီ မစ္စတာဂျော့ချ်ကင်းဘဲကိုယ်တိုင် ဦးရဲထိတို့အနီးသို့ ရောက်
လာသည်။

" No .. No .. ဒီမှာ မှဆိုးကြီး သဘာဝကျတယ် မကျ
ဆိုတာ အရေးမကြီးဘူး။ အဓိကအရေးကြီးတာက ကျွန်ုပ်တို့လက်ထဲ
မှာ လက်နက်ခဲယမ်းအပြည့်အစုံရှိတယ် . . . ဘာမှကြောက်စရာမရှိဘူး
ဒီတော့ ကျွန်ုပ်နောက်ဆုံးပြောမယ် . . . ဟောဒီ သဘာဝမကျတဲ့တော
ကြီးထဲကို ဆက်ပြီးတိုးဝင်မယ်၊ တစ်တောလုံးကို မွှေနှောက်မယ် . . .
မှဆိုးကြီး ရှေ့နေလမ်းပြပေးပါ "

ရုတ်တရက် အမိန့်ဆန်ဆန်ကြားလိုက်ရသော မစ္စတာဂျော့ချ်
ကင်းဘဲ၏ စကားသံကြောင့် ဦးရဲထိ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်
သို့သော် အနီးမှ တောခေါင်းကြီးဦးမှိုင်းက ဦးရဲထိ၏လက်မောင်း
မသိမသာညှစ်၍ သတိပေးလိုက်သဖြင့် ဦးရဲထိတစ်ယောက် မည်သည့်
စကားမျှ ခွန်းတုန့်မပြန်တော့တဲ့ နောက်လှည့်ထွက်သွားပါလေတော့သည်

နက်ရှိုင်းသိခေါင်လှသော မိန်းမလှကျွန်းညိုကြီးကမူ ဦးရဲထိ
မျက်နှာဖြူအရာရှိတစ်စုကို တိတ်ဆိတ်ငြိမ်သက်စွာ ဆီးကြိုနေသည့်

♛ ♛ ♛





## အခန်း(၇)

### " ဂမ္ဘီရတောအလယ်မှ . . . ပဉ္စလက်မာယာ ကစားခြင်း "

" ဖုတ် . . ဖရုတ် . . ဖျော . . ဖရော "
" ဖုတ် . . ဖုတ် . . ဖရုတ် "
" ဟာ . . အရိုး . . အရိုးတွေ . . အား . . အမယ်လေးဗျ "
" အိုး . . သ . . သရဲ . . သရဲခြောက်ပြီ . . အား "

ရုတ်တရက် သရေပင်ကြီးထက်မှ အရိုးစုများ တဖုတ်ဖုတ်
နှင့် လွင့်စင်ပြုတ်ကျလာကြသဖြင့် ဦးရဲထိနှင့် မစ္စတာဂျော့ချ်ကင်းဘဲမှ



www.burmeseclassic.com

www.burmeseclassic.com



လွဲ၍ တောလယ်သူအားလုံး ထိတ်လန့်တကြားဟစ်အော်ကာ ဝရုန်းသုန်းကား ထွက်ပြေးကြသည်။

" ဟာ . . ဟေ့ . . ဟေ့ကောင်တွေ . . မပြေးနဲ့ . .မပြေးနဲ့"

ဦးရဲထီး၏ဟစ်အော်တားမြစ်သံကြောင့် ဝရုန်းသုန်းကားနှင့် ထွက်ပြေးသွားကြသူများမှာ တောစပ်တစ်နေရာတွင် ရပ်တန့်သွားကြသည်။ ထို့နောက် သရေပင်ကြီးအောက်တွင် ပြန့်ကျဲနေသည့် အရိုးများကိုကြည့်ကာ သွေးပျက်ချောက်ချားနေကြသည်သို့။

"ဟာ . . ဟေ့ကောင်တွေ . . ခက်တော့တာပဲ . . ဘာ . . သရဲမှ ချောက်တာမဟုတ်ဘူး၊ ပြန်လာခဲ့ကြစမ်း၊ အလကားနေရင်း သွေးလန့်နေကြတယ်၊ တောထဲတောင်ထဲမှာ အဲဒီလို စိတ်ထင်တိုင်းစွတ်ပြေးနေရင် ဒုက္ခတွေ့သွားမှာပေါ့ . . . အရာရှိလေးနှင့်လူတွေကို ပြန်ခေါ်လိုက်ဦး "

" **OH** .. ရစ်ချက်နဲ့ ရိန်းဘိုး ဒီကိုပြန်လာခဲ့ကြစမ်း "

သစ်တောအရာရှိ ဂျော့ချ်ကင်းဘဲကလည်း သူ၏လူနှစ်ယောက်ကို ပြန်ခေါ်နေသဖြင့် ဦးမှိုင်းတို့လူစု ထိတ်ထိတ်လန့်လန့်နှင့် သရေပင်ကြီးအနီးသို့ ပြန်လှည့်လာကြသည်။ သရေပင်အောက်သို့မူ ဝင်မလာကြသေး၊ မြေပြင်တွင် ဟိုတစ်စသည်တစ်စပြန့်ကျဲနေသော အရိုးစုများကိုသာ အကြောင်းသား ငေးကြည့်ရင်း မျက်စိမျက်နှာပျက်နေကြသည်။

" အော် . . . ဒီကိုလာပါ ဦးမှိုင်းရဲ့ . . . ဒီအရိုးတွေက သမင် ဒရယ်တွေရဲ့ အရိုးတွေပါ၊ ဟိုမှာ . . . သရေပင်ပေါ်ကို မော့ကြည့်





လိုက်ကြစမ်း "

" ဟာ "

" အိုး . . . အမယ်လေး "

ဦးရဲထီးညွှန်ပြသဖြင့် သရေပင်ထက်သို့ လှမ်းကြည့်လိုက်ကြရာ သစ်ပင်ကိုင်းထိပ်များတွင် လွန်စွာကြီးမားလှသော စပါးကြီးမြွေကြီးတစ်ကောင်က သစ်ကိုင်းတစ်ခုကို အမြီးဖျားဖြင့်ချိတ်ဆွဲ၍ တွဲလောင်းခိုနေသည်ကို တွေ့မြင်လိုက်ကြရသည်။

" **OH .. Snake .. Snake** "

" ဟာ . . . မြွေ . . . မြွေကြီးဟ . . . နည်းတဲ့အကောင်ကြီးမဟုတ်ဘူးဟေ့ "

" အိုး . . . စပါးကြီးမြွေကြီးဟ ဘုရား . . . ဘုရား . . . ဘာလုပ် နေတာပါလိမ့် "

ဦးမှိုင်းတို့အားလုံး စပါးကြီးမြွေတန်းလန်းကြီးအား တအံ့တသြငေးကြည့်နေကြစဉ်မှာပင် တွဲလောင်းချိတ်ထားသောမြွေကြီးမှာ သစ်ပင်ထက်မှ တဖျောဖျောနှင့် ပြုတ်ကျလာပါ၏။

" ဝေါ . . . ဖရော . . . ဖျော . . . ဖရော "

" ဘုန်း "

" ဟာ . . . အမယ်လေး လုပ်ကြပါဦးဗျ "

" **OH .. God ..** ဘုရားသခင် ကယ်တော်မူပါ "

ရုတ်တရက် ဖြစ်ရပ်ကြောင့် ပြန်လည်ထွက်ပြေးရန် မေ့လျော့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြင်နေကြသော ရစ်ချက်တို့လှစု ဦးရဲထီက ခွဲယှဉ်ဟန်တားလိုက်ပြန်ပါ၏။

" ဟာ . . . ဟော့ကောင်တွေ မပြေးနဲ့လေ "

သရောပင်မှ ပြုတ်ကျလာသော စပါးကြီးမြွေကြီးမှာ သူတို့၏ ရှေ့တွင် ခန္ဓာကိုယ်ကိုရစ်ခွေကာ မလှုပ်မယှက်နှင့် ငြိမ်သက်လျက်ရှိပါ တော့သည်။ သူ၏ပတ်ဝန်းကျင်မှာတော့ သမင်၊ ဒရယ်ကောင်များ၏ အရိုးများက ဟိုတစ်စသည်တစ်စ ပြန့်ကျဲလျက် . . .

"ဒီမှာ . . . တွေ့လား မင်းတို့ကြောက်နေတဲ့ စပါးကြီးမြွေကြီးက နောက်သုံးလေးရက်ကြာတောင် လှုပ်ရှားနိုင်မှာမဟုတ်ဘူး . . . ဒီကောင် ကြီးတွေဟာ သမင်တို့၊ဒရယ်တို့လို သတ္တဝါတွေကို မျိုပြီးရင် အခုလို သစ်ပင်ကြီးတွေပေါ်တက်၊ သစ်ကိုင်းကိုအမြီးကြီးနဲ့ပတ်၊ ကိုယ်ကိုလှုပ်ခါ ယမ်းလိုက်ပြီး သူမျိုထားတဲ့ သတ္တဝါတွေရဲ့အရိုးတွေကို ခါထုတ်ပစ်လေ့ ရှိတယ်ကွ။ နောက်ပြီး အခုလိုပုံစံအတိုင်းပဲ မလှုပ်မယှက်နဲ့ သုံးရက် လောက် ငြိမ်ငြိမ်နေရသေးတယ်၊ ဒါဟာ စပါးကြီးမြွေတွေရဲ့ အလေ့အထ သဘာဝပဲ ဦးမှိုင်းရေ "

ဦးရဲထီမှာ ငြိမ်သက်နေသော စပါးကြီးမြွေကြီးကိုပြသရင်း စပါး ကြီးမြွေတို့၏ သဘောသဘာဝတို့ကို ရှင်းပြပြောဆိုနေပါ၏။ သည်ကြားထဲ ဂျော့ချ်ကင်းဘဲနှင့် ရစ်ချက်တို့က စပါးကြီးမြွေကြီးကို သတ်ပစ်ရန် ဟန်ပြင်နေနေကြသေးသည်မို့ ဦးရဲထီ ဟန့်တားရပါသေးသည်။

" ဒါဟာ မှဆိုးကောင်းတွေရဲ့ အလုပ်မဟုတ်ဘူး အရာရှိလေး၊ မြို့တွေမှာဆို မြို့စည်းကမ်း၊ လူမှာ လူ့စည်းကမ်းတွေရှိကြသလို တောမှာ





သည်၊ တောစည်းကမ်းတွေရှိတယ်၊ ဒါကို မုဆိုးတိုင်းနားလည်ကြတယ်၊ လျှောင်သင့်ရင်ရှောင်ကြရတယ်။ ကဲ . . . အချိန်ရှိတုန်း ရှေ့ခရီးကိုဆက် ကြမယ် "

ပြောပြောဆိုဆိုနှင့် ဦးရဲထီမှာ ဂျော့ချ်ကင်းဘဲကို မကြည့်တော့ ဘဲ ရှေ့သို့ခရီးဆက်လာခဲ့သည်။ ဘာရယ်မသိ ယခုခရီးစဉ်သည် တစ်ပွဲစား ကြီးဦးရဲထီအတွက် စိတ်လက်မကြည်မသာ ဖြစ်နေပါ၏။ တာဝန်တစ်ခု အနေဖြင့် မလွှဲမရှောင်သာသောခရီးတစ်ခုဟာသာ သဘောထားကာ ဆူတူးတွေတွေစကားမပြောတော့ဘဲ သားကောင်တို့၏ခြေရာကြောင်းများ ကို ရှာဖွေ၍ တောတိုးခဲ့သည်။

ဦးရဲထီ၏စိတ်ထဲမှာတော့ ဂျော့ချ်ကင်းဘဲ၏ အနေအထိုင်၊ အပြု အမူ အသုံးမကျမှု၊ ထူးခြားသော တောကြောင်နက်များဖြင့် တွေ့ဆုံခဲ့မှု၊ သူ၏စကားကို မနာခံမှုတို့ကြောင့် သူ၏စိတ်တို့မှာ လေးဖဲ့နေသယောင် ရှိပါ၏။ လမ်းပြတစ်ယောက်က ထိုကဲ့သို့ စိတ်ဖိစီးမှု၊ စိတ်ပျံ့လွင့်မှုတို့ ရှိစေရ။ တောထဲတောင်ထဲတွင် အစဉ်အမြဲ သတိရှိနေဖို့ လိုအပ်သည် မဟုတ်ပါလား။ ယခုလည်း အမှတ်မထင်ပျံ့လွင့်သွားသော သူ၏စိတ် အစဉ်မှာ ပစ္စက္ခအခြေအနေသို့ ပြန်လည်ကပ်ညိခိုဝင်လာချိန်မှာတော့ ဦးရဲထီ၏ခြေလှမ်းအစုံမှာ တန့်ခနဲဖြစ်သွားပါ၏။

" ဟော . . . ဒါ . . . ဒါ ဘယ်လိုဖြစ်တာလဲ၊ ဒီနေရာဟာ ဘယ်လိုနေရာပါလိမ့် "

သူ့ရှေ့ရှိ သစ်ပင်ခြုံပုတ်အနီးတွင် မြေတွင်းသဏ္ဍာန် ကျင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို အံ့မှတ်မထင် တွေ့မြင်လိုက်ရသဖြင့် ခြေလှမ်းတန့်သွား
ဖြစ်ပါ၏။ ထို့နောက် မြေတွင်းကြီးရှိရာသို့ သွားရောက်ကြည့်ရှုလိုက်သ

" ဟော...မြေကျွင်းကြီးထဲမှာ...အုတ်လှေကားထစ်
နဲ့ပါလား။ ငါဒီတောကြီးထဲမှာ သားကောင်လှည့်ပတ်လာတာ
ထပ်နေပြီ၊ ဒါပေမဲ့ ဒီနေရာကိုတော့ ငါတစ်ခါမှမရောက်ဖူးဘူး "

" ဘာလဲ...ဦးရဲထိ ဟော...မြေတွင်းကြီးပါလား
ဟင် ဒီထဲမှာလည်း အုတ်လှေကားထစ်တွေနဲ့ပါလား "

တစ်ချိန်တည်းမှာပင် ဦးရဲထိအနီးသို့ ဂျော့ချ်ကင်းဘဲတို့
ရောက်ရှိလာကြပြီး ထူးခြားသောမြေတွင်း(ကျင်း)ကြီးထဲသို့ သေချာ
ကြည့်ရှုနေကြပါ၏။ မြေတွင်းကြီးထဲမှ အုတ်လှေကားထစ်များသ
တစ်ချို့နေရာများတွင် ပဲ့ကျပျက်စီးနေကြသည်။ ထူးခြားသည်
အုတ်လှေကားထစ်များနှင့် ဆက်သွယ်လျက်ရှိသော မြေအောက်ဥ
လိုဏ်ခေါင်းကြီးကို အမှတ်မထင်တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

" အခင်း...ဘယ်လိုဖြစ်ကုန်ပြီလဲမသိဘူး၊ ဒီတောထဲ
ဒီအုတ်လှေကားထစ်တွေနဲ့ မြေအောက်ဥမင်လိုဏ်ခေါင်းဆိုတာ တ
ဖူးမှ မရှိခဲ့ဘူး။ ငါလည်း ဟောဒီမိန်းမလှကျွန်းပေါ်မှာ တစ်ရေးနိုးထသွ
ခဲ့ရင်တောင်မှ ချက်စိလည်လမ်းမှားစရာ မရှိဘူး။ ဒါဟာ ငါမျက်စိလ
နေတာလည်းမဟုတ်ဘူး။ သရဲခြောက်ခံနေရတာလည်း မဖြစ်နိုင်
ဦးမှိုင်း "

" ဟင်...ခင်ဗျားဟာကလဲ ကိုင်း...ဒါဆိုရင်ဘာဖြစ်





ဲ ဦးရဲထိ "

" တောခြောက်ခံနေရတာ...ဟုတ်တယ်၊ ကျုပ်တို့အားလုံး
ခြောက်ခံနေကြရပြီ "

" ဟာ...အိုး "

" အမယ်လေး...ဘုရား...ဘုရား "

ဦးမှိုင်းတို့လူစု နောက်သို့ပင် ခြေတစ်လှမ်းဆုတ်လိုက်ကြသည်
ဦ ထိတ်လန့်ကြောက်ရွံ့သွားကြသော်လည်း နားမလည်သည့် ဂျော့ချ်
င်းဘဲနှင့် ရစ်ချက်တို့ကမူ မြေတွင်းကြီးထဲသို့ပင်ဆင်းကာ အုတ်လှေ
ထစ်များကို သေချာစွာကြည့်ရှုနေကြသည်။

" ကိစ္စမရှိဘူး...လူစုသာမကွဲကြစေနဲ့၊ အခုအချိန်မှာ
ယ်လောက်ပဲ တောကျွမ်းကျွမ်း လမ်းမှန်ကိုရှာတွေ့မှာမဟုတ်ဘူး။
ယ်လိုပဲရှာရှာ အချိန်ကုန်လူပန်းဖြစ်ပြီး လမ်းပျောက်နေမှာပဲ။ ဒါပေမဲ့
မှစိတ်မပူကြနဲ့ တောခြောက်တာဟာ ဘာအန္တရာယ်မှမရှိနိုင်ဘူး၊
လို တွေ့နေရတာဟာ အကြောင်းထူးတစ်ခုတော့ ရှိလိမ့်မယ်
င်တယ် "

ထိုအချိန်တွင် ဂျော့ချ်ကင်းဘဲက မုဆိုးကြီးဦးရဲထိအား
က်ယက်လှမ်းခေါ်လိုက်ပြီး...

" ဒီမှာ မုဆိုးကြီး ကျွန်ုပ် အထဲကိုဝင်ပြီးကြည့်ချင်တယ်၊
ဒါ ကျွန်ုပ်ကို ရှေ့ကနေလမ်းပြပေးပါ "

ခက်ပြီ...သစ်တောအရာရှိဂျော့ချ်ကင်းဘဲက သေနတ်



www.burmeseclassic.com

www.burmeseclassic.com



တပြင်ပြင်နှင့် အုတ်လှေကားထစ်များပေါ်သို့ ခြေချရန်ဟန်ပြင်လျက်ရှိပါချေပြီကော။ သူ၏နောက်မှ ရစ်ချက်၊ ဂေါ်ရခါးတပ်ကြပ်ကြီးတို့ကလည်း အခြေအနေအချိန်အခါကို မသိကြ။ ဦးရဲထီ ရှင်းပြပြောဆိုပြန်လျှင်လည်း လက်သင့်ခံမည်မဟုတ်။ နောက်ဆုံး မထူးတော့ပြီမို့ ဦးရဲထီကိုယ်တိုင် ဦးဆောင်၍ အုတ်လှေကားထစ်များမှတစ်ဆင့် မြေအောက်ဥမင်လှိုဏ်ခေါင်းကြီးထဲသို့ ဆင်းလာခဲ့ပါတော့သည်။

" သတိထား. . .ဦးမှိုင်း ဒါတွေဟာ သဘာဝပုံမှန်အခြေအနေ မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ်တို့က ဒီတောမှာ ဘာအများအပြွင်းမှ လုပ်ခဲ့ကြတာမဟုတ်တော့ အန္တရာယ်တော့ မရှိနိုင်ပါဘူးလေ "

မြေအောက်လှိုဏ်ခေါင်းကြီးမှာ ကွေ့ကွေ့ကောက်ကောက်ရှိသော်လည်း အတွင်းဝယ် အလင်းရောင်များရှိနေခြင်းက သူ၏ထူးခြားမှုဝိသေသတစ်ခုကို ပြဆိုနေသည်သို့ ဦးရဲထီ၊ ဦးမှိုင်းနှင့် ဂျေ့ချ်ကင်းဘဲတို့ မြေအောက်ဥမင်လှိုဏ်ခေါင်းအတိုင်း အတွင်းဘက်သို့ တရွေ့ရွေ့တိုးဝင်လာကြရာ အံ့ဩဖွယ်ရာ အလင်းရောင်များရရှိနေသဖြင့် လှိုဏ်ခေါင်းအတွင်းဝယ် နေ့လည်နေ့ခင်းကဲ့သို့ ပြတ်သားစွာတွေ့မြင်နေရပါ၏။

မြေအောက်လှိုဏ်ခေါင်းက တဖြည်းဖြည်းကျယ်ပြောလာပြီး နောက်ဆုံး မြေပြန့်လွင်ပြင်တစ်ခုကဲ့သို့ဖြစ်သွားပြီး သစ်ပင်ခြုံနွယ်များကိုပါ မြိုင်မြိုင်ဆိုင်ဆိုင် တွေ့မြင်လိုက်ရသဖြင့် ဦးရဲထီးပင် အံ့ဩတကြီးဖြစ်သွားရသည်။ သစ်တောအရာရှိ ဂျေ့ချ်ကင်းဘဲတို့အုပ်စုပင် ပြောင်းလဲသွားသော ပတ်ဝန်းကျင်ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။





" OH .. God ဘယ်လိုဖြစ်သွားတာပါလိမ့် "

" ဟုတ်တယ်. . .ငါတို့ လှိုဏ်ဂူအပြင်ဘက်ကိုများ ပြန်ရောက်နေကြတာလားမသိ. . သိ. . ဟာ. . ဟို. . ဟိုမှာ ဘာ. . ဘာကောင်ကြီးတွေလဲ "

ရစ်ချက်၏ ထိတ်လန့်တကြားဟစ်အော်သံကြီးကြောင့် ဦးရဲထီတို့သုံး သမင်လည်ပြန် လှည့်ကြည့်လိုက်ကြသည်။ မြင်တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် တစ်ပွဲစားကြီး ဦးရဲထီပင်လျှင် ပါးစပ်အဟောင်းသားနှင့်ဖြစ်သွားရချေပြီတည်း။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



သ

**အခန်း(၈)**

" မျောက်ကိုးဆယ့်ကိုး (သို့မဟုတ်) မျောက်တစ်ရာ ရှင်းတမ်း "

" အိုး . . . ဟာ . . . မျောက် . . . မျောက်ကြီးတွေ "

တစ်ယောက်တစ်ပေါက်နှင့် ဆူညံစွာအော်ဟစ်ပြောဆိုနေသော အသံများက ဝန်းကျင်တစ်ခုလုံး ပွဲတင်ရိုက်ခတ်သွားပါလေတော့သည်။ ဟုတ်သည် မြူနွယ်ပိတ်ပေါင်းများကြားတွင် လူတစ်ရပ်အရွယ်ပမာဏရှိသော ကျောက်သားမျောက်ရုပ်ကြီးများကို တန်းစီလျက် တွေ့မြင်လိုက်ရခြင်းပင်ဖြစ်သည်။





" ဘုရား . . . ဘုရား . . . ဒါ . . . ဒါ မျက်စိလည်ရင် တွေ့ဘတ် တယ်ဆိုတဲ့ မျောက်ရုပ်တုကြီးတွေလားမသိဘူး၊ ဒီ . . . ဒီလိုဆိုရင် ဟို မျောက် . . . မျောက်တစ်ရာစေတီလည်း ဒီအနီးနားမှာ ရှိရမှာပေါ့ "

ဦးရဲထိက မိန်းမလှကျွန်းနှင့်ပတ်သက်သည့် သမိုင်းအစအန တစ်ချို့ကို ကြားဖူးနားဝရှိထားသဖြင့် ထိုကဲ့သို့ပြောလိုက်ခြင်းဖြစ်သည်။ ဦးရဲထိ၏အဆိုကို တောခေါင်းကြီးဦးမှိုင်းက ထောက်ခံလိုက်သည်။

" ဟုတ်တယ် . . . ဖြစ်နိုင်တယ် ဦးရဲထိ၊ မျောက်တစ်ရာစေတီ ဝရုဏ်ထဲမှာ မျောက်ရုပ်တုကြီးတွေ အကောင်တစ်ရာတိတိရှိတယ်လို့ ကြားဖူးတယ်၊ အမှန်တော့ အဲဒီမျောက်ရုပ်တစ်ရာကို အစွဲပြုပြီး 'မျောက်တစ်ရာစေတီ' လို့ ခေါ်ခဲ့ကြတာ၊ အင်း . . . ဘယ်သူတွေတည်ခဲ့တာလဲ ဆိုတာတော့ ကျုပ်လဲမသိဘူး "

" ဒီလိုဆိုရင် . . . မျောက်ရုပ်တစ်ရာ ဟုတ်မဟုတ်လက်တွေ့ သိရအောင် ရေကြည့်ကြရအောင်လား "

" **OH .. Yes Very Good** . . . သိပ်ကောင်းတဲ့အစီအစဉ်ပဲ ဒီတစ်ခေါက်တောထဲကိုလာရတာ သိပ်ကိုအကျိုးရှိသွားပြီ **Thank you** မဆိုးကြီး ကျွန်ုပ်က ဒီလိုစိတ်ဝင်စားစရာကောင်းတဲ့ သမိုင်းတွေကို ကိုယ်တွေ့သိချင်နေတာ . . . ဟင်း . . . ဟင်း "

ဂျော့ချ်ကင်းဘဲက သူ၏သေနတ်ကြီးကို ကျောတွင်လွယ်သိုင်းလိုက်ပြီး ကျောက်သားမျောက်ရုပ်ကြီးများကို ကိုင်တွယ်ပွတ်သပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ခြင်းဖြစ်သည်။ ထိုအချိန်တွင် ဦးမှိုင်း၏အလုပ်သမားများ
မျောက်ရုပ်ကြီးများကို ရုပ်ချင်းရေတွက်ကြည့်နေကြပါ၏။

" တစ် . . . နှစ် . . . သုံး . . . လေး . . . ငါး . . . .
. ကိုးဆယ့်ကိုး။ တစ်ရာ . . . ဟာ ပြည့်တယ်ဟေ့ အကောင်တစ်ရာတိတိ
တောခေါင်းကြီး"

" *ဟာ . . . မဟုတ်သေးပါဘူး ငါ သေသေချာချာရေတာ*
ကိုးဆယ့်ကိုးကောင်ပဲ ရှိပါတယ်၊ မင်းက ဘယ်လိုလုပ်ပြီးရေမှန်းမသိဘူး"

" ပါ . . . ငါလည်း သေချာရေကြည့်တာပဲကွ . . .
အကောင် တစ်ရာတိတိပဲ တစကောင်မှမလျော့ဘူး " '

အလုပ်သမားသုံးယောက်မှာ ငြင်းခုန်ပြောဆိုနေကြသဖြင့်
ဦးမှိုင်းက ဝင်ရောက်ဖြန်ဖြေလိုက်ပြီး . . .

" ကဲ . . . ဘာမှငြင်းမနေကြနဲ့တော့၊ ဒီတစ်ခါ ဟိုဘက်ထိပ်
ကတစ်ယောက်ရေလာခဲ့၊ ဒီဘက်ထိပ်ကတစ်ယောက်ရေကြည့်၊ မမှား
အောင် အရုပ်တွေကို လက်နဲ့ကိုင်ပြီးရေကြည့်ကြ "

ဤသို့ဖြင့် နောက်တစ်ခေါက် မျောက်ရုပ်ကြီးများ၏ ထိပ်
တစ်ဖက်ဆီမှ တစ်ရုပ်ချင်းလက်နှင့်ကိုင်၍ သေသေချာချာရေတွက်လာခဲ့
ကြရာ အလယ်တွင် လာရောက်စုံတွေ့ကြချိန်တွင် . . .

" ဟာ "

" ဟင် . . . ဘယ်လိုဖြစ်တာလဲဟ "

သူတို့အားလုံး အံ့အားသင့်သွားကြသည်။ မျောက်ရုပ်တု(၄၉)





ာက်တွင် အလယ်ကောင်၌ မျောက်ရုပ်တစ်ရုပ်တည်းသာ
ော့သည်။ ထို့ကြောင့် ဦးရဲထီက ဖြတ်၍ဝင်ပြောလိုက်သည်။

" မင်းတို့နှစ်ယောက်စလုံး (၄၉)ရုပ်အရောက်မှာ တစ်ရုပ်ပဲ
ယ်ဆိုတော့ မှားနေပြီထင်တယ်၊ အမှန်က အဲဒီအချိန်မှာ အလယ်
င်မှာ မျောက်ရုပ်နှစ်ရုပ် ကျန်ရှိနေရမှာမဟုတ်လား . . . ဒါမှ
က်ကို(၅၀)နဲ့ နှစ်ဖက်ပေါင်းရင် မျောက်ရုပ်တစ်ရာ ဖြစ်သွားမယ်
အခုဟာက တစ်ဖက်(၄၉)ရုပ်ဆိုတော့ နှစ်ဖက်ပေါင်း(၉၈)ရုပ်
ယ်ကောင်မှာ ကျန်တဲ့မျောက်ရုပ်တစ်ရုပ်နဲ့ဆိုတော့ (၉၉)ရုပ်ပဲရှိ
် အဲဒီတော့ ဒီတစ်ခါ နောက်ကြောင်းပြန်သွားပြီးရေကြည့်မယ် "

မျောက်တစ်ရာပြည့်မပြည့် ရေတွက်ကြည့်နေကြသည့် အုပ်စု
ို့ ကျော့ချကင်းအဲကိုယ်တိုင် စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှု
ည်။ ဦးရဲထီကတော့ ဤမျောက်တစ်ရာရုပ်တုများနှင့်ပတ်သက်၍
ူးနားဝရှိထားသည့်မို့ ခပ်မဆိတ်ပင် ကြည့်နေလိုက်ပါတော့သည်။

မျောက်ရုပ်တုများကို ရေတွက်နေသူနှစ်ဦး၏ အသံက ဝန်းကျင်
ုလုံးကို စိုးမိုးနေလေသည်သို့၊ တစ်ဖြည်းဖြည်းနှင့် လေးဆယ်ကျော်
ပြီမို့ အားလုံး၏အာရုံစူးစိုက်မှုက အသံထွက်ကာ အမှတ်စဉ်ရေတွက်
ူများနှင့် မျောက်ရုပ်တုကြီးများထံတွင်သာ စူးရောက်နေကြသည်။

" လေးဆယ့်ခွန် . . . လေးဆယ့်ခွန် ၊ လေးဆယ့်ရှစ် . . .
ဆယ့်ရှစ် ၊ လေးဆယ့်ကိုး . . . လေးဆယ့်ကိုး။ ငါးဆယ် . . .
ဆယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဟာ . . . ပြည့်တယ်ဟေ့ . . . အကောင်တစ်ရာတိတိပဲ ပြည့်တယ်ကွ "

မည်းမှုပင်အော်ဟစ်နေပါစေ အပြန်ပြန်အလှန်လှန် မျောက်ရုပ်များကို ရေတွက်ကြည့်ကြသည့် ကာယကံရှင်နှစ်ဦးကမူ မျောက်ရုပ် (၉၉)ရုပ်ဖြစ်လိုက်၊ အကောင်တစ်ရာဖြစ်လိုက်နှင့် ရှုပ်ထွေးနေသောကြောင့် ဦးခေါင်းများပင် ထူပူ၍နေပါချေပြီကော။

" ကဲ . . . ကဲ ဘာမှစိတ်ရှုပ်မနေကြနဲ့ ဒီလိုပဲ ငါတို့ဥာဏ်လေး တစ်ထွာတစ်မိုက်လောက်နဲ့ ငါတို့ မသိနားမလည်နိုင်သေးတဲ့ ဝိဇ္ဇာရေ ဂမ္ဘီရပညာရပ်တွေနောက်ကို ဘယ်လိုလုပ်ပြီး လိုက်မှီနိုင်ပါတဲ့လဲ၊ မင်းတို့ ရေတွက်ကြည့်နေတဲ့ မျောက်ရုပ်ကြီးတွေဟာ တစ်ခါ တစ်ခါ (၉၉)ကောင် ဖြစ်လိုက်၊ အကောင်တစ်ရာဖြစ်လိုက်နဲ့ အမှန်မရှိဘူးလို့ ငါကြားဖူးတယ်၊ ဘယ်လိုပဲ တစ်ယောက်ပြီးတစ်ယောက် ပြောင်းပြီးရေတွက်ကြည့်လည်း ဒီလိုပဲ တစ်ရာပြည့်လိုက်၊ ကိုးဆယ့်ကိုးရုပ်ဖြစ်လိုက်နဲ့ ချာချာလည်နေကြမှာပဲ ဦးမှိုင်းရေ "

ဦးရဲထီစကားအဆုံးတွင် ဂျော့ချ်ကင်းဘဲက တစ်စခန်းထလာပြန်ပါ၏။

" **OH** .. မဆိုးကြီး ဒီကိစ္စက ဘယ်လိုဖြစ်တာလဲ၊ ကျွန်ုပ် နားလည်အောင် ရှင်းမပြနိုင်ဘူးလား "

" ရှင်းပြနိုင်ပါတယ် ဒကာကြီး . . . ဒါဟာ အင်မတန်မှ စူးယှနက်ရှိုင်းလှတဲ့ ဝိဇ္ဇာရေဂမ္ဘီရပညာရပ်တွေရဲ့ လျှို့ဝှက်ချက်တွေ





ပေါ့ကွယ် . . . ဟိုဒကာကြီးပြောတာ မှန်တယ် . . . ဒီမျောက်တစ်ရာ စေတီက မျောက်ရုပ်တုကြီးတွေကို ဘယ်လိုပဲရေတွက်ရေတွက် အခုလိုပဲ အကောင်တစ်ရာ ဖြစ်လိုက်၊ ကိုးဆယ့်ကိုးကောင်ဖြစ်လိုက်နဲ့ အတိအကျ ရေတွက်လို့ မရနိုင်ပါဘူး . . . ဒါဟာ မျောက်တစ်ရာစေတီရဲ့ ထူးခြားတဲ့ လျှို့ဝှက်ချက်တစ်ခုပေါ့ . . . ဒါမှလည်း လူတွေက မျောက်တစ်ရာကို ထူးထူးခြားခြားမှတ်မိ နေကြတော့မှာပေါ့ ဒကာကြီးရယ် . . . "

မျောက်ရုပ်ကြီးများကိုကြည့်ကာ စိတ်ဝင်တစား ပြောဆိုနေကြသူများမှာ သူတို့၏နောက်မှ ကြည်လင်ပြတ်သားပြီး သြဇာပြည့်ဝသော စကားသံကြောင့် တုန်လှုပ်ချောက်ချားသွားကြပြီး နောက်ဘက်သို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

" အို . . . ရသေ့ကြီးတစ်ပါးပါလား "

" ဟာ "

" **OH** .. **God** "

ဆံပင်များ တစ်ခေါင်းလုံးဖြူဖွေးနေသည့်အပြင် ရှည်လျားသော မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးဖြူဖြူများကလည်း ရင်ဘတ်ထိတိုင် ကျဆင်းလျက် တောင်ဝှေးတစ်ချောင်းကိုကိုင်ကာ သစ်ခေါက်ဆိုးလျှော်ဧတသင်္ကန်းကို ဆင်မြန်းထားသည့် သူတော်စင်ရသေ့ကြီးတစ်ပါးကို ထူးထူးခြားခြား တွေ့မြင်လိုက်ကြရပါ၏။

အံ့သြဖွယ်ကောင်းလှသော မျောက်ရုပ်တု တစ်ရာကို စိတ်ဝင် တစားနှင့် ကြည့်နေကြသည်မှလည်း . . . ဤသူတော်စင် ရသေ့ကြီး



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာက ဝင်ရောက်လာခဲ့သည်ကို မည်သူမျှ မသိ လိုက်ကြ

ထို့နောက် ဂျော့ချ်ကင်းဘဲ . . . ရစ်ချက်နှင့် ဂေါ်ရခါးတပ်ကြ ကြီးတို့မှလွဲ၍ ကျန်လူစုအားလုံး ရသေ့ကြီးအား ဒူးထောက်ဝပ်တွား၍ ကန်တော့လိုက်ကြသည်။ ထို့နောက် ဦးရဲထီကပင် စတင်၍ ရသေ့ကြီး အား တောင်းပန်စကား လျှောက်ထားလိုက်သည်။

" ခွင့်လွှတ်ပါ ရသေ့ကြီး။ လူသတ်လက်နက်တွေကိုင်ပြီး မျောက်တစ်ရာနယ်မြေထဲကို မျက်စိလည်လမ်းမှားပြီး ရောက်လာကြတဲ့ တပည့်တော်တို့ကို အပြစ်ကခွင့်လွှတ်ပြီး လမ်းပြပေးတော်မူပါ ရသေ့ကြီး"

ဦးရဲထီ၏စကားဆုံးသည်နှင့် ရသေ့ကြီးမှာ သူတို့လူစုရှိရာသို့ လျှောက်လှမ်းလာပြီး . . .

" အော် . . . လူမျိုးဘာသာခြားတွေလည်း မျောက်တစ်ရာ နယ်မြေထဲကို ရောက်လာကြတာပါပဲလား။ အင်း . . . ခက်တာက ဒကာ ကြီးတွေမှာ လောဘ၊ဒေါသ၊မောဟမီးတွေ မငြိမ်းသတ်နိုင်ဘဲ သူတစ်ပါး ရဲ့အသက်တွေကို သတ်ချင်၊ဖြတ်ချင်စိတ်တွေက ကြီးစိုးနေကြတာကလား။ အင်း . . . ပြန်လမ်းကိုတော့ အချိန်တန်ရင် မျောက်ကြီးတွေက လမ်းပြ ပေးကြပါလိမ့်မယ် . . . အခုတော့ မျောက်တစ်ရာ သာသနာ့နယ်မြေကို ရောက်လာကြတဲ့အခိုက်မှာ မျောက်တစ်ရာဘုရားကို ဖူးမျှော်သွားကြဦး မှပေါ့ ဒကာကြီး "

" မှန် . . မှန်ပါ့ဘုရား . . . အဲ . . . တင်ပါ့ဘုရား . . . တပည့်တော်တို့လည်း အဘိုးအဖွားတွေပြောပြချက်အရ မျောက်တစ်ရာ





ဘုရားဆိုတာ သိခဲ့ကြားခဲ့ဖူးပေမယ့် တစ်ကယ်လက်တွေ့မှာ မဖူးရတာ ကြောင့် မျောက်တစ်ရာဆိုတာ ဒဏ္ဍာရီလား . . . ပုံပြင်လား . . . ဒါမှ မဟုတ် တကယ်သမိုင်း အမှန်ပဲလားဆိုတာ ဝေခွဲမရဖြစ်နေမိပါတယ် ဘုရား . . . "

မုဆိုးကြီး တစ်ပွဲစားဦးရဲထီမှာ အခွင့်သာခိုက် 'မျောက်တစ်ရာ ဘုရား' နှင့်ပတ်သက်သမျှ သိရှိနိုင်ခွင့်ရရန် သူတော်စင်ရသေ့ကြီးအား လျှောက်ကြားလိုက်ခြင်းဖြစ်ပါ၏။ တောခေါင်ကြီးဦးမှိုင်းကလည်း သိလို သောဖြင့် ဦးရဲထီအနီးသို့ တိုးကပ်လာခဲ့သည်။

" မှန်တာပေါ့ ဒကာကြီးရယ် . . . ဒါကြောင့်လည်း ဟောဒီ မှိုင်းလှကျွန်းကြီးကို ဒိုးလိုမွှေ ရေလိုနှောက်နိုင်တဲ့ ဒကာကြီးလို တစ်ပွဲ စားတစ်ယောက်ကို ဒီနေရာကိုရောက်အောင် ခေါ်လာခဲ့တာပေါ့ "

" မှန်ပါ . . . တပည့်တော် နားမရှင်းဘူးဘုရား။ တပည့်တော် တောကျွမ်းတဲ့ တစ်ပွဲစားတစ်ယောက်ဖြစ်တာနဲ့ ဒီမျောက်တစ်ရာနယ်မြေ ထဲကို ရောက်လာခဲ့ရတာ ဘယ်လိုများသက်ဆိုင်နေလို့ပါလဲဘုရား "

ဦးရဲထီမှာ ရသေ့ကြီး၏မိန့်မှာစကားအား နားမလည်နိုင်စွာဖြင့် ပြန်လည်၍ မေးမြန်းလျှောက်တင်နေခြင်းဖြစ်ပါ၏။ ဂျော့ချ်ကင်းဘဲကမူ မျောက်ရုပ်တုကြီးများနှင့် မနီးမဝေးတွင်ရှိသည့် ဆယ်ပေနီးပါးခန့်ကျယ် ဝန်းသော ကျောက်သပိတ်အိုင်ကြီးအား ငေးမောစူးစမ်းကာ ကြည့်နေ ပါ၏။

" ကိုင်း . . . မျောက်တစ်ရာစေတီရော မျောက်တစ်ရာသိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအမှန်ကိုရော သိရအောင် ကျူပ်နောက်ကိုသာ ခကာကြီး
လိုက်ခဲ့ကြပေရော့ ''

ပြောပြောဆိုဆိုနှင့် ရသေ့ကြီးမှာ တောင်ဝှေးကို တဒေါက်ဒေါက်
ထောက်ကာ မျောက်ရုပ်ကြီးများ၏ တစ်ဖက်တောင်ကုန်းမြင့်လေးပေါ်သို့
တက်ရောက်သွားပါလေ၏။ ထိုအခါမှ ဦးရဲထီး တောခေါင်းကြီးဦးမှိုင်းနှင့်
ကျော့ချိုကင်းဘဲ့တို့လူစုပါ ရသေ့ကြီးနောက်မှ ထပ်ချပ်မကွာ လိုက်ပါသွား
ကြပါတော့သည်။

မကြာမီ ဦးရဲထီး၏နားထဲတွင် ဆွဲလည်းသံတလွင်လွင်ကို ကြား
လိုက်ရသည်းမို့။ ညနေခင်း လေပြေတဖြူးဖြူးတွင် သာယာညှင်းပြောင်း
ဖွယ် ဆည်းလည်းသံတလွင်လွင်က ကြားရသူအပေါင်း၏ရင်ကို အေး
ငြိမ်းချမ်းသွားစေသည်လား။

♛ ♛ ♛





## အခန်း(၉)

### '' မျောက်တစ်ရာစေတီ၏ သမိုင်းအဖွင့် . . . သို့မဟုတ် . . . ''

မြန်မာသက္ကရာဇ် (၁၁၁၉)ခုနှစ် (ခရစ်နှစ်–၁၇၅၇)ခုနှစ်တွင်
မြန်မာဘုရင် ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားကြီးသည် မြန်မာ
တစ်နိုင်ငံလုံးကို စည်းရုံးသိမ်းပိုက်ထားချိန်တွင် ဟံသာဝတီနေပြည်တော်
တွင်လည်း မွန်ဘုရင် ဗညားဒလ အုပ်ချုပ်စိုးစံနေချိန်ဖြစ်သည်။

ထိုအချိန်တွင် ယခုကျိုက်လက်မြို့နယ်၊ ဘိုကလေးမြို့အကြား
တစ်နေရာတွင် ကျုံတုံးမြို့ဟုခေါ်သော ကြီးကျယ်ခမ်းနားသည့် မွန်မြို့



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်မြို့ရှိခဲ့သည်။ ထိုကျုံ့တုံးမြို့ကြီးသည် ပုသိမ်၊ မြောင်းမြ၊ မုတ္တမ စသော မွန်မြို့ကြီး(၃၂)မြို့တွင်အပါအဝင် မြို့ကြီးတစ်မြို့ဖြစ်ပါ၏။ သို့သော် အလောင်းမင်းတရားကြီးသည် ဟံသာဝတီမင်းနေပြည်တော်ကို အောင်မြင်သောအခါ မွန်ဘုရင်၏လက်အောက်ခံ မြို့စား နယ်စားအချို့သည် မြန်မာဘုရင်လက်အောက်တွင် မနေလိုသဖြင့် မိမိတို့နေထိုင်ရာ မြို့ရွာနယ်ပယ်များကို မြေလှန်ဖျက်ဆီးဖျောက်ဖျက်ကာ မင်းဘေးစစ်ဘေး လွတ်ရာဆီသို့ တိမ်းရှောင်ထွက်ပြေးကြသည်။

ထိုအထဲတွင် ကျုံ့တုံးမြို့ကြီးကို မီးရှို့ဖျက်ဆီးခဲ့ပြီး ပင်လယ်ဝတွင်ရှိသည့် ဒီးဒုတ်ကျွန်းတွင် ယာယီခိုအောင်းလျက်ရှိကြသည်။ ထိုမှတစ်ဆင့် အမတ်ကြီးဗညားဓေယျသည် ကြီးမားလှသော လောင်းလှေကြီးတစ်စင်းပေါ်တွင် ရွှေငွေရတနာပစ္စည်းများနှင့် နောက်လိုက်နောက်ပါခြွေရံသင်းပင်းများကို တင်ဆောင်ကာ သုမထိုက်ချောင်းမှတစ်ဆင့် ဂုံညှင်းတန်းမြစ်စဉ်အတိုင်း အောက်ဖက်သို့ ဆက်လက်စုန်ဆင်းလာခဲ့ကြသည်။

ထိုမှ ရက်အတန်ကြာစုန်ဆင်းလာခဲ့ကြရာ ကျိုက်ပိဘက်မှ ဆင်းလာသော မြစ်တစ်စင်းနှင့် ဂုံညှင်းတန်းမြစ်တို့ဆုံရာ မြစ်စွယ်တစ်ခုတွင် လှေကိုဆိုက်ကပ်စေပြီး ညအိပ်ရပ်နားခဲ့ကြသည်၊ ထိုကဲ့သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့စဉ် မြို့စားကြီးဗညားဓေယျထံတွင် ဓါတ်သားဘုရားသုံးဆူ ပါလာခဲ့ပါ၏။

မှတ်ချက်။ ။ ပထမဦးဆုံး ဓါတ်သားဘုရားတစ်ဆူကို ဘိုကလေးမြို့





အနီးရှိ "ကရုပ်ဆိုင်" ရွာအနီး ဇေတီတစ်ဆူတွင် ဌာပနာတည်ထား၍ (တောင်လက်ျာ)စေတီဟု ဘွဲ့အမည်ပေးခဲ့သည်။ (ဂုံညှင်းတန်းမြစ်ကမ်းနဖူးတွင် တည်ထားခဲ့သည်ဟုလည်း ဆိုကြသည်။)

ထိုကဲ့သို့ မြစ်နှစ်သွယ်ပေါင်းဆုံရာဒေသတွင် ညအိပ်ရပ်နားစဉ် မြို့စားကြီးဗညားဓေယျ၏ စိတ်အာရုံတွင် စေတီတစ်ဆူတည်ရန် ဆန္ဒရှိသောသဖြင့် မိမိပါလာသည့် ရတနာပစ္စည်းအချို့နှင့် ဒုတိယမြောက်ဓါတ်သားဘုရားတစ်ဆူကို ဌာပနာပြုကာ စေတီတစ်ဆူတည်ပြီးနောက် 'အောင်စကြာ' စေတီဟု ဘွဲ့မည်ခေါ်ဝေါ်သမုတ်ခဲ့ပါ၏။

ထိုမြစ်နှစ်သွယ်ပေါင်းဆုံရာဒေသတွင်လည်း မြေနေရာအကျယ်အဝန်း တည်ရာဌာနနှင့် ပတ်ဝန်းကျင်အနေအထားကိုပါ မြို့စားကြီးကသဘောကျနှစ်ခြိုက်သွားသဖြင့် သူ၏လက်အောက်မှ ရေတပ်ဗိုလ်ကလေးတစ်ဦးနှင့် နောက်လိုက်နောက်ပါတစ်ချို့ကို ထားရစ်ခဲ့ကာ မြို့ရွာတည်စေပြီး အခြေချနေထိုင်စေခဲ့သည်။

မှတ်ချက်။ ။ ထိုနေရာကို ရေတပ်ဗိုလ်ကလေး၏အမည်ကို အစွဲပြုကာ 'ဗိုလ်ကလေးမြို့' ဟုပင် မှည့်ခေါ်လာခဲ့ရာမှ ယခုအခါတွင် 'ဘိုကလေးမြို့' ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

ထိုမှတစ်ဆင့် မြို့စားကြီးဗညားဓေယျသည် အောက်ဖက်သို့ ဆက်လက်၍ စုန်ဆင်းလာခဲ့ကြရာ ရေကြည်ရာမြက်နုရာဒေသများတွင်



www.burmeseclassic.com

www.burmeseclassic.com



သူ၏နောက်လိုက်နောက်ပါအချို့မှာ နေရစ်ခဲ့ကြသည်၊ ထိုရွာများကို မွန်ဘာသာဖြင့် အမည်ပေးခဲ့သည်။ 'ကပွနန်း' ဟူသောရွာမှာ မွန်အမည်ဖြစ်ပြီး မြန်မာပြန်ဆိုလျှင် စစ်သားတည်သောရွာဟု အဓိပ္ပါယ်ရသည်။

မြို့စားကြီးဗညားဓေယျမှာ မြစ်ကြောင်းအတိုင်းစုန်ဆင်းလာခဲ့ရာ ကျွန်းညိုယခင် ဦးရှင်ကြီးနတ်၏ အဓိကနေရာဖြစ်သော 'ကျွန်းညိုကြီး' ကို ကျော်လွန်၍ ဖောင်ဝင်မြစ်ထိတိုင် ရောက်ရှိလာခဲ့ကြပါ၏။ ထိုမှတစ်ဆင့် ပင်လယ်ဘက်သို့သွားရာ အရှေ့ဘက်ဆီသို့ ဦးတည်ဆင်းလာကြပြီး ထော်ဆီထော်ပိုင်ချောင်းသို့ ရောက်ရှိလာကြသောအခါ စိမ်းလန်းစိုပြေသော ကျွန်းမြေ၊ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ရှုမောဖွယ်နေရာအခင်းဖြစ်သဖြင့် အတွင်းဘက်ထိုတိုင် တိုးဝင်ကာ စခန်းချနေထိုင်ခဲ့ကြပါတော့သည်။

မှတ်ချက်။ ။ ယခုထက်တိုင် ထိုနေရာတစ်ဝိုက်တွင် မြို့စားကြီးဗညားဓေယျ၏ နောက်လိုက်အခြွေအရံများ စိုက်ပျိုးသွားကြသော ကွမ်းပင်၊ ရေတံကောင်းပင်၊ ဒညင်းပင်၊ ပိန္နဲပင်၊ သရက်ပင်များရှိနေပြီး မြို့စားကြီးစီးခဲ့သော လောင်းလှေကြီးကို ယခုထက်တိုင် အထင်ကရမြင်တွေ့နိုင်ပါသေးသည်။ သဲနွံအတွင်းဝယ် ပေါ်ထွက်နေသည့် လောင်းလှေကြီး၏ ဦးပိုင်းမှာ လူလေးငါးယောက် ဝိုင်းဖွဲ့၍ထိုင်နိုင်သည်အထိ ကြီးမားကျယ်ပြန့်လှပေ၏။

သူရဲကောင်းစာပေ



မြို့စားကြီးဗညားဓေယျသည် ထိုနေရာတွင် အခြေချနေထိုင်ခဲ့ပြီး နောက်ဆုံး တတိယမြောက် ဓါတ်သားဘုရားတစ်ဆူကို မိန်းမလှကျွန်းပေါ်တွင် စေတီတစ်ဆူတည်ထားပြီး ထိုစေတီတွင် ဌာပနာအဖြစ်ပူဇော်လှူဒါန်းခဲ့သည်။ ထိုစေတီကိုလည်း စေတီဝန်းကျင်တွင်ရှိသော မျောက်သားဖြင့်ထုဆစ်ထားသည့် 'မျောက်ရုပ်တစ်ရာကို အစွဲပြု၍ 'မျောက်တစ်ရာစေတီတော်' ဟု ဘွဲ့အမည်တွင်စေခဲ့သည်၊ ရှေးမှီနောက်မှီ သက်ကြီးရွယ်အို အဘိုးအဘွား၏ ပြောစကားများအရဆိုလျှင် ဘိုကလေးမြို့နယ်အတွင်း၌ မြို့စားကြီးဗညားဓေယျကိုးကွယ်ခဲ့သော ဓါတ်သားဘုရားသုံးဆူကို ဌာပနာ၍တည်ထားခဲ့သော ဘုရားသုံးဆူရှိသည်ဟု ဆိုကြပါ၏၊

ထိုဘုရားသုံးဆူမှာ အော်စကြာ၊ တောင်လက်ျာ၊ မျောက်တစ်ရာစေတီတော်တို့ ဖြစ်ကြသည်ဟု ဆိုကြသည်။

မြို့စားကြီးဗညားဓေယျ နတ်ရွာစံပြီးနောက်တွင် မျိုးမတ်ပညာရှိများ၊ ဗိုလ်မှူးဗိုလ်လေးများနှင့် နောက်လိုက်နောက်ပါ အခြွေအရံများသည် နယ်မြေတိုးချဲ့ကြရင်း ရေကြည်ရာမြက်နုရာအရပ်ဒေသများသို့ ရွှေ့ပြောင်းအခြေချနေထိုင်ခဲ့ကြလေသည်။ ထိုဒေသများမှာ အမာရွာ၊ အေးရာရွာ၊ ကဒုံကနီရွာများနှင့် အနီးတစ်ဝိုက်တွင် အများအပြားလာရောက်နေထိုင်ခဲ့ကြလေသည်။

☪ ☪ ☪ ☪ ☪ ☪

မျောက်တစ်ရာစေတီမှ ဆွဲလည်း လှုပ်ခတ်သံလေးများက

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လေပြည်စီးကြောင်းထဲတွင် တချွင်ချွင်နှင့် ငြိမ့်ညောင်းသော ခေါင်းလောင်းသံ ပဒွင်တစ်ပုဒ်ကို သီဆိုနေသည်သို့ . . .။ ဦးရဲထီး၊ ဦးမှိုင်းနှင့် ကျောင်းကြီး ကင်းဘဲတို့လူစုမှာ သူတော်စင်ရသေ့ကြီးပြောပြနေသည့် မျောက်တစ်ရာ ဘုရားသမိုင်းကြောင်းကို စိတ်ဝင်တစားနားထောင်နေကြသည်။

" ဒါးဆိုရင် ဟောဒီမိန်းမလှကျွန်းပေါ်က မျောက်တစ်ရာစေတီတော်ဟာ မြို့စားကြီးဗညားဓမ္မ တည်ထားကိုးကွယ်ခဲ့တာပေါ့ဘုရား"

" မှန်တာပေါ့ ဒကာကြီး . . . မြို့စားကြီးရဲ့နောက်လိုက်နောက်ပါ တွေဟာ အဲဒီလို ရေကြည်ရာမြက်နုရာ နယ်မြေဒေသတွေကို ထွက်ခွာ သွားလေတော့ ကျွန်းပေါ်မှာ လူနည်းနည်းပဲ ကျန်ရစ်တော့တယ်၊ အဲဒီ ကျန်ရစ်ခဲ့တဲ့လူတွေက သူတို့ရဲ့ရတနာပစ္စည်းတွေကို မျောက်တစ်ရာစေတီ မှာ လှူဒါန်းခဲ့ကြတယ်။ သူတို့ကွယ်လွန်သွားကြတဲ့အခါ သူတို့ရဲ့မျိုးဆက် တွေ မကျန်ရစ်ခဲ့ကြဘဲ ဘုရားကိုလှူဒါန်းထားခဲ့တဲ့ ရတနာပစ္စည်းတွေပဲ ကျန်ရစ်ခဲ့တယ်၊ အဲဒါကြောင့် သေလွန်ခဲ့တဲ့သူတစ်ချို့ဟာ သူတို့လှူဒါန်း ခဲ့ကြတဲ့ ရတနာပစ္စည်းတွေကို မသမာသူ လောဘသားတွေလက်ထဲ ရောက်သွားမှာစိုးရိမ်စွဲလန်းပြီး ဘုရားမှာ အစောင့်အရှောက်တွေဖြစ်နေ ခဲ့ကြတယ်၊ အဲဒီပုဂ္ဂိုလ်တွေကပဲ မျောက်တစ်ရာစေတီတော်ကို စောင့် ရှောက်နေကြရတယ် "

" ဒါကြောင့် တောထဲမှာ ကျွန်းပေါ်မှာ မျက်စိလည်လမ်းမှားတဲ့ သူတွေကို ဟောဒီမျောက်ရုပ်တစ်ရာနဲ့ ကြုံတွေ့ရအောင် ဖန်တီးခဲ့ကြ တယ်၊ မျောက်ရုပ်ကြီးတွေကိုလည်း လူတွေပိုပြီးစိတ်ဝင်စားလာအောင်





ကျရေတွက်လို့မရအောင် သူတို့ရဲ့အစီအမံတွေနဲ့ စီစဉ်ပြုလုပ်ထား ကြတယ်၊ အဲဒီလိုနဲ့ မျောက်ရုပ်ကြီးတွေကို စိတ်ဝင်စားလာကြရာကနေ စေတီတော်ကိုလည်း စိတ်ဝင်စားလာကြပြီး စေတီတော်ဟာ တန်ခိုးကြီး လာခဲ့မယ်၊ အဲဒါကြောင့် ဒကာကြီးတို့ကို ဒီကိုရောက်အောင်ခေါ်ယူလိုက် တာပဲ "

" တင်ပဲ့ဘုရား ဒါပေမဲ့ တပည့်တော်တို့ ဒီကိုရောက်လာကြတာ နဲ့ မျောက်တစ်ရာဘုရားက ဘယ်လိုတန်ခိုးကြီးလာနိုင်မှာတဲ့လဲဘုရား"

ဦးရဲထီးက နားမလည်နိုင်စွာဖြင့် ရသေ့ကြီးအားမေးမြန်းလျှောက် တင်လိုက်သည်။ ထိုအခါမှ သက်နုက်ရေပေါ်တွင် တင်ပလ္လင်ခွေထိုင်၍ မျက်လွှာချထားသည့် ရသေ့ကြီးမှာ မျက်လုံးဖွင့်လာပြီး ဦးရဲထီးကို စေ့စေ့ ကြည့်ကာ . . .

" အင်း . . . . ဒကာကြီးလည်း အသိတရားရပြီး လှုပ်ရှိန်တန်ပြီ လေ၊ နောက်ပြီး တောတစ်ပွဲစားကြီးဆိုပြီး ဘွဲ့မည်ရထား တဲ့ ဒကာကြီးလို လူတစ်ယောက်တောင် မျက်စိလည်လမ်းမှားပြီး ဒီကို ရောက်လာခဲ့တယ်ဆိုရင် ကျန်တဲ့ရွာသူရွာသားတွေက ပိုပြီးစိတ်ဝင်စားလာ ကြမှာပေါ့၊ ဒကာ ကြီးရဲ့ တစ်ပွဲစားရထားတဲ့ လူတစ်ယောက်ကပြန်ပြောတဲ့ မျောက်တစ်ရာ စေတီတော်ကို သူတို့အလေးထားကြမယ်၊ စိတ်ဝင်စားလာ ကြမယ်။ သူတို့ (ပုဂ္ဂိုလ်)လိုချင်တာက ဒါပါပဲကွယ် "

" ကိုင်း . . . ရောက်တုန်းရောက်ခိုက် မျောက်တစ်ရာစေတီကို အားပါးတရသာဖူးကြပေတော့၊ ဟိုမှာလည်း စိတ်ပူနေမဲ့သူတွေက ပူ



www.burmeseclassic.com

www.burmeseclassic.com



ရော့မယ်၊ အင်း. . .ရက်ကလည်း တော်တော်လေးကြာသွားခဲ့တာကိုး”

ဦးရဲထိတို့လူစု မျောက်တစ်ရာစေတီတော်အား စိတ်ကြည်နူးစွာနှင့် ဖူးမြော်လိုက်ကြသည်။ ခွဲလည်းသံတလွင်လွင် ရွှေရောင်တဝင်းဝင်းနှင့် လွန်စွာမှဖူး၍မဝနိုင်လောက်အောင် သပ္ပါယ်ကြည်နူးဖွယ်ကောင်းလှသော ဤစေတီတော်သည် အဘယ်သို့သော အကြောင်းတရားများကြောင့် တောနက်ခေါင်ခေါင်ထဲတွင် လျှို့ဝှက်စွာတည်ရှိနေရပါသနည်း။

သို့သော်. . .မကြာမီ ထိုအဖြေကို ဦးရဲထိတို့ သိရှိလိုက်ရပါသည်။ မျောက်တစ်ရာစေတီတော်၏ မုခ်ဝထဲသို့ဝင်လိုက်သည်နှင့် အရောင်တဖျတ်ဖျတ်ပေါင်းလက်နေသည့် ဉာဏ်တော် တစ်တောင်သာသာခန့်ရှိသော မြဘုရားသုံးဆူကို အံ့သြဖွယ်ဖူးတွေ့လိုက်ရပါတော့သည်။

“**OH .. God** ဘုရားသခင် ဒီဆင်းတုတော်တွေက အင်မတန်တန်ဖိုးကြီးတဲ့ ‘မြ’ ရတနာအစစ်တွေနဲ့ ထုဆစ်ထားတာပါလား ”

ဂျော့ချ်ကင်းဘဲ၊ ရစ်ချက်နှင့် ဂေါ်ရခါးစစ်သားကြီးတို့ သုံးယောက်သား သပ္ပါယ်ကြည်ညိုဖွယ်ရာကောင်းလှသော ‘မြ’ ဘုရားသုံးဆူကို လောဘရောင်ဖုံးလွှမ်းနေသည့် မျက်လုံးအစုံနှင့် တဝမက်မိန်းမူးစွာ အနီးကပ်လေ့လာနေကြပါသည်။ ဦးရဲထိတို့လူစုကမူ မျောက်တစ်ရာပုရဝုဏ်ထဲတွင် လှည့်ပတ်ဖူးမြော်ကြရင်း ရသေ့ကြီး၏နောက်ဆုံးစကားကို ဘဝင်မကျသလို ဖြစ်နေခဲ့ပါ၏။

“ ငါတို့တောထဲဝင်ခဲ့တာ ဒီနေ့ညမိုးလင်းမှ နှစ်ရက်ပဲရှိဦးမယ်၊ ရသေ့ကြီးက ဘာဖြစ်လို့ ရက်တွေတော်တော်ကြာခဲ့ပြီလို့ ပြောရတာလဲ





ကြာတ်သေးဘူးနဲ့တူတယ်၊ တစ်နေရာရာမှာ တစ်ခုခုတော့ မှားနေပြီထင်တယ် ”

ထိုအချိန်တွင် သူတော်စင်ရသေ့ကြီးက ဦးရဲထိတို့အား မျောက်တစ်ရာစေတီနှင့်မနီးမဝေး သစ်ပင်အုပ်စုများ ပေါက်ရောက်နေသည့်အနီးမှ ဆယ်ပေပတ်လည်ခန့်ရှိသည့် ရေအိုင်ငယ်လေးဆီသို့ ခေါ်လာခဲ့သည်။

“ ဟောဒါ ‘ကျောက်သပိတ်အိုင်’ လို့ခေါ်တယ်၊ မြို့စားကြီးညားဖေယျရဲ့လက်အောက်က ပညာရှိမှူးမတ်တွေ စီရင်ခဲ့တာပေါ့။ ကဲ ဒကာကြီး. . . အဲဒီရေအိုင်ထဲကရေကို ခပ်ပြီးသောက်ကြည့်စမ်း ”

ရသေ့ကြီး၏နိုင်းစေမှုကြောင့် ဦးရဲထိနှင့်ဦးမှိုင်းမှာ လက်ခုပ်နှင့်ခံယူ၍ သောက်ကြည့်လိုက်ကြသည်။

“ အား. . . ဖွီး. . . ဖူး ”

“ ဖွီး. . . ဖွီး. . . အိုး. . . ရေကလည်း ခါးရှုရှုစပ်ရှိန်းရှိန်းကြီးနဲ့ ဘယ်လိုရေတွေလည်းမသိဘူး ”

ဦးရဲထိနှင့်ဦးမှိုင်းမှာ ပါးစပ်ထဲမှရေများကို တဖွီးဖွီးနှင့်ထွေးထုတ်ရင်း ရေမှာသောက်၍မရအောင် ခါးသက်ပူရှိန်းလှကြောင်း ရသေ့ကြီးအား ပြောဆိုလိုက်သည်။ ရသေ့ကြီးက ဦးရဲထိတို့အား ဘာမှမပြောဘဲ အနီးရှိ ဝါးကျည်တောက်ထဲမှရေကို ဝါးဆစ်ခွက်တစ်ခုတွင်ထည့်ကာ ဦးရဲထိတို့အား ကမ်းပေးလိုက်ပြန်သည်။

“ ကိုင်းကွယ်. . . ဒါဆိုရင် ဒီရေကိုလည်း သောက်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး ''

သည့်တစ်ကြိမ်တော့ ဦးရဲထီတို့မှာ ရသေ့ကြီးပေးသောရေကို ခပ်ရွှံရွံ့ဖြင့် သောက်လိုက်ကြသည်။ လည်ချောင်းတလျှောက် အေးစိမ့်စိမ့်နှင့်ဖြတ်ကျော်သွားပြီး ရင်တွင်းထိတိုင် စိမ့်အေးသွားသည့် ရေ၏ထူးကဲသောအရသာကြောင့် နှစ်ယောက်သား စကားမပြန်နိုင်အောင် ရှိနေပါတော့သည်။

'' ဘယ်လိုလဲ. . .ဒကာကြီးတို့ ဒီတစ်ခါတော့ ဘာသံမှမထွက်ကြတော့ပါလား။ အမှန်တော့ အဲဒီဝါးကျည်တောက်ထဲကရေဟာလည်း စောစောက ဒကာကြီးတို့သောက်ခဲ့တဲ့ ဒီရေအိုင်ကြီးထဲကရေနဲ့ အတူတူပါပဲ။ အိမ်း. . .တစ်ခုတော့ရှိတာပေါ့ကွယ်၊ ရေအိုင်ထဲကရေကို ခပ်ယူကြတဲ့အချိန်ကတော့ မတူဘူးပေါ့ ''

'' တင်ပါ့ဘုရား. . .ရသေ့ကြီးပြောတာကို တပည့်တော်တို့ နားမလည်နိုင်ဘူးဖြစ်နေတယ်ဘုရား။ နောက်ပြီး ရေအိုင်ထဲကရေကတော့ ဘယ်လိုမှသောက်လို့မရအောင် ခါးသက်ပူရှိန်းနေပြီး ဟို. . . ဝါး ကျည်တောက်နဲ့ခပ်ထားတဲ့ရေကျတော့ ဘာဖြစ်လို့ အရသာပြောင်းသွား ရတာပါလဲဘုရား ''

'' အင်း. . .အဲဒါကတော့ မြို့စားကြီးရဲ့လက်အောက်က မှူးမတ်ပညာရှိကြီးတွေရဲ့ အစီအရင်တွေနဲ့ပြုလုပ်ခဲ့တဲ့ ရေအိုင်ကြီးဖြစ်နေလို့ပဲကွယ့်၊ အဲဒီရေအိုင်ထဲကို စီရင်ထားတဲ့၊ သူရဿတီခါတ်သွင်းထားတဲ့ ဓါတ်လုံးရယ်၊ စန္ဒြာဓါတ်သွင်းထားတဲ့ ဓါတ်လုံးရယ် ဓါတ်လုံးနှစ်လုံး





ထည့်ထားခဲ့ကြတယ်။ အင်း. . .ဒကာကြီးတို့ကို ရှင်းအောင်ပြောပြရမယ်ဆိုရင် သူရဿတီခါတ်က နေဓါတ်၊ စန္ဒြာဓါတ်က လ,ဓါတ်၊ အပူဓါတ်နဲ့ အအေးဓါတ်ပေါ့၊ ဒီရေအိုင်ထဲကရေကို သောက်ရင် ရောဂါဘယ ကင်းရှင်းတယ်၊ ဘာကြောင့်လဲဆိုတော့ . . . လူ့ရဲ့ခန္ဓာကိုယ်ထဲမှာ ဓါတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတယ်ဆိုပေမယ့် အဓိက အပူဓါတ်နဲ့ အအေးဓါတ်ပဲ မဟုတ်လား . . . အဲဒီရေအိုင်ထဲက ရေတွေဟာ လပြည့်လကွယ်ရက်တွေမှာ လရောင်နဲ့ တိုက်ရိုက်ထိတွေ့တဲ့အခါ (လမွန်းတည့်) ရေတွေဆူပွက်လာလေ့ရှိတယ်၊ အဲဒီအချိန်မှာ . . ရေအိုင်ထဲက ရေရဲ့သတ္တိဟာ မူလ(ပူရှိန်းသက်)ဓါတ် ပျက်စီးသွားပြီး အေးစိမ့်တဲ့ အရသာဓါတ်ကို ဖြစ်ပေါ်လာစေတယ်၊ သည့်ထက် ရှင်းအောင်ပြောရရင် ရေအိုင်ထဲက ရေဟာ လပြည့်ည လမွန်းတည့်တဲ့အချိန်မှာ လရောင်နဲ့ တိုက်ရိုက်ထိတွေ့ခွင့်ရလိုက်တာနဲ့ စန္ဒြာဓါတ်က ကြွတက်လာခဲ့ပြီး၊ နေရောင်နဲ့တိုက်ရိုက်ထိတွေ့ခဲ့ရင် (နေမွန်းတည့်)သူရဿတီဓါတ်က ကြွတက်လာပြီး ရေတွေ ဆူပွက်လှုပ်ခတ်လာလေ့ရှိတယ်၊ အဲဒီအချိန်မှာ အဲဒီရေကို သောက်ရင် အေးစိမ့်နွေးထွေးတဲ့အရသာသစ်နဲ့ ဘာရောဂါမဆို ကာကွယ်တားဆီးနိုင်တယ်၊ အပူကြောင့်ဖြစ်တဲ့ ရောဂါဆိုရင် အအေးနဲ့ငြိမ်းပြီး၊ အအေးကြောင့်ဖြစ်တဲ့ရောဂါဆိုရင် အပူနဲ့ငြိမ်း လိုက်ရုံပါပဲ။ ဝါးကျည်တောက်ထဲကရေက စန္ဒြာဓါတ်ပြုတဲ့အချိန် (လပြည့်ညလမွန်းတည့်)မှာ ခပ်ယူထားတဲ့ရေမို့ ဒကာကြီးတို့ လွယ်လင့်တကူ သောက်လို့ရတာပေါ့ကွယ် . . . ''



www.burmeseclassic.com

www.burmeseclassic.com



" ကိုင်း. . . ကိုင်း ဒီလောက်ဆိုရင် မျောက်တစ်ရာစေတီက သာသနာ့နယ်မြေအကြောင်း စုံစုံလင်လင်သိကြပြီပေါ့ကွယ်၊ အချိန်တွေလည်း တော်တော်လင့်နေပြီ၊ ဟိုမှာ မျောက်ကြီးတွေလည်း ဒကာကြီးတို့ကို လမ်းပြပေးဖို့ အဆင်သင့်ဖြစ်နေကြပြီ. . . ကဲ ဒီက ဒကာကြီးတစ်ပွဲစားကြီးကိုတော့ ကျုပ်အသေအချာမှာလိုက်ဦးမယ် 'အသေမဦးခင် ဉာဏ်ဦးအောင်လုပ်ဖို့ အချိန်ကျနေပြီဆိုတာ မမေ့နဲ့ ဒကာကြီး' ကဲ. . ကဲ. . သွားကြပေဦးတော့ကွယ် "

ဦးရဲထီတို့လူစုမှာ သူတော်စင်ရသေ့ကြီးအား ရိုသေစွာကန်တော့လိုက်ကြသည်။ ထို့နောက် ရသေ့ကြီးညွှန်ပြခဲ့သည့် ရေမမျောက်ကြီးများနှင့်အတူ စိတ်ဝင်စားဖွယ်၊ မယုံကြည်နိုင်ဖွယ်၊ ထူးဆန်းအံ့သြဖွယ်ရာကောင်းလှသော မျောက်တစ်ရာနယ်မြေမှ ကျောခိုင်းကာ ထွက်လာခဲ့ကြပါတော့သည်။

တစ်နာရီကျော်ကျော်ခန့် လျှောက်မိကြသောအခါ မျောက်တစ်ရာဝဲကြီး၏ အော်သံများနှင့် လှိုင်းရိုက်သံများကို ကြားလာခဲ့ရသည်။ အသံကြားရာသို့ အားတက်သရောနှင့် ထွက်လာကြတော့ မြစ်ဆိပ်သို့သွားသော လမ်းဖုံဖုံလေးကို အံ့သြဖွယ်ရာမြင်တွေ့လိုက်ကြရပါတော့သည်။ ထိုအချိန်တွင် ရှေ့မှလမ်းပြနေသည့် မျောက်ကြီးသုံးကောင်မှာ သူတို့မျက်စိရှေ့မှာပင် ထူးဆန်းစွာ ပျောက်ခြင်းမလှပျောက်သွားကြပါလေတော့သည်။

♛ ♛ ♛

သူရဲကောင်းစာပေ



## အခန်း(၁၀)

## " တစ်ပွဲစားဦးရဲထီ၏ နိဂုံးတရား "

ညနေခင်းဆည်းဆာ လေပြည်ရှူးက ဟိုမှသည်မှ ဝေ့ဝဲတိုက်ခတ်လျက်ရှိသည်။ လေရှူးကြောင့် ဘိုးဇာဂရ၏ တဲခေါင်မိုးထက်မှ သစ်ရွက်ခြောက်တစ်ချို့ တရှဲရှဲနှင့် လွင့်ပျံသွားကြပါ၏။ ဘိုးဇာဂရ၏ ဝါးတဲအိမ်လေးထဲမှာတော့ မြေးဖြစ်သူ မင်းမောင်အပါအဝင် မှုဆိုးကျော်စိန်ဘန်း၊ မွန်ထော်နှင့် ရွာခံလူကြီးတစ်ချို့က ဘိုးဇာဂရပြောပြနေသည့် တရံရောအခါက မျောက်တစ်ရာရှင်းတမ်းတစ်ခုကို စိတ်ဝင်တစားစားထောင်လျက်. . .

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ထူးတာက ငါ့အဘိုးတစ်ပွဲစားကြီးကတော့ အဲဒီမျောက်တစ်ရာစေတီက ပြန်ရောက်လာကတည်းက သူ့ရဲ့ယုန်ထောင်တဲ့ပိုက်တွေ၊ ဒူးလေးကြီးတွေနဲ့ သူအငှဲမတန်သဘောကျတဲ့ နှလုံးပြူးသေနတ်ကြီးကိုပါ ရိုက်ချိုးဖျက်ဆီးပစ်လိုက်တယ်၊ နောက်ပြီး သူ့အိမ်မှာရှိတဲ့ အမဲလိုက်ခွေးသုံးကောင်ကိုလည်း ဘုန်းကြီးကျောင်းကို လှူပစ်လိုက်တယ်။ တစ်ရွာလုံးက သူ့ကိုရူးသွားပြီလို့တောင် ထင်နေကြတာ၊ မိန်းမလှကျွန်းကြီးရဲ့ တောကြီးထဲက ဥစ္စာစောင့်မလေးတွေနဲ့တွေ့ပြီး ရူးသွားတာလို့ ပြောလို့ပြောနဲ့ နောက်ဆုံး ရွာဦးကျောင်းဆရာတော်ကြီးဆီမှာ သီလတွေဘာတွေ ဆောက်တည်ပြီး ဘုန်းကြီးဝတ်သွားတော့မှပဲ တောပြောတောင်ပြောတွေ ရပ်သွားကြတော့တယ် "

" အေး . . . ခက်တာက ဟိုသစ်တောအရာရှိ မျက်နှာဖြူကောင်တွေပဲကွယ့်၊ သူတို့အုပ်စုက မျောက်တစ်ရာစေတီကို နောက်တစ်ကြော့ပြန်သွားကြဖို့ ကျိတ်ပြီးစီစဉ်ကြတယ်လေ။ ဒီမှာတင် လောဘမသတ်နိုင်တဲ့ တောခေါင်းကြီးမောင်မှိုင်းနဲ့ပေါင်းပြီး နောက်တော့ မျောက်တစ်ရာစေတီကို သွားပြီးရှာကြတယ်လို့ ကြားရတော့တာပဲဟေ့ "

ထိုနေရာတွင် ဘိုးဇာဂရက စကားကိုဖြတ်ကာ မီးသေသွားပြီဖြစ်သည့် ဝါးဆေးတံကြီးတွင် ဆေးတစ်ဆုံထပ်ဖြည့်ကာ မီးညှိရှိုက်ဖွာနေပြန်ပါ၏။ မျောက်တစ်ရာ၏ဇာတ်သိမ်းခန်းကို သိလိုလှပြီဖြစ်သော စိန်ဘန်းတို့လူစုမှာ ပါးစပ်တပြင်ပြင်နှင့်။

" ဆက် . . ဆက်ပြောပါ အဘိုးဇာဂရ ဒီ . . ဒီမျက်နှာဖြူတွေ





. . ဘာဖြစ်သွားကြသေးလဲ၊ ဟိုမျောက်ကြီးလက်ထဲက ပတ္တမြားရော ရသွားကြလား . . . ဟင် "

" ဟဲ့ . . . ဘာ့ကြောင့်လောနေရတာလဲ ဒီမှာ ဆေးတံလေး ...ဖွာနှစ်ဖွာလောက် သောက်စမ်းပါရစေဦး စိန်ဘန်းရယ် . . . ပြောပြမှာ ... အထူးသဖြင့် မင်းတို့လို တွေ့တာထိုးတာအောက်ကနုလုပ်တတ်တဲ့သူတွေ ...သင်ခန်းစာယူနိုင်အောင် ပြောပြနေရတာ "

ဘိုးဇာဂရက စိန်ဘန်းနှင့်မှန်ထော်တို့အား ရည်ရွယ်၍ ပြောဆို...ခြင်းဖြစ်သည်။

ရွာ၏ သက်ကြီးဝါကြီး အစစအရာရာ မကောင်းမြစ်တား...င်းရာညွှန်လက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးမို့ ဘိုးဇာဂရ၏ စကားကို ...သူမျှ အတွန့်မတက်ရဲကြပေ။

" အင်း . . . ကိုယ်ဘယ်လိုမှမယုံနိုင်တဲ့ တိုက်ပွဲတစ်ပွဲကို ...ပြီးတိုက်ခိုက်ရသလိုပဲပေါ့၊ ဒါမျိုးတွေက မြင်အပ်မမြင်အပ်ဆိုတဲ့ ...တွေရှိတယ်၊ နောက်ပြီး ရှေးပညာရှိတွေရဲ့ ဝိဇ္ဇာရေကျိုး အစီအရင် ...နဲ့ဆိုတော့ အင်း . . . ဘယ်လိုဖြစ်ကြတယ်မသိပါဘူး။ မျက်နှာဖြူအရာ ... သူ့ရဲ့တူတော်မောင်က တစ်ယောက်နဲ့တစ်ယောက် သေနတ်တွေနဲ့ ...ပြန်အလှန်ပစ်ခတ်လို့ တောထဲမှာတင်သေဆုံးခဲ့ကြပြီး ဟိုဂေါ်ရခါး...သားကတော့ မိကျောင်းကိုက်လို့ သေဆုံးသွားခဲ့တယ်၊ နောက်ပြီး ...တောခေါင်းကြီးမောင်မှိုင်းကတော့ ရူးကြောင်ကြောင်နဲ့ အော်ဟစ်ပြေးလွှား...က မျောက်တစ်ရာဝဲကြီးထဲကျပြီး အလောင်းတောင်ရှာလို့မရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဆိုးကြီးတွေနဲ့ ကြုံတွေ့ခဲ့ရတယ်လေ။ ဒီအကြောင်းတွေကို ထွက်ပြေး
လာကြတဲ့ အလုပ်သမားတွေထဲက မသေဘဲကျန်ရစ်ခဲ့တဲ့ ရွာသားတစ်
ယောက်ကပြောပြလို့ သိခဲ့ရတဲ့ကိစ္စတွေပေါ့ကွယ်။ အင်း. . .ဘာပဲဖြစ်ဖြစ်
မတော်မတရားတဲ့ လောဘစိတ်ကိုအခြေခံပြီးလုပ်ရင် နောက်ဆုံးပျက်စီး
တတ်တယ်ဆိုတဲ့ သဘောတရားကို ပြလိုက်တာပဲပေါ့ ''

ဘိုးဇာဂရက ရှေ့မီနောက်မီ လူကြီးပီပီ မဖြစ်သင့်တာမဖြစ်
ရလေအောင် သူ၏အဘိုးဖြစ်သူ တစ်ပွဲစားဦးထီး၏အကြောင်းကိုပါ အခြေ
ခံလျက် မျောက်တစ်ရာစေတီ၏ သမိုင်းကြောင်းတစ်ချို့နှင့် ယှဉ်တွဲ၍
ပြောပြနေခြင်းဖြစ်သည်။

'' ဒါနဲ့ နေပါဦး ဘိုးဇာဂရဲ့. . .ဟိုနေရာမှာ သိပ်နားမရှင်းလို့
တစ်ပွဲစားကြီးဦးရဲထီတို့လူစု တကယ်သိနေတာက တောထဲမှာ(၂)ရက်
ထဲလို့ သိနေကြတာ၊ အဲဒါကို မျောက်တစ်ရာနယ်မြေထဲက ရေသုံ့ကြီးဆီကို
ရောက်သွားတော့မှ တောထဲမှာ ငါးရက်ခြောက်ရက်လောက်ဖြစ်နေတာ
ရယ်၊ ရွာကိုပြန်ရောက်ကြတော့လည်း တောထဲမှာ(၇)ရက်တိတိ ကြာတယ်
ဆိုတော့ ဒီရက်အချိန်တွေကွာဟသွားတာတွေက ဘယ်လိုသဘောလဲဆိုတာ
ရှင်းပြနိုင်ပါ့မလား ဘိုးဇာဂရ ''

'' အင်း. . .တောတောင်ဆိုတာ မာယာပဥ္စလက်တွေအများ
သား၊ တစ်ချို့ကိစ္စတွေဟာ ဆက်စပ်တွေးယူလို့ရပေမယ့် တစ်ချို့ဟာတွေ
ကျတော့ ငါတို့ဉာဏ်နဲ့မမီတာတွေရှိတယ်၊ အခု. . .နင်မေးတဲ့ကိစ္စကျ
တော့ ကာယကံရှင်တွေတောင် နားမလည်နိုင်ကြတဲ့ ကိစ္စကြီးကွယ့်၊

သူရဲကောင်းစာပေ



ဆိုလိုရင်ပြောရရင်တော့ ဒါတွေဟာ သဘာဝလွန်ကိစ္စတွေပဲ။ ငါလည်း
မပြတတ်ဘူး၊ ကြုံလည်းမကြုံဖူးဘူး၊ ဟိုတုန်းက တောထဲမှာ မျက်စိ
လည်ဖူးတယ်ဆိုတဲ့သူတွေကလည်း အခုလိုမျိုးဖြစ်ရပ်တွေ မကြုံခဲ့ဖူး
ဘူးဆိုတော့ သဘာဝလွန်ဖြစ်ရပ်တစ်ခုလို့သာ သတ်မှတ်ထားလိုက်
ရပါ့ကွယ် ''

'' ဒါဆိုရင်. . .ဒီနှစ်ကောင်တွေ့ခဲ့ရတယ်ဆိုတဲ့ ပုံမျောက်ကြီး
တွေကြားထဲက လူ. . .လူမလေးဆိုတာကျတော့ရော ဘိုးဇာဂရ ''

'' ဟာ. . .ဟုတ်တယ် ဘိုးဇာဂရ၊ ကျုပ်တို့ကတော့ အဲဒီ
လူမလေးကိစ္စကို ရှင်းပေးဦးမှနော်၊ ဟို. . .ဟိုဥစ္စာစောင့်တွေ၊ နာနာ
ဘာဝတွေလို့တော့ မပြောနဲ့၊ ကျုပ်တို့မျက်စိလေးလုံးနဲ့ သေသေချာချာ
ကိုတွေ့ခဲ့ကြတာနော်. . .လူမှ တကယ့်လူအစစ်ပဲ ဘိုးဇာဂရ ''

သူတို့မေးမြန်းချိန်တွင် ဘိုးဇာဂရက ဝါးဆေးတံကြီးကိုမှိန်း၍
ဖွာရှိုက်နေချိန်နှင့် တိုက်ဆိုင်နေပါ၏။

ထိုမေးခွန်းကိုတော့ . . . ဘိုးဇာဂရက ချက်ခြင်းမဖြေပါ။
သူ၏ ဝါးဆေးတံကြီးကိုသာ ဖွာရှိုက်နေရင်း မြူတင်းဝမှမြင်တွေ့နေရသည့်
တည်းဆာညနေခင်းကို အတန်ကြာမျှ ငေးမောကြည့်နေပါ၏။

မြေးဖြစ်သူမင်းမောင်ပင် သူ၏အဘိုးဖြစ်သူကို အားမလိုအား
မရကြည့်ရင်း ချောင်းဟန့်သံပေးလိုက်သည်။ သို့တိုင်အောင် ဘိုးဇာဂရ
ကမူ မတုန်မလှုပ် ကျောက်ဆစ်ရုပ်၊ အတန်ကြာငြိမ်သက်တိတ်ဆိတ်
ပြီးမှ သက်ပြင်းရှည်ကြီးတစ်ခုကိုချကာ. . .

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



“ ခြင်း . . . တောဆိုတာ သိပ်ပြီးလှည့်စားတတ်တယ်ဆို
နင်တို့လည်း တောမှုဆိုးတွေဆိုတော့ အထူးပြောစရာမလိုတော့ပါဘူး
တစ်ခါတစ်ရံ မရှိတာမမြင်တာတွေကို ရှိနေမြင်နေရသလို ထင်မိတယ်
လူသူအရောက်အပေါက်နည်းပြီး သိပ်နက်တဲ့တောတောင်တွေထဲ ညဘက်
တွေမှာ တစ်ယောက်တည်းများရှိခဲ့ရင် ပိုပြီးဆိုးတာပေါ့။ အခု နင်တို့
တွေ့ခဲ့ရတယ်ဆိုတဲ့ လူမလေးဆိုတာတော့ ငါတစ်ခါမှ ကြားလည်းမကြား
ဖူးဘူး၊ ကြုံလည်းမကြုံဖူးဘူး တစ်ကယ့်လူသားစင်စစ်လား၊ တော
ပရိယာယ်လား၊ ဒါမှမဟုတ် ဥစ္စာစောင့်မလားဆိုတာတော့ ငါလည်း
အဟုတ်မပြောနိုင်ဘူးလေ၊ အေး . . . ဒါပေမဲ့ တစ်ခုတော့ နင်တို့
မှာချင်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မေ့ဖျောက်ပစ်လိုက်တာဟာ နင်တို့
အတွက် အန္တရာယ်အကင်းဆုံးပဲ စိန်ဘန်းရေ ”

ထိုနေ့က ဘိုးဇာဂရ၏နေအိမ်တွင် တစ်ပွဲစားဦးရဲထိန့် မှောက်
တစ်ရာရှင်းတမ်း၊ မှောက်တစ်ရာနှင့် စိန်ဘန်းတို့၏ကိုယ်တွေ့ဖြစ်ရပ်
မသေချာမရေရာ ဒွိဟသံသယများနှင့် လုံးထွေးနေသော မှောက်ကြီး
အလယ်မှ ထူးခြားသော လူမလေးကိစ္စ . . . စသော စိတ်ဝင်စားဖွယ်
ဖြစ်ရပ်ဆန်းများအကြောင်း မေးမြန်းကြ၊ ပြောဆိုကြ၊ ဖြေရှင်းကြရင်း
ညနေ မိုးစုံးစုံးချုပ်သွားမှပင် လူစုကွဲသွားကြပါလေတော့သည်။

သို့သော် . . . ဝါးပိုးတိုင်ကိုမှီကာ မီးငြိမ်းသေနေပြီဖြစ်သော
ဝါးခေါးတံကြီးကို ပါးစပ်တွင်ခဲလျက် တစ်ယောက်တည်း ငြိမ်သက်
ငူငူကြီးထိုင်၍ ကျန်ရစ်ခဲ့သည့် ဘိုးဇာဂရ၏ရင်ထဲမှာတော့ လူမသိသူမ





သန့်လျက်ရှိသည်ဟု ဆိုပါလျှင် . . .

☪ ☪ ☪ ☪ ☪ ☪

အချိန်က ညဉ့်ကိုးနာရီခန့်ရှိပါပြီ . . .

တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေသည့် ‘ကဒုံကနီ’ ရွာ
သည့် နှင်းမိုးစက်ကျသံ တဖျောက်ဖျောက်အောက်တွင်း တစ်နေ့တာ
ပန်းခဲ့သမျှကို အတိုးချကာ အနားယူနေသည်ထင့်။

ဘိုးဇာဂရမှာ ဘုရားဝတ်ပြုပြီး၍ အိပ်ရာထဲသို့ရောက်ခဲ့သည့်
အိပ်မပျော်နိုင်သေး . . . မြေးဖြစ်သူမင်းမောင်၏ ဟော်ခါးပိတ်သံ၊
ငြိမ်းသံတို့နှင့်အတူ အိမ်တံစက်မြိတ်မှ တဖျောက်ဖျောက်ကျဆင်း
သည့် နှင်းမိုးစက်တို့ကျသံများကိုလည်း ကြားနေရသည်။ ဘယ်လူး
လိမ့်နှင့် အိပ်ပျော်ရန်ကြိုးစားသည့်တိုင် မည်သို့မျှ အိပ်မပျော်မရနိုင်ဖြစ်
ပါချေ။

ဘယ်နှစ်ကြိမ်မြောက်ချလိုက်မှန်းပင် မသိနိုင်တော့သော
ကပ်ပြင်းမောကြီးတစ်ခုကို မသက်မသာချလိုက်ရင်း ဒိုင်ရာထက်မှ
လိုက်သည်။ နှင်းမှုန်ကြားမှ ဝိုးတဝါးသာနေသည့် လရောင်ပျပျက
ရှိတ်ရသေးသော ပြတင်းတစ်ချပ်မှ အခန်းထဲသို့ ခုန်ပေါက်ဝင်ရောက်
သည်။

“ ဟင်း . . . ”



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှည်တစ်ခုကို ချလိုက်ရင်း သူ၏ဝါးဆေးတံကြီးကို ကောက်ကိုင်လိုက်သည်။ ထို့နောက် ဆေးမှုန့်ထုပ်ထဲမှ ဆေးတစ်ဆုပ်ဖြည့် ကာ ကြေးမီးခြစ်ကြီးနှင့် မီးညှိအောင် စိတ်ရှည်လက်ရှည်ညှိနေပါသေး၏။ ရင်ထဲမှ လှုပ်ရှားမှုကြောင့်လေလားမသိ၊ ဘိုးဇာဂရ၏ မီးညှိနေသည့် လက်ချောင်းများသည်ပင် တုန်တုန်ယင်ယင်ဖြစ်နေသယောင် ရှိသည်။

ပျံ့လွင့်နေသည့်စိတ်ကို ထိန်းချုပ်ဖို့ကြိုးစားနေသည့်ကြားမှ နေလည်ခင်းက ပြောသွားသည့် စိန်ဘန်း၏စကားလုံးများကို ပြန်လည် ကြားယောင်နေသည်သို့ . . .။

“ ဟုတ်တယ် . . . ဘိုးဇာဂရ လူမှလူအစစ် . . . လည်ပင်းမှာ လည်း ဘာဆွဲထားသလဲမသိဘူး။ လရောင်အောက်မှာ အစိမ်းရောင် အလင်းတန်းတွေက တဖျပ်ဖျပ်နဲ့ လင်းလက်နေတာပဲ၊ အဲ . . . ထူးခြား တာက မျောက်ကြီးတွေကြားမှာ မျောက်တွေလို နွယ်ကြိုးတွေစီးပြီး ဟိုခုန်ကူး၊ ဒီခုန်ကူးနဲ့ ဆော့ကစားနေတာဗျ . . ”

“ အသက်အရွယ်ကတော့ ခပ်ငယ်ငယ်ပဲရှိသေးတယ်၊ အညို ရောင်သားရေဝတ်စုံက ပေါင်လယ်အထိပဲရှိတယ်၊ ဟို . . . ဟိုဓါတ်ရှင်တွေ ထဲက လူရိုင်းမလေးကျနေတာပဲ၊ ဟို . . . ဟိုရွှေရောင်ဆံပင်တွေက လေမှာတလွင့်လွင့်နဲ့၊ အဲဒါ . . . တောချောက်တာလား ဥစ္စာစောင့်မလေး လားဆိုတာ ”

ဘိုးဇာဂရ ဝါးဆေးတံကြီးကိုခဲရင်း သတိလက်လွတ်ဖြစ်သွား သည်ထင့်။ တစ်ယောက်တည်း ခေါင်းကို ဘယ်ပြန်ညာပြန်ခါယမ်းနေမိ





သည်။ နှုတ်မှလည်း သူရူးတစ်ယောက်နှယ် တတွတ်တွတ်နှင့် ငြီးတွား နေပါ၏။

“ မဖြစ်နိုင်ဘူး . . . မဖြစ်နိုင်ဘူး ဒီလောက်နှစ်တွေကြာလာပြီး မှ အခုမှ ဒီကောင်မလေးသတင်းက ထွက်လာတယ်ဆိုတာ၊ အို . . . မဖြစ်နိုင်ပါဘူးလေ . . . အချိန်အခါက ဆယ်နှစ်ကျော်ကျော်တောင် ကြာခဲ့ပြီဆိုတော့ . . . ဟင်း ”

“ အင်း . . . ခက်နေတာက စိန်ဘန်းတို့တွေ့ခဲ့ရတယ်ဆိုတဲ့ လူမလေးရဲ့လည်မှာ အစိမ်းရောင်လင်းဖြာနေတယ်ဆိုတဲ့ ကျောက်စိမ်း လည်ဆွဲ . . . ဟုတ်တယ် ဟုတ်တယ် . . . ကျောက်စိမ်းလည်ဆွဲ . . . ဟို တိုမျက်နှာဖြူစစ်ဗိုလ် ပြောသွားခဲ့တဲ့ ‘လန့်လုစွေ့’လို့ခေါ်တဲ့ ကျောက်စိမ်း လည်ဆွဲကြီး . . . ဘုရား . . ဘုရား ဖြစ်နိုင်ပါ့မလား . . . ဟူး ”

တစ်ခါတစ်ရံ လူ့လောကထဲ၌ တကယ့်အဖြစ်အပျက်များသည် စိတ်ကူးယဉ်ဇာတ်လမ်းများထက် ပို၍စိတ်လှုပ်ရှားဖွယ်ကောင်းလှပါ၏။ မယုံကြည်နိုင်ဖွယ်ရာလည်း ကောင်းလှပါ၏။ ထို့ပြင် မဖြစ်နိုင်ဖွယ်လည်း ကောင်းလှပါ၏။

သို့သော် . . . ထိုမယုံကြည်နိုင်ဖွယ်ရာ၊ မဖြစ်နိုင်ဖွယ်ရာ အဖြစ်အပျက်များသည် တစ်ခါတစ်ရံ ဖြစ်လာနိုင်ချေရှိလာခဲ့ပါသည် ဟုဆိုလျှင် . . .။

မည်သို့ပင်ဖြစ်စေ ကပ္ပိယကြီး ဘိုးဇာဂရ၏ အမြင်အာရုံထဲတွင် လွန်ခဲ့သောဆယ်နှစ်ကျော်ခန့်က မှုန်ရေးရေးမျှသာ ထင်ကျန်ရစ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



အတိတ်လွင်ပြင်တစ်ခုဆီသို့ မဝံ့မရဲနှင့် မှန်းဆ မြင်ယောင်ကြည့်နေမိပါတော့သည်။

ထိုစဉ်အချိန်ကာလက . . .





## အခန်း(၁၁)

### " ပြန်မတွေးချင်သော . . . ဇာတ်လမ်းတစ်ပုဒ် "

ထိုစဉ်အချိန်ကာလက . . .

မြန်မာ့မြေပေါ်မှ အင်္ဂလိပ်ဗြိတိသျှတို့အား ဖက်ဆစ်ဂျပန်များက ထိုးထုတ်မောင်းနှင်နေချိန်ဖြစ်သည်။ တိတိကျကျဆိုရပါမူ (၁၉၄၂) ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ အာရှတစ်ခွင်၌ စစ်ရေးမလှခဲ့သော အင်္ဂလိပ်တို့သည် ဖြစ်ပေါ်လာမည့် စစ်ရေးအခြေအနေကိုသုံးသပ်ကာ သူ၏နောက်လိုက်သြဇာခံများနှင့်အတူ မြန်မာ့မြေပေါ်မှ အိန္ဒိယနိုင်ငံ၊ အင်ဖာမြို့သို့ ဆုတ်ခွာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တွင်လည်း ဗိုလ်မှူးကြီးဆူဇူကီး ဦးဆောင်သော ဂျ
ဘုရင့်တပ်မတော် တပ်မဟာ(၃၃)နှင့် ဗိုလ်တေဇ(ဗိုလ်ချုပ်အောင်ဆ
ဦးဆောင်သော (BIA) ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးအ
နောက်ပါအင်အား အလုံးအရင်းနှင့် ဗြိတိသျှအင်္ဂလိပ်တို့အား မြ
မြေပေါ်မှ အပြီးတိုင် တိုက်ခိုက်မောင်းထုတ်နေချိန်လည်း ဖြစ်ပါ

ထိုသို့သောအချိန်တွင် . . .

ရောဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်းရှိ ဖောင်ဝင်မြစ်ကာ
တစ်နေရာ၏ အရှေ့ဘက်နံနက်ခင်းတစ်ခုသည် မြူနှင်းစိုစိုကြားတွင် နိ
သက်ဝင်စပြုနေပါ၏။ နံနက်အရှေ့ဘက်တိုင်း ဘုန်းကြီးကျောင်းနောက်ဘ
မှ ဖောင်ဝင်မြစ်ကမ်းပါးအတိုင်း လမ်းလျှောက်မေတ္တာပို့လေ့ရှိသ
ကပ္ပိယဦးဇာဂရမှာ ယနေ့နံနက်တွင်လည်း နိစ္စဓူဝ ဝတ်မပျက်မေ
ပို့ရင်း မြစ်ကမ်းစပ်တွင် လျှောက်နေခဲ့သည်။ ထိုစဉ် . . .

" အင်း . . . ဟင်း . . . အီး . . . ဟင်း . . . အင်း "

မြစ်ကမ်းစပ်ခြုံပုတ်များနှင့် ရှေးဟူရှလမုပင်ကြီးဘက်မှ ညည်
တွားသံလိုလို ကြားလိုက်ရသဖြင့် လှမ်းလက်စခြေလှမ်းကို ဖျတ်
ရပ်လိုက်သည်။

" ဟင်း . . . ဘာသံလဲ လူညည်းသံလား၊ လေတိုးသံလာ
မသိဘူး . . . ဟိုဘက်လမုပင်အောက်က လာတဲ့အသံပဲ "

ဦးဇာဂရမှာ ဇဝေဇဝါ ဒွိဟအတွေးများနှင့် အသေအ
နားစွင့်ကြည့်လိုက်ပါ၏။





" အင်း . . . ဟင်း . . . ဟင်း . . . အီး "

ဟုတ်သည် . . . မြစ်ကမ်းစပ်တွင် ကိုင်းကျနေသည့် လမုပင်ဆီ
လူညည်းသံထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိလိုက်သဖြင့် လမုပင်
ကြီးဆီသို့ ဦးဇာဂရ လျှောက်လာခဲ့သည်။ အချိန်က အရှေ့ဘက်ဦးစအချိန်မို့
သင်းရောင်က မပီပြင်သေး။ သည့်ကြားထဲ နှင်းမြူများကလည်း ဝေ့ဝဲ
ဆိုင်းနေသဖြင့် ရှေ့ဝါးတစ်ရိုက်ခန့်သာ မြင်နေရသည်။

ထိုအခိုက် မြစ်ကမ်းစပ် လမုပင်ခြေရင်းတွင် လူတစ်ယောက်
ကောက်ခုံကြီးလဲနေသည်ကို နှင်းမြူများကြားတွင် ဝိုးတဝါးမြင်လိုက်ရ
သည်။

" ဟင် . . . ဟိုလမုပင်ခြေရင်းက လူတစ်ယောက်လဲကျနေပါ
လား . . . ဘယ်လိုဖြစ်တာပါလိမ့် "

သို့သော် ဦးဇာဂရ အနီးသို့ရောက်မှ မြင်ကွင်းကပြောင်းသွားပြီး
ပြည့်ပြင်လာခဲ့သည်။ ဗြိတိသျှအင်္ဂလိပ်စစ်ယူနီဖောင်းဝတ် လူကြီးတစ်ဦး၊
နှစ်သမီးအရွယ်ရှိ ကလေးငယ်တစ်ဦးကို သော့ကွင်းတစ်ခုနှင့်အတူ
တိလစ်မေ့မျောလျက် တွေ့ရှိလိုက်ရခြင်းပင်ဖြစ်သည်။

" အို . . . ဘုရား . . . ဘုရား လေ့မှောက်ပြီး ဒုက္ခဖြစ်လာကြ
လားမသိဘူး၊ မသေကောင်း မပျောက်ကောင်းနော် "

ဦးဇာဂရ သူတို့အနီးသို့ သေချာစွာကပ်၍စစ်ဆေးကြည့်နေမိ
သည်။ သူတွေ့နေရသည်မှာ လူမျိုးခြားဗြိတိသျှစစ်သားတစ်ယောက်
နေသည်၊ ပြီးတော့ ဝမ်းဗိုက်တွင် ဒဏ်ရာရထားသည်ကိုလည်း တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ . . . ရှစ်နှစ်သမီးအရွယ် မိန်းကလေးတစ်ယောက် အသက်ကယ်ဘောကွင်းတွင် အခိုင်အမာချိတ်တွယ်ထားသည်ကိုပါ တွေ့မြင်လိုက်ရသဖြင့် . . .

" ဟာ. . .ဒီစစ်သားကလည်း လူမျိုးခြားမျက်နှာဖြူကောင်ပဲကိုး၊ အင်း. . .ဝမ်းဗိုက်မှာလည်း ဒဏ်ရာကြီးနဲ့၊ နောက်ပြီး လူမမယ်ကလေးတစ်ယောက်ကလည်း ပါသေးတယ်ဆိုတော့ ဟင်း. . .ငါ. . .ငါ ဘာလုပ်ရင်ကောင်းမလဲ၊ ဒီအတိုင်းသာပစ်ထားခဲ့မယ်ဆိုရင်တော့ ဟိုဂျပန် ကောင်တွေနဲ့တွေ့ပြီး ခွေးသေဝက်သေသေမှာပဲ. . .ကြားထဲက လူမမယ် ကလေးက ဒုက္ခ "

ဦးဇာဂရတစ်ယောက် သက်ပြင်းမောကြီးချကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေပါတော့သည်။ ယခုအချိန်တွင် တစ်နိုင်ငံလုံး မျက်နှာဖြူအင်္ဂလိပ်များကို တွေ့ရာသချိုင်း ခါးမဆိုင်း သုတ်သင်နေချိန် ဖြစ်သည်မို့ ဤဒုက္ခသည်နှစ်ဦးကို ကယ်တင်ပေးရန် လက်တွန့်နေမိသည်။

တစ်ဖက်တွင်လည်း စစ်ဆိုသည့် ခါးသီးရက်စက်သော ဒဏ်ရာဒဏ်ချက်တို့ကြောင့် မြေဇာပင်ဖြစ်သွားခဲ့ရရှာသော အပြစ်မဲ့ပြည်သူများ အကြောင်းကို တွေးရင်း ဦးဇာဂရ ငိုင်တွေနေမိပါ၏။

နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ်သဘောထားကာ စစ်သားကြီးရော၊ ကလေးကိုပါ တိတ်တဆိတ် ခေါ်ဆောင်လာခဲ့ပါတော့သည်။

အချိန်ကာလကလည်း အရုဏ်ဦးအချိန်၊ မြူနှင်းများကလည်း ကျဆင်းနေသဖြင့် ဦးဇာဂရတစ်ယောက် ဗြိတိသျှစစ်သားကြီးနှင့် ကလေး





ငယ်လေးကို ကယ်တင်လာသည်ကို မည်သူတစ်ဦးတစ်ယောက်မှ မသိခဲ့ကြပေ။ ထို့ကြောင့်လည်း ဦးဇာဂရမှာ သူနေထိုင်သည့် ကျောင်းခန်း၏ တစ်ဖက်ခြမ်းတွင် အင်္ဂလိပ်စစ်သားကြီးတို့ကို တိတ်တဆိတ် ဆေးကုသပေးခဲ့ပါ၏။

ဒဏ်ရာမှသက်သာလာခဲ့သော အင်္ဂလိပ်စစ်သားကြီး၏ ပြောပြချက်ကြောင့် ဦးဇာဂရမှာ မျက်ရည်များပင် ဝဲလာမိသည်။ သူသည် ဗြိတိသျှစစ်တပ်မှ ဗိုလ်မှူးကြီးမက်ဒေါ်နယ်ဖြစ်ကြောင်း၊ စစ်ရေးအခြေမလှသဖြင့် သူ၏အမွှာညီအစ်မ သမီးနှစ်ယောက်နှင့်အတူ ယူဘီဘုတ်တစ်စင်းနှင့် မြစ်ကြောင်းမှထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်း၊ ယခု သူ၏သမီးငယ် 'ဂယ်လင်နာ' နှင့်အတူ သင်္ဘောပေါ်မှခုန်ချကာ လွတ်မြောက်လာခဲ့သော်လည်း အမွှာအကြီးဖြစ်သူ 'မာရီယာ' ဆိုသူမှာမူ သင်္ဘောနှင့်အတူ မှောက်တစ်ရာဝဲကြီးအတွင်းဝယ် နစ်မြုပ်သေဆုံးသွားလေပြီလား မသိနိုင်ကြောင်း မျက်ရည်လည်ရွဲဖြင့် ရင်ဖွင့်ပြောဆိုခဲ့သည်။

သို့သော် သူတို့ကဲ့သို့ ကံအလှည့်သင့်၍ သေကံမရောက်ခဲ့ပါလျှင် သမီးကြီးအမွှာညီအစ်မ 'မာရီယာ' တွင် အဘိုးမဖြတ်နိုင်သော ကျောက်စိမ်းလည်ဆွဲရတနာတစ်ခု ဆင်မြန်းပေးထားကြောင်းနှင့် မြစ်ကမ်းခြေတစ်လျှောက် တိုးတိုးတိတ်တိတ် ရှာဖွေပေးပါရန် ဦးဇာဂရအား အကူအညီတောင်းခံခဲ့သည်။

ထို့ကြောင့် ဦးဇာဂရမှာ သူ့နည်းသူ့ဟန်ဖြင့် မြစ်စဉ်တစ်လျှောက် စုံစမ်းကြည့်ရာ 'မာရီယာ' နှင့်ပတ်သက်သည့်သတင်းက စုပ်စမြုပ်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်လျက်ရှိပါ၏။

ဗိုလ်မှူးကြီးမက်ဒေါ်နယ်၏ စကားအတိုင်းသာဆိုလျှင် အ
သမီးကြီးမာရီယာတစ်ယောက် အသက်ရှင်နိုင်ဖွယ်ရာ လမ်းစ မမြင်
သဘော်ဦးတူင်ရှိနေသည့် မာရီယာမှာ မျောက်တစ်ရာဝဲကြီးမှ
အရင်ဆုံးရင်ဆိုင်ကြုံတွေ့သွားဖို့က ရာနှုန်းပြည့်နီးပါး ရှိသည်မဟုတ်
လား။ သမီးကြီးမာရီယာ့အတွက်က အသက်ရှင်သန်နိုင်ခွင့် လွ
နည်းပါးလွန်းသော အခြေအနေဖြစ်ကြောင်း ဖခင်ဖြစ်သူဗိုလ်မှူးကြ
မက်ဒေါ်နယ်အား ဦးဇာဂရက သေချာစွာ ရှင်းပြခဲ့ပါ၏။

နောက်ဆုံး ဒဏ်ရာမှလည်း သက်သာလာသည့် မျက်နှာ
ဗိုလ်မှူးကြီးသားအဖမှာ ဦးဇာဂရထံတွင် ရက်နှစ်ပတ်ခန့် တိတ်တဆိ
ခိုအောင်းနေခဲ့ကြပြီး တစ်ခုသောလမိုက်ညတွင် ဦးဇာဂရ၏ စီစဉ်ပေ
နှင့် ရွာမှ တိုးတိုးတိတ်တိတ်ပင် ထွက်ခွာသွားခဲ့ကြပါတော့သည်။

ထိုဇာဦကတည်းက အင်္ဂလိပ်ဗိုလ်မှူးကြီး မက်ဒေါ်နယ်
သားအဖ၏သတင်းက သေသည်၊ရှင်သည်မသိဘဲ တိမ်မြုပ်ပျောက်ကွ
သွားခဲ့ပါ၏။ မျောက်တစ်ရာဝဲကြီးအတွင်းသို့ သဘော်ပျက်နှင့်အတူ နစ်
သေဆုံးသွားချိ်ပြီဟု ယူဆရသော ကျောက်စိမ်းလည်ဆွဲပိုင်ရှင် 'မာရီယာ'
သတင်းအစအနကလည်း သူတို့သားအဖနှစ်ယောက်နည်းတူ စုပ်စုမြုပ်
ပင် တိမ်မြုပ် ပျောက်ကွယ်သွားခဲ့ပါချေပြီတည်း။

၆ ၆ ၆ ၆ ၆ ၆

သူရဲကောင်းစာပေ



ညဉ့်လေအေး၏ တိုက်ခတ်မှုကြောင့် ဦးဇာဂရ စိမ့်ခနဲအေးသွား
စိတ်အာရုံက ပစ္စက္ခရင်ခွင်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ညဉ့်
တိုးဝှေ့ဝင်ရောက်လာသည့် ပြတင်းပေါက်ခါးတစ်ခြမ်းကို ပိတ်လိုက်
သို့သော် လွန်ခဲ့သောဆယ်နှစ်ကျော်ကျော်ခန့်က ပွင့်ဟလျက်ကျန်
သော အတိတ်တံခါးတစ်ချက်ကိုမူ ဦးဇာဂရ ပိတ်၍မရဖြစ်နေပါ၏။

ယခုပစ္စက္ခအချိန်တွင် အတိတ်တံခါးချပ်သည်၊ ဦးဇာဂရ၏
ကို အဟုန်ပြင်းစွာဖြင့် ရိုက်ခတ်နေသည်သို့ . . .

" ဘုရား . . . ဘုရား မျောက်တစ်ရာနယ်မြေထဲမှာ မျောက်
နဲ့အတူ ဆော့ကစားနေတဲ့ လူမလေးဟာ ဟို . . . မျက်နှာဖြူဗိုလ်
ကြီးရဲ့သမီး 'မာရီယာ'ဆိုတဲ့ ဘိုမလေး ဖြစ်နိုင်လောက်တယ်ထင်
။ အကြောင်းကြောင်းကြောင့် မျောက်တစ်ရာဝဲကြီးထဲမှာ မသေပဲ
ျော်မြောက်သွားရာကနေ ဘယ်လိုဖြစ်ပြီး တောကြီးထဲကိုရောက်သွား
ဲဆိုတာကိုတော့ မတွေးတတ်ဘူး စိန့်ဘန်းပြောသလို သူ့ရဲ့လည်မှာ
င်းဝင်းလက်နေတဲ့ အစိမ်းရောင်စဉ်တွေဟာ ကျောက်စိမ်းလည်ဆွဲ
ဖြစ်မယ်ဆိုရင် အဲဒီလူမလေးဟာ . . . ဘုရား . . . ဘုရား "

ဦးဇာဂရ ဆက်၍မတွေးရဲတော့၊ လှုပ်ရှားနေသောရင်အစုံ
ကြောင့် . . . လက်ထဲမှ ဆေးတံသောက်ဆေးပူးလေးက လွတ်ကျသွား
သည်။

" ဒေါင် . . . ဂလောက် . . . ဂလောက် "

တစ်ဖက်ခန်းဆီမှ မြေးဖြစ်သူမင်းမောင် ဖျတ်ခနဲလန့်နိုးလာ

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

" အဘိုး...အဘိုး...ဘာဖြစ်တာလဲ အင်း...အဘိုး အိပ်မပျော်ဘူးထင်တယ် "

မင်းမောင်၏မေးမြန်းသံနှင့်အတူ မှန်အိမ်မီးထွန်းလျက် ဦးဇာဂရ၏အခန်းထဲသို့ ဝင်ရောက်လာသည်။ ထိုအခါမှ ဝါးပိုးတိုင်ကိုမှီကာ ဝါးဆေးတံကြီး တန်းလန်းနှင့် ငုတ်တုတ်ကြီးထိုင်နေသည့် အဘိုးဖြစ်သူကို မင်းမောင်တွေ့သွားပါလေ၏။

" အော်...ထင်သားပဲ ကျွန်တော့် အဘိုးတစ်ရေးမှမအိပ်သေးဘူး နဲ့တူတယ်...ဘာလဲ နေ့လည်က စိန်ဘန်းတို့ပြောတဲ့ လူမလေး အကြောင်း တွေးနေတာမဟုတ်လား "

" ဟင် "

ရုတ်တရက် မြေးဖြစ်သူ၏အမေးစကားကြောင့် ဘိုးဇာဂရမှာ လန့်ဖျန့်ကာ အာမေဋိတ်သံများပင် ထွက်သွားပါ၏။

"ဟုတ်တယ်...အဘိုးဟာ လူမလေးနဲ့ပတ်သက်ပြီး စိန်ဘန်း တို့ကို တစ်ကွက်ချန်သွားတယ်ဆိုတာ ကျွန်တော်သိတာပေါ့၊ အဘိုးရဲ့ အဆုံးအမအောက်မှာ ဆယ်နှစ်ကျော်လောက် နေလာခဲ့တာ... အဘိုး ရဲ့စိတ်၊ အဘိုးရဲ့မျက်လုံး၊ အဘိုးရဲ့အထာတွေကို ကျွန်တော်ရိပ်စားမိ တယ်လေ...ဟုတ်တယ်မဟုတ်လား အဘိုး "

မြေးဖြစ်သူမင်းမောင်က ပါးနပ်သည်၊ လိမ္မာသည်၊ အရာရာ ကိုနားလည်တတ်ကျွမ်းနိုင်အောင်လည်း ကြိုးစားသည်။ စစ်ကြီးပြီး





ကာလည်းက မိဘနှစ်ပါးစလုံး ဆုံးပါးသွားခဲ့ရသဖြင့် အသက်ဆယ်နှစ် ကျော်ကျော်နှင့် အဘိုးဖြစ်သူ ဦးဇာဂရရင်ခွင်ထဲသို့ ရောက်ရှိလာခဲ့သည်။ ယခုဆိုလျှင် အသက်နှစ်ဆယ်နှစ်ခန့် ရှိပါပြီ။ ဖျတ်လတ်သန်စွမ်းသော ခန္ဓာကိုယ်၊ နေ့စဉ်သစ်ခုတ်၊ ထင်းတိုက်၊ တောဝင်နှင့် လုပ်ကိုင်ရသော လုပ်ငန်းနှင့် ပေါင်းစပ်လိုက်သောအခါမှာတော့ အသိပညာရော၊ အတတ် ပညာပါ လူကြီးတစ်ယောက်သဖွယ် ရှိနေခဲ့ပါပြီ။

မင်းမောင်က ကွပ်ပြစ်ခြေရင်းတွင် တုံးလုံးလဲနေသည့် ဝါးဆေးတံ သောက်ဆေးဗူးလေးကိုကောက်ကာ အဘိုးဖြစ်သူအား ပေးလိုက်ရင်း

" ဘာဖြစ်လို့ ဒီလောက်စိတ်ပင်ပန်းခံနေရတာလဲ အဘိုးရယ်၊ အဘိုးမှာ အဲဒီလူမလေးနဲ့ပတ်သက်ပြီး လျှို့ဝှက်ချက်တစ်ခုခု ရှိနေလို့ လားဟင်...ဒါမှမဟုတ် ဖွင့်ပြောလို့မဖြစ်နိုင်တဲ့ ကိစ္စကြီးတစ်ခုခုများလား။ ကျွန်တော်သခွင့်ရှိရင် သိချင်ပါတယ် အဘိုးရယ် "

ထိုအခါမှ ဘိုးဇာဂရက မြေးဖြစ်သူ၏ သန်မာလှသည့်လက် မောင်းအိုးကြီးကို ဆုပ်ကိုင်ကာ တိတ်ဆိတ်နေသောနှုတ်ဖျားမှ စကား တစ်လုံးချင်း ထွက်ကျလာပါတော့သည်။

" အဘိုးလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဒွိဟတွေဖြစ်နေဆဲပါ မြေးရယ်၊ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာနဲ့ ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ ဆိုသလို အပြန်ပြန်အလှန်လှန် စဉ်းစားတွက်ချက်နေရတာနဲ့ ပထမဆုံး သိခွင့်ရမယ့်သူဟာ ငါ့မြေးကြီးပဲဖြစ်ရပါစေမယ်၊ အခုသောလောဆယ် တော့ အဘိုးကိုယ်တိုင် ပဟေဠိဝက်ပါထဲမှာ အဖြေရှာနေတုန်းမို့ ပြောသည့်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်ကျရင် ငါ့မြေးကို ပြောပြပါ့မယ်ကွယ် ''

ဘိုးဇာဂရ၏ စကားသံလေးများက သန်းခေါင်ယံညဥ့်လေပြည်ထဲတွင် စီးမျောပျော်ဝင်သွားကြသည်။ နှင်းမြူမှိုးရိပ်တို့ကြားမှ မှုန်ဝါးဝါးလ,ကလေးသည်ပင် လမွန်းတည့်ချိန်ကို ကျော်လွန်တော့မည်ထင့်။ အမြီးထောင်ရုံပင်မက ကျွမ်းပစ်လူးနီးပါးရှိသည့် ခုနစ်စင်ကြယ်တန်းက နှင်းမြူမှိုးသားများကြားမှ မပြူ၏သို့ ပြူ၏သို့ . . .။

ဘိုးဇာဂရတစ်ယောက်တည်း တိတ်တဆိတ် အတိတ်တံခါးချပ်ကို ဖွင့်ကြည့်မိသည်။ မြင်ကွင်းများက တိကျရေရာစွာမြင်ခွင့်ပေးသော်လည်း ဖြစ်နိုင်ချေက နည်းလွန်းလှသည်မို့ အနီးပတ္တာဆန်သော လူမလေးနှင့်ပတ်သက်သည့် နောက်ဆက်တွဲထွက်ပေါ်လာမည့် သတင်းများကို စောင့်ကြည့်ရုံမှတပါး . . .။

မြူနှင်းတို့ပျော်ဝင်နေသည့် ညဥ့်ကောင်းကင်တွင် တစ်ခြမ်းပဲ့လ,ကလေးတစ်စင်းက အဖေါ်မဲ့အထီးကျန်စွာ ခရီးနှင်နေဆဲ . . .။

ထိုအတူ . . . အတိတ်လွင်ပြင်သို့ ခရီးဆန့်နေသည့် ဘိုးဇာဂရတစ်ယောက်မှာလည်း . . .။

♛ ♛ ♛





BURMESE CLASSIC .com

## အခန်း(၁၂)

### "လွင့်ပျံနေကြသော ကောလဟာလပဟေဠိပုစ္ဆာများ"

တောရွာကျေးလက်တို့၏ လေ့စရိုက်သဘာဝအတိုင်း မျောက်တစ်ရာဘုရားတွင် လူသားမိန်းမပျိုလေးတစ်ယောက်ကို မျောက်ကြီးများအလယ်တွင် မုဆိုးစိန်ဘန်းနှင့်မှန်တော်တို့ တွေ့ရှိခဲ့ကြကြောင်း သတင်းစကားက တစ်ဆင့်နားဖြင့် ကဒုံကနိတစ်ရွာလုံး တောမီးလောင်သကဲ့သို့ ပျံ့နှံ့သွားပါလေတော့သည်။

လူစည်ကားရာဖြစ်သော ရွာလယ်ဈေးတန်း၊ ရေချိုးဆိပ်ဆန်းတဲ၊ ကြက်ဝိုင်း စသည့်နေရာများမှတစ်ဆင့် နီးစပ်ရာရွာစဉ်တစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက် နေ့ချင်းညချင်းပင် ပုံနှိပ်သတင်းကြီးသွားပါလေ၏။

" မျောက်တစ်ရာဘုရားကို ထူးထူးဆန်းဆန်း မုဆိုးစိန်တို့ တွေ့ခဲ့ကြတယ်ဆိုပါလား။ နောက်ပြီး မျောက်ရုပ်ကြီးတွေကြားထဲမှာ ကောင်မလေးတစ်ယောက်ကိုပါ တွေ့ရတယ်တဲ့လေ "

" ပေါက်ပေါက်ရှာရှာကွာ တောစကားတောရောက်ဆိုသလို ဒီလောက်တောင် အကုသိုလ်များတဲ့ကောင်တွေက အင်မတန်မှုးတွေ့ ခဲ့တဲ့ မျောက်တစ်ရာဘုရားကို ဖူးရတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီကောင်နှစ်ယောက် အရက်မူးမူးနဲ့ တောချောက်ခံကြရတာနေမှာပါ "

" အေး. . . ဟုတ်မယ် ဟိုမှန်ထော်ကလည်း နေ့ညသောက်နေတဲ့ကောင်. . . ဒီကောင်တွေ ကေန္တတော့ နာနာဘာဝတွေက ညှာစောင့်ယောင်ဆောင်ပြီး ခြောက်လှန့်လှတ်လိုက်တာပဲ ဖြစ်ရမယ် "

ယောကျ်ားစုစု၊ မိန်းမစုစု တွေ့ဆုံကြတိုင်း မျောက်တစ်ရာဘုရားမှ လူမလေးအကြောင်းနှင့် မုဆိုးသမားနှစ်ယောက်အကြောင်းသာ မြိန်ရေယှက်ရေပြောဆိုနေကြပါ၏။ တစ်ချို့ကလည်း တအံ့တသြနှင့် ယုံကြည်မှုရှိကြသလို တစ်ချို့သောလူအများစုကမူ မျောက်တစ်ရာဘုရားမှ အစောင့်အရှောက်များက တောချောက်၍လှတ်လိုက်သည်ဟု ပြောဆိုနေကြသည်။ မည်သို့ပင်ဖြစ်စေ လောကသဘာဝအတိုင်း ယုံကြည်သူရှိကြသလို မယုံကြည်သူများကလည်း အများအပြားပင် မဟုတ်ပါလား။

သို့သော် မိန်းမလှကျွန်းညိုကြီး၏ တောနက်လျှိုမြောင်ကြီးထဲမှ မျောက်တစ်ရာဘုရားနှင့် မျောက်ရုပ်တုကြီးများ၏ သတင်းကမူ ဤသို့





ဤနယ် မကြာခဏဆိုသလို မယုံကြည်နိုင်ဖွယ်ဖြစ်ရပ်ဆန်းများက သတင်းထူးအဖြစ် ထွက်ပေါ်လာလေ့ရှိသည်မဟုတ်ပါလော။ မျောက်တစ်ရာစေတီနှင့်ပတ်သက်လျှင် ဒဏ္ဍာရီဆန်ဆန်၊ ပုံပြင်ဆန်ဆန် ကြားသိခဲ့ရသည့် ဖြစ်ရပ်များကလည်း များပြားလှပါ၏။ မျောက်ရုပ်အကောင်တစ်ရာကို မည်သို့မျှ တိကျသေချာစွာ ရေတွက်၍မရခြင်း။ တစ်ခါတစ်ရံ မျောက်ရုပ်တစ်ရာဖြစ်သွားလိုက်၊ ရံဖန်ရံခါ မျောက်ရုပ်ကိုးဆယ့်ကိုးကောင်ဖြစ်သွားလိုက်နှင့် လူသားများဉာဏ်မမီနိုင်သည့် ဝိဇ္ဇာဓရက္ခိုရပညာစွမ်းများက တကယ့်ကို အံ့မခန်းဖွယ်ရာပင်တည်း။

ဒေသခံရွာသားများနှင့် ရှေ့မီနောက်မီပုဂ္ဂိုလ်များ၏ ပါးစပ်ရာဇဝင်အရမူ ထိုကဲ့သို့ပျောက်ဆုံးနေလေ့ရှိသော မျောက်ရုပ်တစ်ရုပ်မှာ မျောက်တစ်ရာ၏ ဦးစီးခေါင်းဆောင်မျောက်ကြီးဖြစ်ကြောင်း ထိုမျောက်ကြီးသည် လွန်စွာအားခွန်ဗလကြီးထွား၍ လက်ထဲတွင် လွန်စွာတန်ဖိုးကြီးလှသည့် 'မီးပေါက်ပတ္တမြားကြီး'ကို ကိုင်ဆောင်ကာ မျောက်တစ်ရာစေတီတော်ကြီးအား သူ၏မျောက်တစ်ရာနှင့်အတူ လပြည့်လကွယ်ညများတွင် သက်ဝင်လှုပ်ရှားလာလေ့ရှိကြပြီး ပူဇော်ကန်တော့လေ့ရှိကြောင်း ဒဏ္ဍာရီဆန်ဆန်ပြောဆိုခဲ့ကြသည်။

တစ်ကယ့်လက်တွေ့တွင်လည်း ရိုးသားစွာ မျက်စိလည်လမ်းမှားလာကြသော လူသားများ မျောက်တစ်ရာနယ်မြေထဲသို့ ရောက်ရှိသွားခဲ့ပါလျှင် မျောက်တစ်ရာစေတီမှ မျောက်ကြီးများက လိုရာခရီးအရောက်လမ်းပြကယ်တင်ပေးလေ့ရှိကြောင်း ကိုယ်တွေ့ခံစားကြရသူများက ပြောဆို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြဖူးသည်။

တစ်ခါတစ်ရံ လေဆိုးသည်းထန်၍ တောကြီးအတွင်းဝယ် မျက်စိလည်လမ်းမှားကာ ဘေးဒုက္ခအန္တရာယ်ဆိုးကြီးများဖြင့် ရင်ဆိုင်ကြုံတွေ့နေရပါကလည်း ဘယ်ကဘယ်လိုရောက်ရှိလာကြသည် မသိသော မျောက်ကြီးများက ရုတ်တရက်ပေါ်လာကြပြီး ကူညီကယ်တင်ပေးသွားခဲ့ကြပါ၏။ ဤနည်းဖြင့် မိန်းမလှကျွန်းပေါ်တွင် အသက်ဘေးမှလွတ်မြောက်လာခဲ့သူများကလည်း အများအပြားရှိခဲ့ကြသည်မို့ 'မျောက်တစ်ရာစေတီ' သည် လွန်စွာမှ လျှို့ဝှက်နိုင်လွန်းလှပေသည်ဟုလည်း ဒေသခံများက ထင်မြင်ယူဆထားကြပါလေ၏။ ထို့ကြောင့် အကြောင်းကြီးငယ်မရှိဘဲနှင့် မိန်းမလှကျွန်းကြီး၏ တောနက်ပိုင်းအတွင်းသို့ မသွားကြ၊ မလာကြပေ၊ သစ်ခုတ်၊ ဝါးခုတ်၊ မှိုရှာ၊ မျှစ်ချိုးသူများကလည်း မိန်းမလှကျွန်းကြီး၏ တောစပ်ပိုင်းတစ်လျှောက်တွင်သာ လှည့်လည်သွားလာကြသည်။

ရံဖန်ရံခါ စိန်ဘန်းတို့ကဲ့သို့ တစ်ဖွတ်ထိုး၊ တစ်ဇောက်ကန်း သမားများသာ မိန်းမလှကျွန်းကြီး၏အတွင်းပိုင်းထိတိုင် ဝင်ရောက်၍ သားကောင်ပစ်ခတ်ကြလေ့ရှိပါ၏။ ယခုပင် စိန်ဘန်းကဲ့သို့ အမိုက်တကော့ ထိပ်ခေါင် သောင်းကျန်းသူဓါးပြဗိုလ် တိုင်းကျော်သည် ဘယ်ကဘယ်လို သတင်းကြားသည်မသိ၊ စိန်ဘန်းနှင့်မွန်ထော်အား ဆင့်ခေါ်၍ သူသိလိုသမျှတို့ကို စစ်ဆေးမေးမြန်းခဲ့သည်။

မျက်ပေါက်ကျဉ်းကျဉ်း၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး တိုစိစိ၊ ဦးပြည်းကတုံးမည်းပြောင်ပြောင်၊ ထွားကျိုင်းသောခန္ဓာကိုယ်၊ ဝက်တစ်





ကောင်ကဲ့သို့ ရုပ်ဆိုးသောဝမ်းဗိုက်နှင့် လူမိုက်ထိပ်ခေါင်တိုင်းကျော်က သူ၏ ရှေ့တွင်ရောက်ရှိနေသော စိန်ဘန်းနှင့်မွန်ထော်တို့အား မေးစင်း၍ကြည့်နေပါ၏။ သူ၏ဝဲယာနှစ်ဖက်မှာတော့ လက်နက်ကိုင်ကိုယ်ရံတော်နှစ်ယောက်က ဝတ်စုံပြည့်နှင့်ရပ်လျက် . . .။

ဓါးပြခေါင်းဆောင် သို့မဟုတ် ရောင်စုံသောင်းကျန်းသူ သူပုန်များနှင့် အဆက်အသွယ်ရှိသူ တိုင်းကျော်က နှယ်နှယ်ရရမဟုတ် . . . ဘိုကလေးမြို့နယ်နှင့် ဖောင်ဝင်မြစ်တစ်ကြောတွင်'အာဋာဝကတိုင်းကျော်' ဆိုလျှင် ကျေးရွာသူကြီးမှအစ တုတ်တုတ်မျှမလှုပ်ဝံ့။ အင်္ဂလိပ်ဗြိတိသျှ အရာရှိကြီးများကို မော်၍မကြည့်ခဲ့သလို 'အာဋာဝကတိုင်းကျော်' ကိုလည်း မည်သူမျှ မျက်မွေးထော် မော်၍ပင်မကြည့်ရဲ။ ထိုမျှအထိ တောရွာကျေးသက်များတွင် အာဏာထက်သူတစ်ယောက်ဖြစ်သည်။

လွတ်လပ်ရေးရပြီးစ နှစ်ကာလများတွင် အားနည်းနေသည့် အုပ်ချုပ်ရေးယန္တရား လက်လှမ်းမမှီနိုင်သော တောလက်ကျေးရွာငယ်များတွင် 'အာဋာဝကတိုင်းကျော်' ကဲ့သို့ တောမီးလောင်တောကြောင် သက်ခမောင်းခတ်ကြသည့် လူအန္တများ၊ ရောင်စုံသောင်းကျန်သူ သူပုန်များနှင့် လူဆိုးဓါးပြများအောက်တွင် အပြစ်မဲ့ပြည်သူများမှာ ကျီးလန့်စာ စားနေကြရသည်သို့ . . .။

ယခုလည်း ကြည့်ပါ . . . ခြောက်လုံးပြူးပြောင်းဝနှင့် သူ၏တိုစိစိ မုတ်ဆိတ်မွေးတို့အား ပျင်းတိပျင်းတွဲနှင့် ထိုးဆွရင်း သူ၏ရှေ့မှ စိန်ဘန်း နှင့်မွန်ထော်တို့အား မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" စိန်ဘန်းဆိုတာ မင်းလား "

" ဟုတ်း . . . ဟုတ်ပါတယ် သူ . . . သူက မွန်ထော်ပါ "

မိုးကြိုးပစ်သံကဲ့သို့ ဆို့ဝါးကျယ်လောင်လှသော စကားသံကြီးကြောင့် လူမလေးတစ်ယောက် တွေ့ခဲ့ရတယ်ဆိုတာ အမှန်ပဲလား "

" ဟုတ် . . . ဟုတ်ပါတယ် ဆရာကြီး ဟို . . . မျောက်ကြီးတွေ အလယ်မှာ တွေ့ခရတာပါ၊ ဒါ . . . ဒါပေမယ့် လူတွေကတော့ ဥစ္စာစောင့် မလေးတဲ့ ပြော . . . ပြော "

" ထပ်သရိး . . . ထွီး . . . ဘာဥစ္စာစောင့်မလေးလဲ မဟုတ်တရုတ်တွေ့ ငါမယုံဘူး။ အေး ငါသိချင်တာက အဲဒီလူမလေးရဲ့လည်မှာ ဆွဲထားတဲ့ ပစ္စည်းအကြောင်းကို သေချာစဉ်းစားပြီး ငါ့ကိုပြန်ပြောပြစမ်း"

တိုင်းကျော်၏မေးခွန်းကြောင့် စိန်ဘန်းနှင့် မွန်ထော်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ တစ်ဆက်တည်းမှာပင် ကပ္ပိယကြီးဦးဇာဂရ၏ နောက်ဆုံးမှာကြားခဲ့သောစကားသံများကို ပါ ပြန်လည်ကြားယောင်လာသည်သို့ . . .။

" အေး . . . နင်တို့တွေ့ခဲ့တဲ့ လူမလေးဆိုတာ တောချောက်တာလား၊ ဥစ္စာစောင့်လားဆိုတာတော့ ငါမသိဘူး။ အကောင်းဆုံးကတော့ လူမလေးကိစ္စ နင်တို့နှစ်ယောက်စလုံး မေ့ပစ်လိုက်ကြတာ အသင့်တော်ဆုံးပဲ၊ နို့မို့ဆိုရင် နင်တို့အတွက် အန္တရာယ်များလွန်းတယ် "

ဤသို့ဆိုလျှင် ဘိုးဇာဂရသည် လူမလေးကိစ္စတွင် ထဲထဲဝင်ဝင် သိလိမ့်မည်ထင်သည်။ သို့သော် သူတို့အား ဘာကြောင့်ပြောမပြရပါ





ဤ ယခုပင်လျှင် 'အာဠာဝကတိုင်းကျော်' ဆိုသော လူ့ဘီလူးကြီး က်သို့ ထိုလူမလေးကိစ္စနှင့် ရောက်ရှိနေပြီမဟုတ်ပါလား။ လက်ရှိ အခြေအနေက အဖြေမတတ်လျှင် အသေကြွပ်သွားနိုင်ပါ၏။

" ဟို . . . ဟို လရောင်ပိုးတဝါးအောက်မှာ ပြေးရင်းလွှားရင်း က်ရတာဆိုတော့ ဘာပစ္စည်းရယ်လို့ တိတိကျကျတော့ မသိပါဘူး။ ဲ့ ဝင်းခနဲလက်သွားတိုင်း အစိမ်းရောင်အလင်းတန်းတွေကိုတော့ နဲ့တွေ့လိုက်ရတယ် ဆရာကြီး "

" ဟုတ် . . . ဟုတ်ပါတယ် ဆရာကြီး။ အဲဒီကောင်မလေး းလှုပ်ရှားလိုက်တိုင်း အစိမ်းရောင်အလင်းတန်းတွေ ဖြာခနဲ လင်းလက်သွားတော့တာပဲ၊ ကြည့်ရတာ အဲဒီပစ္စည်းဟာ အဘိုး တနာပစ္စည်းတစ်ခုခုများ ဖြစ်နေမလားလို့ "

" အိုး . . . ဟိုး . . . ဟိုး ကောင်းတယ် . . . သိပ်ကောင်းတဲ့ အခေါ်ပဲ၊ မင်းတို့နှစ်ယောက် ဒီရက်ပိုင်းအတွင်းမှာ ဘယ်ကိုမှ ကြနဲ့၊ ငါအလိုရှိရင် ခေါ်လိုက်မယ်၊ ဒီကြားထဲမှာ လူမလေးနဲ့ က်တဲ့သင်းတွေကို ရသလောက်စုံစမ်းထား ကြားလား "

" ဟုတ် . . . ဟုတ်ကဲ့ပါ ဆရာကြီး "

" ကဲ . . . ရော့ လောလေဆယ် မင်းတို့သုံးဖို့စွဲဖို့ "

" ဖုတ် . . . ဘုတ် "

သူတို့နှစ်ယောက်ရှေ့သို့ သားရေကွင်းနှင့်စည်းထားသော ငွေအခေါက်လိုက်နှစ်ထုပ် တဖုတ်ဖုတ်နှင့်ကျလာသည်။ စိန်ဘန်းနှင့်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



မွန်တော်တို့နှစ်ယောက် လက်သွက်ခြေသွက်ဖြင့် ကောက်ယူလိုက်ကြပါ... နှစ်ယောက်သား ပိုက်ဆံအခေါက်လိုက်လေးများကို ယူပြီးသည်နှင့် ... ကြည့်လိုက်တော့ သူတို့ရှေ့တွင် 'အာဠာဝကတိုင်းကျော်' ဆိုသေ... လူ့ဘီလူးကြီး မရှိပါလေတော့။

လက်ဝဲလက်ယာ ကိုယ်ရံတော်နှစ်ယောက်ခြံရံလျက် ဝါးတဲ... အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ကိုသာ တွေ့ရပါလေ... သူတို့ပတ်ဝန်းကျင်မှာတော့ ဟိုနေရာတစ်စု သည်နေရာတစ်စု ... လေးများကို တွေ့မြင်လိုက်ရသည်။ လက်နက်ကိုင်ရဲဘော်များက... သူစံမြန်းရာတောထဲတွင် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ... ကြသည်။

စိန်ဘန်းနှင့်မွန်တော်တို့နှစ်ယောက်သား ကိုယ်ရသည့်... ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း 'အာဠာဝကတိုင်းကျော်'၏ တော... စခန်းထဲမှ ခပ်သွက်သွက်ထွက်ခွာလာခဲ့ကြပါတော့သည်။ သို့သော် ... သား၏ရင်ထဲမှာတော့ အဖြေမရှိသေးသည့် ပဟေဠိတစ်ပုဒ်ကို တွက်... နေကြလေသည်သို့ . . .။

♛ ♛ ♛





# အခန်း(၁၃)

## " မျက်နှာစိမ်းများ ရောက်ရှိလာကြခြင်း "

ဤသို့ဖြင့် အချိန်ကာလရာသီများက တရွေ့ရွေ့နှင့်လည်းပတ်... မိုးရာသီကာလတစ်ခု ကုန်ဆုံးချိန်သို့ ရောက်ရှိလာခဲ့သည်။

တောကျောင်းဆရာတော်ကြီးထံပါးတွင် ဝတ်ကြီးဝတ်ငယ်ပြုစု... ...ရှိသည့် ကပ္ပိယကြီး ဘိုးဇေကရသည်လည်းကောင်း၊ ဇေကတက်ကာ ...တ်၊ ဝါးခုတ်နှင့် ဘဝကို သမာအာဇီဝကျကျဖြင့် ရှန်းကန်လှုပ်ရှား... ...သော မင်းမောင်သည်လည်းကောင်း၊ ရောင်စုံသောင်းကျန်သူလိုလို ...ခေါင်းဆောင်လိုလိုဖြစ်သည့် 'အာဠာဝကတိုင်းကျော်'နှင့် အမှတ်



www.burmeseclassic.com

www.burmeseclassic.com



မထင်ပူးပေါင်းသွားကြသည့် ရွာခံမုဆိုး စိန်ဘနှင့်မှန်ထော်တို့သည်
ကောင်း ကိုယ့်အလုပ်နှင့်ကိုယ် ရှုန်းကန်လှုပ်ရှားသွားလာနေကြ
မိန်းမလှကျွန်းပေါ်ရှိ မျောက်တစ်ရာနယ်မြေမှ တွေ့ရှိခဲ့ရသော လူမ
တစ်ယောက်နှင့် ကြီးမားဆန်းကြယ်လှသော မျောက်ရုပ်တုကြီး
အကြောင်း ဘာကြောင်းညာကြောင်း အားလုံးကို မေ့မေ့ပျောက်ပျော
နှင့် ရှိနေကြချိန် . . .။

တစ်ခုသော မိုးနှောင်းရာသီ၏ မိုးဖွဲလေးများအောက် နေ့လည်
ခင်းဘက်တွင် ရွာဦးဘုန်းကြီးကျောင်းတံတားဆိပ်သို့ အနီရောင်ယ
ဘုတ်တစ်စင်း ဆိုက်ကပ်လာခဲ့သည်။ ထိုယူဘီဘုတ်သင်္ဘောပေါ်တွ
သစ်တောအရာရှိဝတ်စုံနှင့် လူရွယ်တစ်ယောက် အသက်(၆၀)ကျော်
ရှိသော အင်္ဂလိပ်မျက်နှာဖြူကြီးတစ်ယောက်နှင့် သင်္ဘောဦးတွင်
ရောင်အကျီ ဘောင်းဘီရှည်နှင့် ရွှေရောင်ဆံပင်များ တဖျပ်ဖျပ်လွင့်
လိုက်ပါလာသည့် အသက်(၂၀)ကျော်ခန့် မိန်းမချောလေးတစ်ယောက်
လိုက်ပါလာကြသည်။

သင်္ဘောဆိုက်ကပ်ပြီးသည်နှင့် သစ်တောအရာရှိဝတ်စုံ
လူရွယ်ကဦးဆောင်လျက် သင်္ဘောပေါ်မှ ခရီးသည်တစ်စု ဘုန်းကြ
ကျောင်းတံတားဆိပ်သို့ ဆင်းလာကြသည်ကို ကျောင်းဝင်းထဲရှိ မင်းမော
က မြင်တွေ့လိုက်ရသဖြင့် . . .

" ဟာ. . ကိုမင်းခင်ကြီး. . ဘယ်လိုက ဘယ်လို မျက်စိလည်
ပြီးရောက်လာတာလဲ၊ အော်. . ခင်ဗျားက အရာရှိကြီးတောင်ဖြစ်သွား





" အေး. . .ဟုတ်တယ် မင်းမောင်. . .သစ်တောအရာရှိဖြစ်သွားတာကတော့ မနှစ်ကတည်းကပါ၊ အခု ဒီဘက်ကိုတာဝန်နဲ့ရောက်လာတာမို့ မင်းတို့ဆီကို အရင်ဆုံးဝင်လာတာ အဘိုးကော နေကောင်းရဲ့လား "

" ကောင်းပါတယ် ဆိုင်းမဆင့်ဗုံမဆင့်ဆိုတော့ အံ့အားသင့်နေတာပါ၊ အော်. . .နောက်မှာလည်း ဧည့်သည်တွေပါသေးတာကိုး၊ ကဲ. . လာ. . လာ ကျွန်တော်တို့အခန်းဘက်ကို သွားကြရအောင်၊ ဟို ဟို. . .အထုတ်တွေအိတ်တွေကို ကျွန်တော့်ကို ပေးလေ "

" အိုး. . . နေ. . . နေပါစေ. . . Thank You "

မင်းမောင်မှာ ရုတ်တရက် ရွှေရောင်နတ်သမီးလေးတစ်ပါးကို နေ့ခင်းကြောင်တောင် တွေ့မြင်လိုက်ရသဖြင့် အံ့သြတကြီးဖြစ်သွားပါ၏။ မျက်လုံးပြာပြာ ရွှေရောင်ဆံပင်တိုလေးများက လေတွင်လွင့်ပျံလျက် မီးခိုးရောင်ဝတ်စုံနှင့် များစွာပန်ရလှသော နတ်သမီးလေးကို ခဏမျှ မှင်သက်ငေးမောကြည့်လိုက်မိသည်။

" ကဲ. . .သွားကြမယ်လေ မင်းမောင်. . .မင်းတို့အိပ်ခန်းက ဘယ်မှာလဲ "

" အော် . . အင်း . . သွား . . သွားကြတာပေါ့၊ ဟို . . ဟိုမှာလေ ဟော. . .အဘိုးတောင် တဲပေါ်ကနေ ဆင်းလာပြီ "

ထူးဆန်းသည်. . .နတ်သမီးလေးနှင့်အတူပါလာသော မျက်နှာဖြူအင်္ဂလိပ်ကြီးမှာ နေရာတွင်ပင်ရပ်လျက် မြစ်ပြင်ကျယ်ကြီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ဘုန်းကြီးကျောင်းဝင်းကြီးအတွင်းတွင်လည်းကောင်း အတန်ကြာစွာငေးမောကြည့်နေသည်မို့ မင်းမောင် အသာပင်ရပ်နေမိလိုက်သည်။

အတန်ကြာမှ မြစ်ပြင်ကျယ်ကြီးဘက်မှ အကြည့်ကိုရုပ်သိမ်းကာ မင်းမောင်ခေါ်ဆောင်ရာနောက်သို့ လိုက်လာခဲ့ကြသည်။ သူတို့၏ တဲအိမ်ရှေ့တွင် ဘိုးဇာဂရနှင့် မျက်နှာချင်းဆိုင်မိကြသည်။

" အဘိုး . . . နေကောင်းရဲ့လား "

" အော် . . . ဘယ်သူများလဲမှတ်တယ် မောင်မင်းဒင်တို့ကိုး အင်း . . . မင်းတောင် သစ်တောအရာရှိဖြစ်သွားပြီပဲ၊ ကောင်းတယ်. . ကောင်းတယ် ဒါနဲ့ ဘယ်မှာတာဝန်ကျတာလဲကွယ့် "

" ဖျဉ်ဒရယ်ကြိုးဝိုင်းမှာပါ အဘိုး . . . အခုဧည့်သည်တွေလည်း ပါလာတာမို့ အဘိုးတို့ဆီကို ဝင်လာခဲ့တာပါ "

ဘိုးဇာဂရက ဧည့်သည်များဘက်သို့ ဝတ်ကြေတန်းကြေ တစ်ချက်မျှလှည့်ကြည့်ပြီး ဝါးတဲကြီးပေါ်သို့ ဦးဆောင်၍ခေါ်ငင်လာခဲ့သည်။ မင်းမောင်မှာ နတ်သမီးလေးကို တစ်ချက်မျှလှည့်ကြည့်လိုက်ပြီး ပစ္စည်းများကိုသယ်ယူ၍ တဲကြီးပေါ်တွင် နေရာချပေးနေပါ၏။

မကြာမီ မြစ်ပြင်ကျယ်ကြီးကို လှမ်း၍မြင်တွေ့နိုင်သည့် ဝရံတာအနီးတွင် ဝိုင်းဖွဲ့ထိုင်ဖြစ်ကြသည်။ အလွယ်တကူရှိသည့် ပေါက်ပေါက်ဆုပ်၊ ငှက်ပျောသီး၊ ထန်းလျက်ခဲ၊ မြေပဲဆံကြော်တို့ဖြင့် လက်ဖက်ရည်ကြမ်းဝိုင်းလေးတစ်ခုကို ဖန်တီးလိုက်ကြသည်။

ဖောင်ဝင်မြစ်ပြင်ကိုဖြတ်၍ တိုက်ခတ်လာသောလေနုအေးက





တဲကြီးပေါ်မှလူတစ်စုအား တိုးဝှေ့ကြည့်စယ်သွားကြသည်သို့၊ သို့သော် ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည့် လက်ဖက်ရည်ကြမ်းဝိုင်းကလေးကမူ . . .။

ဟုတ်သည် . . . မင်းဒင်နှင့်အတူပါလာသည့်မျက်နှာဖြူအင်္ဂလိပ်ကြီးက ဘိုးဇာဂရ၏မျက်နှာကို ဆွေးဆွေးမြည့်မြည့်ကြည့်ကာ ငြိမ်သက်နေသလို . . . ဘိုးဇာဂရကိုယ်တိုင်ကလည်း သူ၏ဝါးဆေးတံကြီးကို မီးမညှိနိုင်သေးဘဲ မျက်နှာဖြူအင်္ဂလိပ်ကြီးကို တွေတွေငေးငေးကြည့်နေပါ၏။

လက်ဖက်ရည်ကြမ်းဝိုင်းသည် သူတို့နှစ်ဦးကြောင့်ပင် ထူးထူးခြားခြား ငြိမ်သက်နေခြင်းဖြစ်သည်။ အတန်ကြာငြိမ်သက်တိတ်ဆိတ်နေပြီးမှ . . . ဘိုးဇာဂရနှုတ်ဖျားမှ တရွရွလှုပ်ခတ်လာပြီး . . .

"ဟင် . . မင်း . . မင်း . . ဟို . . ဟို မိုလ် . . မိုလ်မှူး . . မှူး"

"Yes . . ဦးဇာဂရ . . ကျုပ် ကာနယ်မက်ဒေါ်နယ်ပါ၊ ဟောဒါက ခင်ဗျားရဲ့ကယ်တင်ပေးမှုနဲ့ဘုရားသခင်ရဲ့စောင့်ရှောက်မှုကြောင့် ရှင်သန်ကြီးပြင်းခဲ့ရတဲ့ ကျုပ်ရဲ့သမီး . . . ဟယ်လင်နာ၊ သမီး ဟောဒါက ဒယ်ဒီပြောပြောနေတဲ့ ဒယ်ဒီတို့ရဲ့ အသက်သခင်ကျေးဇူးရှင်ကြီး ဦးဇာဂရဆိုတာပေါ့ "

" အိုး . . . ဒါဆိုရင် မိုလ်မှူးကြီးတို့သားအဖ တစ်ကယ့်ကို အသက်မသေဘဲ လွတ်မြောက်သွားတော့တာပဲကိုး . . ဝမ်း . . ဝမ်းသာလိုက်တာ မိုလ်မှူးကြီးရယ် "



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဇာဂရနှင့် ဗိုလ်မှူးဟောင်းမက်ဒေါ်နယ်တို့၏ မျက်ဝန်းအိမ်များမှာတော့ မျက်ရည်ကြည်တို့က ရစ်သိုင်းအုံ့ဖွဲ့လျက်၊ စစ်ကြီးအတွင်းဝယ် သေမည်ရှင်မည်မသိ၊ မိမိတို့၏နယ်မြေမဟုတ်ဘဲ တစ်ပါးသူ၏နိုင်ငံအတွင်းမှ လွတ်မြောက်ဖို့ဆိုသည်မှာ မည်သို့မျှမလွယ်ကူလှ၊ ခက်ခဲကြမ်းတမ်းမှုအန္တရာယ်အစုစုတို့ကို ပင်ပန်းကြီးစွာကျော်ဖြတ်နိုင်ပါမှ လွတ်မြောက်နိုင်မည့်အရေးက မှုန်ဝါးဝါးမျှသာ။

ယခု ဗိုလ်မှူးမက်ဒေါ်နယ်တို့သားအဖမှာ ဘုရားသခင်၏စောင့်ရှောက်မှုဖြင့် အန္တရာယ်သေတွင်းမှ လွတ်မြောက်ခဲ့ကြသည်ထင့်၊ စစ်ကြီးပြီးစီးသွားသည့် ဤမှာဘက်တွင် သမီးဖြစ်သူဟယ်လင်နာမှာ သမိုင်းသုတေသီပညာရှင်တစ်ဦးအဖြစ် အရှေ့တောင်အာရှ ဂျပန်မှသည် မြန်မာပြည်သို့ လှည့်လည်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ယခုတော့ မင်းမောင်၏နတ်သမီးလေး 'ဟယ်လင်နာ'သည် အိတ်ထဲမှပစ္စည်းမျိုးစုံနှင့် မြန်မာငွေတစ်ချို့ကို သေသေသပ်သပ်ယူငယ်ကာ ဦးဇာဂရရှေ့တွင် စီစီရီရီချလျက် မြန်မာ့ယဉ်ကျေးမှုစရိုက်နှင့်အညီ ပုဆစ်တုတ်လျက် ကန်တော့ဦးညွှတ်နေသည်မှာ စိတ်ကြည်နူးဖွယ်ရာမြင်ကွင်းတစ်ခုပင်တည်း။

" သာဓု . . . သာဓု . . . သာဓုပါသမီးရယ်၊ တကယ်တော့ သမီးတို့ကို အဘိုးကယ်တင်ပေးတယ်ဆိုတာက မြန်မာတွေရဲ့ ရန်သူမိတ်ဆွေမခွဲခြားဘဲ ဒုက္ခရောက်နေသူတစ်ဦးကို တကယ့်ဖြူစင်တဲ့စိတ်ရင်းအမှန်နဲ့ ကယ်တင်းပေးခဲ့တာပါကွယ် . . . ဒီလိုမျိုးဝတ်ပိုးကြီးတာတွေ





ပေါ်ဘဲနဲ့ လက်အုပ်ချီမိုးပြီး ကန်တော့တာနဲ့ပဲ ပြည့်စုံပါပြီ သမီးရယ် "

ဘိုးဇာဂရ၏အတွေးအမြင် ပြတ်သားသောစကားလုံးများကြောင့် ဗိုလ်မှူးဟောင်းမက်ဒေါ်နယ်တို့သားအဖမှာ မျက်ရည်များပင်ဝဲသွားကြသည်သို့ . . .။

" အဘိုးရဲ့ဖြူစင်တဲ့ မေတ္တာဓါတ်ကြောင့် သမီးတို့သားအဖ အန္တရာယ်တွေအသွယ်သွယ်ကြားက လွတ်မြောက်ခဲ့ရလို့ ချော်ချော်မြော်မြောအနေ အဘိုးကိုရည်မှန်းပြီး သမီးအမြဲမေတ္တာပို့နေပါတယ် အဘိုးရယ်၊ ခုဆိုရင် ဗုဒ္ဓရဲ့တရားတော်တွေနဲ့ နက်ရှိုင်းတဲ့ဒဿနအမြင်တွေကိုလည်း သမီး လေ့လာဆည်းပူးနေပါတယ် အဘိုး "

"ဟုတ်တယ် ဦးဇာဂရ . . . ကျုပ်တို့သားအဖ အသက်ရှင်သန်ခဲ့ရတာဟာ ခင်ဗျားရဲ့ ဖြူစင်မြင့်မြတ်တဲ့မေတ္တာတရားကြောင့်ဆိုပြီး သမီးက ခင်ဗျားကို သိပ်ပြီးတွေ့ချင်နေတာပါ၊ ဒါကြောင့် အရှေ့တောင်အာရှကိုရောက်ရှိနိုင်ဖို့အတွက် ငယ်ငယ်ကတည်းက စိတ်ကူးယဉ်ခဲ့တဲ့ သမီးလေးပါ၊ နောက်တော့ ဂျပန်မြန်မာသမိုင်းစာတန်းပြုဖို့ဆိုပြီး အာရှကို သားအဖနှစ်ယောက် ထွက်လာခဲ့ကြတာပါ ဦးဇာဂရရယ် . . . ပြီး နောက်ပြီး . . . "

ကာနယ်မက်ဒေါ်က တဲကြီးအတွင်းနှင့် ကျောင်းဝင်းဝန်းကျင်သို့ သွားလာနေကြသော လူတစ်ချို့ကိုကြည့်ကာ ပြောလက်စ ,စကားကိုဖြတ်လိုက်ပြီး စကားလမ်းကြောင်းလွှဲလိုက်ပါ၏။

"အဲဒီနဲ့ မြန်မာပြည်ကိုရောက်လာကြပြီး ရန်ကုန်က မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအကူအညီနဲ့ ဟောဒီက မောင်မင်းခင်ဆီကို ရောက်လာခဲ့ေ... တာပဲ ဦးဇာဂရရေ ''

မင်းမောင်က မြန်မာစကားကို အသံတစ်မျိုးနှင့် လေ... လေသိမ်းမတူညီဘဲ ရေလည်စွာပြောဆိုနိုင်သည့် မျက်နှာဖြူသား... နှစ်ယောက်ကို အံ့ဩငေးမောစွာကြည့်နေရာမှ မင်းခင်ဆီသို့ မျက်... ရောက်ရှိသွားသည်။

'' ဟုတ်တယ်. . . မင်းမောင် ငါ့ရဲ့ဆရာသမားတစ်ယောက်... မိတ်ဆက်ပေးလို့ လွန်ခဲ့တဲ့သုံးလေးရက်ကမှ ဒီကမိုလ်မှူးဟောင်းကြီး... သားအဖနဲ့ သိခွင့်ရခဲ့တာကွ၊ သူတို့က ရွာနာမည်ရော၊ ဦးဇာဂရချို... အမည်ကိုရော တိတိကျကျပြောနေတာကြောင့် ငါလည်းကူညီလိုက်... တာပါ. . . နောက်ပြီး ငါကလည်း အရာရှိတစ်ဆင့်တိုးနဲ့ ပျဉ်ဒရယ်... တောကြိုးဝိုင်းကို ပြောင်းရွှေ့ရမှာဆိုတော့ သူတို့ကို အထူးတလည်... လိုက်ပို့စရာမလိုတော့ဘူးပေါ့. . . မင်းမောင်ရယ် ''

'' အော်. . . ဗိုလ်မှူးကြီးနဲ့ဟယ်လင့်ကို မိတ်ဆက်ပေးရ... ဟောဒါက ဘိုးဇာဂရရဲ့ တစ်ဦးတည်းသောမြေး မင်းမောင်တဲ့၊ မိန်း... ကျွန်းတို့ ကျွန်းညိုကြီးတို့ ပျဉ်ဒရယ်ကြီးဝိုင်းတစ်ဝိုက်မှာ သူ့ရဲ့ခြေရာ... ချည်းပဲပေါ့၊ ကောတက်တယ်၊ ထင်းခုတ်တယ်၊ သစ်ဝါးခုတ်တယ်... 

မင်းခင်၏မိတ်ဆက်ပေးမှုဖြင့် ဗိုလ်မှူးကြီးနှင့် နှုတ်သမီး... ဟယ်လင်တို့၏ အားကိုးတကြီးအကြည့်များနှင့် အပြုံးမျက်နှာတို့... ကြည်နူးစွာတွေ့မြင်လိုက်ရပါ၏။





ယခုတော့ တိတ်ဆိတ်ငြိမ်သက်နေသည့် လက်ဖက်ရည်ကြမ်း... ...လေးသည် ရင်းနှီးနွေးထွေးသော အငွေ့အသက်များဖြင့် သက်ဝင် ...ရှားလာခဲ့သည်။

'' မင်းမောင် . . . မင်းအလုပ်အားရင် ငါနဲ့အတူ ပျဉ်ဒရယ် ...ဝိုင်းကို လိုက်ခဲ့ဦးနော် . . . ဟိုမှာ တစ်ပတ်လောက်နေပြီးမှ ...င် ပြန်ပေါ့၊ အဲဒီလောက်ဆို ငါလည်း ပျဉ်ဒရယ်မှာ အသားကျသွား ...က်ပါပြီ ''

'' အင်းပါ. . . ကိုမင်းခင်ရယ်၊ ကျွန်တော်ကိုယ်တိုင် ပျဉ်ဒရယ် ...ဝိုင်းကို လိုက်ပို့ပါ့မယ်၊ ဒါပေမဲ့ ဒီ. . . ဒီမှာကလည်း ဧည့်သည်တွေ ...သေးတော့ ''

'' အော် . . . ကိုမင်းခင် Thank you တစ်ဆိတ်လောက် ...ရှုပြုပြီး. . . ဟို ပျဉ်ဒရယ်ကို ဟယ်လင်ပါလိုက်လို့ရမလားဟင်''

စကားသံလေးလေးနှင့် ဝဲတဲတဲအသံလေးက မင်းမောင်တို့ ...ားဝိုင်းထဲသို့ ကြားဖြတ်၍ဝင်လာပါ၏။

'' ဟာ. . . လိုက်လို့ရပါတယ် ဟယ်လင်ရယ်၊ ကျွန်တော်က ...ယ်လင် ခရီးများပန်းနေမလားလို့ မဖိတ်ခေါ်တာပါ၊ နောက် အေးအေး ...ဆေးမှခေါ်မလားလို့ စိတ်ကူးထားလို့ပါ ဟယ်လင် ''

'' OH .. No .. ဩ ရပါတယ် မြန်မာပြည်ထဲက မိန်းမလှ ...န်းတို့ ပျဉ်ဒရယ်တို့ ကျွန်းညိုကြီးတို့ဆိုတာ စိတ်ဝင်စားစရာ သမိုင်း ...ကြောင်းတွေ ရှိနိုင်တယ်လို့ ဟယ်လင် စာတွေထဲမှာဖတ်ရမှတ်ရလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဖြစ်နိုင်ရင် ပျဉ်ဒရယ်ဘက်ကိုလည်း လိုက်ချင်ပါတယ် "

" လူငယ်သုံးယောက်၏ နွေးထွေးရင်းနှီးသောစကားဝိုင်းထဲသို့ လူကြီးနှစ်ယောက်က ဝင်ရောက်မနှောင့်ယှက်တော့ဘဲ ပြုံးပြုံးကြီးသာ ကြည့်နေကြပါ၏။ ခဏကြာတော့ ဗိုလ်မှူးမက်ဒေါ်နယ်က စကားဝိုင်းမှ မသိမသာဝါကာ ဝရံတာထက်မှရပ်လျက် ဖောင်ဝင်မြစ်ကြီးဆီသို့ ငြိမ်သက်စွာ ငေးမောကြည့်နေပါ၏။

ထိုအဖြစ်အပျက်ကို ဘိုးအာဂရက မြင်တွေ့လိုက်ရသဖြင့် လွန်ခဲ့သောဆယ်နှစ်ကျော်ခန့်က ကြေကွဲရင်နင့်ဖွယ်ရာဖြစ်ရပ်တစ်ခုကို ပြန်ယောင်လာပါသလိုလို၊ တစ်ဆက်တည်းမှာပင် ဖောင်ဝင်မြစ်ပြင်ကြီးဆီရာသို့ တစ်ယောက်တည်း ငြိမ်သက်စွာငေးမောကြည့်နေသည့် ဗိုလ်မှူးမက်ဒေါ်နယ်၏ ရင်ထဲမှသောကအပူကို စာနာနားလည်စွာဖြင့် သက်ပြင်းတစ်ချက်သာ မသိမသာချလိုက်ပါတော့သည်။

ဖောင်ဝင်မြစ်ပြင်တစ်ဝိုက်မှာတော့ တံငါလှေတစ်ချို့နှင့် ဖုန်းနေကြသော ငှက်ငယ်တစ်ချို့ကို တွေ့မြင်နေရသည်။ နေ့ခင်းဘက်၏ သဲ့သဲ့ညင်ညင်ကြားနေရသလိုလို . . .။

ထို့အတူ ဗိုလ်မှူးကြီး၏ ဆေးရိုပ်သန်းနေသည့် မျက်ဝန်းအစုံကလည်း ဖောင်ဝင်မြစ်ပြင်ကျယ်ကြီးထဲတွင် တစ်စုံတစ်ရာကို ငေးငေး ရှာဖွေနေလေသည်လား . . .။

♛ ♛ ♛

သူရဲကောင်းစာပေ



## အခန်း(၁၄)

## " မျောက်တစ်ရာနယ်မြေမှ . . . ထူးထွေသည့် အံ့ရာသော် "

လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာကတည်းက ထူးဆန်းနက်နဲလှသော ဝိဇ္ဇာရောက်မှုရပညာရပ်များနှင့် စီရင်ထားခဲ့သည်ဆိုသော မိန်းမလှ ကျွန်း၊ မျောက်တစ်ရာနယ်မြေမှ မျောက်တစ်ရာစေတီနှင့် ထူးဆန်းသော ဂူနှင့်ရုမျောက်ရုပ်တုကြီးများ၊ လပြည့်လကွယ်ညများတွင် သက်ဝင်လှုပ်ရှားသလေ့ရှိသည်ဆိုသော ခေါင်းဆောင်မျောက်ရုပ်ကြီးနှင့် သူ၏လက်ထဲတွင် ဆုပ်ကိုင်ထားရှိသည့် မီးပေါက်ပတ္တမြားကြီးတစ်လုံး . . .။

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုမျောက်ကြီးများအလယ်တွင် ပျော်ရွှင်ချမ်းမြေ့စွာ ဆော့ကစားနေသည့် မိန်းမပျိုလေးတစ်ယောက်. . .၊ ပြေးလွှားလှုပ်ရှားလိုက်တိုင်း အစိမ်းရောင်အလင်းတန်းများ ယှက်ဖြာသွားသည်ဆိုသော မိန်းမပျိုလေး၏လည်တွင် ဆွဲထားသည့် ပစ္စည်းတစ်ခု၊ ထူးဆန်းသော ကျောက်သလင်းရေအိုင်နှင့် မျောက်တစ်ရာစေတီမှ မြဲဘုရားသုံးဆူ စသည့် စသည့် ပဟေဠိဝင်ပါသဖွယ် ဆက်နွယ်ရှုပ်ထွေးလျက်ရှိသော၊ မယုံကြည်နိုင်ဖွယ်၊ သွေးပျက်ချောက်ချားဖွယ်ဖြစ်ရပ်များနှင့် သတင်းကြီးနေသော အနီ့ မျောက်တစ်ရာနယ်မြေ၊ ထိုမျောက်တစ်ရာနယ်မြေ၏ အရှေ့ဘက်နံနက်ခင်းတစ်ခုက ဖြေကြာမီ နေ့သစ်တစ်ခုကို မွေးဖွားပေးတော့လေမည်ထင့်။

ရွက်အုပ်ရွက်မိုး သိပ်သိပ်သည်းသည်းနှင့် ပင်ချင်းနွယ်ကိုင်းချင်းယှက်နေကြသည့် သစ်ပင်၊ ဝါးပင်များကြားမှ နံနက်ခင်းအရှေ့ နေခြည်သည် ငွေ့ငွေ့စင်စင် ဖိတ်လျှံကျနေသည်သို့. . .။ ထိုနှင်းမြူ နေခြည်တန်းအောက်မှ နိုးထလာကြသော ကျေးငှက်သံတစာစာနှင့် ကြေးစည်သံသဲ့သဲ့က မျောက်တစ်ရာနယ်မြေအတွင်းရှိ ကျောက်ဂူကြီးတစ်ခုအတွင်းမှ သဲ့သဲ့ညင်ညင်ထွက်ပေါ်လာခဲ့သည်။

ထိုကျောက်ဂူကြီးနှင့် မလှမ်းမကမ်းတွင်ရှိသော တောခြုံနွယ်များအနီးမှာတော့ ကြီးမားလှသော မျောက်ရုပ်ကြီးများက တစ်ချို့ခြုံနွယ်များပင်ရစ်ပတ်ကာ တန်းစီ၍ငြိမ်သက်စွာ တည်ရှိနေကြသည်။ ရံဖန်ရံခါ နံနက်ခင်းလေပြည်ထဲတွင် စီးမျောလွင့်ပျံလာသည့် ဆွဲလည်းလှုပ်ခတ်သံလေးများကလည်း ကြေးစည်သံတဝေဝေကြားမှ သွဲ့သွဲ့ညင်ညင်





ကြားနေရသည်။

ဤဖြစ်ရပ်ကား နံနက်ခင်းအရှေ့ဦးတိုင်း 'မျောက်တစ်ရာနယ်မြေ'တွင် သိမြင်ခံစားနေရသည့် တရားမွေဆန်းသော ငြိမ်းချမ်းသော နိစ္စဓူဝမြင်ကွင်းပင် ဖြစ်ပါ၏။ ထိုအချိန်တွင် . . .

တန်းစီ၍မြင်တွေ့နေရသော မျောက်ရုပ်ကြီးများပင် သက်ဝင်လှုပ်ရှားလာကြလေသည်လား၊ သို့တည်းမဟုတ် သူတို့၏နောက်ဘက်ရှိ ခြုံနွယ်တန်းသစ်ပင်ကြီးများပေါ်မှ ခုန်ကျော်ပျံလွှား၍ ဆင်းလာကြလေသည်လားမသိ၊ တကွဲကွဲတကွကွနှင့် မျောက်အော်သံများနှင့်အတူ မျောက်ကြီးများက သစ်သီးတစ်ချို့နှင့် ငှက်ပျောခိုင်များကိုထမ်းကာ ကျောက်ဂူရှိရာသို့ လာနေကြသည်။ ထူးခြားသည်က ထိုမျောက်ကြီးများကြားတွင် မှည့်ဝင်းနေသော ငှက်ပျောခိုင်တစ်ခိုင်ကိုထမ်းလျက် အသက်နှစ်ဆယ်အရွယ်ခန့်ရှိ လူမလေးတစ်ယောက်က မျောက်ကြီးများနည်းတူ ခုန်ပျံကျော်လွှားကာ လိုက်ပါလာခြင်းပင်တည်း။

ထိုလူမလေးမှာ ညစ်ပေပေ ရွှေရောင်ဆံပင်ရှည်များနှင့် ပြာလဲ့လဲ့မျက်ဝန်းအစုံ၊ နေလောင်ထားသည့် အသားအရေတွင် အညိုရောင်ဝတ်စုံက ရင်တစ်ခြမ်းကို ခြုံလွှမ်းလျက်၊ ပေါင်လည်ခန့်အထိ ဖုံးလွှမ်းထားပါ၏။ ပြေးလွှားလှုပ်ရှားလိုက်တိုင်း နေရောင်တွင် လက်ခနဲ၊ ပျက်ခနဲ လင်းလက်သွားသည့် အစိမ်းရောင်ဆွဲကြိုးလေးက ဟိုသည် ဝှေ့ယမ်းလှုပ်ခတ်လျက်၊ ရံဖန်ရံခါ ပါးစပ်မှ အမျိုးအမည်ခွဲခြားနိုင်သည့် ဘာသာစကားတစ်ချို့ကို တတွတ်တွတ်နှင့် ရွတ်ဆိုနေတတ်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ လူမလေး ဦးဆောင်လာခဲ့သော မျောက်ကြီးများ
ကျောက်ဂူကြီးတစ်ခုထဲသို့ တန်းစီ၍ဝင်သွားကြပါ၏။ ကျောက်ဂူဝမှာ
သူတို့အားဆီးကြိုနေသည့် အသက်ခုနစ်ဆယ်ကျော်ခန့်ရှိသည့် အညိ
ရောင်ယောဂီဝတ်စုံဖြင့် လူသူတော်ကြီးတစ်ယောက်က လူမလေး
မျောက်ကြီးများ၏လက်ထဲမှ သစ်သီးတစ်ချို့နှင့် ဝှက်ပျောခိုင်ကို လှမ်း
ယူလိုက်သည်၊

ဖြူဖွေးသော မုတ်ဆိတ်ကျင်စွယ်များဖြင့် အညိုရောင်ခေါင်း
ပေါင်းတစ်ခုကို ပေါင်းထားပြီး ရောင်တွဲကိုဘေးတွင်ချကာ တောင်ဝှေး
တစ်ချောင်းကိုကိုင်စွဲထားသည့် လူသူတော်ကြီးမှာ သူ့အား ရိုသေ
ကန်တော့နေရှာသည့် လူမလေး၏ဦးခေါင်းကို လက်ဖြင့်ကိုင်ကာ တတွတ်
တွတ်နှင့် ဆုတောင်းပေးနေသည်သို့။

ထိုအချိန်တွင် မည်သည့်အခါမျှ အငြိမ်နေလေ့မရှိသော မျောက်
ကြီးများပင် ထိုမြင်ကွင်းကို ငြိမ်ကုတ်ကာ တိတ်တဆိတ်ငေးကြည့်နေကြ
ပါ၏။ မကြာမီ လူမလေးမှာ လူသူတော်ကြီးပေးသော ဝါးဆစ်ခွက်ထဲမှ
ရေကို တစ်ကျိုက်တည်းမော့၍သောက်ချလိုက်ပြီး သူ၏အဖော်မျောက်
ကြီးများနှင့်အတူ တောအုပ်ထဲသို့ ပျော်ရွှင်စွာခုန်ပေါက်ပြေးလွှား ဝင်ရောက်
သွားကြကာ တဖြည်းဖြည်းပျောက်ကွယ်သွားကြပါတော့သည်။

ဤကဲ့သို့သော မယုံကြည်နိုင်ဖွယ်ရာ ထူးဆန်းအံ့ဩဖွယ်ရာ
မြင်ကွင်းမျိုးများသည်လည်း မျောက်တစ်ရာနယ်မြေကြီးအတွင်းဝယ်
မကြာခဏဆိုသလို မြင်တွေ့နေရပါချေ၏။

သူရဲကောင်းစာပေ



ဤဖြစ်ရပ်မျိုးကိုသာ မြင်ပကတိမှာမှ လူသားများမြင်တွေ့ကြမည်
ဆိုလျှင် ယုံကြည်နိုင်ကြပါမည်လား. . . သို့တည်းမဟုတ် တစ်ဦးနှင့်
တစ်ဦးငြင်းခုံ၍ စကားတင်းဆိုကြလေမည်လား၊ တောခြောက်သည်၊
နာနာဘာဝများက ဖန်ဆင်းသည်၊ ဥစ္စာစောင့်မလေးဖြစ်သည် ဟု အပြိုင်
အဆိုင်စကားတင်းဆိုကာ ငြင်းခုန်နေကြဦးလေမည်လား။ စင်စစ်. . .
ထူးထူးဆန်းဆန်းအံ့ဩဖွယ် မယုံကြည်နိုင်ဖွယ်ဖြစ်ရပ်များ၏ နိဒါန်း
ချီမြစ်ဖျားခံခဲ့ရာ အဖြစ်သနစ် တစ်စိတ်တစ်ပိုင်းသည်ကား. . .

☪ ☪ ☪ ☪ ☪ ☪

မိုးအကုန်ဆောင်းအကူးမို့ မြူနှင်းများက ညနေ့ကောင်းကင်
တွင် ဝေ့ဝဲစီးမျောလျက်၊ လပြည့်ကာနီးဖြစ်သည့်တိုင် နှင်းငွေ့မြူမှုန်
များကြောင့် လရောင်က ပြည့်ဝစွာ လင်းရောင်မဖြာနိုင်ခဲ့၊ သို့တိုင်အောင်
ငြိမ့်ငြိမ့်ညင်ညင် စီးဆင်းနေသော ဖောင်ဝင်မြစ်တစ်ပိုက်မှာတော့ မှုန်ဝါးဝါး
လရောင်က ပြည့်ဝစွာ ဖြန့်ကျက်ကျဆင်းနေပါ၏။

ဆွမ်းစားကျောင်းအနီးရှိ ဘိုးတော်ဂရု၏ ဝါးတဲကြီးပေါ်မှာတော့
ညဦးပိုင်းစကားဝိုင်းက မပြီးပြတ်နိုင်သေးပါ၊ စကားဝိုင်းအလယ်မှာတော့
ဆတ်သားခြောက်ဖုတ်ကို ဆွဲရွဲဆွဲဆမ်းထားသည့် လက်ဖက်ရည်ကြမ်းဝိုင်း
အမြည်းက စားချင်စဖွယ်ရှိပါ၏။ သစ်တောအရာရှိမင်းဒင်မှာ မင်းမော
ထံတွင် တစ်ညအိပ်၍ မနက်ဖြန်မနက်မိုးလင်းမှ တာဝန်ကျရာ ပျဉ်းမြယ်

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သစ်တောကြီးဆိုင်းသို့ မင်းမောင်တို့နှင့်အတူ သွားရောက်ကြည့်ဖြစ်သည်

ညဦးနက်လာသည်နှင့်အမျှ လူသူကျဲပါးသွားပြီဖြစ်၍ ဝါးတဲပေါ်တွင် မင်းမောင်တို့မြေးအဘိုး၊ မင်းခင်နှင့်မျက်နှာဖြူဗိုလ်မှူးသားအဖ စုစုပေါင်းငါးယောက်ထဲသာ ရှိသည်။ မင်းမောင်က မင်းခင်ကိုခေါ်ကာ အိပ်ရာပြင်ရန် ထမည်ကြံရွယ်လိုက်စဉ် . . .

" ခဏနေကြပါဦး မောင်မင်းခင်တို့ ကျုပ်အရေးတကြီးတိုင်ပင်စရာရှိလို့ ပြန်ပြီးထိုင်ကြပါဦး၊ နောက်ပြီး ဦးဇာဂရကိုလည်း ပြစရာရှိသေးတယ် "

ဗိုလ်မှူးကြီး၊ မက်ဒေါနယ်က လေသံတိုးတိုးဖြင့် ပြောလိုက်သဖြင့် ဦးဇာဂရပင် မျက်လုံးကျယ်သွားပါ၏။ စိတ်ထဲတွင်လည်း ဤမျ လောက်ဝေးလံသော အရပ်တစ်ခုဆီမှ မြန်မာပြည်ထဲသို့ ဒုတိယအကြိမ် ရောက်ရှိလာကြသော ဤမျက်နှာဖြူသားအဖမှာ အနည်းငယ် ထူးဆန်း နေသည်ဟုပင် ထင်မိသည်၊ ဘိုးဇာဂရထင်သည့်အတိုင်းပင် ဗိုလ်မှူးကြီး မက်ဒေါနယ်၏နှုတ်များမှ ထင်မှတ်မထားသော စကားလုံးအချို့ ထွက်ကျ လာခဲ့သည်။

" ဒီမှာ ဦးဇာဂရ. . .ကျုပ်အခုလာခဲ့တာက လွန်ခဲ့တဲ့ဆယ် နှစ်ကျော်လောက်က မရေမရာနဲ့ တင်ကျန်ခဲ့တဲ့ ကိစ္စတစ်ခုကို အဖြေရှာ မလို့လာခဲ့တာပါပဲ၊ အဲဒါ ကျုပ်တို့သားအဖကို ကူညီလက်စနဲ့ ကူညီပေး ပါဦးလို့ပဲ အားနာနာနဲ့ ပြောရတော့မှာပဲ "

" လွန်ခဲ့တဲ့ဆယ်နှစ်ကျော်လောက်က ကိစ္စဆိုတော့. . .ဟို





ဘာကိစ္စတွေရှိသေးလို့လဲ ဗိုလ်မှူးကြီးရဲ့ "

သူ့ဓါဝါးဆေးတံကြီးကို မီးညှိလုဆဲဆဲ ဘိုးဇာဂရမှာ ခြစ်လက်စ ကြေးမီးခြစ်ကြီးတန်းလန်းနှင့် မျက်မှောက်ကြုံ့ကာ ဗိုလ်မှူးကြီးမက်ဒေါ နယ်ကို ပြန်လှန်၍မေးခွန်းထုတ်လိုက်ပါ၏။

ကျုပ်ရဲ့အမွှာသမီးကြီးကို ပြန်ပြီးရှာချင်လို့ပါ ဦးဇာဂရ "

" ဟင် . . . "

ဦးဇာဂရ အာမေဋိတ်သံပင်ထွက်သွားကာ မျက်လုံးအစုံပင် ပြူးကျယ်သွားသည်သို့။

" ဘယ်. . .ဘယ်လိုဖြစ်တာလဲ ဗိုလ်မှူးကြီးရယ် ဒီလောက် ဘောင်နှစ်တွေကြာပြီးမှ ဘာတစ်ခုမှ သဲလွန်စလည်းမရ၊ အသံလည်း ကြားနဲ့ မျောက်တစ်ရာဝဲကြီးထဲမှာ သဘော်ကြီးနဲ့အတူ နစ်မြုပ်ပျောက် ကွယ်သွားတဲ့ အမွှာသမီးကြီးကို အခုအချိန်ကျမှ ပြန်ပြီးရှာချင်တယ် ဆိုတော့. . .ဘာတွေများ သတင်းထူးရထားခဲ့လို့ပါလဲ ဗိုလ်မှူးကြီး "

ဦးဇာဂရကပင် ဦးဆောင်၍ ဗိုလ်မှူးကြီးမက်ဒေါနယ်အား ပြန်လည်မေးမြန်းလိုက်သည်။ မင်းမောင်နှင့်မင်းခင်ကမူ သူတို့နားမလည် သော စကားများဖြစ်နေသည်မို့ ငြိမ်သက်စွာနှင့် စိတ်ဝင်တစားနားထောင် နေပါ၏။ သည်တစ်ကြိမ်တော့ ဗိုလ်မှူးကြီးမက်ဒေါနယ်က သမီးဖြစ်သူ ဟယ်လင်နာအား လှမ်း၍ကြည့်လိုက်သည်။ ဟယ်လင်နာက သူ့ဓါးသားရေ အိတ်မည်းမည်းလေးထဲမှ ရေလုံပလပ်စတစ်နှင့် သိမ်းဆည်းထားသည့် ဓါတ်ပုံနှစ်ပုံအား ဘိုးဇာဂရလက်ထဲသို့ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီဓါတ်ပုံထဲကမိန်းကလေးဟာ ဟောဒီမိန်းမလှကျွန်းပေါ် မှာရှိတဲ့ မျောက်သတ္တဝါကြီးတွေကြားမှာ အမှတ်မထင်တွေ့ခဲ့ရလို့ လျှပ် တစ်ပြက်ရိုက်ယူလာခဲ့တဲ့ အပျော်တမ်းကမ္ဘာလှည့် ဓါတ်ပုံသမားတစ် ယောက်ရဲ့ ရိုက်ချက်ပါ ဦးဇာဂရ "

ဦးဇာဂရက မှန်မီးအိမ်အလင်းနှင့်ကပ်၍ ဓါတ်ပုံနှစ်ပုံကို အသေ အချာကြည့်နေပါ၏။ ရင်ထဲမှာတော့ ဒွိဟသံသယများနှင့် ရှုပ်ထွေးနေသော မပီဝိုးဝါးပုစ္ဆာတစ်ခု၏အဖြေကို ကြိုတင်၍သိရှိနေလေသည်သို့၊ ဓါတ်ပုံ ထဲတွင် မျောက်ကြီးတစ်ကောင်အား ဖက်တွယ်ထားသည့် တောတွင်း သူကောင်မလေးတစ်ယောက်၏ပုံဖြစ်ပြီး ကျန်တစ်ပုံမှာ လည်ဆွဲရတနာ တစ်ခုကို အနီးကပ်ရိုက်ထားသည့် ဓါတ်ပုံဖြစ်ပါ၏။

"အဲဒီဓါတ်ပုံထဲက မိန်းကလေးရဲ့လည်မှာဆွဲထားတဲ့ လည်ဆွဲ ဟာ ကျုပ်ရဲ့သမီးလေးကို ကျုပ်ကိုယ်တိုင်ဆွဲပေးခဲ့တဲ့ 'လန့်လှစွေ့'လို့ ခေါ်တဲ့ အဘိုးတန်ကျောက်စိမ်းလည်ဆွဲလေးပါ ဦးဇာဂရ၊ အဲ . . . နောက်တစ်ပုံကတော့ ကျောက်စိမ်းလည်ဆွဲကို ပုံကြီးချဲ့ပြီး စစ်ဆေးထား တဲ့ပုံပါ "

သည့်တစ်ကြိမ်တော့ မင်းမောင်ငြိမ်မနေတော့၊ အဘိုးအနီးသို့ တိုးကပ်သွားပြီး ဓါတ်ပုံနှစ်ပုံကို အသေအချာကြည့်နေပါ၏။ အတန် ကြာမှ . . .

"ဟင် . . ဒါ . . ဒါ စိန်ဘန်းတို့ တောထဲမှာတွေ့ခဲ့ကြရတဲ့ ဟို ဟို . . လူ . . လူမလေးဆိုတာဖြစ်မယ်၊ လည်ပင်းမှာလည်း ဝင်းဝင်းလက်





က်နဲ့ ဟို . . . ဟိုလူတွေပြောပြောနေကြတဲ့ တန်ဖိုးရှိတဲ့ ရတနာပစ္စည်း ဆိုတာများလား မသိဘူး "

ဓါတ်ပုံနှစ်ပုံကို သေသေချာချာကြည့်ကာ အားပါးတရပြောဆို လိုက်သည့် မင်းမောင်၏စကားသံကြောင့် ဗိုလ်မှူးကြီးနှင့်ဟယ်လင်နာ တို့၏ မျက်လုံးအစုံက ဝင်းလက်တောက်ပြောင်လာကြသည်သို့ . . .။

" **OH** .. **God** ဘုရားသခင် . . ဒါ . . ဒါဆိုရင် ဟို . . ဟို မိန်းမလှကျွန်းကြီးပေါ်က တော . . တောနက်ကြီးထဲမှာ သ . . . သမီးလေး တကယ်ရှိနေပြီပေါ့ ဟုတ် . . ဟုတ်လား မောင်မင်းမောင် အဟွတ် . . ဟွတ် . . . အဟွတ် "

" **OH** .. ဒယ်ဒီ စိတ်မလောနဲ့လေ၊ ဒယ်ဒီက ကျန်းမာရေး သိပ်ကောင်းသေးတာမဟုတ်ဘူးလေ၊ နောက်ပြီး နှစ်လုံးအားလည်းနည်း ဆိုကလည်းပန်းနေတော့ သိပ်ပြီးဆန္ဒမစောပါနဲ့ ဒယ်ဒီရယ်၊ ဒီတောထဲ မှာ သမီးရဲ့မမသာ တကယ်ရှိမယ်ဆိုရင် သမီးကိုယ်တိုင် ဒယ်ဒီရဲ့ရင်ခွင် ထဲကို မရောက်ရောက်အောင် ပို့ပေးပါ့မယ် "

မြင်တွေ့နေရသည့်ဖြစ်ရပ်များက တကယ့်ကိုမယုံကြည်နိုင်ဖွယ် ဖြစ်ရပ်များဖြစ်နေသဖြင့် မင်းမောင်နှင့်မင်းဒင်တို့မှာ ဘာပြောရမည်မသိ ဖြစ်နေကြသည်။ ဦးဇာဂရသာ ဝါးဆေးတံကြီးကို မီးညှိရှိုက်ဖွာလိုက်ရင်း

" စိတ်အေးအေးထားပါ ဗိုလ်မှူးကြီး . . . ကျုပ်ဆီမှာလည်း အဲဒီသတင်းနဲ့ပတ်သက်ပြီး သိတာထားတာလေးတွေရှိပါတယ်၊ သေချာ အောင် ဘိတိကျကျစုံစမ်းပြီးရင် ဗိုလ်မှူးကြီးဖြစ်စေချင်တာကို မဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် စီစဉ်ပေးပါ့မယ်၊ ဒီကြားထဲမှာ ဗိုလ်မှူးကြီးရဲ့ကျန်းမာရေးအခြေ အနေကြောင့် သက်သက်သာသာနေပါ ”

ဘိုးဇာဂရနှင့် သမီးဟယ်လင်နာတို့၏စကားကြောင့် ဗိုလ်မှူး ဟောင်းမက်ဒေါ်နယ်မှာ တိတ်ဆိတ်ငြိမ်သက်သွားပါ၏။ သို့သော် သူ၏ ကြေကွဲနေသည့်ရင်ထဲမှာတော့ အမှတ်မထင်သိရှိလိုက်သော သမီးကြီး မာရီယာ၏သတင်းကြောင့် တလှပ်လှပ်နှင့်လှုပ်ခါနေသည်သို့. . .။

ထို့အတူ ဝါးတဲကြီး၏လှေခါးရင်း အမှောင်ရိပ်တွင် တိတ်တ ဆိတ်ခိုကပ်ကာ နားထောင်နေသည့် အရိပ်မည်းကြီး၏ ညင်သာစွာ ထွက်ခွာသွားသည့်လှုပ်ရှားမှုကိုလည်း မည်သူမျှမသိလိုက်နိုင်ကြပါချေ ပြီတည်း။





## အခန်း(၁၅)

### “ ပျဉ်ဒရယ်မြို့ဟောင်းနိဒါန်း . . . သို့မဟုတ် ”

နံနက်ခင်းနေခြည်အောက်ဝယ် ယူတီတုတ်သဘော်မှာ ဖြာထွက် လွင့်စင်လာသည့် ရေပန်းရေမွှားလေးများက ရောင်စုံသက်တန့်လေးများ သဖွယ် လှိုင်းလုံးများကြားတွင် ပေါ်လိုက် ပျောက်လိုက်နှင့်၊ လှိုင်းပုတ် သည့်ဒဏ်ကြောင့် အမှိုက်တစ်ချို့နှင့် ဗေဒါပန်းအုံများက လူးလူးလိမ့် လိမ့် ဖြစ်သွားကြသည်မှာ ကြည့်၍ပင်ကောင်းလှပါချေ၏။

ဟယ်လင်နာနှင့်မင်းမောင်တို့က သင်္ဘောဦးပိုင်းတွင် ထိုင်နေ သောကြောင့် ရေတူရှုမှ မိုးနှံ့မိုးငွေ့ပါလာသောလေက တဝေါဝေါနှင့်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခတ်မှုဒဏ်ကို ကြည်နူးစွာခံစားနေကြသည်။ မိုးရွန့်လေကြောင့် လန်းဆန်းမှုကိုမူ ခံစားလိုက်ရသည်။ မင်းမောင်က မျက်မှန်ဝိုင်းလေးနှင့် ရွှေရောင်ဆံပင်များ လွင့်ပျံနေသည့် ရွှေအိုရောင်နုတ်သမီးလေး 'ဟယ်လင်နာ'အား ခိုးရှုကြည့်နေမိသည်။ ဟယ်လင်နာကမူ ထိုအဖြစ်ကို မမြင်နိုင်၊ မြင်နေကျမြင်ကွင်းမဟုတ်ဘဲ မြင်တွေ့နေရသည့် ကမ်းစပ် မြင်ကွင်းစိမ်းစိမ်းများကိုကြည့်ကာ ကလေးတစ်ယောက်နှယ် လွတ်လပ် ပေါ့ပါးစွာရယ်မောနေပါ၏။

ယူဘီသင်္ဘောခုတ်မောင်းရာ ကမ်းဘေးဝဲယာတစ်ဖက်တစ်ချက်တွင် မြင်တွေ့နေရသော လယ်ကွင်းစိမ်းစိမ်းများ၊ ခရီခြံများ၊ ကွမ်းသီးခြံများနှင့် တံငါလှေတစ်ချို့က ဟယ်လင်နာအတွက် မြင်ကွင်းအသစ် အဆန်းများဖြစ်နေသည် မဟုတ်ပါလား။

သို့သော်. . .သစ်တောစခန်းနှင့်နီးလာသောအခါ မြင်ကွင်းက ပြောင်းလဲသွားပြန်ပါ၏။ ကနစို၊ ဗျူး၊ သရော၊ သင်ပေါင်းနှင့် ဖိုက်တော များကိုသာ တွေ့လာရသည်။ ရေကျော်ကြီးချောင်းအလယ်ခန့်အရောက် တွင် ထင်းပွဲစခန်းကို မြင်တွေ့လိုက်ရသည်။ ကမ်းစပ်တွင် ထင်းပွဲရုံ တဲစုစုများ၊ ကနစိုထမ်းပေါက်ခြမ်းများကို တောင်ပုံရာပုံတွေ့မြင်နေရပါ ၏။ ရေလယ်တွင်မူ ထင်းပေါက်ခြမ်းလာတင်သော တုံကင်ကြီးများ၊ လှေသမ္ဗာန်ကြီးများနှင့် လှေငယ်အချို့ လှုပ်ရှားသွားလာနေကြသည်။

သူတို့စီးလာသော ယူဘီသင်္ဘောတံတားဆိပ်သို့ ဆိုက်ကပ် လိုက်သည်နှင့် ကမ်းပေါ်မှ တောအုပ်၊တောခေါင်းအချို့နှင့် အလုပ်သမား





များ တံတားပေါ်သို့တိုင် ဆင်းလာကြပြီး သူတို့အရာရှိသစ် မင်းခင်၏ ...ည်းများကို သယ်ယူကြသည်။

" လာ. . .မင်းမောင် ဝါဒီစခန်းရုံးမှာ တစ်ရက်နှစ်ရက်လောက် ...ပြီးမှ သစ်တောကွက်ဘက်ကို ဆင်းကြမယ် "

" အေးပါ ကိုမင်းခင်ရယ် . . . ခင်ဗျားအခေါင်ပြေသလို ...ည့် ကျွန်တော်တို့ကို အားနာမနေနဲ့. . .အေးအေးဆေးဆေးသာလုပ်"

" ဟုတ်တယ်. . .မင်းခင် ယူ့အလုပ်ကို စိတ်ဖြောင့်ဖြောင့်သာ ...ပ်. . .ဒီမှာ မင်းမောင်လည်းရှိတာပဲ၊ ပြီးမှ ယူတို့ပြောကဲ့ ပျဉ်ဒရယ် ...ဟောင်းဘက်ကို သွားကြတာပေါ့ "

ဟယ်လင်နာကပါ ရင်းနှီးနွေးထွေးစွာ ဆက်ဆံသဖြင့် သူတို့ ...ယောက်မှာ ရက်ပိုင်း၊ အချိန်ပိုင်းအတွင်းမှာပင် အရင်းနှီးဆုံးမိတ်ဆွေ ...သဖွယ် ဖြစ်သွားကြပါ၏။ မင်းခင်တာဝန်ကျသော သစ်တောအရေး ...ရုံးမှာ ချောင်းကမ်းပါးတစ်လျှောက်တွင် ထင်းပွဲစားများ၏ ထင်းပွဲရုံ များ တဲကြီးများ၊ ကုန်စုံဆိုင်များနှင့်ဈေးဆိုင်ကြီးများလည်း ရှိကြသည်။

သစ်တောအရာရှိအား နေထိုင်ခွင့်ပေးသောအိမ်မှာ ခြေတံရှည် ...တစ်လုံးဖြစ်ပြီး ခနိုမို၊ ပျဉ်ကာဖြစ်သည့် အတန်သင့်ကျယ်ဝန်းသဖြင့် ...တို့သုံးယောက် သက်တောင့်သက်သာ နေထိုင်၍ရပါ၏။ မင်းခင် ...က်ရှိပြီး နောက်တစ်ရက်မှာပင် လုပ်ငန်းခွင်စစ်ဆေးခြင်းတာဝန် ...ပြောင်းယူခြင်း၊ အလုပ်သမားများရှိရာသို့ သွားရောက်ကြည့်ရှုခြင်း၊ ...အပ်သည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖြည့်ဆည်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရှက်ပေးခြင်းငှါဖြင့် တစ်နေကုန် အလုပ်များလျက်ရှိပါ၏။ မင်းခင်နော မှ မင်းမောင်နှင့် ဟယ်လင်နာတို့ကပါ လိုက်ပါနေသဖြင့်သာ တော်တော သည်။

နောက်တစ်နေ့တွင် သစ်ခိုးခုတ်သောအလုပ်သမားများ သောသစ်များကို ခုတ်ယူသူများနှင့် လိုင်စင်မရှိဘဲ သစ်ခုတ်သူများ လှေသမ္ဗာန်များကို အကောက်ခွန်ရုံးတံတားဆိပ်တွင် ကပ်ထားသည် တွေ့ရှိရသည်၊ အဖမ်းခံထားရသော အလုပ်သမားများကိုမူ သစ်တော အောက်တွင် ယာယီထိမ်းသိမ်းထားပါ၏။

" အင်း. . .ခက်ပါတယ်ကွာ၊ လူတွေကလည်း လူတွေပဲ သစ်ခုတ်ဖို့သစ်တောဌာနက လိုင်စင်တွေချပေးထားပေမယ့် ဒီပေမိုး သစ်တွေပဲ ခုတ်ချင်နေကြတယ်၊ အင်း. . .သစ်ပင်ကြီးတွေခုတ်ရ ပင်ပန်းတယ်၊ တွက်ခြေမကိုက်ဘူး၊ အပင်သေးတွေကိုခုတ်တော့ သက်သာ တယ်၊ တွက်ခြေလည်းကိုက်တယ်လေ၊ ဒါကြောင့် ဘယ်လောက်ပဲ သစ် တွေ၊ ပညာပေးပေး သစ်တောကဝန်ထမ်းတွေလစ်တာနဲ့ အပင်ပေါက် တွေကို ခုတ်ယူကြတော့တာပဲဟေ့ "

မင်းမောင်နှင့်ဟယ်လင်နာတို့မှာ သစ်တောရုံးအောက်မှ အဖမ်း ဆီးခံနေရသည့် လူတစ်စုကိုကြည့်ကာ မင်းခင်၏စကားများကို စိတ်ဝင် တစားနားထောင်နေပါ၏။

" အမှန်ကတော့ ပေမမှီတဲ့သစ်ပင်တွေကို ခုတ်ကိုမခုတ်သင့် ဘူး၊ ခင်ဗျားတို့ အခု ဒီသစ်ပင်တွေကို ခုတ်လှဲဖျက်ဆီးပစ်လိုက်တာက





လေးရယ်၊ တစ်ကယ်တမ်း အသုံးဝင်မယ့် သစ်ပင်ဖြစ်လာဖို့ဆိုတာ ပေါင်းများစွာ ပြုစုစောင့်ရှောက်ရတာ၊ ခင်ဗျားတို့ အခုဖြတ်လှဲခဲ့တဲ့ ထဲက သစ်ပင်တွေရဲ့ သစ်ရွက်တွေတောင် မကြွေသေးဘူး ခင်ဗျား သစ်ပင်ရောင်းရတဲ့ငွေက ကုန်သွားပြီမဟုတ်လား "

သစ်တောရုံးအောက်တွင် အဖမ်းခံနေရသည့် လူတစ်စုမှာ ပုပု နွေး သစ်တောအရာရှိ မင်းခင်အား မျက်လုံးလေးများ ကလယ် ယယ်နှင့် မော့ကြည့်နေကြရှာပါ၏။ ပစ္စည်းရောလှေပါ အသိမ်းခံရမည် ခြင်း အခန့်မသင့်လျှင် ထောင်တန်းများပင် ကျနိုင်သည်မို့ သူတို့၏ ကတ်ရှေ့ခရီးက ဤသစ်တောအရာရှိလေး၏ လက်ထဲတွင် ရှိနေ ည်မဟုတ်ပါလား။

" သစ်ပင်တစ်ပင်ချင်းအတူတူမှာ သစ်ပင်သေးဖြတ်တော့ ည်းနည်းပဲရတယ်၊ အပင်ကြီးကိုရှာခုတ်တော့ အရေအတွက်လည်း များရတယ်လေ. . .သစ်ပင်တစ်ပင်ကုန်သွားတာချင်းတူပေမယ့် မှီတဲ့သစ်ကိုမှ ရွေးပြီးခုတ်တော့ ကိုယ့်အတွက်လည်းကိုက်တယ်၊ ရာယ်လည်းကင်းတယ် "

တောအုပ်နှင့်တောခေါင်းများပင် ယခုမှ ပုပုရွေးရွေးပြောင်းရွေ့ ရောက်ရှိလာသည့် သစ်တောအရာရှိ မင်းခင်၏ ဗြည်ကြည်ပြတ်သား သောစကားကြောင့် ခေါင်းတညိမ့်ညိမ့်နှင့် သဘောကျနေသည်သို့. . .

" အေး. . .အဲဒီလိုမှမဟုတ်ဘဲ ပေမမီတဲ့သစ်တွေခုတ်လို့ မိခဲ့ရင် လူကိုထောင်ချမယ်၊ လှေနဲ့လှေပေါ်မှာပါတဲ့ပစ္စည်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းတာခံရမယ်၊ အဲဒီလိုသိမ်းလိုက်ရင် တောင်ချလိုက်ရင် ခင်ဗျားတို့ဘဝတွေ ပျက်စီးသွားနိုင်တယ်ဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သိကြရှောင်ကြရင် ဘယ်လောက်ကောင်းမလဲ ''

'' ခင်ဗျားတို့က အခုလို သစ်တောတွေကို မဆင်မခြင်ဘဲ စည်းမဲ့ကမ်းမဲ့ ခုတ်ကြလှဲကြနဲ့ ဖြုန်းတီးပစ်နေမယ်ဆိုရင် နောက်မကြာခင် ဒီနေရာတွေဟာ သစ်တောလုံးဝမရှိတော့ဘဲ မြေရိုင်းတွေဖြစ်ကုန်မှာ အသေအချာပဲ၊ အဲဒီတော့ ခင်ဗျားတို့ ဒီနေ့ကစပြီး ဆင်ခြင်ကြပါ ထိမ်းသိမ်းကြပါ၊ ပေမိတဲ့သစ်တွေကိုသာ လိုင်စင်ယူပြီးခုတ်လှဲကြပါလို့ မှာလိုက်ချင်ပါတယ်၊ ကဲ. . .တောခေါင်းကြီး သူတို့နာမည်တွေနဲ့ စာရင်းစစ်ပြီး ခံဝန်လက်မှတ်ထိုးခိုင်းလိုက်ပါ၊ သည်တစ်ကြိမ်တော့ ခင်ဗျားတို့ကို ခွင့်လွှတ်နည်းလည်ပေးလိုက်မယ်. . .အေး နောက်တစ်ကြိမ်ဆိုရင်တော့ ခင်ဗျားတို့ကို နှစ်ဆတိုးပြီး အပြစ်ပေးမယ် နားလည်ကြရဲ့လား''

'' ဟုတ်. . .ဟုတ်ကဲ့ နားလည်ကြပါတယ် သစ်တောအရာရှိလေး၊ နောင်ကို ဒီလိုအဖြစ်မျိုးမဖြစ်စေရပါဘူး ''

အဖမ်းခံထားရသူများအားလုံး၏မျက်နှာတွင် မင်းခင်၏စကားကြောင့် ပျော်ရွှင်ဝမ်းသာသွားကြသည်သို့ ထို့နောက်မှာတော့ တောခေါင်းကြီးဦးကျော်သာအား တာဝန်လွှဲအပ်ခိုင်းစေလိုက်ပြီး သစ်တောရုံးအပေါ်ထပ်သို့ တက်လာခဲ့ကြသည်။ တောအုပ်နှင့်တောခေါင်းတို့မှာ တိကျပြတ်သားစွာ ပြောဆိုဆုံးမ၍ ပြန်လွှတ်ပေးလိုက်သောကြောင့် သူတို့၏ အရာရှိသစ်၏ စာနာထောက်ထားမှုကို သဘောပေါက်နားလည်သွား





ကြသည်။

ထို့ကြောင့်လေလားမသိ သစ်တောအလုပ်သမားများ စီမံချက်ပြုတ်ပေးသည့် နေ့လည်စာသည် မင်းခင်တို့လူစုအတွက်မူ နတ်သုဒ္ဓါဘွယ်ပင်၊ ဆတ်သားဆီပြန်ဟင်း၊ ဂဏန်းလက်မကြော်၊ ပုစွန်ကြော်၊ ဓါတန်ဟင်း၊ ငါးပိရည်မွှေးမွှေး စသောဟင်းများအပြင် တွေးတောက်ချဉ်ဟင်းချို၊ သင်ဖပါင်းဖူးပြုတ်၊ တယ်ရွက်နုပြုတ် စသည့် ထမင်းမြိန်ဖွယ်ရာ ဟင်းကျွေး၊ ဟင်းရံများဖြင့် ကျွေးမွေးညှေ့ခံကြပါလေ၏။

'' အင်း . . . ခင်ဗျားစကားပြောကောင်းသားပဲ ကိုမင်းခင်၊ ဒါတော ဒီကျွန်းတွေပေါ်ကလူတွေက တစ်ခါတစ်ခါ တစ်ဖက်နားဖောက်သွားရ ပြောရခိုရ၊ ပညာပေးရတာတွေလည်း မနည်းတော့ဘူး၊ တစ်ချို့ဆိုရင် သစ်တောဝန်ထမ်းတွေကိုတောင် ပြန်လှန်ခုခံကြတာတွေလည်း အများကြီးတွေ့နေကြရတယ် ''

'' အဲဒါခက်တာပေ့ါ. . .မင်းမောင်ရ နားလည်သဘောပေါက်အောင် စိတ်ရှည်ရှည်နဲ့ ပြောပေါပြရတယ်၊ ကိုယ်လုပ်လိုက်လို့ တစ်ဖက်သားမှာ သိပ်ပြီးနစ်နာသွားရင်လည်း မကောင်းပြန်ဘူး၊ မခြောက်ပြန်ရင်လည်း တစ်ချို့က မကြောက်ကြပြန်ဘူး၊ လူကိုမကြောက်တာကို ထက်ခံပေးလို့ရပေမယ့် ဥပဒေကို မကြောက်တာကတော့ သူတို့အတွက် ခင်လေးစရာပေ့ါ မင်းမောင်ရယ်၊ အင်း . . . ပညာပေးရင်းစည်းရုံး၊ စည်းရုံးရင်း ပညာပေးနေရတာပါပဲကွာ ''

တောရိပ်တောင်ရိပ် နိုလာပြီမို့ အအေးဓါတ်ကပိုလာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်နာက သားမွေးနွေးထည် အဖြူဆွတ်ဆွတ်လေး ဝတ်ဆ
ထားသဖြင့် ယုန်ဖြူမလေးတစ်ကောင်နှယ်။

" အင်း. . .ဒီလိုပုံနဲ့တော့ ခင်များအလုပ်တွေများဦးတော့မှာ
ထင်တယ်၊ ဟယ်လင့်ကို ပျဉ်ဒရယ်မြို့ဟောင်းဘက် လိုက်ပို့ရဦးမယ်
နောက်ပြီး ကဒ့်၊ ရော၊ အမာ ဆိုတဲ့ ရှေးက မွန်ရှေးဟောင်းရွာတွေဘက်
ကိုလည်း သွားကြမယ်၊ အဲဒီဘက်မှာ သမိုင်းနဲ့ပတ်သက်တဲ့ ထူးထူး
ဆန်းဆန်းတွေ အများကြီးရှိတယ် "

" သမိုင်းနဲ့ပတ်သက်တဲ့ ထူးထူးဆန်းဆန်းတွေ. . .ဟုတ်လား
မင်းမောင်၊ ပြောစမ်းပါဦး ဘာတွေများထူးဆန်းတာတွေ ရှိသလဲဆိုတာ
ဟယ်လင့်ကို ပြောပြပါလား "

အဖရှ့တောင်အာရှ သမိုင်းသုတေသီမလေး ဟယ်လင်နာက
သမိုင်းနှင့်ပတ်သက်လာလျှင် သိချင်စိတ်များက ပြင်းပြလှသည်။ အထူး
သဖြင့် ဒုတိယမြောက် ဘဝရှင်သန်မွေးဖွားရာ ဤဖောင်ဝင်မြစ်တစ်ကြော
မှ သမိုင်းကြောင်းများကို ပိုရှ်သိရှိလိုလှသည် မဟုတ်ပါလား။

" ဟုတ်တယ် မင်းမောင်. . .ငါလည်း မအိပ်ချင်သေးဘူး
လက်ဖက်ရည်ကြမ်းဝိုင်းကလည်း ဆတ်သားခြောက်ဖုတ်ရယ်၊ ငါးမုန့်
ကြော်ရယ်၊ လက်ဖက်သုတ်ရယ်ဆိုတော့ မင်းပြောတဲ့သမိုင်းကြောင်းကို
နားထောင်ရင်း အမြီးစားကြတာပေါ့ "

သစ်တောအရာရှိ မင်းခင်ကလည်း သူလိုင်စင်နှင့်ကိုင်သော
နှစ်လုံးပြူးသေနတ်ကို တိုက်ချွတ်ဆေးကြောရင်း ဟယ်လင်နာ၏စကား





ကို ထောက်ခံလိုက်သည်။

" ငါလည်း သိပ်သိတာမဟုတ်ပါဘူး၊ ငါအဘိုးပြောပြတာတွေ
ကို နားထောင်ပြီး မှတ်သားထားခဲ့တာတွေပါ။ ဒီပျဉ်ဒရယ်သစ်တော
ကြိုးဝိုင်းဆိုတာ သာမညနေရာတွေမဟုတ်ဘူးတဲ့၊ တကယ့်ရှေးဟောင်း
သမိုင်းဝင်နေရာတွေ. . .ဒီပျဉ်ဒရယ်မှာ အများကြီးပဲရှိတယ်၊ ခင်များ
လည်း ကြားဖူးမှာပေါ့၊ ဒီနေရာတစ်ဝိုက်တွေဟာ ဟိုးရှေးရှေး လွန်ခဲ့တဲ့
နှစ်ပေါင်းနှစ်ရာကျော်လောက်က မွန်လူမျိုး ကျုံတုံးမြို့စားကြီး ဗညား
ဒလရဲ့ အဆက်အနွယ်တွေ နေထိုင်သွားကြတဲ့နေရာတွေပေါ့၊ မျောက်
တစ်ရာကျွန်းလို့ခေါ်တဲ့ မိန်းမလှကျွန်းကြီးပေါ်မှာ မျောက်တစ်ရာစေတီနဲ့
မျောက်ရုပ်ကြီးတွေ ရှိတယ် "

" နေပါဦး အဲဒီမျောက်တစ်ရာစေတီက တကယ်တမ်း ပြန်ပြီး
ရှာမယ်ရင် မတွေ့တော့ဘူးဆိုတာ ဟုတ်သလား၊ နောက်ပြီး မျောက်ရုပ်
ကြီးတွေကလည်း တစ်ရာဖြစ်လိုက်၊ ကိုးဆယ့်ကိုးကောင်ဖြစ်လိုက်နဲ့
တော်တော်ထူးဆန်းတယ်လို့ ပြောသံကြားဖူးတယ် မင်းမောင် "

"OH .. God .. ဘယ်လိုမျောက်ရုပ်ကြီးတွေလည်း မသိဘူးနော်
မင်းမောင် "

တိတ်ဆိတ်စွာနားထောင်နေသည့် ဟယ်လင်နာပင် ထူးဆန်း
သော မျောက်ရုပ်ကြီးများ၏သတင်းကြောင့် မင်းမောင်ကို စိတ်ဝင်တစား
မေးမြန်းလိုက်သည်။

" အင်း. . .ငါလည်း အတိအကျတော့မသိဘူး၊ အဘိုးပြော



www.burmeseclassic.com

www.burmeseclassic.com



သလိုဆိုရင်တော့ ရှေးလူကြီးသူမတွေက မျောက်တစ်ရာစေတီကို ပိုပြီး စိတ်ဝင်စားလာအောင် ဂမ္ဘီရပညာရပ်တွေနဲ့ စီရင်ခဲ့တာတဲ့၊ နောက်ပြီး ဖောင်ဝင်မြစ်ကြီးတစ်ဖက်ကမ်းမှာ ထော်ဆီထော်ပိုင်ချောင်းဆိုတာ ရှိတယ်၊ အဲဒီချောင်းဖျားဘက်မှာ မြို့စားကြီး ဗညားဇေယျစီးခဲ့တဲ့ လောင်းလှေ ကြီးတောင် ရှိသေးတယ်၊ အဲဒီတောထဲမှာလည်း မျောက်တစ်ရာစေတီ မရမ်းချောင်းဘုရား၊ ကဒုံကနီ ရွှေစာရံဘုရားနဲ့ ပျဉ်ဒရယ်မြို့ဟောင်း ဘက်မှာလည်း ဘုရား၊ စေတီဟောင်းတွေ ရှိသေးတယ်၊ ပျဉ်ဒရယ်မြို့ ဟောင်းတောကြီးထဲမှာတောင် မြို့စားကြီးရဲ့အဆက်အနွယ်တွေ အခု ချိန်ထိ ရှိကြသေးတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ သူတို့က လူတွေနဲ့ ဘယ်တော့မှ အတွေ့မခံကြဘူးတဲ့၊ တောကလည်းနက်တော့ ဘယ်သူမှ အဲဒီဘက်တွေကို မသွားမလာကြဘူးလေ၊ တကယ့်ကို ဂမ္ဘီရဆန်တဲ့ နယ်မြေကြီးလို့လည်း အဘိုးကပြောတယ် ”

“အင်း. . .မင်းပြောတာနဲ့ကို ဟယ်လင်နားမပြောနဲ့ ငါတောင် စိတ်ဝင်စားလာပြီ၊ အားတဲ့ရက်ကျရင် ငါတို့ အဲဒီဘက်ကိုသွားကြရ အောင် မင်းမောင် ”

“ ဟုတ်တယ် . . . မင်းခင် မင်းမောင်ပြောနေတာတွေကို နားထောင်ရင်းနဲ့ ဟယ်လင်တောင် ဟို. . .မျောက်တစ်ရာတောကြီးထဲ ကို ရောက်သွားသလိုခံစားရတယ်၊ ဟို. . .ဟို ဟယ်လင်ရဲ့မမများ အဲဒီမျောက်တစ်ရာနယ်မြေထဲမှာ ရှိနေမလား မသိဘူးနော် ”

ဟယ်လင်မှာ ပြောရင်းဆိုရင်းမှ မျက်နှာတွင် အဆွေးရိပ်များ

သူရဲကောင်းစာပေ



သန်းလာကာ မမြင်နိုင်သည့်အမှောင်ထုကြီးထဲသို့ အတန်ကြာမျှ ငေးစိုက်ကြည့်နေမိသည်။ မင်းခင်နှင့် မင်းမောင်တို့မှာလည်း အလိုက် သိစွာပင် ငြိမ်သက်ပေးလိုက်ကြပါ၏။

သူတို့သုံးဦးရင်ထဲမှာတော့ ကြိုတင်၍မသိနိုင် မမြင်နိုင်သည့် မျောက်တစ်ရာနယ်မြေကြီးထဲမှ ငှမလေး သို့မဟုတ် ‘မာရီယာ’ဆိုသော မျက်နှာဖြူကောင်မလေးတစ်ယောက် ဘေးအန္တရာယ်အပေါင်းမှ ကင်းရှင်းစေကြောင်း. . .ကိုယ်စီကိုယ်ငှ တိတ်ဆိတ်စွာဆုတောင်းနေကြ သည်လေလား . . .။

နှင်းမြူမိုးငွေ့များကြားမှ ဇာခြမ်းပဲ့လကလေးက ညဉ့်ခရီး ရှည်ကြီးတွင် တိတ်ဆိတ်စွာခရီးနှင်နေဆဲ . . .။

♛ ♛ ♛

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

### " လျှို့ဝှက်အပ်သောအရာအား ရှုမြင်ကြသူများ "

"ဘာ. .ဘာပြောတယ် စိန်ဘန်း. .မင်း. .မင်းပြောတာ
အားလုံး အမှန်တွေချည်းပဲလား "

အာဠာဝကတိုင်းကျော်က သောက်လက်စအရက်ခွက်ကြီး
တန်းလန်းနှင့် စိန်ဘန်းကို ပြန်၍မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။

" ဟုတ်ပါတယ် ဆရာကြီး. . .ဦးဇာဂရဆီကို ရောက်လာတဲ့
မျက်နှာဖြူအင်္ဂလိပ်သားအဖဟာ ကျုပ်တို့တွေ့ခဲ့တဲ့ ဟို. . .ဟိုလူမလေး
ကို လိုက်ရှာကြမလို့တဲ့ နောက်ပြီး လူမလေးလည်မှာဆွဲထားတဲ့ လည်ဆွဲ





'လန့်လုဇွေ့'လို့ခေါ်တဲ့ တန်ဖိုးကြီးတဲ့ ကျောက်စိမ်းနက်လည်ဆွဲတဲ့
လည်ဆွဲကို ဟိုးလွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကတည်းက သူကိုယ်တိုင်
ဆွဲပေးလိုက်တဲ့ ကျောက်စိမ်းနက်လည်ဆွဲတဲ့ ဆရာကြီးရေ "

ထို့နောက် တစ်ခုသောညက ဦးဇာဂရတဲလှေကားခြေရင်းတွင်
ထိတ်တဆိတ်ရုပ်ရင်း ခိုး၍နားထောင်လာသည့် ဗိုလ်မှူးကြီးမက်ဒေါ်နယ်၏
သုံးကြည့်နိုင်စရာ ကြေကွဲဖွယ်အမှာညီအစ်မနှစ်ယောက်၏ ဇာတ်လမ်း
ကို သူ၏ဆရာကြီး အာဠာဝကတိုင်းကျော်အား ခရေစေ့တွင်းကျ ရှင်းပြ
နေပါတော့သည်။

" ကြည့်ရတာ . . . သူတို့ဟာ ဒီရက်ပိုင်းလောက်မှာပဲ
နောက် တစ်ရာနယ်မြေထဲကို သွားကြမယ်ထင်တယ်. . .ကြည့်ရတာ
ကို နောက်ပြောင်းလာတဲ့ သစ်တောအရာရှိဆိုတဲ့ကောင်ရယ်၊ ဘိုးဇာဂရရဲ့
ခြေး မင်းမောင်ရယ် သူတို့အဖွဲ့က လိုက်ပြီးပို့ကြမယ်ထင်တယ် "

" ဟုတ်တယ် ဆရာကြီး. . .အခုပျဉ်ဒရယ်သစ်တောကြိုးဝိုင်း
ဘက်ကိုသွားကြတယ်၊ ကျုပ်အထင်တော့ သစ်တောစခန်းက တောကျွမ်း
တဲ့သူတွေတောင် ခေါ်ဦးမယ်ထင်တယ် "

အာဠာဝကတိုင်းကျော်က 'လန့်လုဇွေ့'ခေါ် ကျောက်စိမ်းနက်
ဆိုသောအသံကြောင့် ရင်ထဲတွင် ထိတ်ခနဲပင်ဖြစ်သွားပါ၏။ သူ၏သူငယ်
ချင်း တရုတ်တစ်ယောက်၏ ပြောစကားအရဆိုလျှင် 'လန့်လုဇွေ့'ခေါ်
ကျောက်စိမ်းနက်သည် လွန်စွာရှားပါးသလောက် လောကတွင် နှစ်ခုမရှိ
နိုင်သောအရာ၊ တန်ဘိုးမဖြတ်နိုင်သောအရာဟု ပြောခဲ့ဖူးသည်ကို



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရနေမိသည်။

သည်အခွင့်အရေးကို လက်လွှတ်ခံ၍ လုံးဝမဖြစ်၊ အမိအရသာ ဆုပ်ကိုင်နိုင်မည်ဆိုလျှင် သည်တစ်ချိတည်းနှင့် သူဌေးဖြစ်နိုင်သည် မဟုတ်ပါလား။ ကံကြမ္မာသည် သူ့ထံသို့ မျက်စိလည်လမ်းမှားကာ ကံကောင်းခြင်းများကို သယ်ဆောင်ပေးလာသည်ထင့် . . .။ သို့သော် ခက်သည်က မျောက်တစ်ရာ့ဒယ်မြေဆိုတာ သူမသိ၊ ထို့ကြောင့် သိသောသူကို ဆရာတင်မှ ဖြစ်ပေမည်။

" စိန်ဘန်း "

" ဗျာ . . . ဆရာကြီး "

" ဒီရက်ထဲမှာ အဲဒီမျက်နှာဖြူသားအဖနောက်မှာ အမြဲတမ်းအရိပ်လိုကပ်ပြီးနေ၊ သတင်းထူးရင် မှန်ထော်ကို ငါ့ဆီလွှတ်လိုက်၊ မင်းကတော့ သူတို့ကို လုံးဝမျက်စိအောက်ကနေ အပျောက်မခံနဲ့တော့ နားလည်ပြီလား . . . " " ဟုတ်ကဲ့ . . . ဆရာကြီး "

ထို့နောက်မှာတော့ ထုံးစံအတိုင်း အာဠာဝကတိုင်းကျော်က စိန်ဘန်းတို့အား သုံးစွဲနိုင်ရန်အတွက် ငွေစက္ကူတစ်ထပ်ပေးလိုက်သည်။ ပြီးလျှင် အာဠာဝကတိုင်းကျော်၏ တောတွင်းလျှို့ဝှက်စခန်းမှ ပြန်လာခဲ့ကြပါတော့သည်။ စိန်ဘန်းနှင့်မှန်ထော်တို့၏ ရင်တွင်းမှာတော့ မစားရဝခမန်း အနာဂတ်စီမံကိန်းကြီးကို မျှော်တွေးကာ အပြန်ခရီးတလျှောက် ခြေထောက်နှင့်မြေကြီးပင် ထိသည်မထင်ပါလေတော့။

C C C C C C





ပျဉ်ဒရယ်မှပြန်ထွက်လာတော့ သစ်တောအရာရှိမင်းခင်နှင့် ဆောခေါင်းကြီးဦးသာကျော်တို့အဖွဲ့ လိုက်ပါလာခဲ့သည်။

တစ်ရက်နှစ်ရက်အတွင်း မိန်းမလှကျွန်းပေါ်သို့ တက်ရောက်နိုင်ရန်အတွက် အစစအရာရာ ပြင်ဆင်လာခဲ့သည်။ လိုအပ်သော လက်နက်ကိရိယာများ၊ ဆေးဝါးပစ္စည်းများနှင့် ကျည်ဆန်အချို့ကိုပါ လုံလောက်အောင် ဆည်းယူလာခဲ့ကြသည်။

မင်းမောင်တို့ ရွာထိပ်ဘုန်းကြီးကျောင်းတံတားဆိပ်တွင် ယူဘီဘုတ်ကလေးကိုကပ်ကာ ဆင်းလာခဲ့ကြသည်၊ တံတားဆိပ်ကျောင်းပေါက်တွင် သူတို့အားစောင့်ကြိုနေသည့် ဘိုးဇာဂရနှင့် အင်္ဂလိပ်မျက်နှာဖြူကြီးတို့ကို မြင်တွေ့လိုက်ကြသည်။

" OH .. ဘေဘီလေး ပျဉ်ဒရယ်မှာပျော်ခဲ့ရဲ့လား သမီး၊ ဒယ်ဒီက သမီးတို့ကိုမျှော်နေတာ "

" နေရာအသစ်အဆန်းမှာ အတွေ့အကြုံအသစ်အဆန်းတွေ ရတာပေါ့ ဒယ်ဒီ၊ နောက်ပြီး . . . ဟိုခရီးစဉ်အတွက်ကိုလည်း မင်းခင် အားလုံးစီစဉ်ထားခဲ့တယ်၊ ပိုပြီးကောင်းတာက သူတို့ရဲ့သစ်တောဝန်ထမ်းတွေပါ လိုက်ကြမယ် ဒယ်ဒီ "

" ကောင်းတာပေါ့ သမီးရယ် . . . ဒယ်ဒီကတော့ မောင်မင်းခင်နဲ့မောင်မင်းမောင်တို့ကို တော်တော်လေးကို အားနာလှပါပြီကွယ် "

ပစ္စည်းများ အားလုံးမသယ်တော့ဘဲ တစ်ချို့တစ်ဝက်ကိုသာ ဦးဇာဂရ၏တဲကြီးပေါ်သို့ သယ်ဆောင်လာကြပြီး အလုပ်သမားဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



များကို သင်္ဘောပေါ်တွင်သာ အစောင့်အဖြစ်ထားရစ်ခဲ့ပါ၏။ အားလုံး ဝါးတဲကြီးပေါ်တွင် ခေတ္တအပန်းဖြေကြရင်း အစီအစဉ်ကို မင်းအင်နှင့် မင်းမောင်တို့က ဗိုလ်မှူးကြီးအား ရှင်းလင်းပြောပြနေပါ၏။

" ကျွန်တော်ကတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် စီစဉ်ထား ပါတယ်၊ ဟို . . . ဒီပြင်လူတွေလည်း ကျွန်တော်တို့ကို ဟိုဟိုလိုလိုဒီလို မထင်အောင် နောက်ပြီး . . . မျောက်တစ်ရာနယ်မြေဘက်ကို သီးသန့် သွားတယ်လို့လည်း မထင်မှတ်ရအောင် ကျွန်တော်တို့ သစ်တောဝန်ထမ်း တွေက နယ်းမြလှည့်လည်စစ်ဆေးတဲ့ပုံစံမျိုးကို စီစဉ်ထားပါတယ် ဗိုလ်မှူး ကြီး . . . "

" ဟုတ်တယ် . . . ခုတောင်မှ ဗိုလ်မှူးကြီးနဲ့ ဟယ်လင်တို့ အကြောင်းကို ရွာသားတွေက ဘယ်လိုလဲ ဘယ်ကလဲ ဘာလာလုပ်ကြ တာလဲဆိုပြီး စပ်စုချင်နေကြတာ၊ အခုဆိုတော့ မြို့ကပြောင်းလာတဲ့ သစ်တောအရာရှိလေးနဲ့ တောလည့်ထွက်လာကြတယ်ဆိုရင် ပြီးသွားတာ ပဲပေါ့ "

မင်းအင်နှင့်မင်းမောင်တို့၏ အစီအစဉ်ကို ဗိုလ်မှူးကြီးနှင့်ဟယ် ဂရေတို့ ခေါင်းတညိတ်ညိတ်နှင့် သဘောကျနှစ်ခြိုက်ကြသည်။ ထို့အပြင် ဗိုလ်မှူးကြီးမက်ဒေါ်နယ်ကလည်း သူ၏အစီအစဉ်ကို တင်ပြလာပါ၏။

"မောင်မင်းအင်တို့အစီအစဉ်က သိပ်ကိုကောင်းပါတယ် . . . ဘာပဲဖြစ်ဖြစ် အရေးကြုံလာရင် ရန်သူမိတ်ဆွေမခွဲခြားဘဲ စေတနာ အပြည့်နဲ့ ရိုင်းပင်းကူညီတတ်တဲ့ မောင်မင်းမောင်တို့ မြန်မာလူမျိုးတွေ





. . .ဓါတ်ကိုလည်း အံ့ဩချီးကျူးမိပါတယ် . . . အခု ကျုပ်တင်ပြတဲ့ဆန္ဒ ကိုလည်း လက်ခံနိုင်လိမ့်မယ်လို့လည်း ယူဆမိပါတယ်၊ ဘာလဲဆိုတော့ . . .ခရီးစဉ်မှာ သမီးပျောက်ကို ရှာဖွေနေတဲ့ ဖခင်တစ်ယောက်အနေနဲ့ . . .ကျုပ်ကို လိုက်ခွင့်ပြုပါ မောင်းမင်းအင် . . . တစ်ဆက်တည်းပြောရရင် . . .အဝေးကြီးကနေ သံယောဇဉ်တစ်ခုကြောင့် လာခဲ့ရတဲ့ ကျုပ်ဆန္ဒကို . . .တော့ ခွင့်ပြုပေးကြပါလို့ ပြောချင်ပါတယ် . . . "

စကားကို ချည်ပြီးထုတ်ပြီးပြောဆိုလိုက်သည့် ဗိုလ်မှူးကြီး . . .က်ဒေါ်နယ်၏စကားကြောင့် မင်းမောင်တို့မှာ အခက်တွေ့သွားပါ၏။ . . .ဘာဝဘေးအန္တရာယ်၊ တောကောင်ကြီးများ၏အန္တရာယ်နှင့် ခရီးကြမ်း . . .ကြီးတစ်လျှောက်တွင် အသက်(၆၀)ကျော် လူကြီးတစ်ယောက်အား ခံနိုင် . . .ည်အပြည့်ရှိပါမည်လား။

" စိတ်ချပါ ကျုပ်အတွက် မောင်မင်းမောင်တို့ ငြီးငွေ့စရာ မရှိစေရ . . .ဘူး . . . ကျုပ်မှာ သမီးလည်းပါမယ်၊ ဆေးဝါးအစုံအလင်လည်းပါမယ်၊ . . .က်နက်တွေလည်းပါမယ်၊ နောက်ပြီး ထက်မြက်တက်ကြွနေတဲ့ စိတ် . . .ဓါတ်ခွန်အားလည်းပါမယ်လေ . . မောင်မင်းအင်ရဲ့ . . ကိုင်း . . . . . .ဘယ်နှယ့်လဲ "

မင်းအင်နှင့်မင်းမောင်မှာ တစ်ယောက်မျက်နှာ တစ်ယောက် . . .ကြည့်လိုက်ကြသည်။ သမီးတစ်ယောက်အတွက် သံယောဇဉ်မီးတောက် . . .လောင်နေရှာသည့် ဖခင်တစ်ယောက်၏အဖြစ်ကိုလည်း စာနာမိသည်။ . . .ရှိသော် ခရီးက ကြမ်းသည်၊ သည်ခရီးကြမ်းကြီးကို မျှော်လင့်ချက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထိုးဖောက်ဝင်ရောက်မည့် ဗိုလ်မှူးမက်ဒေါ်နယ်တို့သားအဖ၏ စိတ်ဓါတ်ကိုတော့ ချီးကျူးမိပါ၏။

" လိုက်ချင်တဲ့သူတစ်ယောက်ကို လိုက်ခွင့်ပေးလိုက်ပါ မောင်းမင်းဒင် . . . ဘာဖြစ်လို့လဲဆိုတော့ . . . မင်းတို့ပြန်လာမယ့်ခရီးကို စိတ်တထင့်ထင့်နဲ့ စောင့်မျှော်နေရတဲ့ဒုက္ခက ကိုယ်တိုင်ကိုယ်ကျ မီးတောင်ကို ကျော်ဖြတ်ရတာထက် သူ့မှာပိုပြီးပင်ပန်းနေလိမ့်မယ် မောင်မင်းဒင်၊ နောက်ပြီး . . . မောင်မင်းတို့လည်း ပါတာပဲ၊ သစ်တောဝန်ထမ်းတွေလည်း လိုက်ကြမှာဆိုတော့ ဗိုလ်မှူးကြီးတို့သားအဖအတွက် စိုးရိမ်စရာမရှိပါဘူးကွယ် . . . "

" အေး . . . တစ်ခုပဲ ဘုရားမှာ ဆုတောင်းသွားကြပေါ့။ မျောက်တစ်ရာစေတီကို ဖူးတွေ့ခွင့်ရပါစေလို့ . . . "

ဘိုးအာဂရက လိပ်ခဲတည်းလည်းဖြစ်နေသော အခြေအနေတွင် သဘာဝကျကျ ဝင်ရောက်ပြောဆိုဖြေရှင်းပေးလိုက်သဖြင့် ဗိုလ်မှူးကြီးမက်ဒေါ်နယ်မှာ သဘောကျသွားပါ၏။

ချက်ခြင်းပင် သူ၏လိုင်စင်နှင့် ကိုင်ဆောင်ခွင့်ရသော လေးဆယ့်ငါးဘို့ ပစ္စတိုတစ်လက်နှင့် မို့ှင့်(၃၀၃) ရိုင်ဖယ်သေနတ်တို့ကို ထုတ်၍ စိတ်ပါလက်ပါတိုက်ချွတ်ဆေးကြောနေပါတော့သည်။

သမီးဖြစ်သူ ဟယ်လင်နာမှာ ချက်ချင်းပင် ဆယ့်ရှယ်နှစ်သားလေးတစ်ဦးကဲ့သို့ ဖျတ်လတ်တက်ကြွစွာလှုပ်ရှားနေသည့် ဖခင်ကြီးကို ကြည့်ကာ သက်ပြင်းမောတစ်ချက်ကို မသိမသာချလိုက်ပါလေ၏။

သူရဲကောင်းစာပေ



ဝါးတဲကြီး အပြင်ဘက်တွင် ညနေခင်းလေပြည်က ငွေဝဲတိုက်ခတ်လျက်ရှိနေခဲ့ ပါ၏။ ဖောင်ဝင်မြစ်ထဲမှာတော့. . .တံငါလှေကလေးများ ဟာ ဟိုတစ်စု သည်တစ်စုနှင့်။

♛ ♛ ♛

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)

## " မျောက်တစ်ရာနယ်မြေ . . . သို့ ခြေတစ်လှမ်း "

နောက်တစ်နေ့နံနက်စောစောတွင် ယူတီသင်္ဘောဖြင့် ဖောင်ဝင်မြစ်၏ အရှေ့ဘက်ယွန်းယွန်းတွင်ရှိသော မိန်းမလှကျွန်းရှိရာသို့ မောင်းနှင်လာကြသည်။ ဆေးဝါးပစ္စည်းများ၊ လက်နက်ကျည်ဆန်များနှင့် ရိက္ခာများ၊ သောက်ရေမှအစ လုံလောက်အောင် ဖြည့်တင်းယူလာခဲ့ကြပါ၏။

သင်္ဘောပေါ်တွင် သစ်တောအရာရှိမင်းဒင်၊ မင်းမောင်၊ မက်ဒေါ်နယ်တို့သားအဖ၊ တောခေါင်းကြီးဦးသာကျော်နှင့် အလုပ်သမားငါးယောက်တို့ လိုက်ပါလာသဖြင့် အစုအဖွဲ့ကောင်းသော အင်အားတစ်စု





ဖြစ်လာခဲ့သည်။ ဤကဲ့သို့သော ခေတ်ပျက်ခေတ်ဆိုးကြီးထဲတွင် မည်သူ့ကိုမျှ မယုံကြည်ရဟူသော ဥပဒေပင်ပြဋ္ဌာန်းရမည်ကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလား။ သည်ကြားထဲ ဓါးပြလူဆိုးများနှင့် ရောင်စုံသောင်းကျန်းသူ သူပုန်များ၏ရန်ကလည်း ရှိသည်မို့ အင်အားစုစုစည်းစည်းဖြင့် တောသို့ဝင်ရောက်ကြခြင်းမှာ မည်သို့မျှ မမှားနိုင်ပါလေ။

ဖောင်ဝင်မြစ်မှာ မြစ်ကျယ်တစ်စင်းဖြစ်သောကြောင့် အရှေ့ဘက်ကမ်းကို ခပ်ရေးရေးမျှသာ မြင်တွေ့နေရသည်။ မြစ်အတွင်းမှနေ၍ တောင်ဘက်သို့မျှော်ကြည့်လိုက်လျှင် လှိုင်ခေါင်းဖြူများ ဖွေးဖွေးထနေသော ကပ္ပလီပင်လယ်ဝအား လှမ်း၍မြင်ရသည်။ ထိုမှ အရှေ့တောင်ဘက်ယွန်းယွန်းတွင်မူ ရှေးအခါက ပျဉ်ဒရယ်မြို့ဟောင်းကြီးတည်ရှိရာ ကျွန်းညို့ညို့ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါ၏။

ဤမှာဘက်တွင်မူ ကျွန်းညိုကြီးနှင့် မိန်းမလှကျွန်းတို့ကို ရေးပြေးမျှ မြင်နေရသည်။ ဖောင်ဝင်မြစ်တွင်းသို့ ရောက်ပြီးမကြာမီ လှိုင်းဒဏ်ကို စတင်ခံစားရပါ၏။ ရေစစ်ချိန်မှာပင် တောင်လေတိုက်ခတ်နေသဖြင့် ရေနှင့်လေ မျက်နှာချင်းဆိုင်တွေ့ကာ လှိုင်းထန်မာန်ကြီးနေခြင်းပင်ဖြစ်သည်။ သို့သော် ယူတီဘုတ်သင်္ဘောမောင်းသူ ဆလင်ကြီးမှာ ရေကြောင်းလေကြောင်း ကျွမ်းကျင်သူဖြစ်သောကြောင့် ယူတီသင်္ဘောမှာ လှိုင်းပေါ်တွင် ပုခက်လွှဲသကဲ့သို့ တအိအိဖြင့် မိန်းမလှကျွန်းကြီးဘက်သို့ အန္တရာယ်ကင်းရှင်းစွာဖြင့် ရောက်ရှိလာခဲ့သည်။

ထို့နောက် ယူတီဘုတ်သင်္ဘောဆိုက်ကပ်သည့်နေရာကို လွယ်မှု



www.burmeseclassic.com

www.burmeseclassic.com



ဗွာမှတ်သားမိနိုင်ရန် ဝါဆိုဖရောင်းတိုင်ကြီးနှစ်တိုင်ကဲ့သို့ ဖြောင့်မတ်မြင့်မားလှသော ကညင်ပင်ကြီးနှစ်ပင်ရှိသည့် ကုန်းမြေထိပ်တွင် ဆိုက်ကပ်လိုက်ပါ၏။ ထို့နောက် အားလုံး ယွှာဘီသဘောပေါ်မှဆင်းကာ ကညင်နှစ်ပင်ကုန်းထိပ်တွင် ယာယီစခန်းချလိုက်ကြသည်။ ထိုနေရာတွင် လှဲသူလှဲ၊ ရေချိုးသူများကရေချိုးကြနှင့် ပြီးလျှင် နေ့လယ်စာကိုလည်း ကညင်ညီနောင်မှာပင် စားသောက်လိုက်ကြသည်။

မစားသောက်မီ မင်းမောင်နှင့် တောခေါင်းကြီးဦးသာကျော်တို့က ထမင်းဦး၊ပေါင်း၊ ကွမ်းယာ၊ ငှက်ပျောသီး စသည်တို့ဖြင့် ကညင်ပင်ကြီး၏ခွဆုံကွင်တင်ကာ တောပိုင်၊တောင်ပိုင်ကြီးများနှင့် ဆိုင်ရာ ပုဂ္ဂိုလ်များအား စားဦးစားဖျားနှင့် ပူဇော်ပသကြသည်။ မင်းမောင်ကမူ အစောင့်အရှောက်များအားလုံးအား တိုင်တည်ကာ မျောက်တစ်ရာဘုရားအား ဖူးတွေ့ရပါလို၏ဟု ဆုတောင်းနေပါလေ၏။

မင်းမောင်သည် တောကျွမ်းသူတစ်ယောက်ဖြစ်သည်၊ မိန်းမလှကျွန်း၊ ကျွန်းညိုကြီးနှင့် ပျဉ်းဒရယ်သစ်တောတစ်ဝိုက် သူ၏မြေရာချည်းပင်ဖြစ်ပါ၏။ ထို့ကြောင့် သစ်တောအရာရှိ မင်းဒင်က မင်းမောင်ကိုအားကိုးခြင်းဖြစ်သည်။

" ကိုင်း . . . ဒီဘက်တောမှာလည်း သစ်ခိုးသမားတွေ လိုင်စင် မဲ့သစ်ခုတ်သမားတွေ မရှိဘူးလို့မပြောနိုင်ဘူး၊ ဒီတော့ တောကိုတက်တဲ့ အခါ ကိုယ့်အဖွဲ့နဲ့ကိုယ် သတိရှိကြပါ၊ အချိန်မရရင် တောထဲမှာပဲ အဆင်ပြေသလိုနေကြပြီး စုရပ်ကိုပြန်ကြမယ်၊ စုရပ်ကတော့





ဟာဒီ မြစ်ဆိပ်အတက်က ကညင်ညီနောင်ပဲ. . .အရေးအကြောင်းရှိရင် တစ်ဖွဲ့ နဲ့တစ်ဖွဲ့ ဂူးလိုးအော်ကြမယ်၊ သေနတ်ကို မလိုအပ်ဘဲမသုံးကြနဲ့၊ ဆေးနပ် ရိက္ခာနဲ့ ဆေးဝါးပစ္စည်း သုံးရက်စာလောက် ထည့်ယူသွားကြ၊ အရေးကြီး တာက မျောက်ကြီးတွေနဲ့လူမလေးတစ်ယောက်ကိုတွေ့ရင် သူတို့ခိုအောင်း တဲ့နေရာကို သိအောင်ရှာပြီး ဆက်သွယ်ကြပါ. . .ကဲ တစ်ခြားဘာမေး စရာတွေရှိသေးလဲ "

" မရှိပါဘူး . . . အရေးပိုင်လေး "

"ကဲ. . .ဒါဖြင့် တောထဲကို နှစ်ဖွဲ့ခွဲပြီးဝင်ကြမယ်၊ တောခေါင်း ကြီးတို့အဖွဲ့က တောကြီးရဲ့အနောက်ဘက်ကနေပတ်ပြီး အတွင်းကို ဝင်ခဲ့ကြ၊ ကျုပ်တို့က အရှေ့ဘက်ကနေပတ်ပြီး တောကြီးထဲကိုဝင် ကြမယ် . . . သတိဝီရိယရှိကြပါ၊ မိကျောင်းသိုက်တွေလည်းရှိတယ်၊ အထူးသဖြင့် ကျားနဲ့ဆင်ကို သတိထားကြ. . .ကိုင်း သွားကြမယ် "

ဤသို့ဖြင့် နာမည်ကျော်မိန်းမလှကျွန်းကြီး၏ တောနက်ပိုင်း အတွင်းသို့ နှစ်ဖွဲ့ခွဲကာ တိုးဝင်လာခဲ့ကြသည်။ မင်းမောင်ဦးဆောင်သော အဖွဲ့တွင် မင်းဒင်၊ ဗိုလ်မှူးကြီးတို့သားအဖနှစ်ယောက်နှင့် ရိက္ခာအထမ်း သမားတစ်ယောက် စုစုပေါင်း ငါးယောက်တိတိရှိသည်။ မိန်းမလှကျွန်း ကြီးပေါ်တွင် ရှေးယခင်ကဆိုလျှင် ဆင်များ၊ကျားများနှင့် ကြီးမားလှ သောမြွေကြီးများ မည်းမည်းလှုပ်မျှ များပြားလှသော တောကြီးဖြစ်ပါ၏။ တောကြီးအတွင်းဝယ် တောသတ္တဝါမျိုးစုံနှင့် မိကျောင်းသိုက်များလည်း ရှိ၍ မိကျောင်းပေါ်များရာ နယ်မြေကြီးတစ်ခုလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကြီး၏အတွင်းပိုင်း တောနက်ကြီးထဲဝယ် လွန်စွာထူး...
လှသော မျောက်တစ်ရာဘုရားဟူသော ဘုရားတစ်ဆူရှိသည်။ ထူး...
သော ဂမ္ဘီရမျောက်ရုပ်ကြီးများလည်း ရှိသည်။ သို့သော် ထိုမျောက်တစ်...
ဘုရားကို လူတိုင်းဖူးမျှော်ခွင့်၊ တွေ့ဆုံခွင့်မရကြဘဲ လွန်စွာကုသိုလ်...
မှ ဖူးတွေ့ခွင့်ရသကဲ့သို့ ဖူးလိုလှ၍ အမျိုးမျိုးကြိုးစားသည့်တိုင် ဖူး...
ခွင့်မရကြပေ။ တန်ခိုးကြီးပြီး လွန်စွာထူးဆန်းသော ဘုရားတစ်ဆူဖြ...
၏။

သည်ကြားထဲ လွန်ခဲ့သောသုံးလေးလမှ စတင်၍ မျောက်ကြီ...
များနှင့် ထူးဆန်းသောလူမလေးတစ်ယောက်ကိုလည်း မျောက်တစ်...
နယ်မြေတွင် မြင်ခဲ့ရသည်ဟူသော သတင်းဆန်းတစ်ပုဒ်ကြောင့် ယ...
ဆိုလျှင် မျောက်တစ်ရာနယ်မြေနှင့် မျောက်တစ်ရာဘုရားအား စိတ်ဝ...
စားခဲ့သူ များပြားလာခဲ့ပြီ မဟုတ်ပါလား။

သို့သော်လည်း မည်သို့မျှမသိနိုင်မမြင်နိုင်သော ပရအန္တရာယ်...
များနှင့် တောကောင်ကြီးများ၏ အန္တရာယ်ကြီးများကြောင့် မည်သူ...
တောနက်ကြီးအတွင်းပိုင်းအထိ ဝင်ရောက်ခြင်းမရှိကြပေ။ မိုလ်မှူးကြီ...
မက်ဒေါ်နယ်က လောင်းကုတ်အရှည်ကြီးနှင့် ရိုင်ဖယ်သေနတ်...
အသင့်ကိုင်ကာ လေးဆယ့်ငါးဘို့ပစ္စတိုကြီးကို ခါးတွင်သေနတ်အိမ်နှ...
ထည့်ကာ မင်းဒင်၏နောက်မှ တောတိုးလိုက်ပါလာသကဲ့သို့။

သင်းဖြစ်သူ ဟယ်လင်နာကလည်း ကင်မရာတစ်လုံးကိုလွယ်...
ကာ ဝင့်ချက်စတာသေနတ်ကိုကိုင်လျက် အစိမ်းနှင့်အနက်စပ်ထားသည်...





...နှမ်မန်ဒိုဝတ်စုံဝတ်ဆင်ထားသဖြင့် မင်းမောင်မျက်စိထဲဝယ် တစ်မျိုး
...ာစ်ဖုံလှပနေသည်သို့ . . .။

မင်းမောင်တစ်ယောက်သာ ထူးထူးခြားခြား ငါးဖယ်ခုံးဓါး
တစ်လက်နှင့် အိတ်ဆောင်ဓါးငယ်လေးများကို လက်နက်ပုန်းသဖွယ်
အင်္ကျီရှည်အောက်တွင် သိုဝှက်၍ထည့်လာခဲ့ပါ၏။ တောသည် တစ်စ
တစ်စ နက်ရှိုင်းလာသည်။ လမ်းမရှိသည့်အခါတွင် ရှေ့မှတောခြုံနွယ်
များကို လက်ထဲမှငါးဖယ်ခုံးဓါးနှင့် ရှင်းရသည်။ ချောင်းရိုးတစ်ခုကို
ဖြတ်ရာတွင် မိကျောင်းများရှိတတ်သဖြင့် သတိနှင့်ဖြတ်ကျော်ကြသည်။
တစ်နေရာတွင် ခြုံနွယ်များအောက်သို့ လျှိုစီးသွားသည့် ရေစီးကြောင်း
တစ်ခုကို တွေ့ရသည်။ ထူးခြားသည်မှာ ထိုရေစီးကြောင်ရာကြီးသည့်
တစ်စုံတစ်ခု ပွတ်တိုက်သွားလာသွားသဖြင့် ပြောင်ချောကြီးနှယ်ရှိနေ
သည်မို့ မင်းမောင် ရေစပ်စပ်တွင်ရပ်လိုက်သည်။

ရှေ့မှသွားနေသည့် မင်းမောင် ရုတ်တရက်ရပ်လိုက်သဖြင့်
နောက်မှ ကပ်ပါလာကြသည့် မင်းဒင်နှင့်ဟယ်လင်နာတို့က ရောက်ရာ
နေရာတွင် ရပ်လိုက်ကြရသည်။ ဘာရယ်မသိ လက်ထဲမှသေနတ်များကို
အသင့်ပြင်လျက် . . .

" အဲဒီမှာရပ်နေကြ . . . ရှေ့ကိုမတိုးခဲ့နဲ့ "

မင်းမောင်က ငါးဖယ်ခုံးဓါးကို အသင့်ကိုင်ကာ ရေစီးကြောင်း
စပ်နှင့် ရေအိုင်စပ်စပ်အတွင်းသို့ ဂရုတစိုက်နှင့် ကြည့်ရှုနေရင်း သတိပေး
တန့်တားလိုက်သည်။ သူ့ရှေ့ရှိ ရေအိုင်ငယ်အတွင်းမှ ရေများသည်



www.burmeseclassic.com

www.burmeseclassic.com



နောက်နေသဖြင့် အနားသို့မကပ်တော့ဘဲ ခပ်ခွာခွာမှ အကဲခတ်ကြည့်နေပါ၏။

" သတိထား. . .ကိုမင်းဒင် ငါတို့ဖြတ်မယ့်လမ်းမှာ မိကျောင်းသိုက်တစ်ခု ရှိနေပြီထင်တယ် "

" ဒါဆိုရင် ရှောင်သွားကြမလား မင်းမောင်. . .ဒီပြင်လမ်းကနေ တက်ကြမလား "

" မရဘူး. . .ကိုမင်းဒင် ဟိုဘက်မှာချောက်ကြီးတစ်ခုခံနေတယ် . . . ဒီဘက်ကလည်း မန်းဆူးတောကိုဖြတ်ရမယ် . . . ငါတို့အုပ်စု နဲ့ဆိုရင် ဒီလမ်းကြောင်းဟာ အသင့်တော်ဆုံးပဲ နေ. . .မှေ့သစ်ကိုင်းရှည် တစ်ခုနဲ့ ရေအိုင်ထဲကို ထိုးကြည့်မယ် "

ရေစပ်မှတက်ကာ အရွယ်တော် မဒမသားများကိုဖြတ်ကာ အရွက်သပ် ဒဖျားဖြတ်၍ အရင်းကိုချွန်၍ လေးငါးဆယ်ချောင်းခန့် ဖြတ်ကာ စုပုံ၍ထားလိုက်သည်။

"အန်းကပ်ထိုးလို့မဖြစ်ဘူး. . .တော်ကြာ အိုင်ထဲမှာ မိကျောင်းရှိနေခဲ့ရင် ဗွက်ထဲမှာမို့ ပြေးလို့မလွယ်ဘူး ကိုမင်းဒင်. . .ဒီနေရာလောက်ကနေ ပစ်ထိုးကြည့်ကြမယ် "

" လုပ်လိုက်လေကွာ. . ."

ထို့နောက် ဟယ်လင်နာတို့သားအဖကို နောက်သို့ဆုတ်စေပြီး မဒမသားများဖြင့် ရေအိုင်းအတွင်းသို့ ပစ်သွင်းကြသည်။ ပထမတစ်ချောင်းနှစ်ချောင်းလောက် ဘာမှမဖြစ်သေးသော်လည်း နောက်ထပ်





ဒမချောင်းများမှာမူ တဖြောင်းဖြောင်းနှင့်မြည်ကာ အပိုင်းပိုင်းပြတ်ထွက်ကုန်ပြီး အိုင်အတွင်းမှ ဝုန်းခနဲ မိကျောင်းကြီးတစ်ကောင် ပေါ်လာခဲ့သည်။

" ဖြောင်း. . . ဖြောင်း. . . ဝုန်း "

" ဟာ. . . မိ. . . မိကျောင်းကြီးပါလား "

နှစ်ယောက်သား ရုတ်တရက်မို့ ထိတ်လန့်အံ့သြကာ နောက်သို့ဆုတ်လိုက်ကြသည်။ အိုင်စပ်စပ်အတွင်းမှ မိကျောင်းကြီးမှာမူ မဒမသားချွန်ထိုးနှက်ချက်ကြောင့် နာကျင်ဒေါသထွက်ကာ ရန်သူအား သဲသဲမဲမဲရှာဖွေနေလေသည်သို့. . .။ သူတို့နှင့် အတန်ငယ်ဝေးနေ၍ တော်သေးသည်။ မဟုတ်လျှင် အတင်းပင်တက်၍ ဆွဲလေမည်လားမသိ။

" ဝုန်း. . . ဖြောင်း. . . ဖြောင်း "

မိကျောင်းကြီးမှာ ပါးစပ်ကြီးကို အစွမ်းကုန်ဖြဟာလျက် သူတို့ရှိရာသို့ အတင်းတိုးဝင်ရန် ကြိုးစားနေပါ၏။ ထိုအချိန်တွင် မိုလ်မှူးကြီးမက်ဒေါ်နယ်က သူ၏လက်ထဲမှ (၃၀၃)ရိုင်ဖယ်သေနတ်ကြီးဖြင့် မိကျောင်းကြီး၏ နီရဲနေသော ပါးစပ်ကြီးအတွင်းသို့ချိန်ရွယ်ကာ နှစ်ချက်ဆင့်၍ ပစ်လိုက်သည်။

" ဒိန်း. . . ဒိန်း "

" ဝေါ. . . ဂူး. . . ဖျောင်း. . . ဖျောင်း "

ပြင်းထန်သော သေနတ်သံနှစ်ချက်နှင့်အတူ မိကျောင်းကြီးမှာ ရေအိုင်ထဲသို့ လန်ကျသွားကာ သူ၏အမြီးကြီးနှင့် တဖျောင်းဖျောင်းရိုက်



www.burmeseclassic.com

www.burmeseclassic.com



ခတ်လှုးလွန့်ရင်း တဖြည်းဖြည်းငြိမ်သက်သွားပါလေတော့သည်။

" အား. . .ဗိုလ်မှူးကြီးရဲ့ လက်တွေ မနည်းတူးကျန်သေးတာပဲ ကိုး၊ ကျွန်တော်တို့တောင် ဒီမိကျောင်းကြီးကိုပစ်ရမှာ ခပ်ခက်ခက်ဖြစ်နေဦးမယ် "

" ဟုတ်ပါ့. . .ဗိုလ်မှူးကြီးကတော့ ကျည်ဆန်နှစ်တောင့်ထဲနဲ့ ပွဲသိမ်းသွားတာပဲ "

မင်းမောင်နှင့်မင်းဒင်တို့က ပစ်မှတ်ကိုတိုက်ရိုက်ထိမှန်အောင် ပစ်ခတ်နိုင်သေးသည့် ဗိုလ်မှူးဟောင်မက်ဒေါ်နယ်အား ချီးကျူးသောပနာ ပြုလိုက်ကြသည်။

" ဒီလောက်လည်းမဟုတ်သေးပါဘူးကွာ. . .မင်းတို့ရဲ့သစ်ပိုင်း ချွန်တွေနဲ့ ပစ်စိုက်ထားတာလည်း ရှိနေလို့ပါ "

မည်သို့ပင်ဖြစ်စေ ခရီးစဉ်၏အဟန့်အတားဖြစ်သော မိကျောင်းကြီးကို ရှင်းလင်းပစ်နိုင်ခဲ့ပြီမို့ ထိုရိုးချောင်းအိုင်ကလေးကိုဖြတ်ကာ ရှေ့ခရီးသို့ဆက်ခဲ့ကြသည်။ မဆိုးစိန်ဘန်းတို့၏ ပြောစကားအရဆိုလျှင် ဤနေရာမှ အရှေ့တောင်ယွန်းယွန်းသို့ တိုးဝင်ရမည်ဖြစ်ပါ၏။ အစကနဦးကမူ မဆိုးစိန်ဘန်းတို့ကို လမ်းပြအကူအညီတောင်း၍ ဤခရီးစဉ်ကိုရောက်အောင် သွားမည်ဟု ကြံရွယ်ထားခဲ့သော်လည်း ဘိုးဇာဂရ၏ တားမြစ်ဟန့်တားမှုကြောင့် ရေငုံနှုတ်ပိတ်နေခဲ့ရသည် မဟုတ်ပါလား။

" သူတို့က အခုတလော မှုပျက်နေကြတာကို မြေးကမှ သတိမထားမိဘဲကိုး၊ သူကြီးပြောပုံအရဆိုရင် ဒီကောင်နှစ်ကောင် ရောင်စုံ





သောင်းကျန်းသူတွေနဲ့တောင် အဆက်အသွယ်ရှိတယ်ဆိုပဲ. . .နောက်ပြီး စိန်ဘန်းက စိတ်ချရတာမဟုတ်ဘူး၊ အရက်မူးလာရင် သွေးဆိုးတတ်တယ်၊ တစ်ခုခုလွဲချော်သွားခဲ့ရင် အဘိုးတို့မြေးအဖိုးပဲ နာမည်ပျက်မှာနော် သတိထား ငါ့မြေး "

ဘိုးဇာဂရ၏ သတိပေးစကားတစ်ချို့က မင်းမောင်၏နားစည်ထဲသို့ ပဲ့တင်ထပ်ကာ ကြားယောင်နေမိသည်။ ဟုတ်နိုင်သည် သူတို့ ခရီးမထွက်မီ တစ်ရက်အလိုလောက်က စိန်ဘန်းကို ဘုန်းကြီးကျောင်းဝင်းကြီးထဲတွင် ရိပ်ခနဲမြင်လိုက်မိသေးသည် မဟုတ်ပါလား။ မင်းမောင်တစ်ယောက် လွင့်ပါးနေသည့်စိတ်ကို ပစ္စက္ခရင်ခွင်သို့ ပြန်လည်ငြိတွယ်စေပြီး တောကိုတိုး၍ ခရီးဆက်လာခဲ့သည်။

ရှေ့ခရီးစဉ်မှာမူ. . .နက်ရှိုင်းသောတောနက်ကြီးဆီသို့ ဦးတည်လျက်. . .။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

### " မြိုင်ယံအတွင်းမှ သေနတ်သံ "

" ဒိုင်း . . ."

ရုတ်တရက် သူ၏နောက်ဘက်မှ ထွက်ပေါ်လာသည့် သေနတ်သံကြောင့် မင်းမောင် ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ ယမ်းငွေ့တလူလူ ထွက်နေသည့် သေနတ်ကိုင်လျက် စမ်းချောင်းလျှိုစပ်ဘက်သို့ စိုက်ကြည့်နေသည့် မင်းဒင်၏သစ်တောဝန်ထမ်း ဖိုးနီကို တွေ့လိုက်ရသည်။

" ဘာကိုတွေ့လို့ ပစ်လိုက်ရတာလဲ . . . ဖိုးနီ "

" ဟိုမှာလေ မမြင်ဘူးလား . . . ငါတို့ဆီကို ပြေးလာပြီး





ရန်မူ ဖို့ကြိုးစားနေတဲ့ တောဝက်ကြီး "

ဖိုးနီညွှန်ပြရာသို့ မင်းမောင်တို့ လှမ်းကြည့်လိုက်တော့ ညနေဆည်းဆာရိပ်အောက်တွင် ငြိမ်သက်စွာစီးဆင်းနေသည့် စမ်းချောင်းလျှိုစပ်လေးမှလွဲ၍ မည်သည့်သတ္တဝါကိုမျှ မတွေ့ပါချေ။ အတန်ကြာမျှ ဝင်လုဆဲဆည်းဆာနေခြည်အောက်တွင် ဟိုသည်ငေ့ဝဲ၍ အကဲခတ်နေရာမှ မင်းမောင်က သဘောပေါက်သွားခဲ့သည်ထင့် . . .။

" မင်း . . . တောချောက်ခံနေရတာ ဖိုးနီ . . . မင်းပြောတဲ့နေရာမှာ ဘာတောဝက်မှ မရှိဘူးကွ . . . အင်း . . . ဒီတောကြီးထဲမှာ မည်းမည်းမြင်တိုင်းသာ ပစ်ခတ်နေရရင်တော့ . . . ကျည်ဆန်ကုန်ရုံပဲရှိမယ် ဖိုးနီ "

" ဟုတ်တယ် . . . ဖိုးနီ၊ မင်းရမ်းသန်းပစ်နေတာက ကိစ္စမရှိဘူး၊ တော်ကြာ သေနတ်သံကြောင့် မလိုလားအပ်တဲ့ အန္တရာယ်တွေကို ဖိတ်ခေါ်သလိုဖြစ်မယ် ဖိုးနီ၊ နောက်နောင်ကိုဆင်ခြင်ပါ "

ဖိုးနီမှာ သူ့အားဝိုင်းဝန်းပြောဆိုနေကြသည်မို့ မကျေမနပ်ဖြင့် တောဝက်ကြီးလဲကျသွားရာသို့ ကြည့်လိုက်တော့၊ တောဝက်ကြီးကို မတွေ့ရပါလေတော့၊ တောဝက်ကြီးအစား စမ်းချောင်းလျှိုစပ်တွင် ဟိုမှသည်မှ ရိုပ်ခနဲ၊ ဖျတ်ခနဲ ကူးသန်းနေကြသည့် မည်းမည်းရိပ်ရိပ်သဏ္ဌာန်ကြီးများကိုသာ နေဝင်ဆည်းဆာအောက်တွင် တွေ့မြင်လိုက်ရသဖြင့် ကျောချမ်းတစ်လျှောက် စိမ့်ခနဲပင်ဖြစ်သွားပါတော့သည်။

ထိုအရာများကို ဗိုလ်မှူးကြီးနှင့်ဟယ်လင်နာတို့ပါ မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရသဖြင့် ဘာရယ်မသိ ကြက်သီးမွေးညှင်းများပင် တဖြန်းဖြန်း ထ၍သွားကြသည်။

" OH .. God .. What .. What ဘာတွေလဲ . . . ဘော်ဘီ "

" No .. No .. သမီးလည်း မသိဘူး ဒယ်ဒီ "

"သတိထား . . ရောင်ရမ်းပြီး သေနတ်နဲ့မပစ်ကြနဲ့ဦး၊ ငါ့ဆီက အသံကြားမှ ပစ်ကြ "

မင်းမောင်၏ သတိပေးသံနှင့်အတူ တောကြီးသည် ချင်ချင်းပင် အုံ့ဆိုင်းညို့မှိုင်းလာလေသည်လား . . . အချိန်က ညနေခင်း နေဝင်ဆည်းဆာ . . . ညီအစ်ကိုမသိတသိအချိန် . . .။

တစ်နည်းဆိုရပါမူ . . . အမှောင်နှင့်အလင်း စီးချင်းထိုး၍ နယ်လုနေချိန်၊ အလင်းရောင်က ရှင်းရှင်းပြတ်ပြတ်ဆုတ်ခွာမသွားသေး သလို အမှောင်ကလည်း သိသိသာသာ အနိုင်မယူနိုင်သေးသည့်ကာလ၊ သည်ကြားထဲ ညို့ဆိုင်းအုံ့မှိုင်းလာသည့် မိုးရိပ်မိုးသားများကြောင့် ဝန်းကျင် တစ်ခုလုံး အမှောင်ရိပ်တို့က ကြီးစိုးမင်းမူလာချေပြီထင့် . . .။

စခန်းချရန် မင်းမောင်တို့ရှာဖွေနေကြစဉ်မှာပင် သူတို့အနီးမှ ကပ်၍ ဖျောင်းခနဲ ဝါးလုံးချိုးသံကြီးကြောင့် မင်းဒင်နှင့် မင်းမောင်တို့ ထိတ်ခနဲလှည့်ကြည့်လိုက်ကြရာ . . . ဝါးရုံပင်ကြီးများကြားမှ မြင့်မားလှ သော မည်းမည်းသဏ္ဌာန်ကြီးကို မြင်တွေ့လိုက်ကြရသည်။

" ဟာ . . ဆင် . . ဆင်ကြီး . . ဆင်ကြီးတစ်ကောင်ဟေ့ "

" ကျည် . . . "





သူတို့၏အော်သံများကြောင့်လားမသိ၊ တောဆင်ရိုင်းကြီးက ကျည်ခနဲအော်မြည်ကာ ဝါးရုံပင်များကြားမှ ကြီးမားလှသော ခန္ဓာကိုယ်ကြီးကို တိုးထွက်လိုက်သည်။

" ဟာ . . ကိုမင်းဒင် ဟယ်လင် . . ဒါ . . တောဆင်ရိုင်းကြီး၊ စောစောက သေနတ်သံနဲ့လူသံတွေကြောင့် ဝါးရုံတောထဲက ထွက်လာ တာနေမှာ . . . သတိထား ကိုမင်းဒင် "

မင်းမောင်၏ သတိပေးစကားမဆုံးမီမှာပင် တောဆင်ရိုင်းကြီး က နှာမောင်းကြီးကိုပင်မြှောက်ကာ ကျည်ခနဲအော်ဟစ်ရင်း သူတို့ရှိရာသို့ အတင်းပြေးဝင်လာသည်ကို မြင်တွေ့လိုက်ကြရသဖြင့် . . .၊

မင်းဒင်က သေနတ်သမားပီပီ လက်မြန်ခြေမြန်နှင့် ဆင်ရိုင်းကြီး ၏ ဦးကင်းမည်းမည်းကြီးဆီသို့ လက်တန်းထိုးပစ်ချလိုက်သည်။

" ဒိန်း "

ဖောင်းခနဲ ကျည်ထိမှန်သံကြားလိုက်ရသော်လည်း တောဆင် ရိုင်းကြီးက တစ်ချက်မှနောက်တွန့်မသွားပါ၊ မီးရထားခေါင်းတွဲကြီးပမာ ရှေ့သို့သာ အတင်းပြေးဝင်လာသဖြင့် မင်းမောင်တို့လူစုမှာ ထိတ်လန့် တကြားနှင့် ထွက်ပြေးကြပါလေတော့သည်။

" ဟာ . . . တောခြောက်တာလားမသိဘူးဟေ့ . . . ဒီဆင်ရိုင်း ကြီးက မကောင်းဆိုးဝါးတစ္ဆေဆင်ကြီးပဲဖြစ်မယ်၊ ဒါလောက်ထိချက်ပြင်း တာတောင် လဲကျမသွားပါလား၊ ပြေး . . . ပြေးကြဟေ့ "



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းဒင်နှင့်ဖိုးနီတို့ တရှိန်ထိုးထွက်ပြေးကြသည့်တိုင် မင်းမောင်မှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် ဗိုလ်မှူးကြီးနှင့် သမီး ဟယ်လင်နာတို့ကို စောင့်ခေါ်နေရသဖြင့် ခရီးမတွင်ဖြစ်နေပါ၏။

"ပြေး . . ပြေး . . မင်းမောင်၊ ကျုပ်ကိုမစောင့်နဲ့ ပြေး . . ပြေး"

" ဟာ . . . မဟုတ်တာပဲ ကျုပ်မပြေးဘူး၊ ကျုပ်အသက်ရှင်နေသရွေ့ ဗိုလ်မှူးကြီးတို့သားအဖ ဘာတစ်ခုမှမဖြစ်စေရဘူး . ...ကဲ လာ . . . ကျုပ်နောက်ကလိုက်ခဲ့ကြ "

" ကျည် . . . ကျစ် . . . ကျလစ် "

" ဝေါ . . . ဖရော . . . ဝေါ . . . ဖျော . . . ဝုန်း "

မကြာမီမှာပင် တစ်တောလုံး တောဆင်ရိုင်းများ၏ အော်ဟစ်သံ၊ တောတိုးသံ၊ သစ်ပင်ကြီးများ ပြိုလဲသံ၊ တောကောင်ငယ်လေးများ၏ ပြေးလွှားသံများက တဝေါဝေါ တဖျောဖျောနှင့် သွေးပျက်ချောက်ချားဖွယ် ဆူညံလျက် ရှိနေပါချေပြီတကား။

တစ်ချိန်တည်းမှာပင် အရပ်ရှစ်မျက်နှာမှ မိုးငွေ့မြူငွေ့များက တရိပ်ရိပ်နှင့် ဖုံးလွှမ်းလာကာ ချိန်ခါမဲ့မိုးက တဖျောက်ဖျောက်နှင့်ရွာချ လာပါ၏။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း မိုးမှောင်ကြီးကျကာ တစယောက် နှင့်တစ်ယောက်ပင် သဲကွဲစွာမမြင်နိုင်တော့သဖြင့် မင်းမောင်နှင့် ဟယ်လင် နာတို့မှာ ဖခင်ဗိုလ်မှူးကြီးကိုတွဲခေါ်၍ ခြေဦးတည့်ရာသို့ ပြေးလာကြရ သည်။





" ဗိုလ်မှူးကြီး . . . ဖြစ်ကဲ့လား . . . ကျုပ်ကို တွဲထားနော်၊ မိုးမှောင် လေမှောင်နဲ့မို့ ဘာမှမမြင်ရတော့ဘူး . . . ဟယ်လင် . . . ဟယ်လင် "

" ရှိတယ် မင်းမောင် . . . ဟယ်လင်အတွက်မပူနဲ့၊ ဒယ်ဒီ့ကို သာ ကျေးဇူးပြုပြီး ဂရုစိုက်ပေးပါ မင်းမောင် "

မရေရာသောခရီးစဉ်တွင် သံယောဇဉ်တစ်ခုကြည်းနှင့် ဖွတ် တရွတ်လိုက်ပါလာခဲ့သည့် သူမ၏ဖခင်ကြီးအတွက် စိုးရိမ်စိတ်က ဟယ်လင်နာ၏ရင်ကို ပူလောင်စေလေသည်လား၊ တစ်ဖက်တွင်လည်း အန္တရာယ်ထူပြောလှသော ခရီးကြမ်းဝယ် သူမတို့သားအဖ အသက်ရှင် လျက်နှင့် ပြန်လည်ထွက်ခွာနိုင်ပါတော့မည်လား . . . ဟု။

နောက်ဆုံးတော့ မိုးမှောင်ကြီးကျလျက်ရှိသော တောကြီး အလယ်တွင် အသက်ကိုဖက်နှင့်ပင်မထုတ်နိုင်အား၊ ရောက်တတ်ရာရာ ခြေဦးတည့်ရာ ပြေးထွက်လာကြရသဖြင့် မင်းဒင်နှင့် သင်းတောဝန်ထမ်း ဖိုးနီတို့နှစ်ယောက်က တစ်ဖွဲ့၊ မင်းမောင်နှင့် မျက်နှာဖြူသားအဖတို့က တစ်စုနှင့် မိန်းမလှကျွန်း၏ နက်ရှိုင်းသလောက် ဂမ္ဘီရဆန်လှသော တောနက်ကြီးအတွင်းဝယ် လူချင်းကွဲကွာသွားကြပါတော့သည်။

☪ ☪ ☪ ☪ ☪ ☪

မိုးနှင့် . . လေနှင့် မုန်တိုင်းဆင့်၍ဆိုသကဲ့သို့ စောစောပိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖွဲဖွဲမျှသာရွာချနေသည့်မိုးက စဲမသွားသည့်အပြင် ပိုရှိုပင်သည်းလာ သယောင်နှင့် မိုးသက်လေကြမ်းကပါ ကူညီမြှောက်ပင့်၍ တဝေါဝေါ တဂုန်းဂုန်းနှင့် ကမ္ဘာမြေပြင် တုန်ဟီးခမန်း ရွာချလျက်ရှိပါပြီကော။

သို့တိုင်အောင် မိုးမှောင်မှောင်၊ မြူမှောင်မှောင်မြင်ကွင်းက ဘယ်အရာကိုမှ ပြတ်သားစွာမြင်ခွင့်မပြုပြီတင့်။ မိုးတဝါးနှင့် မှုန်ရေးရေး အမှောင်ထဲတွင် ရှေ့မှပြေးလွှားနေသော အရိပ်မည်းနှင့်ခြေသံကို မှန်းဆ၍ ပြေးလိုက်လာခဲ့သည့် ဖိုးနီမှာ ရုတ်တရက် ရှေ့မှမည်းမည်းကောင်ကြီး တစ်ကောင်ကို ဝင်ရောက်တိုက်မိသဖြင့် ဝုန်းခနဲလွင့်စင်ပြုလဲကျသွားပါ တော့သည်။

“ ဒုန်း . . . ဝုန်း ”

“ အား . . . အမယ်လေးဗျ ”

ရှေ့မှပြေးလွှားနေသည့် မင်းဒင်မှာ သူ၏နောက်မှ ဝုန်းခနဲ လဲပြိုသံကြီးနှင့်အတူ အော်ဟစ်ညည်းညူသံကြောင့် ခြေလှမ်းများတန့်သွား ကာ နောက်သို့လှည့်၍ အော်လိုက်သည်။

“ မင်းမောင် . . မင်းမောင် . . ဘာ . . ဘာဖြစ်တာလဲ ”

ဖိုးနီမှာ မြေပြင်သို့ပြန်အကျတွင် သုံးလေးပတ်လိမ့်ဆင်းသွား သဖြင့် မင်းဒင်၏မေးမြန်းသံကို မကြားနိုင်၊ ပတ်ဝန်းကျင်တစ်ခုလုံးမှာ လည်း မိုးရိပ်မြူမှုန်များက ပိတ်ဆိုင်းနေသည့်အပြင် တဝေါဝေါရွာသွန်း နေသောမိုးကြောင့် ဘာကိုမျှ သဲသဲကွဲကွဲမမြင်ရပါချေ။ စိုးရိမ်စိတ်နှင့် အပြေးအလွှားရောက်လာမှ မြေပြင်တွင်လဲကျညည်းညူနေသူမှာ ဖိုးနီ

သူ့ရဲ့ကောင်းတာပေ



ဖြစ်မှန်း သိလိုက်ရသည်။

“ ဟာ . . ဟော့ . . ဟော့ကောင် ဖိုးနီ ဘာ . . ဘာဖြစ်တာလဲ”

“အား . . . အီး . . . ကျွတ်ကျွတ် . . . ပြေးရင်းလွှားရင်းနဲ့ ကျောက်တုံး နဲ့ဆောင့်မိတာလားမသိဘူး၊ ကြယ်တွေလတွေမြင်ပြီး ခေါင်းကိုမူးသွား တာပဲ အရေးပိုင်လေးရယ် ”

မြေပြင်ပေါ်မှ လူးလဲကာ ကုန်းရုန်းထနေသည့် ဖိုးနီမှာ သူဝင် တိုက်မိသော ကျောက်တုံးမည်းမည်းကြီးအား လက်ညှိုးထိုး၍ ပြောလိုက် သည်မှာပင် . . .

“ ဒီမှာလေ အရေးပိုင်မင်းရဲ့ . . ဟိုကျောက် . . ကျောက်တုံးနဲ့ ဆိုက် . . တိုက် . . တိုက် ဟာ . . ဘာ . . ဘာ . . ဘာကောင်ကြီးလဲ အား”

ဖိုးနီ ထိတ်လန့်တကြားအော်ဟစ်ရင်း မော့ကြည့်လိုက်သည့် ကျောက်တုံးမည်းမည်းကြီးကို မင်းဒင်လှည့်ကြည့်လိုက်မိသည့်တွင် . .

“ ဟာ . . အို့ . . မျောက် . . မျောက်ရုပ် မျောက်ရုပ်ကြီးပါလား၊ ဟို . . ဟိုမှာလည်းတစ်ရုပ်၊ ဒီမှာတစ်ရုပ် အို . . ဟို . . မျောက်ရုပ်တွေ တန်းစီပြီး ထုထားတာ အများကြီးပါလား . . . ဘုရား . . . ဘုရား ”

မင်းဒင်ကိုယ်တိုင် နောက်သို့ပင် ခြေတစ်လှမ်းဆုတ်မိလိုက် သည်အထိ ထိတ်ထိတ်ပြာပြာဖြစ်သွားပါ၏။ နောက်မှ များပြားလှသော မျောက်ရုပ်ကြီးများကိုကြည့်ကာ သူတို့ သဲသဲမဲမဲရှာဖွေနေသည့် ‘မျောက် တစ်ရာနယ်မြေ’ ဆိုသည်ကို သတိရသွားမိပါတော့သည်။

သူ့ရဲ့ကောင်းတာပေ

www.burmeseclassic.com

www.burmeseclassic.com



" အိုး .. ဒါ . . ဒါ . . ငါတို့လိုက်ရှာနေတဲ့ မျောက် . . . မျောက် တစ်ရာ . . . မျောက်တစ်ရာနယ်မြေ . . . ဟုတ်တယ် . . . ကြည့်စမ်း၊ မျောက်တစ်ရာနယ်မြေထဲကို ငါတို့ဆိုက်ဆိုက်မြိုက်မြိုက်ထိုး ရောက်လာ ဘာပါလား "

ဟုတ်သည် . . . သစ်ပင်ငယ်လေးများကလည်း အရွယ်ညီညီ မြေပြင်ကလည်း ညီညီညာညာ ပြန့်ပြန့်ပြူးပြူးနှင့် တစ်မူထူးခြားနေသည့် မျောက်တစ်ရာနယ်မြေကြီးက သူတို့နှစ်ယောက်အား ကြိုဆိုနေကြသည့်သို့ . . .။

" ဟုတ်လိမ့်မယ် အရာရှိလေး . . . ပျဉ်ဒရယ်ကြီးဝိုင်းမှာ မျောက်တစ်ရာစေတီနဲ့ပတ်သက်ပြီး ပြောကြတဲ့စကားတွေထဲကအတိုင်း ပဲ . . . ဒီတန်းစီနေတဲ့ မျောက်ရုပ်တွေဟာ တစ်ရာတိတိ၊ ဒါမှမဟုတ် ကိုးဆယ့်ကိုးရုပ်သာ ဖြစ်နေမယ်ဆိုရင်တော့ ဒီနေရာဟာ တကယ့် ဂမ္ဘီရနယ်မြေကြီးတစ်ခုပဲပေါ့ . . . အရာရှိလေးရယ် "

ယခုမှပင် ကျောက်တုံးတစ်ခုကိုမှီကာ အမောဖြေရင်း ဖြစ်စဉ် များကို စီကာစဉ်ကာ စဉ်းစားနေမိပါ၏။ ဝါးရုံပင်ကြားမှ ရုတ်တရက် ပေါ်လာသည့် တောဆင်ရိုင်းတစ်ကောင်ကို အမှတ်မထင်ပစ်ခတ်လိုက် ရာမှ ဆင်အော်သံ၊ တောပြိုသံ၊ သစ်ပင်ကြီးများလဲပြိုကျသံများကို တဝုန်းဝုန်းတဝေါဝေါနှင့် ကြားလိုက်ရပြီး တစ်ချိန်တည်းမှာပင် မိုးမှောင် ကြီးကျလာခဲ့သည်။ မိုးမှောင်လမှောင်ကြားဝယ် ဝရုန်းသုံးကားထွက်ပြေး ကြရင်း မင်းမောင်တို့နှင့် လူချင်းကွဲသွားခဲ့ကြသည်ထင့်။

သူရဲကောင်းစာပေ



ဤသို့ဆိုလျှင် မင်းမောင်နှင့် ဗိုလ်မှူးကြီးတို့သားအဖသည် အန္တရာယ်မှ လွတ်ကင်းနိုင်ကြပါမည်လား။ သူကိုယ်တိုင်ဦးဆောင်ခေါ်ငင် လာခဲ့ပြီးမှ မမျှော်လင့်ဘဲ ပြောင်းလဲသွားသည့်အခြေအနေဆိုးကြောင့် မင်းမောင်တို့နှင့် ထပ်မံ၍ လူချင်းကွဲသွားပြန်ပါ၏။ ယခုဆိုလျှင် ဤတော ကြီးထဲတွင် အဖွဲ့သုံးဖွဲ့ကွဲကာ ရှိနေကြပါပြီ . . . စည်းမျဉ်းဥပဒေအတိုင်း လူချင်းကွဲလျှင် 'ဝူး' ထိုး၍ ဆက်သွယ်ခေါ်ငင်ရအောင်ကလည်း တဝေါ ဝေါနှင့်ရွာချနေသည့် မိုးအတွင်းဝယ် မည်သို့မျှကြားနိုင်မည်မထင်။

" ကဲ . . . မိုးနီရေ တစ်နေရာရာမှာ မိုးခိုပြီးနေကြရအောင် ဟောဟိုရှေ့နားက ကျောက်ပြားကြီးတွေအောက်ကို သွားကြစို့၊ မိုးတိတ် မှပဲ အခြေအနေကြည့်ပြီး လှုပ်ရှားကြမယ် "

နှစ်ယောက်သား ခပ်လှမ်းလှမ်းတောင်စွယ်ရှိ ကျောက်ပြားကြီး များအောက်သို့ မိုးခိုရန် ဝင်ရောက်နားနေလိုက်ကြပါ၏။ သူတို့အဖို့မှာ အဆိုးထဲကအကောင်းဟုပင် ခေါ်ရလေမည်လား၊ တပ်ချိန်လုံး သဲသဲမဲမဲ ရှာဖွေနေသည့် မျောက်တစ်ရာနယ်မြေအတွင်းသို့ တိုက်တိုက်ဆိုင်ဆိုင် ပင် ဇာကြမ္မာမျက်စိလည်လမ်းမှားကာ ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်ပါ ချေ၏။ မိုးနီကမူ မိုးစက်များအောက်မှ များပြားလှသော မျောက်ရုပ်တု ကြီးများကိုကြည့်ကာ သွေးပျက်ချောက်ချားနေမိပါတော့သည်။

အခါမဲ့မိုးကမူ တဝေါဝေါနှင့် ရွာချ၍ကောင်းနေဆဲ . . .။

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

## ''ထူးဆန်းသော သူတော်စင်တစ်ဦးနှင့်တွေ့ဆုံခြင်း''

အပါမဲ့မိုးကမူ တဝေါဝေါနှင့်ရွာချ၍ကောင်းနေဆဲ . . .။

ပြေးရင်းလွှားရင်း မိုးငွေ့မြူငွေ့များနှင့် အုပ်ဆိုင်းနေသော အမှောင်တိုက်ပါကြီး လွင့်ပျယ်သွားချိန်မှာတော့ ရွာသွန်းနေသောမိုးရေအောက်တွင် သူတို့ရှေ့တည့်တည့် ကိုက်အနည်းငယ်ခန့်တွင် ကျောက်ဂူမည်းမည်းကြီးတစ်ခုကို ဘွားခနဲမြင်လိုက်ရပါသည်။ ဤမှုလောက်ရွာချနေသော မိုးသဲသဲအောက်တွင် နားခိုစရာတစ်ခုခု လိုအပ်နေသော မင်းမောင်တို့မှာ ကျောက်လိုဏ်ဂူတစ်ခုကို အမှတ်မထင်တွေ့မြင်လိုက်





ကြသဖြင့် ဝမ်းသာအားရဖြစ်သွားပါ၏။

'' ဟော . . . ရှေ့မှာ ကျောက်ဂူတစ်ခုတွေ့တယ် ဟယ်လင်၊ ဗိုလ်မှူးကြီးကို အဲဒီဂူကြီးထဲကို ခေါ်သွားကြမယ် ''

'' သတိလည်းထားဦးနော် မင်းမောင် . . . တော်ကြာ ကျောက် ဂူထဲမှာ တောကောင်တွေရှိအောင်းနေဦးမယ် ''

ဟယ်လင်နာ၏ သတိပေးစကားကြောင့် လက်ထဲမှ ငါးဖယ်ခုံးဓါးကြီးကို အသင့်ကိုင်ကာ ကျောက်ဂူကြီးအနီးသို့ သတိနှင့်တိုးဝင်လိုက်သည်တွင် . . .

'' ဝေါင်း . . . ဂရား . . . ဝေါင်း . . . ဂူး ''

ကျောက်လိုဏ်ဂူကြီး၏ လက်ဝဲဘက် ဝါးရုံတောကြီးဘက်မှ တဝေါင်းဝေါင်းနှင့် အော်မြည်ဟိန်းလိုက်သည့် ကျားဟိန်းသံများကြောင့် ဟယ်လင်နာမှာ သေနတ်ကြီးကိုင်လျက်နှင့် မင်းမောင်အနီးသို့ ထိတ်ထိတ်လန့်လန့်နှင့် တိုးကပ်လိုက်သည်။ တစ်ဖက်တွင်လည်း အဖျားတက်နေဟန်တူသည့် ဖခင်ကြီးအား မှီတွဲလျက် . . .

'' သတိထား ဟယ်လင် . . . ငါတို့တော့ သားရဲတွင်းကြီးတစ်ခုထဲကို မှားပြီးရောက်လာကြတာထင်တယ် ''

မင်းမောင်၏သတိပေးစကားကြောင့် ဟယ်လင်ခမျာ သူ့အား မှီတွဲကာ ငှက်ဖျားတက်နေသည့် ဖခင်ကြီးအတွက် ပူပန်နေမိသည်။ လက်ရှိအခြေအနေသည် မျှော်မှန်းထားသည်ထက် ပိုမိုဆိုးရွားပြီလေလား . . . ဝင်ချက်စတာသေနတ်တစ်လက်၊ ငါးဖယ်ခုံးဓါးမြောင်



www.burmeseclassic.com

www.burmeseclassic.com



တိုတစ်ချောင်း။ ငှက်ဖျားတက်နေသည့် ရောဂါသည်တစ်ဦးနှင့် ဤသား တွင်းကြီးထဲမှ ရုန်းထွက်နိုင်ဖို့ဆိုသည်မှာ အသက်ချင်းလောင်းကြေး ရမည့်နှယ်ပါတည်း။

" ဝေါင်း . . . ဂရား . . . ဝေါင်းဂါး "

ဝါးရုံတောကြီးထဲမှ ကျားဟိန်းသံကြီးများကို နားကွဲလုခမ ကြားလိုက်ရပြီးသည်နှင့် ကြီးမားလှသော ကျားကြီးတစ်ကောင်၏ ဦးခေါ ဝိုင်းဝိုင်းကြီးကို မင်းမောင်တို့ မှိုးသဲသဲတွင် တွေ့မြင်လိုက်ကြရသည်

" ဟာ . . ဟို . . ဟို . . ဟိုမှာ ကျား . . ကျားကြီး "

" OH .. God .. ဘုရားသခင် "

မတုံးတော့ပြီမို့ မင်းမောင်မှာ ဝါးဖယ်ခုံးမါးကြီးကို အသင့်ကိုင် လျက် ခြေကိုနှုံ၍ရပ်ကာ ကျားကြီးအား ရင်ဆိုင်လိုက်သည်။ ဟယ်လင်နာ ကမူ ဖခင်ကြီးကတစ်ဖက်နှင့်ဖြစ်နေ၍ မင်းမောင်ကို မကူညီနိုင်ရှာပေ ထိုစဉ်မှာပင် . . .

" ဟဲ့ကောင်တွေ တော်ရာကိုသွားကြစမ်း . . . ဒီလောက်ဒုက္ခ ရောက်နေကြတဲ့သူတွေအချင်းချင်း မနှောင့်ယှက်ကြစမ်းနဲ့ ထွက်သွား ကြစမ်း "

ရုတ်တရက် ကျောက်ဂူတဲမှထွက်ပေါ်လာသည့် ကြည်လင် ပြတ်သားသောအသံကြောင့် သူတို့နှေားရှိ ဝါးရုံတောအစပ်မှ ကျားကြီး မှာ ဝေါင်းခနဲတစ်ချက်အော်မြည်ကာ ဝါးရုံတောကြီးအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်ကို အံ့ဩစွာတွေ့မြင်လိုက်ကြရသည်။ တစ်ဆက်





တည်းမှာပင် ဝါးရုံတောကြီးအတွင်းမှ တဖျောင်းဖျောင်းနှင့် တောတိုးသံ ကြီးများနှင့်အတူ ကျားကြီးနှစ်ကောင် ပြေးထွက်သွားကြသည်။

မင်းမောင်နှင့် ဟယ်လင်နာတို့နှစ်ယောက် အသံကြားရာသို့ လှည့်ကြည့်လိုက်တော့ ဖြူခွတ်ရှည်လျားလှသည့် မုတ်ဆိတ်ကျင်စွယ်များ ဖြင့် ယောဂီရောင်တဘက်တစ်ထည်ကို ခေါင်းတွင်ပေါင်းကာ ဆံပင်သျှောင် ကို နောက်သို့ခွေတွဲ၍ချထားသည့် ယောဂီရောင်ဝတ်စုံနှင့် လူသူတော် ကြီးတစ်ဦးကို တွေ့လိုက်ကြရသည်။ သူ၏လက်ထဲတွင်ကိုင်ထားသည့် တောင်ဝှေးကို ထောက်ကာထောက်ကာနှင့် မင်းမောင်တို့ရှိရာသို့ တစ်လှမ်းချင်းတိုးဝင်လာခဲ့ပြီး စေ့စေ့စူးစူးကြည့်ကာ . . .

"အော် . . အဝိဇ္ဇာဖုံးနေကြတဲ့ လူသားတွေပဲကိုး . . ဒီလောက် ခေါင်တဲ့တောကြီးထဲကို မီးပေါက်လက်နက်တွေကိုင်ဆွဲပြီး ရောက်လာကြ တော့ နယ်မြေခံသားရဲတိရစ္ဆာန်တွေ ရန်လိုပြီး ဟိန်းကြဟောက်ကြတာ ဘာဆန်းလို့လဲကွယ် "

လူသူတော်ကြီး၏ ထိရှသောစကားများဆုံးသည်နှင့် မင်းမောင် နှင့်ဟယ်လင်တို့နှစ်ယောက်သား ယောဂီသူတော်စင်ကြီးအား ဒူးထောက် ၍ ဦးညွှတ်ကန်တော့လိုက်ကြပါ၏။

" ကျွန်တော်တို့ ဒုက္ခရောက်လာကြတဲ့သူတွေပါ . . . အဘိုး။ ကျွန်တော်တို့လက်ထဲက မီးပေါက်လက်နက်တွေက သတ္တဝါတွေတိုင်းကို ပစ်ခတ်ဖို့မဟုတ်ပါဘူး ကာကွယ်ဖို့အတွက် ယူဆောင်လာခဲ့ကြတာပါ အဘိုး။ ဒီမှာ ငှက်ဖျားမိထားတဲ့ လူမမာတစ်ယောက်လည်း ပါနေသို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို နားခိုခွင့်ပေးပါ အဘိုး ''

သည်တစ်ကြိမ်တော့ မင်းမောင်၏စကားကို ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်ရင်း ယောဂီသူတော်စင်ကြီးနှုတ်ဖျားမှ စကားတစ်ချို့ထွက်ကျလာခဲ့သည်။

''အင်း . . ကယ်သင့်တဲ့အချိန်ရောက်လာတော့လည်း ကယ်လိုက် တာပေါ့၊ ကိုင်း . . လာ . . လာ ကျုပ်နောက်ကလိုက်ခဲ့ကြ၊ စောစောက ကျားတွေကို ကျုပ်မေတ္တာရပ်ခံလိုက်ပါပြီ၊ လူကလေးတို့ လက်ထဲက လက်နက်တွေကိုတော့ ကျုပ်နဲ့အတူရှိခိုက်မှာ မေ့ထားလိုက်ကြပါ ''

ထို့နောက် မင်းမောင်နှင့်ဟယ်လင်တို့နှစ်ယောက် ဗိုလ်မှူးကြီးမက်ဒေါ်နယ်ကိုတွဲကာ ယောဂီသူတော်စင်ကြီးနောက်မှ လိုက်လာခဲ့ကြသည်။ ရင်ထဲမှာတော့ ပဟေဠိပုစ္ဆာများစွာနှင့် . . .၊ ထိုစဉ်မှာပင် . . .

'' ရှူး . . . ဖရူး ''

ကျောက်ဂူဝရှေ့မှ ဝဲခနဲ ပါးပျဉ်းထောင်မာန်ဖီလာသည့် ငန်းမြွေနက်ကြီးနှစ်ကောင်ကြောင့် မင်းမောင်တို့အားလုံး နောက်သို့တွန့်သွားကြသည်။

ဟုတ်သည် . . .။ ကြီးမားနက်ပြောင်နေသည့် ပါးပျဉ်းကြီးကိုထောင်ကာ မင်းမောင်တို့အား တိုက်ခိုက်ရန် ဟာစူနေသည့် ငန်းမြွေကြီးနှစ်ကောင်က ဦးခေါင်းကြီးများကို ဘယ်ညာယိမ်းလျက် . . .။

'' ဟဲ့ . . . ကောင်ရည်တွေ တစ်ခြားကိုရှောင်နေကြစမ်း . .





ဒီ နောက်ကသူတွေဟာ မင်းတို့ရဲ့ရန်သူ မဟုတ်တော့ပါဘူး ''

အံ့ဩဖွယ်ရာပင် ယောဂီသူတော်စင်ကြီး၏ စကားဆုံးသည်နှင့် ကြီးမားလှသော ငန်းမြွေကြီးနှစ်ကောင်မှာ ကျောက်ဂူဝတစ်ဖက်ရှိ ကျောက်ချပ်ကြားများအတွင်းသို့ တလျှောလျှောနှင့် တိုးဝင်ပျောက်ကွယ်သွားကြပါသည်။

မျောက်တစ်ရာနယ်မြေ၏ ထူးခြားအံ့ဩဖွယ်ရာကောင်းသော ဝိဇ္ဇာရေကျို့ပညာစဉ်များသည် မင်းမောင်တို့အား စတင်ရှုမ်းစားကြလေပြီလားဟု . . .။

'' ဒါတွေက . . . တကယ်တော့ သိပ်ထူးဆန်းတဲ့ ပညာရပ်တွေ မဟုတ်ပါဘူး လူကလေးရယ် . . . အနိုင်းမဲ့မေတ္တာဓါတ်ရဲ့ တန်ခိုးသတ္တိတွေ တွေပေါ့ . . . သတ္တဝါတွေအပေါ်မှာ မေတ္တာဓါတ်တွေ ပွားများနိုင်ရင် သတ္တဝါတွေကလည်း ကိုယ့်ကိုမေတ္တာမပျက်ကြပါဘူးကွယ်၊ ကဲ . . . လာကြ . . . လာကြ . . . ဟောဒီ မီးလင်းဖိုနားမှာ လူနာကို လှဲသိပ်ထားလိုက် ''

မင်းမောင် ထိတ်ခနဲရင်ခုန်သွားပါ၏။ ဤသူတော်စင်ယောဂီကြီးသည် သူ၏စိတ်ထဲတွင် ကြံစည်တွေးတောသည့်အရာများကို ဖောက်ထွင်းရှုမြင်နိုင်လေသည်လား။ ဒွိဟသံသယအတွေးများနှင့် ကျောက်ဂူကြီးထဲသို့ လှည့်ပတ်အကဲခတ်လိုက်သည်။ ဟယ်လင်နှာကမူ ညည်းတွားနေသည့် သူမ၏ဖခင်ကြီးကို မီးဖိုနှင့်မနီးမဝေးတွင် မှီလှဲနေစေပါ၏။

ထို့နောက် သူ၏ခန္ဓာကိုယ်တွင် လွယ်သိုင်းထားသည့် ဝင်ချက်



www.burmeseclassic.com

www.burmeseclassic.com



စတားရိုင်ဖယ်သေနတ်ကို ဖြုတ်လိုက်ပြီး ကျောက်ဂူနံရံတွင် ထောင်လိုက်စဉ် . . .

" ရှူး . . . ဖရွး "

" **OH .. God ..** မင်းမောင် "

ရုတ်တရက် ပါးပျဉ်ထောင်လိုက်သော ကျောက်တုံးကြီးမြွေကြီးကြောင့် အနီးရှိ မင်းမောင်ကို ကြောက်လန့်တကြား ဖက်တွယ်လိုက်မိသည်။

မြွေကြီး၏အသံကြောင့် ယောဂီသူတော်စင်ကြီးက သူ၏လက်ထဲမှ တောင်ဝှေးကြီးကို တစ်ချက်နှစ်ချက်ဆောင့်ချလိုက်ပြီး . . .

" ကိုင်း . . . ဒီနေ့အဖို့ မင်းတို့တစ်တွေကို တရားမဟောတော့ဘူး။ ဒီမှာ လူညည့်သည်တွေပါလာလို့ နောက်နေ့ညကျမှ ပြန်လာခဲ့ကြ။ အခုတော့ ပြန်လိုက်ကြပေဦးတော့ "

သည်တစ်ကြိမ်တွင်လည်း လူသူတော်ကြီး၏စကားကြောင့် ကျောက်ဂူကြီးထဲရှိ ငန်းမြွေကြီးများ၊ မြွေဟောက်ကြီးများနှင့် ငန်းတော်ကြီးမြွေပါမကျန် အပြင်ဘက်သို့ အလျှိုလျှိုထွက်သွားကြသည်မှာ ကျောက်ဂူကြီးပင် သိမ့်သိမ့်ခါကျန်ရစ်ခဲ့လေသည်သို့ . . .။

ထိုအခါမှ မင်းမောင်ရင်ခွင်ထဲမှ ဟယ်လင်နာခမျာ ရှက်ရွံ့စွာဖြင့် ဖယ်ခွာလိုက်ပြီး မင်းလင်းဖိုမှ မီးခဲတစ်ချို့ကို ထင်းကိုင်းတစ်ခုနှင့် ထိုးဆွနေလိုက်သည်။ နှစ်ဦးစလုံး၏ရင်ထဲမှာတော့ မမျှော်လင့်သော အထိအတွေ့ထူးကြောင့် မူးမူးမေ့မေ့ဖြစ်သွားကြသည်လေလား . . .။





မင်းမောင်ကမူ ဟယ်လင့်ကိုကျောခိုင်းလျက် ကျောက်ဂူကြီးအတွင်းဝယ် အကဲခတ်ကြည့်ရှုနေပါ၏။

အတန်ငယ်ကျယ်ဝန်းသည့် ကျောက်ဂူကြီးထဲဝယ် ဝါးကွပ်ပျစ်တစ်ခု၊ ကျောက်ရေအိုးတစ်လုံးနှင့် ဂူနံရံတွင် မှည့်ဝင်းနေသောသစ်သီးအချို့နှင့် ငှက်ပျောခိုင်များက ထောင်လျက်၊ ရေပြည့်ဝါးကျည်တောက်ကြီးနှစ်လုံးနှင့် အရှေ့ဘက်ကျောက်သားစင်မြင့်ထက်တွင် ရှေးဟောင်းကျောက်ဆင်းတုတော်တစ်ဆူနှင့် ပူဇော်လက်စ ဆီမီးတိုင်များက ကျောက်ဂူထဲဝယ် လင်းလက်နေပါလေ၏။

မိုးစိုရွှဲလာကြသည့် အအေးဒဏ်ကြောင့် နှစ်ဦးသား မီးလင်းဖိုနားသို့ တိုးဝင်သွားကြသည်။ မီးဖိုမှာ အပူငွေ့ကြောင့် အဝတ်အစားတစ်ချို့ပင် သွေ့ခြောက်စပြုနေပါ၏။

မင်းမောင်မှာ မကြုံစဖူးထူးခြား ဆန်းကြားသော ဖြစ်ရပ်များကြောင့် ဤယောဂီကြီး နေထိုင်သောနေရာမှာ မျောက်တစ်ရာနယ်မြေများလား ဟူသော အတွေးများက တစ်စတစ်စ နေရယူလာကြသည်။

" ဟုတ်တယ်လေ . . . ဒီနယ်မြေဟာ လူကလေးတို့ သိပ်ပြီးရောက်ချင်လှပါတယ်ဆိုတဲ့ မျောက်တစ်ရာနယ်မြေထူးကြီးပေါ့၊ ဒီကျောက်ဂူကြီးရဲ့ လက်ယာဘက်မှာ မျောက်တစ်ရာစေတီနဲ့ ထူးခြားတဲ့မျောက်ရုပ်ကြီးတွေ ရှိတယ်ကွယ့် . . . ဒီညတော့ ဖူးလို့မရတော့ဘူး။ မနက်မိုးလင်းမှ လူကလေးတို့သွားပြီး ဖူးမျှော်ချေကြပေါ့၊ ကဲ . . . ရော့ . . . ရော့ ကလေးမ ဒီဆေးကို လူမမာကို တိုက်ကျွေးလိုက်ပါ၊ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



ရောဂါတွေကို ယူပစ်လိုက်သလို ပျောက်ကင်းသက်သာသွားပါလိမ့်မယ်"

ယောဂီသူတော်စင်ကြီး၏ စကားဆုံးသည်နှင့် မင်းမောင်နှာ သူတော်စင်ကြီးရှေ့သို့တိုင် သွားရောက်၍ ဦးချကန်တော့လိုက်ပါတော့သည်။

" ကျွန်တော့်ကို ခွင့်လွှတ်ပါ အဘိုး၊ စောစောက ဒီ့ဟာသံသယတွေ မှားမိတဲ့အပြစ်ကို ခွင့်လွှတ်ပေးပါ၊ အခုချိန်ကစပြီး အဘိုးရဲ့သန့်စင်အေးငြိမ်းတဲ့တရားတွေကိုလည်း နာကြားပါရစေ အဘိုး "

သူ့စိတ်ထဲတွင် ဖြစ်ပေါ်ကြွစည်နေသမျှအားလုံး တစ်ခုမကျန် သိမြင်နိုင်သည့် ယောဂီသူတော်စင်ကြီး၏ သီလ၊ သိက္ခာ၊ သမာဓိတို့အား ရိုးသေစွာ ဦးညွတ်ကန်တော့လိုက်ရသဖြင့် မင်းမောင်စိတ်တို့ ပေါ့ပါးလန်းဆန်းသွားပါလေ၏။

မကြာခင်မှာပင် ဝှက်များအခံနှင့် ဖျားကြီးနေရှာသည့် ဗိုလ်မှူးကြီးမက်ဒေါ်နယ်မှာလည်း သူတော်စင်ကြီး၏ ဆေးတစ်ခွက်နှင့်ပင် ထူထူထောင်ထောင် ဖြစ်လာပါ၏။ ဟယ်လင်နာကမူ ထူးခြားသောသတ္တိထူးများနှင့် ပြည့်စုံသည့် သူတော်စင်ကြီးကို ငေးမော၍ ကြည့်နေမိသည်။ တစ်ဆက်တည်းမှာပင် မျောက်သတ္တဝါကြီးများကြားမှ သနားစဖွယ် အစ်မဖြစ်သူ 'မာရီယာ'ကိုလည်း သတိရနေမိပါသည်။

" အင်း . . . ရှေ့ခြားမြေခြားနဲ့ တိုင်းတစ်ပါးကလူမျိုးခြားပုဂ္ဂိုလ်ကြီးကလည်း သံယောဇဉ်မီးတွေ တယ်ကြီးရှာတာပဲကလား။ တစ်နယ်ခြားအထိတောင် လိုက်လာကြပြီး ကံကြွေးဝဋ်ကြွေးတွေကို ပြုပြင်ချင်





ရသေးတယ်လို့ကွယ် "

သည်တစ်ကြိမ်တော့ ဆေးသောက်ပြီး အတန်ငယ်လန်းဆန်းလာသည့် ဗိုလ်မှူးကြီးမက်ဒေါ်နယ်ဘက်သို့ စကားဦးလှည့်သွားသည်မို့ မျက်နှာဖြူသားအဖနှစ်ယောက်စလုံး ယောဂီကြီးကို လှည့်ကြည့်လိုက်ကြပါ၏။

" မှတ်ထား ပုဂ္ဂိုလ်ကြီး . . . သတ္တဝါတစ်ခု ကံတစ်ခုတဲ့ ကျုပ်တို့ရဲ့ အတုလံ အတုမရှိတဲ့ ဘုရားရှင်တောင်မှ ရှောင်လွှဲလို့မရတဲ့ အတိတ်ဘဝက ဝဋ်ကြွေးတွေကို ကြေအောင်ပေးဆပ်ခဲ့ရတာပဲ၊ ပုဂ္ဂိုလ်ကြီးတို့လို သာမန်ပုထုဇဉ်လူသားတစ်ဦးက ဘယ်လိုလုပ်ပြီး ဖယ်ရှားလို့ရမှာတဲ့လဲ "

" သည်ကြားထဲ မနေနိုင်လို့ ရောက်လာရပြန်တော့လည်း ရင်ကွဲပက်လက်ဖြစ်ရဦးမယ်၊ ဖြစ် တည် ပျက် ဆိုတဲ့ သဘာဝရဲ့ သဘောတရားတွေဟာ မမြဲခြင်းဆိုတဲ့ အနိစ္စတရားတွေပဲလို့ သင့်တင့်စွာ နှလုံးသွင်းဆင်ခြင်နိုင်မှ စိတ်သက်သာရာ ရတော့မပေါ့ "

ယောဂီကြီး၏ သဘာဝကျကျ လက်ခံနိုင်လောက်သည့် အပြုသဘောဆိုရာ အရှေ့တောင်အာရှသမိုင်းနှင့်ညီသော တရားသဘောများကို သဘောကျနှစ်ခြိုက်လွန်းလှသဖြင့် သူတော်စင်ယောဂီကြီးအား ဗိုလ်မှူးကြီးမက်ဒေါ်နယ်က ကျကျနနဒူးထောက်၍ ကန်တော့လိုက်ပါလေတော့သည်။

ဤသို့ဖြင့် မင်းမောင်နှင့်ဟယ်လင်နာတို့က ထူးခြားလှသည့်



www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ယောဂီကြီးအား ဗိုလ်မှူးကြီးမက်ဒေါ်နယ်တို့ မိသားစု၏ လွန်ခဲ့သောဆယ်နှစ်ကျော်က ရင်နာကြေကွဲဖွယ် အတိတ်ဇာတ်ကြောင်း လေးတစ်ပုဒ်ကို ခရေစေ့တွင်းကျ ပြောကြားလိုက်ပါတော့သည်။

ကျောက်ဂူကြီး၏ အပြင်ကမ္ဘာမှာတော့ အချိန်ခါမဲ့မိုးက တစ်စ တစ်စနှင့် အားပျော့သွားလေသည်လား . . .။





## အခန်း(၂၀)

### " မျောက်တစ်ရာနယ်မြေသို့ . . . ကျူးကျော် ဝင်ရောက်လာကြသူများ "

အာဥ္စဝကတိုင်းကျော်တို့လူစုမှာ စိန်ဘန်းနှင့် မွန်ထော်တို့ နှစ်ယောက်ကို လမ်းပြစေပြီး မိန်းမလှကျွန်းကြီး၏ အနောက်ဘက်မှ ပတ်၍ အတွင်းသို့ဝင်လာခဲ့ကြခြင်းဖြစ်သည်။ စိန်ဘန်းက တောကျွမ်း သလောက် ထက်ထက်မြက်မြက်ရှိသည်။ ချောက်တွေ့လျှင် မည်သို့ ရှောင်မည်၊ ချောင်းတွေ့လျှင် မည်သို့ဖြတ်မည်၊ ဆူးခြုံရှိလျှင် မည်သို့



www.burmeseclassic.com

www.burmeseclassic.com



ကွင်းရှောင်ရမည်ကို သိထားသူဖြစ်၍ အဆင်ပြေလျက်ရှိသည်။

ဟောသည် အတွင်းပိုင်းသို့ရောက်လာလေလေ နက်ရှိုင်း
လေလေဖြစ်သည်။ လမ်းမရှိသောအခါ ဆူးခြုံကိုရှင်းရသည့်. . .ချောင်း
များကိုဖြတ်ရာတွင် မိကျောင်းများ ရှိတတ်သဖြင့် သတိထားရသည်
မတော်လျှင် မိကျောင်းသိုက်များနှင့်တိုးလျှင် အန္တရာယ်ရှိနိုင်သည် မဟုတ်
ပါလား။

စိန်ဘန်းက ကံကိုမယုံကြည်၊ ဉာဏ်ကိုလွှာ၍ သုံးသည်၊ ဝီရိယ
ကိုအားကိုးသည်၊ ထို့ကြောင့် ကံကြမ္မာမျက်စိလည်မှ သို့မဟုတ် မျောက်
တစ်ရာဘုရားကို ကူသိုလ်ကံထူးမှ ဖူးတွေ့ရသည်၊ မျက်စိလည်လမ်းမှား
၍ ဒုက္ခရောက်နေသူများအား လမ်းပြကူညီပေးသည် ဘာညာစသည်များ
ကို ယုံကြည်လက်ခံသူမဟုတ်၊ ဤတောထဲတွင် မျောက်တစ်ရာဘုရား
သာ အမှန်တကယ်ရှိလျှင် တွေ့ကိုတွေ့ရမည်ဟု တစ်ယူသန်အစွဲရှိသူ
ဖြစ်သည်။

ယခု လွန်ခဲ့သောလေးငါးလခန့်က ဤတောကြီးထဲတွင် ကြီးမား
လှသော မျောက်ရုပ်တုကြီးများကို မွန်ထော်နှင့်အတူ တွေ့ရှိခဲ့ဖူးသည်။
ထိုစဉ်ကတည်းက စိတ်ထဲတွင် အစာမကြေမှုတစ်ခုရှိခဲ့သည်။

ထိုအစာမကြေမှုမှာ ညတစ်ည လသာသာတွင် ကြီးမားလှ
သော မျောက်ကြီးများအလယ်၌ ရွှေရောင်ဆံပင်လေးများနှင့် ပြေးလွှား
ဆော့ကစားနေသည့် လူမလေးတစ်ယောက်နှင့် သူ၏လည်တွင်ဆွဲထား
သည့် အစိမ်းရောင်များ လင်းလက်နေသည့် ရတနာလည်ဆွဲတစ်ခုက၊





သူ့ကို အစာမကြေညက်စေသည်သို့. . .။

သည်ကြားထဲ ဘိုးဇာဂရဆိုသည့် ကပ္ပိယကြီးကလည်း ထိုဖြစ်
ရပ်၏ လျှို့ဝှက်ချက်ကို သိသိကြီးနှင့် မျိုသိပ်ထားခဲ့သည်မို့လည်း စိန်ဘန်း
၏ အစာမကြေညက်မှုက ပိုမို၍ကြီးထွားလာခဲ့သည်။ နောက်ဆုံး ဓါးပြ
ခေါင်းဆောင်လိုလို ရောင်စုံသောင်းကျန်းသူဗိုလ်လိုလို အာဇ္ဈာဝကတိုင်း
ကျော်ဆိုသူနှင့် ပေါင်းစည်းကာ ယခုကဲ့သို့ မျောက်တစ်ရာနယ်မြေအတွင်း
သို့ ဝင်ရောက်ရှာဖွေနိုင်ရန် ကြိုးစားခဲ့ခြင်းဖြစ်ပါ၏။

စိန်ဘန်းက လက်ထဲမှသေနတ်ကို မြေတွင်ထောက်ကာ မြေရာ
မြေကြောင်းနှင့် သဲလွန်စအချို့ကို ရှာဖွေကြည့်ရှုနေပါ၏။ လတ်လတ်
ဆတ်ဆတ်ကျိုးပြတ်နေသည့် သစ်ရွက်စိမ်းတစ်ချို့နှင့် သစ်ပင်တစ်ချို့
တွင် ဓါးထစ်ရာများကိုပါ မြင်လိုက်ရသဖြင့်. . .

"ဟုတ်တယ်. . ဆရာကြီး ဒီကောင်တွေ ဟောဒီလမ်းကြောင်း
အတိုင်း တက်သွားကြတာ သေချာတယ်. . .ဟိုမှာကြည့်ပါလား ခရီး
စဉ်မှတ်မိအောင် သစ်ပင်တွေမှ. . .ဓါးထစ်ရာတွေပေးသွားကြတယ်
လေ"

ဟုတ်သည် စိန်ဘန်းတွေးထင်သကဲ့သို့ တောခေါင်းကြီးဦးကျော်
သာနှင့် အဖွဲ့သားများက သစ်ပင်များကို လှည့်လည်စစ်ဆေးရင်း ပင်စည်
များတွင် ဓါးထစ်ပြီး အပြန်လမ်းအတွက် မှတ်သားခဲ့ကြခြင်းဖြစ်သည်။

" ကဲ. . .လာ ဆက်ပြီးသွားကြမယ် ဆရာကြီး တောင်ကုန်း
မြင့်ပေါ်ကိုရောက်ရင် အပေါ်စီးကနေကြည့်ပြီး ကျွပ်ရောက်ခဲ့တဲ့နေရာကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေကြည့်မယ်။ နောက်ဆုံး ဟိုမျက်နှာဖြူသားအဖရှိနိုင်လောက်မည့် နေရာကို မှန်းဆလို့ရနိုင်မယ် ''

တောင်ကုန်းမြင့်ပေါ်သို့ ရောက်ခဲ့ပါလျှင် ပတ်ဝန်းကျင်ကို အပေါ်စီးမှတွေ့မြင်နိုင်သည်မို့ ဘုရားနှင့် မျောက်ရုပ်ကြီးများရှိနိုင်မည့် နေရာဒေသကို မှန်းဆ၍ရနိုင်သည်မဟုတ်ပါလား။ ထိုသို့သော မျှော်လင့် ချက်ဖြင့် ရှေ့မှဆီးကာပိတ်ဖုံးနေသော ဆူးခြုံများကိုရှင်းကာ တောတို တိုးခဲ့ကြသည်။

အာဋ္ဌဝကတိုင်းကျော်ကလည်း စိန်ဘန်း၏အပြောနှင့်ပင် ရှုးသွပ်နေရသော 'လန့်လုဇွေ့'ခေါ် ကျောက်စိမ်းနက်ကို လွှန်စွာမှ ချဉ်ချင်းအာသီသရှိနေပါ၏။ ဤမျောက်တစ်ရာနယ်မြေထဲတွင် မျောက်ကြီးများနှင့်အတူ လှည့်လည်သွားလာနေသည့် 'လန့်လုဇွေ့'ကျောက်စိမ်း နက်ပိုင်ရှင် လူမလေးတစ်ယောက်ကို ရှာဖွေတွေ့ရှိခဲ့မည်ဆိုလျှင်. . .

သို့သော်. . .သူ၏အတွေးစိတ်ကူးကို တဝေါဝေါတဝုန်းဝုန်းနှင့် ရွာချလာသော မိုးသက်လေနှင့်အတူ ကျည်ခနဲ ကျည်ခနဲ အော်မြည်ဟစ် လိုက်သည့် ဆင်ကြီးများ၏ ဆင်မာန်ဟစ်သံကြီးများက ဖျက်ဆီးချေမှု လိုက်ပါတော့သည်။

'' ဝေါ . . . ဝေါ . . . ဝေါ . . . ဝေါ . . . ဝူး ''

'' ကျည် . . . ကျည် . . . ဝူး . . . အွူး . . . ဝူး . . . ကျည်''

'' ဝေါ . . . ဖရော . . . ဝုန်း . . . ဖရူး . . . ဖျော ''

ခဏအတွင်းမှာပင် ဆင်အော်သံ၊ တောတိုးသံ၊ သစ်ပင်ကြီး





. . .သံများ၏ လဲပြိုသံများနှင့် တဝေါဝေါ မိုးသက်လေပြင်းရိုက်ခတ်သံများ . . .သာ ကမ္ဘာပျက်သည့်နယ် ဆူညံစွာပေါ်ထွက်လာကြပါတော့သည်။

''ဟာ . . ဆ . . ဆရာကြီး ဟို . . ဟိုမှာ ဝေင် . . ဆင် . . . . .င်ကြီးတွေ . . . ''

'' ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း ''

'' ကျည် . . . ကျည် . . . ဝူး . . . ဖျောင်း ''

'' အား . . . အမယ်လေး . . . အူး ''

တောကြီးအတွင်းမှ မည်းမည်းတုတ်နေသည့် တောဆင်ရိုင်း . . .ကြီးများက မကောင်းဆိုးဝါး နာနာဘာဝကောင်ကြီးများနှယ် စိန်ဘန်း . . .နှင့်ရှိရာသို့ ပြေးဝင်လာကြသည်မို့ ကြောက်လန့်တကြား သေနတ်ဖြင့် . . .ပစ်ခတ်ကြရင်း ခြေဦးတည့်ရာသို့ ထွက်ပြေးကြပါတော့သည်။ ချက်ချင်း . . .ပင် တောကြီးတစ်ခုလုံး တဝေါဝေါအော်မြည်သံကြီးများနှင့် ဝင်းခနဲ . . .က်ခနဲ လျှပ်ပျက်သံ၊ တဂိုမ်းဂိုမ်းနှင့် မိုးထစ်ချုန်းသံကြီးများ ထွက်ပေါ် . . .ာပြီး လောဘသားများအား မျောက်တစ်ရာနယ်မြေမှ မောင်းနှင်ထုတ် . . .နေသကဲ့သို့ပါတည်း။

အာဋ္ဌဝကတိုင်းကျော်က လူ့ပါးလူမိုက်၊ တောကျွမ်းသော . . .စိန်ဘန်းအား သူ့အနီးတွင်ခေါ်ထားသဖြင့် ယခုကဲ့သို့သော ကျဉ်းထဲ . . .ချုပ်ထဲတွင် စိန်ဘန်းနောက်မှ အရိပ်အခြေကြည့်၍ လိုက်နေရသည် . . .မဟုတ်ပါလား။

ယခုလည်း စိန်ဘန်းနှင့်အတူ ဆင်ရိုင်းကြီးတစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်ခဲ့ပြီး မဟုန်သဖြင့် တစ်ဖက်ရှိလှိုဏ်ကြီးထဲသို့ လိမ့်ဆင်းကာ အန္တရာယ်သေဘွင်းမှ ပွတ်ကာသီကာဖြင့် ရှောင်တိမ်းလွတ်မြောက်လာခဲ့ကြသည်။ သို့သော် . . . လှိုဏ်ကြီးထဲမှာတော့ ညနေဆည်းဆာဖြစ်သည့်တိုင် အမှောင်ရိပ်များက အင်အားကောင်းကောင်းဖြင့် ကြီးစိုးထားကြသည်။ မြူနှိုးနှင်းမှုန်များဖြင့် ပိတ်ဖုံးနေသည့်ကြားမှ တဝေါဝေါနှင့်ရွာချလာသော မိုးကပါ အင်အားဖြည့်ကူညီပေးနေသည်မို့ အာဠာဝကတိုင်းကျော် စိန်ဘန်းနှင့် နောက်ပါတပည့် သုံးလေးဦးတို့မှာ ကြွက်စုတ်ကလေးများနှယ် ဖြစ်နေပါချေပြီကော။

ဇ ဇ ဇ ဇ ဇ ဇ

အခါမဲ့မိုးကြီးက တစ်စတစ်စ အားပျော့သွားခဲ့ပါချေပြီ။

ကျောက်ပြားကြီးနှစ်ချပ်ဆင့်၍ မိုးကာသည့် သဘာဝခေါင်မိုးကြီးများအောက်တွင် သစ်တောအရာရှိမင်းအင်နှင့် ဖိုးနီတို့မှာ စိုရွှဲနေသည့် အကျႌဘောင်းဘီများကိုချွတ်ကာ ရေစင်အောင်ညှစ်ထုတ်ကြသည်။ ထို့နောက် ခပ်ထိုင်းထိုင်းဖြစ်ချိန်တွင် ပြန်၍ဝတ်ဆင်ထားလိုက်ကြပါ၏။

ထို့အတူ သေနတ်များနှင့်ကျည်ဆန်များကိုလည်း စစ်ဆေး၍ တိုက်ချွတ်နေကြပါ၏။ နှစ်ဦးသား ဗိုက်ဆာနေကြသော်လည်း မိုးက ကောင်းစွာ မတိတ်သေးသဖြင့် ကျောက်အမိုးပြားကြီးအောက်မှ မထွက်နိုင်ကြသေး။

သူရဲကောင်းစာပေ



အမှောင်သည် တစ်စတစ်စ ကြီးစိုးမင်းမူလာခဲ့သည်။ မှိန်ဖျော့ဖျော့ အမှောင်ရိပ်များအောက်တွင် ပုံစံအမျိုးမျိုးနှင့် မြင်တွေ့နေရသော မျောက်ရုပ်ကြီးများကိုကြည့်ကာ ဖိုးနီတစ်ယောက် သွေးမျက် ချောက်ချားချောက် ရှိသည်။ သူ၏မျက်စိထဲဝယ် ကြီးမားလှသော မျောက်ကြီးများမှာ တရိပ်ရိပ်နှင့် လှုပ်ရှားသက်ဝင်လာသကဲ့သို့ မြင်နေရသလိုလို။

" ဟော့ . . . အရာရှိလေး ငါ . . . ငါဒီမျောက်ရုပ်ကြီးတွေကို မြင်တွေ့နေရတာ စိတ်မသန့်သလိုပဲ . . . ငါ့မျက်စိထဲမှာ၊ ဒီမျောက်ရုပ်ကြီးတွေက တလှုပ်လှုပ်နဲ့ လှုပ်ရှားလာကြသလားလို့ "

" ဟာ . . . မင်းနှယ်ကွာ . . . ပေါက်ပေါက်ရှာရှာ ဒီအရုပ်ကြီးတွေက ဘယ်လိုလုပ်ပြီး လှုပ်ရှားနိုင်ပါတဲ့လဲ . . . မင်းရဲ့စိတ်ကိုက ချောက်ချား တုန်လှုပ်နေလို့ မျောက်ရုပ်ကြီးတွေက လှုပ်နေကြတာနေမှာပေါ့ "

မင်းအင်မှာ သေနတ်ကိုတိုက်ချွတ်ပြီး ပြောင်းဝမှအစ ကျည်ဆန်ထည့်ပြီး ဆုံလည်ပိတ်သည့်အဆုံး စနစ်တကျလုပ်ကိုင်ရင်း ဖိုးနီကို မာန်မဲဆူပူလိုက်သည်။ ထိုအချိန်တွင် . . .

တန်းစီကာ ငြိမ်သက်လျက်ရှိသည့် မျောက်ရုပ်ကြီးများ၏ အရှေ့ဖျားဘက်ဆီမှ တောတိုးသံ၊ မြူခတ်သံသဲ့သဲ့နှင့်အတူ စကားပြောသံ အချို့ကို ကြားလိုက်ရသဖြင့် နှစ်ယောက်သား ထိတ်ခနဲဖြစ်သွားကြသည်။

" ဘုရား . . . ဘုရား လိုက်လာမိတာ မှား . . . မှားပြီထင်တယ် တော . . . တောချောက်ပြန်ပြီလား မ . . မ . . မသိဘူး အရာရှိ

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လေးရေ"

" ဟာ...တိတ်တိတ်နေစမ်းပါ ဖိုးနီရာ၊ လူလား တော[...] လားဆိုတာ သေသေချာချာ နားစွင့်နေတာကွ...တစ်ချက်များသွ[...] နဲ့ အသက်ပါပေးလိုက်ရမယ့် တောကြီးဆိုတာ မမေ့နဲ့ "

မင်းဒင်မှာ ဖိုးနီကိုသာ ဖိန်မာန်မဲရင်း ကျောက်တုံးကြီးနော[...] ကွယ်တွင် နေရာယူကာ ပြောင်းဝကို အသံများထွက်ပေါ်လာသည့် နေ[...] သို့ အသင့်ချိန်ရွယ်ထားလိုက်ပါ၏။

ပထမ...တောတိုးသံကြားရသည်။ ဒုတိယ စကားသံသဲ့သဲ့[...] ကြားလိုက်ရပြီး ပစ်ကွင်းထဲသို့ လူနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ဝင်[...] ကြသည်။ နှစ်ယောက်စလုံး လက်နက်ကိုယ်စီကိုင်ဆွဲလျက်...

"ဟာ..စိန်..စိန်ဘန်းနဲ့ ဟို..ဟို ဘိ..ဘိ..ဘိ[...] ကြီးတို့ပါလား "

မင်းဒင်နောက်မှ ဖိုးနီ၏အသံက ထစ်ငေါ့ထစ်ငေါ့နှင့် ထွက်[...] လာသည်ကြောင့် မင်းဒင်က လှည့်၍မေးခွန်းထုတ်လိုက်သည်။

" သူတို့က ဘယ်သူတွေလဲ ဖိုးနီ "

" ဟို...ရှေ့က ဆံပင်ရှည်ရှည်နဲ့ကောင်က ကဒုံကနီရွာသ[...] မုဆိုးစိန်ဘန်း၊ အဲ...ဟို တောဆောင်းဦးထုပ်ဆောင်းပြီး ဗိုက်ရွှ[...] ခပ်ဝဝနဲ့လူက ဘီလူးကြီးလို နာမည်ကြီးနေတဲ့ အာဠာဝကတိုင်းကျော်[...] ဓါးပြဗိုလ်လိုလို ရောင်စုံသူပုန်လိုလိုနဲ့ တပည့်တပန်းတွေ အများကြီး[...] နှိုးဆိုးတိုက်ခိုက်နေတဲ့ ဓါးပြခေါင်းဆောင် "





ဖိုးနီက နောက်မှ တတွတ်တွတ်နှင့် တိုးတိုးသာသာ ပြောပြနေပါ၏။ မကြာခင် မျောက်ရုပ်ကြီးများ၏ရှေ့သို့ စိန်ဘန်းနှင့်အာဠာဝကတိုင်းကျော်တို့ ဦးဆောင်သော လက်နက်ကိုင် လေးငါးခြောက်ယောက်ခန့် ပိုင်းအုံရောက်ရှိလာကြသည်။

" ကိုင်း...ကျုပ်ပြောသားပဲ ဟောဒါက မျောက်တစ်ရာနယ်မြေကြီးထဲက ထူးခြားတဲ့မျောက်ရုပ်ကြီးတွေပဲ၊ တကယ်ရှိလို့ တကယ်သေသေချာချာရှာဖွေရင် တွေ့ပါတယ်လို့...ဟင်း...ဟင်း...ကံကောင်းချင်တော့ ဒီနေ့လပြည့်နေ့ဆိုတော့ ဟောဒီနေရာကို ညသန်းခေါင် လောက်ဆိုရင် လူမလေးနဲ့မျောက်ကြီးတွေ ရောက်လာကြလိမ့်မယ်.. ဆရာကြီး "

" မင်းဟာ သေချာရဲ့လား...စိန်ဘန်း မင်းပြောသလိုရောက်မလာခဲ့ရင်တော့ ဘယ်လိုလုပ်မလဲ။ ငါ့သဘောကတော့ ထိုင်ပြီးစောင့်နေရတာထက် သူရှိတဲ့နေရာကိုသွားရှာတာ ပိုမကောင်းဘူးလားစိန်ဘန်းရယ် "

အာဠာဝကတိုင်းကျော်က သူ၏ရှေ့မှ ကြီးမားလှသော မျောက်ရုပ်ကြီးများကိုကြည့်ရင်း သူ၏သဘောထားကို စိန်ဘန်းအား ပြောဆိုနေခြင်းဖြစ်သည်။

" အို...သိပ်ကောင်းတဲ့အစီအစဉ်ပေါ့ ဆရာကြီးရယ်၊ ဒါပေမဲ့ ခက်တာက အဲဒီလူမလေးနဲ့ မျောက်ကြီးတွေက ဘယ်မှာနေကြသလဲဆိုတာ ဘယ်သူမှမသိကြဘူးလေ "



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးစကားပြောလိုက်သော စိန်ဘန်းကြောင့် အာဠာဝက တိုင်းကျော်မှာ ယောင်နနဖြစ်သွားပါ၏။ သို့သော်လည်း 'လန့်လုရွေ့' ခေါ် ကျောက်စိမ်းနက်လည်ဆွဲရတနာကြီးဟူသော လောဘစိတ်ကြောင့် စိတ်ကို တစ်ထစ်မျှလျှော့ချလိုက်ရသည်။ ရင်ထဲမှာတော့ စိန်ဘန်း၏ မချေမငံစကားကြောင့် ကသိကအောင့်ဖြစ်သွားပါ၏။

" ဟင်း . . . ဟင်း . . . စိတ်ကိုရှည်ရှည်ထားပါ ဆရာကြီး အဲဒီလူမလေးကိုသာ စောင့်ပြီးဖမ်းနိုင်မယ်ဆိုရင် ကျုပ်တို့ ဆယ်သက် စားမကုန်နိုင်တဲ့ ကျောက်စိမ်းနက်ကိုရမယ်ဆိုတာ နည်းနည်းမှမတွေးမိ ဘူးလား "

စိန်ဘန်း၏စကားကြောင့် အာဠာဝကတိုင်းကျော်၏ မျက်နှာမှာ ပျက်ယွင်းသွားပါ၏။ စိတ်ထဲတွင်လည်း စိန်ဘန်းကို လျှော့တွက်၍မရ ကြောင်း တွေးနေမိသည်။

" အော် . . . မင်းကလည်း အကြံတော်တော်ကြီးပါလား။ အင်း . . ဟင်း . . ဟင်း အကြံတူရင်ရန်သူဆိုတဲ့ စကားပုံရှိတယ်လေ၊ အဲဒီတော့ မင်းဟာ ငါ့အတွက် အကြီးမားဆုံးရန်သူပဲ၊ လူမလေးကိုတွေ့ ပြီး ကျောက်စိမ်းနက်ကိုရတာနဲ့ မင်းကိုရှင်းပစ်ရမယ် စိန်ဘန်းရေ ဟင်း ဟင်း "

ထို့အတူပင် စိန်ဘန်း၏အတွေးကမ္ဘာထဲတွင်လည်း အာဠာဝက တိုင်းကျော်၏ နောက်ဆုံးနေ့များကို မြင်ယောင်ကြည့်နေမိပါ၏။

" ဟင်း . . . ဟင်း ဟောဒီမိန်းမလှကျွန်းရဲ့တောကြီးဟာ ငါ့





မှုန်ခြေဆိုတာ မင်းမေ့နေတယ်ထင်တယ်၊ ငါ့ခြေ ငါ့လက်နဲ့ စိတ်ကြိုက် မွှေတီးနိုင်တဲ့ ဟောဒီမျောက်တစ်ရာဝက်ပါတောကြီးဟာ မင်းရဲ့နောက်ဆုံး သချိုင်းပဲ အာဠာဝကဘီလူးကြီးရေ ဟင်း . . . ဟင်း . . . ဟင်း "

လောဘစိတ်ဟူသည် လွန်စွာပြင်းထန်သော မြွေဆိပ်နှင့်တူ၏။ မြွေဆိပ်မိခဲ့၍ အချိန်မီသိရှိခဲ့လျှင် အဆိပ်ဖြေဆေးနှင့် ကုသကာကွယ် နိုင်သော်လည်း လောဘအဆိပ်တက်ခဲ့လျှင်ကား မည်သည့်ဖြေဆေးမှ မရှိပါချေ။ ယခုလည်း ဟန်ဆောင်မျက်နှာဖုံးကိုယ်စီနှင့် လူမလေးထံမှ လည်ဆွဲရတနာကို စိတ်ကူးယဉ်နေကြသည့် လောဘတဏှာကောင် ကြီးနှစ်ယောက်၏ ဇာတ်သိမ်းသည် . . . သာယာလှပချိုမြိန်နိုင်ပါမည် လား။

ထိုစကားများကို ကြားသိလိုက်ရသည့် မင်းဒင်ခမျာ ပါးစပ် အဟောင်းသားနှင့် ဖြစ်သွားပါချေပြီကော။ လျှို့ဝှက်သတင်းပေါက်ကြား မှုကို အံ့အားသင့်သွားရသည့်အပြင် ယခုတိုင် ဘယ်ဆီဘယ်ရောက်နေ မှန်း မသိရသေးသော မင်းမောင်နှင့် မျက်နှာဖြူသားအဖတို့အတွက်ပါ စိုးရိမ်ပူပန်စိတ် ဝင်လာပါလေ၏။

" ဘယ်လိုဖြစ်ပြီး . . . ဒီကောင်တွေအုပ်စုက ဒီအကြောင်းတွေ ကိုသိပြီး ဒီနေရာကို ရောက်လာကြတာပါလိမ့်၊ အင်း . . . မင်းမောင်တို့ နဲ့များ ရင်ဆိုင်တိုးမိခဲ့ရင်တော့ ပွဲကြီးပွဲကောင်းပဲ ဖိုးနီရေ "

" ရှူး . . . ရှူးတိုးတိုး အရာရှိလေး၊ လေသင့်ရင် ငါတို့အသံ တွေကို သူတို့ကြားသွားနိုင်တယ်နော၊ ဘယ်လိုလုပ်ကြမလဲ . . . သူတို့



www.burmeseclassic.com

www.burmeseclassic.com



ပြောသလို ဟို. . .ဟိုမျောက်ကြီးတွေနဲ့ လူမလေးတို့ ရောက်အလာကို စောင့်ကြည့်ကြမလား အရာရှိလေး ”

အခြေအနေက ရှေ့မတိုးသာ၊ နောက်မဆုတ်သာ ရှိနေပါ၏။ သည်ကြားထဲ မင်းမောင်တို့နှင့် အဆက်အသွယ်မရသေးသည်က ခက်သည်။ နောက်ဆုံးတော့ သူတို့ပြောသလိုပင် လူမလေးနှင့်မျောက်ကြီးများ ရောက်ရှိလာကြမည့် သန်းခေါင်ယံအချိန်ကိုပင် စောင့်ကြည့်ကြရန် ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

ထိုအချိန်တွင်. . .အချိန်အခါမဲ့ မိုးကြီးက လုံးဝစဲသွားပါချေပြီတည်း။

♛ ♛ ♛





## အခန်း(၂၁)

### “သက်ဝင်လှုပ်ရှားလာသော မျောက်တစ်ရာဝိညာဉ်”

တိတ်ဆိတ်ငြိမ်သက်နေသည့် မျောက်တစ်ရာနယ်မြေ၏ လပြည့်ညတစ်ည. . .။ နှင်းငွေမြူမှုန်များနှင့် လက်ကျန်မိုးရိုဒ်မိုးသားများက လေနှင်ရာသို့ တရွေ့ရွေ့လွင့်မျောလျက်. . .ဝိုင်းဝိုင်းစက်စက် လပြည့်ဝန်းကြီးက တဖြည်းဖြည်းမြင့်တက်လာသလို လပြည့်ည၌ကာလည်း တစ်စတစ်စ ရင့်လာသည်သို့. . .။

မကြာမီ လပြည့်ဝန်းကြီးသည် ညဥ့်ကောင်းကင်၏ အလယ်ဗဟိုတည့်တည့်တွင် မီးလုံးကြီးတစ်လုံး ချိတ်ဆွဲထားသည်သို့။ ရွှန်းမြ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းပစွာဖြင့် သူ၏အလင်းအားတို့ကို ဖြန့်ကျက်ပေးနေပါ၏။

အချိန်က . . . လပြည့်ည လ,မွန်းတည့်ချိန်။

ခပ်လှမ်းလှမ်း တောအုပ်အစပ်ဆီမှလိုလို . . . မျောက်ချစ်တစ်ရာ၏ အဖျားထိပ်ဆုံးဘက်ဆီမှလိုလို. . .ကွိကွိကွကွနှင့် မျောက်အော်သံအချို့ကို သဲ့သဲ့မှုကြားနေရသည်။

" ဟော . . ဟော သူ . . သူတို့လာ နေ . . ကြ . . ပြီ ကျောက်တုံးတွေအကွယ်မှာ ဝပ်နေကြစမ်းဟေ့၊ အသံမထွက်နဲ့၊ မလှုပ်ရှားမိကြစေနဲ့၊ ဟို. . ဟိုမှာ လူ. . မ . . လေးနဲ့ မျောက်ကြီးတွေ လာနေကြပြီ"

" ဟာ . . . ဘုရား . . . ဘုရား ဒီမျောက်ရုပ်ကြီးတွေ ဘယ်လို လုပ်ပြီး အသက်ဝင်လှုပ်ရှားလာကြတာလဲဟေ့ . . ကျွန်တော . . တော တောချောက်ခံရပြန်ပြီထင်တယ် "

အာဠာဝကတိုင်းကျော်၏ နောက်လိုက်တပည့်များမှာ တောတွင်းအတွေ့အကြုံ မရှိကြသူများမို့ ကျောက်သားမျောက်ရုပ်ကြီးများ နောက်မှ တရိပ်ရိပ်နှင့်လှုပ်ရှားတိုးဝင်လာကြသည့် မျောက်ကြီးများကို လရောင်အောက်တွင် အမြင်မှားနေကြသဖြင့် သွေးပျက်ချောက်ချားနေကြခြင်းဖြစ်သည်။

" ဟေ့ကောင်တွေ တိတ်ကြစမ်း. . . လုံးဝအသံမထွက်နဲ့ "

အာဠာဝကတိုင်းကျော် ဆူပူငေါက်ငန်းလိုက်မှ နောက်လိုက်တပည့်များမှာ ကျောက်တုံးအကွယ်တွင်ဝပ်ကာ ဘုရားတနေပါချေ





ပြီကော။

မကြာမီ သစ်ပင်မြို့နွယ်ကြီးများပေါ်မှတစ်ဆင့် လွှဲကာ၊ ခုန်ကာ၊ ကူးကာနှင့် မျောက်ရုပ်ကြီးများအနီးသို့ တကယ့်မျောက်သတ္တဝါကြီးများ ရောက်ရှိလာကြသည်။ ထူးခြားသည်မှာ မျောက်ကြီးများနှင့်အတူ ရွှေရောင်ဆံပင်လေးများနှင့် မျက်လုံးပြာပြာ လူမလေးတစ်ယောက်ကို လပြည့်ညအလင်းရောင်တွင် အံ့သြစွာတွေ့မြင်နေကြရပါတော့သည်။

ထိုမြင်ကွင်းကို ကျောက်ပြားကြီးများအကွယ်မှ သစ်တောအရာရှိမင်းဒင်နှင့် ဖိုးနီတို့ကလည်း မြင်တွေ့လိုက်ကြသည်။

" ဘုရား. . .ဘုရား တကယ့်ကို လူမလေးတစ်ယောက်ပါလား။ နောက်ပြီး ဗိုလ်မှူးကြီးသမီး ဟယ်လင်နာလို ရွှေရောင်ဆံပင်လေးနဲ့ ဆိုတော့. . .ဟင် လည်ပင်းမှာဆွဲထားတဲ့ ပစ္စည်းကလည်း အစိမ်းရောင်တွေ ပြိုးပြိုးပျက်ပျက်နဲ့ပါလား ဒါ . . . ဒါ . . . ဒါဆို "

ဟုတ်သည်. . .မြူနှင်းများဝေ့ဝဲနေသည့် ညချမ်းခါသမယတွင် မျောက်ကြီးများနှင့်အတူ ရွှေရောင်ဆံပင်ပိုင်ရှင် မိန်းမငယ်လေးက တစ်ပင်မှတစ်ပင်သို့ ကျွမ်းကျင်ဖျတ်လတ်စွာ ခုန်ပျံဆော့ကစားနေသည်မှာ တကယ်ပင် မျောက်ကြီးများနှင့်မခြား ကျွမ်းကျင်လှပါဘိခြင်း။

" ကိုင်း. . . လာ. . . ဆရာကြီး သူတို့နောက်ကနေ အသာလိုက်ချောင်းကြမယ်၊ ငါတို့ကို တွေ့မသွားစေနဲ့၊ အခွင့်သင့်ရင် တစ်ပြိုင်တည်းလှုပ်ရှားကြမယ် "

စိန်ဘန်းက အာဠာဝကတိုင်းကျော်တို့အဖွဲ့ကို သတိပေးစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မျောက်အုပ်ကြီးနောက်မှ တိတ်တဆိတ်လိုက်ပါလာခဲ့ကြသည်။ လူမလေးနှင့် မျောက်ကြီးများကတော့ တစ်ပင်မှတစ်ပင်သို့ ပျော်ရွှင်စွာ ခုန်ပျံဆော့ကစားကြရင်း နက်ရှိုင်းသောတောကြီးထဲသို့ ဝင်ရောက်သွားကြ ပါတော့သည်။

ထိုအချိန်တွင် . . .

မျောက်တစ်ရာစေတီနှင့် မနီးမဝေးရှိ ကျောက်ဂူကြီးထဲတွင် မင်းမောင်နှင့် ဟယ်လင်နာတို့သားအဖမှာလည်း ယောဂီသူတော်စင်ကြီး ရှင်းပြနေသည့်စကားများကို စိတ်ဝင်တစား နားထောင်နေကြသည်။

" အင်း . . . ဖြစ်ချင်တာတွေ မဖြစ်ရ၊ မဖြစ်ချင်တာတွေ ဖြစ်ကြရတဲ့ သံသရာကြီးဟာ တယ်ကြောက်စရာကောင်းတာပဲ၊ ကျုပ် အထင်ပြောရရင်တော့ ခင်ဗျားသမီးလေးကို မျောက်ကြီးတွေက ကယ်တင် ပေးထားတာဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဟောဒီမျောက်တစ်ရာ နယ်မြေကနေ ဟိုးမြစ်ကမ်းခြေမှာရှိတဲ့ မျောက်တစ်ရာဝဲကြီးအထိပေါက် တဲ့ လျှို့ဝှက်ဥမင်လိုဏ်ခေါင်းတစ်ခုရှိတယ်။ ဒီကမျောက်ကြီးတွေဟာ ရံဖန်ရံခါ အဲဒီသမ်းကြောင်းကနေ မျောက်တစ်ရာဝဲကြီးရှိရာကို ညဘက် တွေမှာ သွားလာကြလေ့ရှိတယ်ဆိုတာ ကျုပ်သိထားတယ် "

" ခင်ဗျားတို့ရဲ့သမီးဟာ အကြောင်းတစ်ခုခုကြောင့် မျောက် တစ်ရာဝဲကြီးထဲကနေ လွတ်မြောက်လာခဲ့ပြီး ကမ်းစပ်မှာတင်နေရာကနေ မျောက်ကြီးတွေက တွေ့သွားပြီး ကယ်တင်ခဲ့လို့ အခုလို မျောက်တွေနဲ့ အတူသွား၊ အတူလာ၊ အတူဆော့ကစားရင်း ကြီးပြင်းလာခဲ့တာဖြစ်မယ်။





သူ့ကိုကျုပ်တွေ့တာတော့ လေးငါးနှစ်လောက်ရှိသွားပြီ၊ အဲဒီလူမလေးနဲ့ မျောက်ကြီးတွေဟာ ကျုပ်တရားအားထုတ်တဲ့နေရာဖြစ်တဲ့ ဟောဒီ ကျောက်ဂူကြီးကို လပြည့်လကွယ်နေ့တိုင်း ငှက်ပျောသီး၊ သစ်သီး စတဲ့ စားစရာတွေကို လာပြီးပို့ပေးကြတယ်လေ "

သူတော်စင်ယောဂီကြီး၏စကားများကို နားထောင်ရင်း ဗိုလ်မှူး ကြီးတို့သားအဖမှာ မျက်ရည်စက်လက်နှင့် ကျိတ်၍ခံစားနေကြရရှာပါ၏။ အဖြစ်ဆိုးလှသည့် သမီးဖြစ်သူ၏ဘဝကို မည်သို့ကယ်တင်ရမည်ကိုလည်း စဉ်းစားနေမိကြသည်။

" ကျုပ် . . . ဒီကလေးမကို မျောက်ကြီးတွေကြားမှာတွေ့တာနဲ့ ကယ်တင်ချင်တဲ့စိတ်နဲ့ ပြောဆိုဆက်ဆံကြည့်သေးတယ်၊ ဒါပေမဲ့ . . . ငယ်စဉ်ကတည်းက တိရစ္ဆာန်တွေနဲ့အတူ ယဉ်ပါးခဲ့လေတော့ ကျုပ်ဆီမှာ သူမနေနိုင်ဘူး။ မျောက်ကြီးတွေနဲ့ပဲ ပြန်ပြီးလိုက်သွားတာနဲ့ နောက်ဆုံး ဒီလိုပဲကြည့်နေရတော့တယ်လေ "

" သတ္တဝါတစ်ခု ကံတစ်ခုပဲပေါ့ကွယ် . . . လူကိုပြုပြင်လို့ ရချင်ရနိုင်ပေမယ့် ကံကိုတော့ ဘယ်လိုမှပြုပြင်လို့မရနိုင်ဘူး မဟုတ်လား။ အင်း . . . နောက်ဆုံးတော့ သူ့ကို ဒီလိုပုံစံအတိုင်းပဲ မျောက်ကြီးတွေနဲ့ အတူ လွှတ်ထားလိုက်ရတော့တာပဲပေါ့။ လူတွေပြောပြောနေကြတာက တော့ မျောက်တစ်ရာနယ်မြေထဲက မျောက်ရုပ်ကြီးတွေဟာ ညညဆိုရင် အသက်ဝိညာဉ်ဝင်လာကြပြီး လမ်းပျောက်နေတဲ့သူတွေ၊ ဒုက္ခရောက် နေကြတဲ့သူတွေနဲ့ အန္တရာယ်နဲ့ကြုံတွေ့နေရတဲ့သူတွေကို လမ်းပြကယ်တင်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေကြတယ်လို့ စွဲထင်ယုံကြည်နေကြတယ်. . .အမှန်တော့ ဒီထူးလေးနဲ့ မျောက်ကြီးတွေပဲ လုပ်ဆောင်ပေးနေကြတာပဲလေ၊ အင်း. . .ကျုပ်အနေနဲ့ကတော့ ဆန်းကြယ်လှတဲ့ လောကီသံသရာထဲက အင်မတန်နက်ရှိုင်းကျယ်ပြန့်လှတဲ့ ဝိဇ္ဇာဓရဂမ္ဘီရပညာရပ်တွေကို ပြောပြလို့မသင့်တော်ဘူးပေါ့ ''

'' အင်း. . .ခဏကြာလို့ အရုဏ်တက်ခါနီးရင် မျောက်ကြီးတွေနဲ့အတူ ခင်ဗျားရဲ့သမီးဆိုတဲ့ 'လူမလေး' တို့ ဒီနေရာကို ရောက်လာကြတော့မယ်၊ အင်း. . .အနိစ္စ၊ ဒုက္ခ၊ အနတ္တ မဆုံးနိုင်ဘဲ သံသရာလည်နေတဲ့ လောကကြီးပါလား ''

သူတော်စင်ယောဂီကြီးမှာ မင်းမောင်တို့အား ရှည်ကြာစွာ ရှင်းလင်းပြောပြခဲ့ပြီး သူ၏ဝါးကွပ်ပြစ်ပေါ်တွင် ခဏတာမျှ အနားယူနေသည်သို့။

အချိန်တို့သည် တရွေ့ရွေ့နှင့် ကုန်လွန်လာခဲ့သည်။ မကြာမီ အရှေ့လောကဓါတ်တစ်ခွင်မှ နီကျင်ကျင်အရောင်များ ထွက်ပေါ်လာပြီး နေ့သစ်တစ်ခု၏ အရုဏ်ဦးသည် လူးလွန့်နိုးထစပြုလာခဲ့ပါပြီ။

ထိုအချိန်တွင် ကျောက်ဂူကြီးနှင့်ခပ်လှမ်းလှမ်း သစ်တောအုပ်ဆီမှ ကွိကွိကွကွ အော်သံတစ်ချို့နှင့်အတူ တောတိုးသံသဲ့သဲ့ညင်ညင်ကို ကြားလာရပါ၏။ ကွပ်ပြစ်ပေါ်တွင် တင်ပလ္လင်ခွေကာ ငြိမ်သက်စွာထိုင်နေသည့် သူတော်စင်ယောဂီကြီးမှာ မင်းမောင်တို့အားမကြည့်ဘဲ မျက်လွှာချလျက်မှပင် တိုးညင်းစွာစကားဆိုလိုက်သည်။





"သူတို့လာနေကြပြီ. . .လူကလေးတို့ကိုတွေ့သွားခဲ့ရင် ဝင်လာကြမှာမဟုတ်တော့ဘူး။ အဲဒီတော့ သမီးလေးကိုတွေ့ချင်ရင် တစ်နေရာကသာ ပုန်းကွယ်ပြီးကြည့်ကြပေတော့။ ပြီးမှ အခြေအနေကြည့်ပြီး စီစဉ်ကြတာပေါ့ကွယ် ''

ယောဂီသူတော်စင်ကြီး၏စကားကြောင့် မင်းမောင်နှင့်ဟယ်လင်နာတို့မှာ ဖခင်ဗိုလ်မှူးကြီးကို ကျောက်စွယ်ကြီးများနောက်သို့ တွဲငင်ခေါ်ယူသွားကြပြီး ပုန်းကွယ်၍နေလိုက်ကြသည်။ ဗိုလ်မှူးကြီးမက်ခေါ်နယ်၏မျက်ဝန်းမှာတော့ မျက်ရည်ကြည်တို့က အိုင်ဖွဲ့လျက်. . .။

ထိုအချိန်တွင် မျောက်အော်သံများကို နီးကပ်စွာကြားလိုက်ကြပြီး ကြီးမားလှသော မျောက်ကြီးတစ်ကောင်ဘေးမှ သစ်သီးအချို့ကို ပွေ့ပိုက်ကာဝင်ရောက်လာသည့် လူမလေးကို ဝမ်းနည်းဝမ်းသာတွေ့မြင်လိုက်ရသည်။ အညိုရောင် သားမွေးရေတစ်ချပ်ကို အပေါ်ပိုင်းတွင် ဖြစ်သလိုခြုံလွှမ်းထားပြီး ပေါင်လည်အထိဝတ်ဆင်ထားသည်။ တစ်ချို့မျောက်ကြီးများက ငှက်ပျောခိုင်ထမ်းလာကြပြီး မျောက်ငယ်လေးများမှာမူ သစ်သီးတစ်ချို့ကို သယ်ဆောင်လာခဲ့ကြသည်။

ရွှေရောင်ဆံပင်ရှည်များက ညစ်ပေစွာဖွာလန်ကျဲနေသည့်တိုင် အနောက်တိုင်းဗီဇသွေးဖြစ်သော မျက်လုံးပြာပြာနှင့် လည်တွင်ဆွဲထားသည့် 'လန့်လုဇွေ' ကျောက်စိမ်းနက် လည်ဆွဲရတနာက ဗိုလ်မှူးကြီးမက်ခေါ်နယ်၏သမီး မာရီယာဖြစ်ကြောင်း သက်သေပြနေသည်သို့။

ကျောက်စွယ်နောက်ကွယ်မှ ကြေကွဲစွာကြည့်နေရှာသည့် ဖခင်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးနှင့် ညီမဖြစ်သူဟယ်လင်နာတို့၏ ရင်ထဲမှာတော့ မခံစားနိုင်လောက်အောင်ပင် ရှုးရှူးနစ်နစ်နာကျင်လျက် ရှိပါ၏။

" အော် . . . အဖြစ်ဆိုးလှချည်လား သမီးလေးရယ် "

မည်ကဲ့သို့ ဝိပါကဝင်၍ကြွေးပါလာခဲ့လေသည်မသိ၊ လူသားစစ်ဖြစ်ပါလျက်နှင့် တိရစ္ဆာန်မျောက်ကြီးများနှင့်သာ အတူတကွနေထိုင်ရှင်သန်လှုပ်ရှားနေရှာသည့် ကံဆိုးရှာသူ သမီးကြီးမာရီယာကိုကြည့်ကာ ဖခင်ဗိုလ်မှူးကြီးခမျာ ယူကြုံးမရ တသသနှင့် နှလုံးကြေကွဲလျက်ရှိနေပါချေပြီတည်း။

မင်းမောင်နှင့်ဟယ်လင်နာတို့မှာလည်း မည်သို့မှမယုံကြည်နိုင်ဖွယ်၊ ကြေကွဲဆို့နင့်ဖွယ်ကောင်းလှသော ဖြစ်ရပ်ဆန်းတစ်ခုကို မကြည့်ရက်မြင်လျက်သားရှိနေပါ၏။

"**OH .. God** ဘုရားသခင် ကယ်တော်မူပါ၊ ဘယ်လိုအဖြစ်ကြီးနဲ့ ကြုံတွေ့နေရတာလဲ . . မမရယ် အဟင့် . . ဟင့် "

" အော် . . . လူသားစစ်တစ်ယောက်ဖြစ်ပါလျက်နဲ့ လူသူမနီးတဲ့ တောကြီးမျက်မည်းထဲမှာ တိရစ္ဆာန်တွေနဲ့အတူတူ ရှင်သန်နေရတယ်လို့ သမီးရယ်၊ မဟုတ်ဘူး မဟုတ်ဘူး သမီးကို ငါခေါ်မယ် . . . ငါ့သမီး ကို ငါကိုယ်တိုင်ခေါ်သွားမယ် . . ဟင်း . . ဟင်း . . ဟင်း "

ရုတ်တရက် မထင်မှတ်ဘဲ အခြေအနေပြောင်းလဲသွားသည့် ကြေကွဲသောနှလုံး၊ ရူးရှူးသောဝေဒနာခံစားမှုများကို ရင်မှာပိုက်လျက် မချည့်တင်ကဲခံစားနေရရှာသည့် ဖခင်ဗိုလ်မှူးကြီးမှာ ငှက်များဒယ်အခံ





နှင့် သတိလက်လွတ်ဖြစ်သွားသည်ထင့်။

မျက်လုံးကြီးပြူးကျယ်လျက် ပါးစပ်မှလည်း တတွတ်တွတ်ပြောကာ စိတ်ကစဥ့်ကလျား ဖြစ်သွားခဲ့သည်လေလားမသိ၊ မင်းမောင်နှင့် ဟယ်လင်နာတို့အလစ်တွင် ကျောက်စွယ်နောက်မှ ဝုန်းကနဲပြေးထွက်ကာ သမီးစိတ်နှင့် လူမလေးအား ပြေး၍ပွေ့ဖက်လိုက်သည်။

" သမီး . . သမီးလေး မာရီယာ . . ဒယ်ဒီနဲ့ပြန်လိုက်ခဲ့ . . လိုက်ခဲ့ရမယ် . . ဟင်း . . ဟင်း . . ဟင်း "

" အိုး . . . အ . . . ဝူး . . . ဝူး . . . ဝူ . . . အူး "

ရုတ်တရက်မို့ လူမလေးမှာ သွေးရူးသွေးတန်းဖြင့် ပွေ့ဖက်လာသည့် ဖခင်ကြီးကို ဝုန်းကနဲတွန်းထုတ်ပစ်လိုက်သည်။

" ဝုန်း . . . ဘုန်း "

" အ . . . "

" ဟာ . . . ဗိုလ်မှူးကြီး "

" **OH ..** ဒယ်ဒီ "

ဟုတ်ပါသည် . . . သတ္တဝါများနှင့်သာ နှစ်ရှည်လများ နီးနီးကပ်ကပ်နေထိုင်လာခဲ့ရသည့် လူမလေးမှာ သူ့အားဖက်တွယ်လာသည့် ဖခင်ကြီးကို ရန်သူတစ်ကောင်က ဖမ်းယူဆွဲလိုက်သည်ဟု ထင်မှတ်များကာ ကုတ်ခြစ်တွန်းဖယ်ကာ ကျောက်ဂူအပြင်သို့ ပြေးထွက်သွားပါလေတော့သည်။

" ကွိ ကွိ . . ဂီး . . ဂိ . . ဝေါ . . ဝေါ . . ဖျော "



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ ရုတ်ရုတ်သဲသဲဖြစ်သွားမှုကြောင့် ကျန်သည့် မျောက်ကြီးများပါ ကျောက်ဂူအတွင်းမှ တဝုန်းဝုန်းနှင့် ဝရုန်းသုန်းကား ပြေးထွက်သွားကြပါတော့သည်။

လူမလေး၏ ကြောက်လန့်တကြား တွန်းထုတ်လိုက်မှုကြောင့် လွင့်စင်ပြုလဲသွားသည့် ဗိုလ်မှူးကြီးမက်ဒေါ်နယ်မှာ ဦးခေါင်းအုပ်ဆောင်း နှင့် ကျောက်ဂူနံရံရိုက်ခတ်မိရာမှ ခဏမျှသာ ညည်းညူပြီး ငြိမ်သက် သွားပါလေ၏။

" ဟာ . . ဗိုလ်မှူးကြီး . . ဗိုလ်မှူးကြီး "

" ဒယ်ဒီ . . . ဒယ်ဒီ "

မင်းမောင်နှင့်ဟယ်လင်နာတို့ လဲကျသွားရှာသည့် ဖခင်ဗိုလ်မှူး ကြီးမက်ဒေါ်နယ်အား တကြော်ကြော်ခေါ်ငင်သည့်တိုင် မထူးနိုင်ရှာပါ လေတော့၊ ဦးခေါင်းကိုထိခိုက်မိသောဒဏ်၊ နှလုံးကြေကွဲမှုဒဏ်တို့ကြောင့် အသက်ရှူလမ်းကြောင်း ဆို့ကျပ်ကာ သေဆုံးသွားရှာပါတော့သည်။

" အဟင်း . . . ဟင်း . . . ဒယ်ဒီရယ် အဖြစ်ဆိုးလှချည်လားရှင် အဟင့် . . . ဟင့် "

" အင်း . . . ဝဋ်ဒုက္ခများ တယ်ပြီးကြောက်စရာကောင်းပါလား ငှက်ဖျားကလည်းအခံရှိ ခရီးကလည်းပန်း၊ ဦးခေါင်းကိုလည်းထိခိုက်သွား ဒီကြားထဲ သမီးဖြစ်သူရဲ့အဖြစ်ဆိုးကြီးကို မြင်လိုက်ရတော့ စိတ်ဓါတ် ပျက်ပြားသွားပြီး ရင်ကွဲပက်လက်နဲ့ ဝိညာဉ်ချုပ်ငြိမ်းသွားရတော့တာပဲ လူကလေး "





" ဗိုလ်မှူးကြီး . . . ဗိုလ်မှူးကြီး ဖြစ်ရလေဗိုလ်မှူးကြီးရယ်၊ ခရီးခြားမြေခြားကနေ အနှစ်နှစ်အလလ တောင့်တရှာဖွေခဲ့ရတဲ့ ကိုယ့်ရဲ့ သမီးလေးကို တွေ့ရကာမှ အခုလိုဖြစ်ရတယ်လို့ဗျာ "

ဟယ်လင်နာကမူ ဖခင်ကြီး၏ရုပ်အလောင်းကိုဖက်တွယ်လျက် ငိုရှိုက်နေပါ၏။ မင်းမောင်ကမူ ဟယ်လင်နာ၏ပခုံးလေးအား ပွေ့ဖက် ရင်း ကြေကွဲစွာရှုတ်ဆိုနေမိသည်။

" ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ လူကလေးရယ် . . . သတ္တဝါ တစ်ခု ကံတစ်ခုတဲ့၊ သူ့ရဲ့ဘဝရေစက်က ဒီဘဝမှာ ဒီလောက်ပဲရှိခဲ့တာ ကိုး၊ ကိုင်း . . ထ . . ထဦး လူကလေး၊ ထွက်ပြေးသွား တဲ့ လူမလေးနဲ့ မျောက်ကြီးတွေမှာ အန္တရာယ်တွေ့နိုင်တယ်ကွယ့် . . . ဒီမျောက်တစ်ရာ နယ်မြေထဲမှာ လူစိမ်းတွေရောက်နေကြပြီ၊ အင်း . . . လောဘသားတွေ လက်ထဲကနေ ကယ်တင်နိုင်သလောက် ကယ်တင်ပေးခဲ့ ပါဦးကွယ် "

ယောဂီသူတော်စင်ကြီး၏ စကားကြောင့် မင်းမောင်နှင့် ဟယ်လင်နာတို့မှာ လူမလေးထံသို့ စိတ်ရောက်သွားကြသည်။ ကြောက် လန့်တကြားနှင့် ပြေးထွက်သွားသော လူမလေးနှင့် မျောက်ကြီးများသာ အန္တရာယ်ရင်ခွင်ထဲသို့ တိုးဝင်နေကြကြောင်း မင်းမောင်နှင့်ဟယ်လင်နာ တို့ ကြိုတင်သိမည်နိုင်ကြမည်ဟု . . ဆိုပါလျှင် . . . ။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၂)

## " သွေးစွန်းခဲ့သည့် . . . မျောက်တစ်ရာနယ်မြေ "

" ဒိန်း . . . ဒိုင်း . . . ဒိန်း . . . ဒိုင်း "

" ခွီး . . . ဂွီး . . . ဂဲ . . . ဂါး . . . ခွီး "

ထိုအခိုက်မှာပင် ကျောက်ဂူအပြင်ဘက်မှ သေနတ်သံများနှင့် မျောက်အော်သံများကို ဆူညံစွာကြားလိုက်ရသဖြင့် မင်းမောင်နှင့် ဟယ်လင်နာတို့ သေနတ်ကိုယ်စီစွဲ၍ ပြေးထွက်လာခဲ့ကြသည်။ ကျောက်လိုဏ်ဂူအပြင် အရှေ့ဦးနေခြည်အောက်မှာတော့ အော်ဟစ်ပြေးလွှားသံ၊ မျောက်အော်သံ၊ မာန်ဖီသံကြီးများနှင့် ပေါက်ကွဲသံကြီးများက ကမ္ဘာ





ဖျက်သည့်အလား သောသောညံလျက် ရှိပါချေပြီ . . .။

ကျောက်ဂူထဲမှပြေးထွက်လာသော 'လူမလေး'အား စိန်ဘန်းနှင့်အာဠာဝကတိုင်းကျော်တို့က အပိုင်စောင့်၍ ပစ်ခတ်လိုက်ကြခြင်းဖြစ်သည်။

သွေးရူးသွေးတန်းဖြင့် ပြေးထွက်လာသည့် လူမလေး၏ ပခုံးစွန်းတွင် သွေးများ ရဲခနဲဖြာထွက်သွားပြီး မြုပုတ်ကြီးအတွင်းသို့ ယိုင်လဲလွင့်စင်ကျသွားပါ၏။

" ဒိုင်း . . . ဒိုင်း "

" အင့် . . . ဝုန်း . . . ဖရော "

ထိုမြင်ကွင်းကို မြင်တွေ့သွားကြသော မျောက်ကြီးများမှာ ဒေါသတကြီးဖြင့် စိန်ဘန်းနှင့် အာဠာဝကတိုင်းကျော်တို့လူစုအား ရန်မူတိုက်ခိုက်ကြပါတော့သည်။ တစ်ချိန်တည်းမှာပင် စိန်ဘန်းတို့နောက်မှ ထပ်ချပ်မကွာလိုက်လာသည့် မင်းခင်နှင့်ဖိုးနီတို့ကလည်း စိန်ဘန်းတို့လူစုအား ဝိုင်းဝန်းပစ်ခတ်ကြသည်။

" ဒိုင်း . . . ဒိုင်း . . . ဒိုင်း "

" သေကြစမ်း . . . လူယုတ်မာလောဘခကောင်တွေ "

" ခွီး . . . ခွီး . . . ဂီး . . . ဂဲ . . . ခွီး "

" အား . . . အောင်မယ်လေးဗျ မျက်စိကန်းပါပြီ "

" အီး . . . အူး "

ယခုတော့ လူယုတ်မာလောဘသားများနှင့် မျောက်ကြီးများက



www.burmeseclassic.com

www.burmeseclassic.com



*သဲသဲသဲသဲသဲသ ဝုန်းကိန်ကိန်နေကြပါချေပြီကော။* မလွယ်ပါ. . .မည်းမည်း တုတ်မျှလုပ်နေသည့် မျောက်ကြီးများမှာ တစ်စတစ်စ ပိုမို၍ပင်များပြား လာကြသည်ထင်. . .။ လူမိုက်ထိပ်ခေါင် ရောင်စုံသောင်းကျန်သူများမှာ မျောက်ကြီးများ၏ ဒေါသတကြီးတိုက်ခိုက်မှု၊ မင်းဒင်တို့၏ပစ်ခတ်မှု အောက်တွင် တစ်ကွဲတစ်ပြားစီ ဖြစ်ကုန်ကြပါ၏။

စိန်ဘန်းမှာ လက်ထဲမှရိုင်ဖယ်သေနတ်နှင့် မျောက်ကြီး တစ်ကောင်ကို ပစ်ခတ်ရန်ချိန်ရွယ်လိုက်စဉ် သစ်ပင်ပေါ်မှ မျောက်ကြီး တစ်ကောင်က ဝုန်းခနဲ သူ၏ခန္ဓာကိုယ်ပေါ်သို့ ခုန်ချတိုက်ခိုက်သဖြင့် ဝုန်းခနဲပြန်လဲကျသွားပြီး မြေပေါ်မှတစ်ဆင့် တစ်ဖက်ချောက်ကမ်းပါးကြီး ထဲသို့ အတားအဆီးမဲ့ ထိုးကျသွားပါလေတော့သည်။

" အ. . . အား "

" ဖျော. . . ဖရော. . . ဖရော "

" ဒိုင်း. . . ဒိုင်း. . . ဒိန်း. . . ဒိန်း "

ထိုအချိန်တွင် တောခေါင်းကြီးဦးကျော်သာတို့အဖွဲ့ ရောက်ရှိ လာကြပြီး သစ်တောအရာရှိမင်းဒင်တို့နှင့် ပူးပေါင်းမိသွားကြသဖြင့် ပစ်အားပိုမို၍ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာခဲ့သည်။

" ဒိုင်း. . . ဒိန်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း "

" ဟော့ကောင်တွေ မပြေးကြနဲ့နော် ပစ်. . . ပစ်ကြစမ်း "

သို့သော်. . .အာဋ္ဌဝကတိုင်းကျော်တို့မှာ သစ်တောအုပ်များ ကို အကာအကွယ်ပြုကာ ခုခံတိုက်ခိုက်ကြသည်။ ဘိုးကလေးမြို့နယ်





ဘစ်ဝိုက်တွင် သတင်းကြီးကျော်ကြားခဲ့သည့် အာဋ္ဌဝကတိုင်းကျော်သည် လူရည်လူသွေးညံ့သူတစ်ယောက် မဟုတ်ပါ။ မျောက်ကြီးများ၏တိုက်ခိုက် မှုကြောင့် ဖျတ်ခနဲ သေနတ်မောင်းခလုတ်ကို ဖြုတ်ချလိုက်သည်။

" ချောက်. . . ချောက်. . . ချောက် "

သူ၏သေနတ်ထဲတွင် ကျည်ဆံမရှိတော့၊ ယူ့ရှေ့သို့ ခုန်ပျံ ကျော်လွှား၍ ရောက်ရှိလာသူမှာ မင်းမောင်ပင်တည်း. . .ကံကောင်း သည်က မင်းမောင်က သေနတ်မကိုင်၊ ငါးဖယ်ခုံဓါးကိုသာ စီးစီးပိုင်ပိုင် ဆုပ်ကိုင်ထားပြီး အာဋ္ဌဝကတိုင်းကျော်အား ရင်ဆိုင်လိုက်ပါတော့သည်။

တစ်ချိန်တည်းမှာပင်. . .

"ကံကြမ္မာသည် အံ့ဩဖွယ်ကောင်းလောက်အောင်ပင် မျက်စိ မှောက်ခဲ့လေသည်လားမသိ၊ ချောက်ကမ်းပါးထဲသို့ ခြေပွတ်လက်လွတ် ပြုတ်ကျသွားသော စိန်ဘန်းမှာ သေနေ့မစေ့သေး၍လားမသိ၊ သွေးရူး သွေးတန်းဖြင့် နီးစပ်ရာခြုံနွယ်များကို ဖမ်းဆုပ်ကိုင်လိုက်ရာတွင် ကံ ကောင်းထောက်မစွာ နွယ်ကြိုးတစ်ချောင်းကို ဆုပ်ကိုင်မိလိုက်သဖြင့် ချောက်ကမ်းပါးအလယ်တွင် တွဲလောင်းကြီးဖြစ်နေပါသော၏။

"အား. . ဂီး. . အမယ်လေး. . ကယ်. . ကယ်ကြပါဦးဟော့"

သို့သော် ကံဆိုးချင်တော့ သူ၏ညာဘက်ပခုံးတွင် မျောက်ကြီး များ၏ကုတ်ခြစ်တိုက်ခိုက်မှုကို ခံထားရသဖြင့် သွေးချင်းချင်းနီနေသည် မဟုတ်ပါလား။ ဤနွယ်ကြိုးကို အချိန်မည်မျှကြာအောင် သူဆွဲခိုထား နိုင်ပါမည်နည်း။ ယခုပင် ညာဘက်ပခုံးမှဒဏ်ရာက လက်အစုံလုံးအား



www.burmeseclassic.com

www.burmeseclassic.com



" ဘုရား . . . ဘုရား လူမလေးက ငါ့ကိုဆွဲပြီးကယ်တင်ပေးနေတာလား . . ဟော . . ဆွဲ . . ဆွဲကြိုး . . ကျောက် . . စိမ်း . . နက်ဆွဲကြိုး လေးပါလား "

ကမ်းပါးထိပ်မှ မှောက်ချပြီး နွယ်ကြိုးကိုဆွဲတင်နေသဖြင့် လူမလေး၏လည်တွင်ဆွဲထားသည့် ကျောက်စိမ်းနက်လည်ဆွဲရတနာက တက်သစ်စနေခြည်တွင် တဝင်းဝင်း တလက်လက်နှင့် ယမ်းခါနေသည်သို့ . . . ။

"ဟင်း . . ဟင်း . . ဟင်း ငါ့ကုသိုလ်ကံက တယ်ကောင်းပါလား၊ ကျောက်စိမ်းနက်ကိုဆွဲထားတဲ့ လူမလေးနဲ့မှ လာတွေ့နေရတယ်လို့ ဟင်း ဟင်း . . . ဟင်း ဒီတစ်ခါတော့ လွဲချော်သွားလို့မဖြစ်ဘူး။ အပေါ်ကို ရောက်ပြီးမှ လူမလေးကို အပိုင်ကိုင်ရမယ် "

စိန်ဘန်းမှာ နွယ်ကြိုးကိုအားပြုကိုင်ထားရင်း တရွေ့ရွေ့နှင့် အပေါ်သို့ရောက်ရှိလာခဲ့သည်။ တစ်ချိန်တည်းမှာပင် နွယ်ကြိုးကိုအားပြုကာ ဆွဲနိုင်ရင်း ညာလက်ဖြင့် ခါးမှခါးမြောင်တိုကို ဆွဲနှုတ်၍ ကွယ်ဝှက်ကာ ကိုင်ထားလိုက်သည်။

" အား . . အ . . အီး . . ကယ် . . ကယ် . . ကြ . . ပါ "

အန္တရာယ်မှ အပြီးအပိုင် မလွတ်မြောက်နိုင်သေးခင်မှာပင် အသက်သခင်ကျေးဇူးရှင်အပေါ်တွင် မကြံကောင်းမစည်ရာများကို ကြံစည်တွေးတောလျက်ရှိပါချေပြီကော။ မကြာမီ လူမလေး၏ကယ်တင်မှုဖြင့် တစ်စတစ်စ ကမ်းပါးစောက်ထိပ်သို့ ရောက်ရှိလာခဲ့ပါတော့သည်၊



www.burmeseclassic.com



လိုက်တိုင်း အသည်းနိုက်မျှ နာကျင်လျက် . . . ။

ဝိုစဉ်မှာပင် ကမ်းပါးထိပ်ခြုံစပ်သို့ ရောက်ရှိလာသည့် 'လူမလေး' မှာ ချောက်ကမ်းပါးထဲမှ စိန်ဘန်း၏ အော်ဟစ်ညည်းတွားသံကို ကြားလိုက်ရသည်။ ထို့ကြောင့် ချောက်ကမ်းပါးအောက်သို့ ငုံ့ကြည့်လိုက်ရာ နွယ်ကြိုးတန်းလန်းနှင့် စိန်ဘန်းကို တွေ့မြင်လိုက်ရပါ၏။

" အင်း . . ဟီး . . ဟီး . . ကယ်ကြ . . ပါ . . အီး "

ညည်းညည်းညူညူနှင့် ဟစ်အော်ငိုညည်းနေသံကြောင့် ဒဏ်ရာအနည်းငယ်ရရှိထားသည့် လူမလေးမှာ ချောက်ကမ်းပါးထဲမှ ဒုက္ခရောက်နေသူအား ကယ်တင်ရန် နွယ်ကြိုးကို အင်အားသုံး၍ ဆွဲယူလိုက်သည်။

ငြိမ့်ခနဲ အပေါ်သို့မြောက်ပါသွားသဖြင့် စိန်ဘန်းခမျာ ထိတ်ခနဲပင် ရင်ရန်သွားပါ၏။ ထို့ကြောင် အပေါ်သို့မော့ကြည့်လိုက်မိသည်တွင် . . .

" ဟင် . . ဟို . . ဟို . . လူ . . လူ . . မလေး ပါလား "

ဟုတ်သည် . . . ဒဏ်ရာကြားမှ လူမလေးတစ်ယောက်ရန်သူ မိတ်ဆွေမသိ၊ ကယ်တင်ပေးနေကျ ဒုက္ခသည်တစ်ဦးနှယ် ထင်မြင်နေ သဖြင့် ခက်ခက်ခဲခဲဖြင့် နွယ်ကြိုးကို ဆွဲတင်နေရခြင်းဖြစ်သည်။ သို့ရာတွင် ဒဏ်ရာမှသွေးများက ပန်းမှတစ်ဆင့် တစိမ့်စိမ့်စီးဆင်းကျနေပါ၏။

" အ . . . အီး . . . . အင်း "

www.burmeseclassic.com



ကယ်တင်ရှင် လူမလေး၏ မျက်နှာထက်မှာတော့ ချွေးသီး ချွေးပေါက်များ တရွှဲရွှဲစိုလျက်။ နောက်ဆုံးတော့ လူမလေး၏ ကယ်တင် ကြိုးစားမှုဖြင့် စိန်ဘန်းတစ်ယောက် သေတွင်းမှ လက်မတင်လေးလွတ် မြောက်လာခဲ့ပါချေပြီကော။

" ဟား . . . အား . . . အီး . . . ကျွတ် . . . ကျွတ် "

ချောက်ကမ်းပါးထိပ်တွင် အားပြတ်သွားဟန်ဖြင့် စိန်ဘန်း တစ်ယောက် မှောက်လျက်ကြီးလဲ့ချလိုက်ပြီး ဓါးမြောင်ကို ရင်ခွင်အောက် တွင်ဖုက်၍ ကိုင်ထားလိုက်သည်။ ချောက်ကမ်းပါးပေါ်သို့ စိန်ဘန်း၏ ခန္ဓာကိုယ်ကြီးကို ဆွဲတင်လိုက်ပြီးချိန်တွင် လူမလေးမှာ ချွေးဒီးဒီးကျလျက် မောဟိုက်ကာ နေပါတော့သည်။

ထို့နောက် လူမလေးမှာ သစ်ပင်ကြီးတစ်ခုတွင် မှီလဲ့ထိုင်ကာ အမောဖြေနေမိသည်။ အကြံသမား စိန်ဘန်းကမူ လူမလေးအနီးတွင် အားလျှားမှောက်ကာ အခြေအနေနှင့်အခွင့်အရေးကို ချောင်းမြောင်း လျက်။ မကြာခင် အနီးသို့ လူမလေးရောက်လာသည်နှင့် ဝမ်းဗိုက်အောက် မှ ဓါးမြောင်ကိုထုတ်ကာ လူမလေး၏ရင်ဘတ်နေရာသို့ စွပ်ခနဲထိုးချ လိုက်သည်။

" ဇွစ် . . . စွပ် . . . ဒုတ် "

" အ . . . ဟာ "

" ဝုန်း . . . ဖရော့ . . . ဖျော . . . ဖရော "

ရုတ်တရက် ရင်ဝဆီမှ စူးရှနာကျင်မှုဝေဒနာကြောင့် 'လူမလေး'

သူရဲကောင်းစာပေ



မှာ သစ်ပင်ကြီးတစ်ပင်ထက်သို့ ဝုန်းခနဲ လျှင်မြန်စွာခုန်တက်သွားပါတော့ သည်။

" ဟာ . . ဟ . . ဘယ် . . ဘယ်လိုဖြစ်တာလဲ . . ခုန် . . ခုန် ခုန်တက်သွားပြီဟ။ တောက် . . . ရင်စကို မလွဲအောင် သေသေချာချာ အပိုင်ထိုးလိုက်ရသားနဲ့ကွာ "

လူမလေးမှာ ကြောက်လန့်တကြားဖြင့် သစ်ပင်ထိပ်များထိတိုင် ပြေးတက်သွားကာ စိန်ဘန်းရှိရာသို့ ပြန်၍ငုံ့ကြည့်လိုက်ပြီး သွေးတစ်စက် စက်ကျနေသည့်ရင်ဝမှ ဒဏ်ရာကို လက်နှင့်ဖိထားပါ၏။

လူမလေး၏ အပြာရောင်သန်းနေသည့် မျက်လုံးလေးများကမူ စိန်ဘန်း၏ ရက်စက်သောအပြုအမူကို နားလည်ရန်ခက်နေသကဲ့သို့။

စန်ဘန်းမှာမူ သွေးစွန်းနေသည့် ဓားမြောင်ကိုကိုင်လျက် . . . လန့်လှစ္စေ့ ကျောက်စိမ်းနက်ပိုင်ရှင် လူမလေးရှိရာသို့ မော့ကြည့်နေပါ၏။

ထိုအချိန်တွင် . . .

♛ ♛ ♛

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

## " သစ္စာတရားတစ်ခု၏ကျိန်စာ . . . သို့မဟုတ်. . ."

ထိုအချိန်တွင် . . .

ကမ္ဘာမြေပြင်သည် တော်လဲသံကြီးများနှင့် ဆူညံစွာအော်မြည် ဟစ်ကြွေးလာပြီး ငြိမ်သက်တိတ်ဆိတ်နေသည့် မှောက်တစ်ရာနယ်မြေသည်လည်း တဝေါဝေါတဝုန်းဝုန်းနှင့် ဆူပွက်လှုပ်ရှားလာပါချေပြီကော။

" ဝေါ . . ဝေါ . . ဝေါ . . ဝေါ . . ဝေါ "

"ဝုန်း . . ဖရော . . ဖျော . . ဟီး . . ဟီး . . ဟီး . . ဟီး"

ရှေးအစဉ်အဆက်ကတည်းက လောကီဂမ္ဘီရ ဝိဇ္ဇာဓရဂမ္ဘီရ





ညာရပ်များဖြင့် စီရင်ထားအပ်သော၊ သာမန်လူသားတို့၏ ပါရမီဉာဏ်နှင့်ဖြင့် မမြင်နိုင်၊ မသိနိုင်သော၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မိုး၊ ရုက္ခိုး အစရှိသည့် ရေမြေလေတို့ကို စောင့်ရှောက်အုပ်ကုန်သည့် မြင်အပ်၊ မမြင်အပ်သော ပရ,ပုဂ္ဂိုလ်ကြီးများ စောင့်ရှောက်ထိမ်းသိမ်းခဲ့ရာ ဤနယ်မြေသည်၊ သို့မဟုတ် သာသနာ့နယ်မြေထူးကြီးဖြစ်သော မှောက်တစ်ရာနယ်မြေကြီးသည် သစ္စာမဲ့သော၊ ကတိမတည်သော အဝိဇ္ဇာအမှောင်ဖိတ်ဖုံးကာ လောဘသက္ကာရကြီးမားလှသော မည်သည့်သတ္တဝါများကိုမဆို လက်သင့်ခံခြင်း အလျှင်းမရှိခဲ့ပါပေ။

သစ္စာဖျက်လျှင် သစ္စာဖျက်သည့်အပြစ်၊ ကတိသစ္စာဖောက်ဖျက်လျှင် ကတိတရားဖျက်သည့် အပြစ်၊ သူတော်စင် ကျေးဇူးရှင်များကို ပြစ်မှားစော်ကားခဲ့လျှင် ထိုပြစ်မှားကျူးလွန်ခဲ့သည့်အပြစ်၊ သို့မဟုတ် သစ္စာကျိန်စာသင့်ကြရမည်မှာ မလွဲသောသစ္စာတရားတစ်ခုပါတည်း။

ယခု ထိုကဲ့သို့သော အပြစ်တရားများကို တစ်ဦးတည်း သိမ်းကျုံးကာယူငင်မိခဲ့သော သို့မဟုတ် အသက်သခင်ကျေးဇူးရှင်၏အသက်ကိုပင် လောဘရမ္မက်ဖက်ကာ ရန်ပြုစော်ကားခဲ့သော၊ အဟိတ်တိရစ္ဆာန်ထက်ပင် အသိတရားခေါင်းပါးလှသော လူအန္ဓ လူ့ဗာလကြီး စိန်ဘန်းဆိုသည့် သစ္စာဖျက်လူသတ်သမားတစ်ယောက်အပေါ်တွင် ထိုလောကသစ္စာတရားသည် တစ်ဖန်ပြန်လည်၍ ဒဏ်ခတ်ညှင်းပန်းတော့မည် လေလား။

တစ်ချိန်တည်းမှာပင် မြူနှင်းမိုးထုအမှောင်တိုက်ကြီးကို ခေါ်

သူရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လာသည့် မိုးသက်လေကြမ်းကလည်း တဝေါဝေါနှင့်အော်မြည် ဟစ်ကြွေးလျက် ရှိပါပြီ။ လျှပ်စီးများတဝင်းဝင်း။ မိုးခြိမ်းသံတကြိမ်းကြိမ်း နှင့် မာရ်နတ်စစ်သည်တို့ကလည်း မိုးကြိုးလက်နက်များဖြင့် ပစ်ခွင်းချ စစ်ချီလာနေကြပြီထင့်။

" ဝေါ . . . ဝေါ . . . ဝေါ . . . ဖျော "

" ဂျိမ်း . . . ဂျိမ်း . . . အုန်း . . . ဝုန်း "

အပြစ်သားလူမိုက်ကြီး စိန်ဘန်းကတော့ ကြောက်ရွံ့ထိတ်လန့် စိတ်များဖြင့် ဝဲဆတ်ဆတ်တုန်လှုပ်လျက် ရှိပါချေပြီ။

" ဘုရား . . . ဘုရား ငါတော့ အသက်သခင်ကျေးဇူးရှင်ကို စော်ကားမိလို့ ဒုက္ခလှလှတွေ့ပြီထင်တယ် "

သားရဲတိရစ္ဆာန် ထူပြောကြမ်းတမ်းလှသော ဝိဇ္ဇာမရက္ခိုရ အစီရင်များနှင့် ထုံမွမ်းစီရင်အပ်သော မျောက်တစ်ရာနယ်မြေ သို့မဟုတ် နက်ရှိုင်းသိမ်မွေ့လှသော တောနက်ကြီးအလယ်တွင် ကယ်တင်မည့်သူ မရှိ၊ လမ်းစပျောက်နေသည့် စိန်ဘန်းတစ်ယောက် အကြီးအကျယ် သွေးပျက်ချောက်ချားလျက် ရှိပါတော့သည်။

" အီး . . ဟီး . . ဟီး . . ငါ . . ငါမှားသွားပြီ . . အမှားကြီးမှား သွားပြီ၊ ကျေးဇူးရှင်ကို ကျေးစွပ်ခဲ့လို့ အခုတော့ အန္တရာယ်တွေကြားမှာ လမ်း . . . လမ်းစတောင်မတွေ့ရတော့ပါလား၊ ဟေး . . ဟေး . . ငါ့ကို ခွင့်လွှတ်ပါ လူ . . လူမလေးရယ် ဟီး . . ဟီး . . ဟီး . . အီး "

နောက်ဆုံးတော့ သွေးစက်လက်ဖြင့် လူမလေးပြေးတက်သွား





သည့် ကညင်ပင်ကြီးအောက်တွင် ဒူးထောက်လျက် တောင်းပန်ရင်း ရှိုက်ကြီးတငင်ဖြင့် ငိုကြွေးနေပါတော့သည်။ နောင်တဟူသည် နောင်မှ လွန်မှ တ,၍ရစကောင်းသောအရာမဟုတ်ပေ။ သို့သော် . . .

သစ်ပင်မြင့်ထက်မှ သွေးစက်လက်နှင့် 'လူမလေး'ကလည်း စိန်ဘန်း၏အခြေအနေကိုကြည့်ကာ တစ်ကိုင်းခြင်း၊ တစ်ဆင့်ခြင်း ဆင်း သက်လာပြီး နောက်ဆုံးသစ်ကိုင်းသို့အရောက်တွင် ဆက်၍မဆင်းပါလေ တော့။ သစ္စာမဲ့သော လူသားတစ်ဦးကို မယုံကြည်နိုင်တော့ပြီထင့်။

သွေး တစ်စက်စက် ယိုစီးကျနေသည့် ဝမ်းဗိုက်မှဒဏ်ရာကို လက်ဖြင့်ဖိကာ မျက်လုံးပြာကြီးများဖြင့် စိန်ဘန်းကိုသာ ငုံ့ကြည့်နေပါ လေ၏။

တဝေါဝေါနှင့် မိုးသက်လေပြင်းများ တိုက်ခတ်နေသည့်ကြားမှ သစ်ပင်မြင့်ထက်မှ တစ်ကိုင်းစီ၊ တစ်ဆင့်စီဆင်းလာနေသည့် 'လူမလေး' ကို စိန်ဘန်း မော့၍ကြည့်ကာ အရူးတစ်ယောက်နှယ် တတွတ်တွတ် တောင်းပန်နေပါတော့သည်။

" ဟေး . . လူမလေး . . ငါ့ . . ငါ့ကိုကယ် . . ကယ်ပါဦး . . ငါ မှားသွားပြီ . . . ငါဟာ တိရစ္ဆာန်လောက်တောင် အသိဉာဏ်မဲ့တဲ့သူ တစ်ယောက်ပါ အီး . . ဟီး . . ဟီး . . ဟီး "

စိန်ဘန်း၏ ငိုရှိုက်ကာ တောင်းပန်နေပုံကိုကြည့် လူမလေး သဘောပေါက်သွားသည်လား . . . သို့မဟုတ် သနားသွားလေသည်လား မသိ၊ ဝမ်းဗိုက်မှဒဏ်ရာကို လက်နှင့်ဖိကာ တစ်ပင်မှတစ်ပင်သို့ ဖြေးဖြေး



www.burmeseclassic.com

www.burmeseclassic.com



ချင်းခုန်ကူးကာ သွားနေပါ၏။ တစ်ချက်တစ်ချက် စိန်ဘန်းကိုစောင်း
နေဟန်ဖြင့် သစ်ကိုင်းထက်တွင် ခေတ္တနားဆိုနေပါသည်။

" ဘုရား...ဘုရား ဒါ...ဒါ ငါ့ကို တောနက်ထဲကနေ
လမ်းပြပေးနေတာလားမသိဘူး..ဟီး..ဟီး ငါ အမှားကြီးမှားခဲ့
လား ဟရို့..ဟီး..အီး..ဟီး "

စိန်ဘန်းမှာ အရူးကြီးတစ်ယောက်နှယ် ရှိုက်ငင်ငိုကြွေး
လူမလေး၏ဂါးအထိရာမှ ယိုစီးကျလာသည့် သွေးစက်များကိုကြည့်
လျှောက်လှမ်းလိုက်လာခဲ့သည်။

လူမလေးခမျာ စိန်ဘန်းအား လမ်းပြခေါ်ငင်ချင်သော်လည်း
မြေပြင်သို့ မဆင်းပါလေတော့။ အချိန်မရွေး၊ နေရာမရွေး၊ စက္ကန့်မရွေး
အပြောင်းအလဲ မြန်ဆန်လွန်းလှသည့် မနုဿလူသားတို့၏ စိတ်ဓါတ်ကို
မယုံကြည်ရဲချေလေပြီထင့်...။

" အီး...ဟီး...ငါ့ကို ချောက်ထဲကနေကယ်တင်ခဲ့တဲ့
ကျေးဖူးရှင် လူမလေး ငါထိုးလိုက်တဲ့ ဓါးဒဏ်ရာက သွေးစက်နဲ့တောင်
ငါ့ကို လမ်းပြပေးနေတာပါလား၊ ဘုရား..ဘုရား ငါ..ငါဟာ
သူ့ထက် အသိဉာဏ်ရှိတဲ့လူဖြစ်ပြီး သူ့လောက်တောင်မှ အသိတရားမရှိ
တဲ့ကောင်ပါလား အဟီး..ဟီး မှား..မှားသွားပြီ..လူမလေးရေ
ငါ့ကို ဘယ်တော့မှ ခွင့်..ခွင့် မ..လွှတ်ကြပါနဲ့ "

ကြီးစွာသော နောင်တတရားကို ရင်မှာပိုက်လျက် တဝေါဝေါ
တဟီးဟီးနှင့် မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးများ အော်ဟစ်နေသည့်





နှယ် အော်မြည်ဟစ်ကြွေးနေသည့် တောကြီးထဲမှ ထွက်ပေါက်ရှိရာသို့
သွေးစက်များကို ခြေရာခံကာ ခေါင်းငိုက်စိုက်နှင့် လျှောက်လှမ်းနေပါ
တော့သည်။

သို့သော်...စိန်ဘန်း၏စိတ်ထဲတွင် သူလျှောက်လှမ်းနေသည့်
မြေကြီးသည် အိုးထိမ်းစက်ကဲ့သို့ ချာချာလည်လျက် မီးကျည်းခဲတမျှ
ခြစ်ခြစ်တောက်ပူလောင်လာသည်ဟု ထင်နေမိသည်။ ထို့ပြင် မှုန်ဝါးနေ
သည့် အမြင်အာရုံတွင် လူမလေး၏သွေးစက်ကျရာနေရာတိုင်းရှိ မြေပြင်
သည် အက်ကွဲကြောင်းကြီးဖြစ်လာပြီး ထိုအက်ကွဲကြောင်းကြီးများထဲမှ
မီးတောက်မီးလျှံများက မြေပြင်ထက်သို့ လျှံတက်လာကြသည့်သို့...

ထိုစဥ်မှာပင် သစ်ပင်သစ်ကိုင်းများမှတစ်ဆင့် ခုန်ပျံကူးရင်း
သူ့အားလမ်းပြပေးနေရှာသည့် ကျေးဇူးရှင် 'လူမလေး' ခမျာ အားအင်
များ တစ်စတစ်စဆုတ်ယုတ်လာသည်ထင့်။

မျောက်တစ်ရာနယ်မြေ၏ နောက်ဆုံးထွက်လမ်းနေရာသို့
အရောက်တွင် သစ်ကိုင်းထက်မှ ဝုန်းကနဲ ပြုတ်ကျလာကာ နေရာတွင်ပင်
သွေးစက်လက်ဖြင့် ငြိမ်သက်သွားပါလေ တော့သည်။

" ဟာ...လူ...လူမလေး "

" ကျွိ...ဝုန်း...အား "

စိန်ဘန်း၏ သွေးပျက်ချောက်ချားစွာ အော်ဟစ်သိုက်သောအသံ
ကြီးနှင့်အတူ ဝင်းခနဲချွင်ကနဲ လျှပ်စီးတစ်ချက် လင်းလက်သွားပြီး
ကျိန်းခနဲပစ်ခွင်းလိုက်သော မိုးကြိုးပစ်သံကြီးနှင့်အတူ စိန်ဘန်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တွန့်လိမ်မည်းခြောက်ကာ လဲကျသေဆုံးသွားပါတော့သည်။

ဟုတ်သည် . . . တစ်ခဲနက်အော်မြည်ဟစ်ကြွေးကာ ပစ်ချလိုက်သည့် မိုးကြိုးဖက်ကွင်းအောက်တွင် အသက်သခင်ကျေးဇူးရှင်ကို မြစ်မှာစော်ကားခဲ့သည့် လူ့ဗာလကြီး စိန်ဘန်းတစ်ယောက် နောက်ဆုံးတွင် သက်နှင့်အတူ ဝိညာဉ်ချုပ်ငြိမ်းသွားခဲ့ပါချေပြီကော ''

'' အား ''

သွေးပျက်ချောက်ချားဖွယ်ရာ ဟစ်အော်လိုက်သည့် စိန်ဘန်း၏ နောက်ဆုံးအော်ဟစ်သံကြီးကလည်း မိုးသံ၊ လေသံ၊ တော်လဲသံကြီးများကို ဖောက်ထွင်းကာ စကြာဝဠာတစ်နံတစ်လျားထိတိုင် ပဲ့တင်ရိုက်ခတ်သွားပါတော့သတည်း။

* * *

သူ့ရဲကောင်းစာပေ



## အခန်း(၂၄)

### ''နိဂုံး . . .သို့မဟုတ် . . . လောဘမီးတို့ငြိမ်းရာမြေ''

ညနေခင်းလေပြည်သည် ဟိုမှသည်မှ ဝေ့ဝဲတိုက်ခတ်လျက်ရှိသည်။ လေပြည်ရှူးတွင် ကြွေသက်ကျလာသည့် သစ်ရွက်လေးများက လောလောလတ်လတ် မြေပုံသချိုင်းလေးနှစ်ခုထက်သို့ ဝေ့ဝဲကာဖြင့် ကြွေသက်ကျဆင်းနေပါ၏။

မျောက်တစ်ရာနယ်မြေ၏ တစ်ခုသောကုန်းမို့မို့ထက်ရှိ မြေပုံနှစ်ခုအနီးမှာတော့ ယောဂီသူတော်စင်ကြီး၊ မင်းမောင်၊ ဟယ်လင်နာနှင့် မင်းဒင်တို့က ညှိုးငယ်စွာဖြင့် ရပ်နေကြသည်။ တရှိုက်ရှိုက်ငိုကြွေးနေ

သူ့ရဲကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှာသည့် ဟယ်လင်နာအား မင်းမောင်က ကြင်နာစွာဖြင့် ထွေးဖက်ထား မိသည်။

" အဟင့် . . . ဟင့် နှုတ်ဆက်ခဲ့ပါတယ် ဒယ်ဒီနဲ့ မာရီယာ တို့ရယ်၊ မငြိမ်းချမ်းတဲ့ ပူလောင်တဲ့ လောကကြီးကနေ အေးငြိမ်းတဲ့ ဘုရားသခင်ရဲ့အရိပ်အောက်မှာ ထာဝရအနားယူအိပ်စက်ရစ်ပါတော့ကွဲ ဟင့် . . . အဟင်း . . . ဟင်း "

ဟယ်လင်နာ၏ ဆွေးမြေ့ကြေကွဲဖွယ် သံစဉ်လေးများက ညနေ ခင်းလေပြည်ထဲတွင် ပျော်ဝင်စီးမျောသွားပါလေ၏။

" သတ္တဝါတစ်ခု ကံတစ်ခု ရယ်လို့ ဘုရားရှင်ဟောကြားထား ခဲ့တာကလား။ ဒီလိုသေခြင်းတရားဆိုတာ ဘုရားရှင်သော်မှ ရှောင်ကွင်း လို့မရနိုင်တဲ့ ဘဝခရီးကြောင်းတစ်ခုပဲ သမီး။ ဖြစ် . . တည် . . ပျက် ဆိုတဲ့ မမြဲတဲ့အနိစ္စတရားကို နှလုံးသွင်းပြီးတော့ ပူလောင်လှတဲ့ လောက သံသရာထဲက လွတ်မြောက်အောင် ရုန်းထွက်နိုင်ဖို့သာ ကြိုးစားကြပါ လူကလေးတို့ . . . "

သူတော်စင်ယောဂီကြီး၏ တရားဓမ္မနှင့် စပ်ယှက်သောစကား များက အသိတရားတစ်ခုဆီသို့ ညွှန်ပြနေသော်လည်း ပုထုဇဉ်လောက် သား ဟယ်လင်နာ ဆိုသော မျက်နှာဖြူမလေးတစ်ယောက်အတွက်မူ နှလုံးသားနှင့် အနီးကပ်ဆုံးလူနှစ်ယောက် ဆုံးရှုံးသွားရခြင်းဟူသော ဝေဒနာက တော်တော်နှင့်ဖြေဖျောက်နိုင်ဖို့ မလွယ်ကူလှပါ။

မျက်ရည်တို့ဖြင့်အိုင်ဖွဲ့နေသည့် မျက်ဝန်းအစုံက တဖွဲဖွဲကြွေ





သက်နေသည့် ရွက်ကြွေများအောက်မှ ငြိမ်သက်စွာလဲလျောင်းနေသည့် သင်္ချိုင်းမြေပုံလေးနှစ်ခုအား ရီဝေစွာကြည့်နေမိသည်။

ထိုအတူ လောဘ၊ ဒေါသ၊ မောဟ မီးတောက်များကိန်းဝပ် နေသည့် လန်ဒုနွေ . . . ခေါ် ကျောက်စိမ်းနက်လည်ဆွဲရတနာကို လည်း အစ်မဖြစ်သူ မာရီယာ . . . သို့မဟုတ် လူမလေးတို့ကွန်းခိုရာ မျောက်တစ်ရာ နယ်မြေမှ မျောက်တစ်ရာစေတီတွင် လှူဒါန်းပူဇော်ခဲ့ပါ လေ၏။

ယခုတော့ သာသနာ့နယ်မြေတစ်ခုဖြစ်သော မျောက်တစ်ရာ နယ်မြေထဲတွင် လောဘ၊ ဒေါသ၊ မောဟ မုန်တိုင်းများ ကင်းစင် လွင့်ပျောက်သွားကြပါပြီ၊ မုန်တိုင်းအလွန်ရေ့တွင် လျှောက်လှမ်းရဦး မည့် အနာဂတ်ခရီးရှည်ကြီးကို မင်းမောင်နှင့်ဟယ်လင်နာတို့ လှမ်းမျှော် ကြည့်နေမိသည်သို့ . . . ။

မည်သို့ပင်ဖြစ်စေ ဖြစ်၊ တည်၊ ပျက် ၊ မမြဲသောအနိစ္စတရား များဖြင့် တဝဲလည်လည်ဖြစ်နေကြသည့် သံသရာကြီးအတွင်းဝယ် ကသိုလ်ကံနည်းလွန်းလှသော မျက်နှာဖြူဗိုလ်မှူးကြီး မက်ဒေါ်နယ်၊ အမွှာသမီးကြီးဖြစ်သူ မာရီယာ သို့မဟုတ် တောပျော်လူမလေးတို့၏ ကြေကွဲဖွယ်ပုံရိပ်များ။ တိရစ္ဆာန်တစ်ကောင်လောက်ပင် သစ္စာမရှိကြသော အတ္တလောဘသားများနှင့် အသိဉာဏ်ကြီးမြတ်သော လူသားများထက် ပို၍သစ္စာစောင့်သိကြသော မျောက်တစ်ရာနယ်မြေမှ တောပျော်မလေး နှင့် မျောက်ကြီးများကိုတော့ ဟယ်လင်နာတစ်ယောက် မည်သည့်အခါမျှ



www.burmeseclassic.com

www.burmeseclassic.com



မေ့ပျောက်၍မရနိုင်ပါချေပြီတည်း။

မျောက်တစ်ရာနယ်မြေကြီးအတွင်းမှာတော့ ချိန်ခါမဲ့မိုးက [illegible] ဖွဲ့ရွာချလျက် . . .။ သို့သော် မင်းမောင်နှင့်ဟယ်လင်နာတို့ အတူတူ လက်တွဲ၍ လျှောက်လှမ်းကြရမည့် အနာဂတ်ခရီးစဉ်မှာတော့ ရွှေရောင် တလင်းတလက်လက် ရှိနေပါတော့သတည်း။

♛ ♛ ♛

BURMESE CLASSIC .com

"ပလိပ်(မြွေဘုရား)၊ စစ်ကိုင်းမန္တလေးခရီးစဉ်တွင် တစ်ထောက် ခိုနားရင်း ရေးခဲ့သော (ဤမျောက်တစ်ရာဝိညာဉ်)စာမူနှင့်ပတ်သက်၍ အစစအရာရာ ကူညီဖြည့်ဆည်းပေးခဲ့ကြသော ပလိပ်မြို့(မြွေ)ဘုရား ဂေါပကဥက္ကဋ္ဌ ဦးရဲညွန့်၊ ဒုဋ္ဌဝတီမြစ်ကမ်းနဘေးရှိ လိပ်ဆံခွန်ရွာမှ အမေပုနှင့် (နိုင်)ညီအစ်မတစ်စုအား ကျေးဇူးတင်ရှိပါကြောင်း. . ."

ယောနိသောမနသသိကာရ

သက်မင်းဂျူလိုင်

သူရဲကောင်းစာပေ



သူရဲကောင်းစာပေ

www.burmeseclassic.com